၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၁၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက် ၊ ကြာသပတေး၊ (ဇွန် ၂၁ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS

## တိုင်းရင်းသားဘာသာ သင်ခန်းစာများ ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးရန် စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ဇွန်-၁၈**

မူလတန်းအောက်ဆင့်အတွက် တိုင်းရင်းဘာသာ သင်ခန်းစာများကို ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးရန် သင်ခန်းစာနှင့် ဆရာ့လက်စွဲများ ရေးဆွဲပြုစုမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တိုင်းရင်းဘာသာသင်ကြားရေးအစည်းအဝေးတွင်ပြောကြားသည်။

**စာ(၃၀)သို့**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိကယ်ဆယ်ရေးစခန်းတစ်ခုတွင် ရောက်ရှိနေသော ဒုက္ခသည်အချို့ကို ဇွန်လ၁၇ရက် နေ့လယ်ပိုင်းက တွေ့ရစဉ်။ ရခိုင်ပြည်နယ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ ကြိုးပမ်းမှုနှင့် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကြောင့် ဇွန်၁၃ရက်မှစတင်၍ အကြမ်းဖက်မှုများ လျော့ပါးလာပြီး ပြန်လည်တည်ငြိမ်စပြုလာပြီဖြစ်သည်။ သို့သော် ဒုက္ခသည်များအတွက် အကူအညီများမှာ လိုအပ်နေဆဲဖြစ်သည်။

## မသိတာထွေးအမှု တရားခံများအား ပြစ်မှုကျူးလွန်ပြီး ၂၁ရက်မြောက်နေ့တွင် သေဒဏ်ချမှတ်

သတင်းအပြည့်အစုံ စာ(၃)

## တောင်ကုတ်မြို့၌ အုပ်စုဖွဲ့ ရိုက်နှက်မှုကြောင့် လူ၁၀ဦးသေဆုံးခဲ့မှု စတင်စုံစမ်း

သတင်းအပြည့်အစုံ စာ(၃)

## တရုတ်အစပ်ချောင်းမုန့်စား၍ ကလေးငယ်အချို့ ဝမ်းပျက်ဝမ်းလျှောဖြစ်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၁၈**

**တရုတ်နိုင်ငံမှ တင်သွင်းလာသော အစပ်ချောင်းဟု ခေါ် ဆိုသည့် မုန့်များစားသုံးခြင်းကြောင့် မူဆယ်ဒေသရှိကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။**

"ဗိုက်အောင့်တယ်၊ အန်တယ်၊ ဝမ်းလျှောလို့ လာပြရင် ဘာစားလဲမေးလိုက်ရင် အစပ်ချောင်းစားတယ်လို့ပြောကြတယ်။ တစ်လမှာ လေး၊ငါး၊ဆယ်ယောက်လောက်ဖြစ်တယ်။ မူလတန်းကျောင်းနေကလေးတွေ"ဟု မူဆယ်ဆေးရုံမှ ကလေးအထူးကုဆရာဝန်ဒေါက်တာအောင်ဇော်ဝင်းကပြောသည်။

**အချပ်ပို(B)သို့**



မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်

## ဒေါ်အောင်ဆန်းစုကြည် နှစ်ပေါင်း ၂၁နှစ်ကြာမှ ငြိမ်းချမ်းရေးနိုဗယ်ဆု ကိုယ်တိုင်လက်ခံရယူနိုင်

**အော်စလို၊ ဇွန်-၁၈**

၁၉၉၁ခုနှစ်အတွက် ချီးမြှင့်ခဲ့သော ငြိမ်းချမ်းရေးနိုဗယ်ဆုကို ဒေါ်အောင်ဆန်းစုကြည်သည် ဆုချီးမြှင့်ပြီး ၂၁နှစ်ကြာမှ နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ကိုယ်တိုင်သွားရောက်ကာ ဆုလက်ခံမိန့် ခွန်း ပြောကြားနိုင်ခဲ့သည်။

**အချပ်ပို(A)သို့**

## ဈေးဝယ်စင်တာများ၊ စတိုးဆိုင်ကြီးများတွင် ဇူလိုင် ၁ရက်မှစ၍ ကုန်သွယ်ခွန်ကောက်မည်

### ထိုကုန်သွယ်ခွန်၏ ၅ ရာခိုင်နှုန်းကို ဝယ်သူများက ပေးဆောင်ရမည်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ဇွန်-၁၈**

စားသုံးသူထံမှ ဖြတ်ယူကောက်ခံမည့် ကုန်သွယ်လုပ်ငန်းခွန်အား ဇူလိုင် ၁ရက်မှစ၍ ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများနှင့် ဈေးဝယ်စင်တာများတွင် စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးအောင်မိုးကြည်ကပြောသည်။

ဇွန်လ၁၈ရက်ကကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သော အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာ(၁၂)သို့**



7Day News Journal
Vol.11, No.15 ▪ JUNE 21 , 2012

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပို့ကုန်၊ သွင်းကုန်အမယ် ၃၀၀ ကျော်ကို အော်တိုလိုင်စင်စနစ်ဖြင့် ခွင့်ပြု

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၄**



သွင်းကုန် ၁၆၅ မျိုးနှင့် ပို့ကုန် ၁၅၀ မျိုးအား ဇွန် ၁၄ ရက်မှ စတင်၍ ကြိုတင်လျှောက်ထားစရာ မလိုသော Auto လိုင်စင်စနစ်ဖြင့် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေး ဒေါက်တာမောင်အောင်ကပြောသည်။

"သတ်မှတ်ချက်ကတော့ ၁၀ ရက်အတွင်း လိုင်စင်ချပေးမယ်။ ဒါပေမဲ့ အခု သုံးရက်နဲ့ရအောင် လုပ်ပေးနေပါတယ်။ နယ်စပ်ရောပုံမှန်ကုန်သွယ်ရေးကြောင်းက ပါ ခွင့်ပြုပေးထားတယ်" ဟု ဒေါက်တာမောင်အောင်က ဆိုသည်။

ခွင့်ပြုပေးထားသော ပစ္စည်းများတွင် လူသုံး၊ အိမ်သုံး၊ ဆောက်လုပ်ရေးနှင့် သစ်သီးဝလံတို့ပါဝင်သည်။

ယခု ခွင့်ပြုပေးသော စနစ်အရ လိုင်စင်လျှောက်ထားရန်အတွက် နေပြည်တော်သို့ ကြေးနန်းတင်စရာမလိုဘဲ သက်ဆိုင်ရာကုန်သွယ်ရေးဇုန်များတွင် လျှောက်ထားနိုင်ပြီး ဇွန် ၁၆ရက်က လျှောက်ထားရာ၌ နေ့ချင်းပြီးရရှိခဲ့ကြောင်း မူဆယ်ဒေသခံကုန်သည်ဦးသောင်းထွန်းကပြောသည်။

ယခင်က လိုင်စင်လျှောက်ထားရာတွင် အနည်းဆုံးနှစ်ပတ်မှ တစ်လအထိ ကြာမြင့်ခဲ့ကြောင်း ကုန်သည်များက ဆိုသည်။

ယခုခွင့်ပြုပေးသော Auto လိုင်စင်စနစ်မှာ ပို့ကုန်လုပ်ငန်းအတွက် အကျိုးသက်ရောက်မှုမရှိသော်လည်း သွင်းကုန်လုပ်ငန်းအတွက်များစွာအဆင်ပြေကြောင်း မူဆယ်ကုန်စည်ဒိုင်မှာ သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"သွင်းကုန်မှာဆိုရင် ကုန်ကျစရိတ် အများကြီးသက်သာသွားတယ်။ အရင်းနည်းသွားတယ်။ အချိန်သက်သာတယ်။ လုပ်ငန်းမြန်လာတယ်" ဟု အဆိုပါ ကုန်သည်ကပြောသည်။

ထိုစနစ်ကြောင့် ပို့ကုန်ရငွေ (Export Earning) အရောင်းအဝယ်မှာ ပျောက်သလောက်ဖြစ်သွားပြီး ကုန်ပစ္စည်းများ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းတို့တွင် Non လိုင်စင် (လိုင်စင်မရှိသော စနစ်) ဖြစ်ရန်အတွက်ပထမခြေလှမ်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူများက ပြောသည်။

**စာ(၁၂)သို့**

# ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်ပါတီဖြစ်ပြီ

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန်-၁၇**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)ကို ဇွန် ၁၂ ရက်မှစတင်၍ နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာသည်။

နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်ချင်းတူညီသော မည်သည့်ပါတီနှင့်မဆို လက်တွဲ သွားမည်ဖြစ်ကြောင်း ပါတီပြန်လည်တည်ထောင်ခွင့်ကျပြီဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)မှ ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်ကပြောသည်။

၎င်းက "ရည်ရွယ်ချက်ချင်းတူပြီး လုပ်နည်းလုပ်ဟန် ကွဲပြားရင် မဟာမိတ်အဖြစ် ပူးပေါင်းသွားဖို့ရှိတယ်။ နိုင်ငံရေးလုပ်ငန်းစဉ်ရော၊ ရည်ရွယ်ချက်ခြင်းပါ ကွဲပြားရင်တော့ ပူးပေါင်းဖို့ မရှိပါဘူး"ဟု 7Day News သို့ပြောသည်။

ပါတီတည်ထောင်ခွင့်ကျပြီဖြစ်သည့် SNLDသည် မြို့နယ်ခေါင်းဆောင်များနှင့် ဗဟိုကော်မတီဝင်များကို မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ရက်ပေါင်း ၉၀အတွင်း ပါတီဝင်အင်အား ၁,၀၀၀ပြည့်ရန်အတွက်စည်းရုံးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

SNLD သည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း ၂၃ ခုအနိုင်ရခဲ့သည့်တိုင်းရင်းသားပါတီတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှမ်းတိုင်းရင်းသားပါတီ သုံးခုရှိပြီး၊ ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNDP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(SNLD) နှင့် ကချင်ပြည်နယ်တွင် ရှမ်းနီအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP)တို့ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# တောင်ကုတ်မြို့၌ အုပ်စုဖွဲ့ ရိုက်နှက်မှုကြောင့် လူ၁၀ ဦး သေဆုံးခဲ့မှု စတင်စုံစမ်း

**မြတ်စုမွန်၊ ဘုန်းကံအောင်**

**ရန်ကုန်၊ ဇွန် – ၁၈**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၌ ဖြစ်ပွားခဲ့သည့် အုပ်စုဖွဲ့ဝိုင်းရိုက်နှက်မှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ မျက်မြင်သက်သေများအား တွေ့ဆုံမေးမြန်းမှုများကို အမှတ်(၅)၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ တောင်ကုတ်တွင် စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

ဇွန်လ ၂ ရက်က ဖြစ်ပွားခဲ့သည့် ယင်းဖြစ်စဉ်တွင် ပါဝင်သူများအား စုံစမ်းရန် ဖွဲ့စည်းခဲ့သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့က ယနေ့သုံးရက်မြောက် တွေ့ဆုံမေးမြန်းခြင်းများကို ပြုလုပ်လျက်ရှိပြီး လူပေါင်း ၃၀ ကျော်လာရောက်ထွက်ဆိုသွားပြီဖြစ်ကြောင်း ယင်းစုံစမ်းမှုတွင် ပါဝင်သူတစ်ဦးက ပြောသည်။

"လူတွေကိုဟိုဘက်ခေတ်ကလို စစ်ဆေးမှုမျိုးမပြုလုပ်ပါဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင်က လာရောက်ဖြေကြားတဲ့လူတွေကိုလေးလေးစားစားပြောဆိုဆက်ဆံပါတယ်။ အရပ်သား နား၊ မျက်လုံးနဲ့ ကြည့်ရရင်တော့ ကျေနပ်တယ်လို့ပြောရမယ်"ဟု အခင်းဖြစ်ပွားချိန်တွင် အခြားတစ်မြို့သို့ရောက်ရှိနေပြီး ယခု ခေါ်ယူမေးမြန်းခံရသည့် တောင်ကုတ်မြို့မှ ရခိုင်အမျိုးသားတစ်ဦးက 7 Day News သို့ပြောသည်။

ယင်းပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး အပါအဝင် အဖွဲ့ဝင် ၁၆ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဇွန်လ ၆ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

စစ်ဆေးရာတွင်မှုခင်းဖြစ်ပွားရသည့် အကြောင်းရင်း၊ အုပ်စုဖွဲ့ကျူးလွန်ရန် စည်းရုံးလှုံ့ဆော်မှုများ၊ အုပ်စုဖွဲ့ကျူးလွန်စဉ် ဦးဆောင်သူများ၊ ပြစ်မှုကျူးလွန်သူများ၊ အခင်းမဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခြင်း (သို့) ဆောင်ရွက်နိုင်မှု အခြေအနေ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထင်မြင်ယူဆချက်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ သက်သေခံတို့နှင့်အညီစုံစမ်းစစ်ဆေးကာ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ နိုင်ငံတော်သမ္မတထံ တိုက်ရိုက်အစီရင်ခံရမည်ဖြစ်ကြောင်းပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"မေးမြန်းတာတွေကို မနက် ၇ နာရီလောက်ကနေ ည ၇ နာရီ၊ ၈ နာရီလောက်အထိလုပ်တယ်" ဟု ယမန်နေ့က သွားရောက်ထွက်ဆိုခဲ့သည့် ဒေသခံတစ်ဦးက ပြောသည်။ အခင်းဖြစ်ပွားသည့်နေ့က တောင်ကုတ်-သံတွဲလမ်းခွဆုံရှိ လမ်းညွှန် ဆိုင်းဘုတ်ပေါ်မှ ဖုန်း၊ အမ်ပီဖိုးများဖြင့် ဓာတ်ပုံရိုက်နေသူ များရှိခဲ့ရာ ယင်းဓာတ်ပုံတွင် ပါဝင်သူများနှင့် ရုပ်ဆင်တူသူများကို ရဲမှတစ်ဆင့် ခေါ်ယူကာ စုံစမ်းစစ်ဆေးရေးအဖွဲ့က မေးမြန်းခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



**ညမထွက်ရအမိန့်ထုတ်ပြန်ထားသော မြို့ခြောက်မြို့တွင် ပါဝင်သော စစ်တွေမြို့ကို ဇွန်၁၆ရက် ညဦးပိုင်းက တွေ့ရစဉ်**

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ကျောက်နီမော်တွင် ဖြစ်ပွားခဲ့သည့် ရခိုင် အမျိုးသမီးတစ်ဦးအား ဉ္စော့နိုင်ငံသား ဘင်္ဂါလီအမျိုးသားသုံးဦးက အဓမ္မပြုကျင့်ကာ ပစ္စည်းလုယက်၊ သတ်ဖြတ်ခဲ့မှုဂယက်ကြောင့် တောင်ကုတ်မြို့တွင် ယင်းသို့ နောက်ဆက်တွဲ မှုခင်းဆက်လက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ၊ ဆူပူသောင်းကျန်းမှုများ ဆက်လက်ဖြစ်ပွားကာ နိုင်ငံတော်မှ နေဝင်မီးငြိမ်းအမိန့်သာမက အရေးပေါ် အခြေအနေထုတ်ပြန်ရသည်အထိ ဖြစ်ပေါ်ခဲ့ရသည်။

---

## အသက် ၆၅ နှစ်အရွယ် ကျန်းမာသန်စွမ်းသူတစ်ဦးက အသည်းနှင့်အဆုတ်လှူဒါန်းလို

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဇွန် – ၁၈**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ အမှုထမ်းရပ်ကွက်နေ အသက် ၆၅နှစ်အရွယ် ဦးမောင်မောင်က ၎င်း၏ကိုယ်တွင်းကလီစာများဖြစ်သည့် အဆုတ်၊ အသည်းတို့ကိုလိုအပ်သူရှိပါက အခမဲ့လှူဒါန်းရန်ရှိကြောင်း ပြောကြားသည်။

ရခိုင်လူမျိုးတစ်ဦးဖြစ်သူ ဦးမောင်မောင်သည် အသက် ၆၅နှစ်အရွယ်ကျန်းမာသန်စွမ်းသူဖြစ်ပြီး ကျန်းမာရေးအတွက်အရေးတကြီးလိုအပ်သူများကိုကူညီကြောင်း၊ ၎င်းအနေဖြင့် ငွေကြေးတစ်စုံတစ်ရာ ရယူမည်မဟုတ်ဘဲ စေတနာအရကူညီခြင်းဖြစ်ကြောင်း သိရသည်။ လှူဒါန်းမည့်ကိစ္စနှင့်ပတ်သက်ပြီး ကာယကံရှင် ဦးမောင်မောင်က "ကျွန်တော်က ငွေကြေးတစ်စုံတစ်ရာ ရယူလိုလို့ ဒီလိုလှူတာမဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်လှူချင်တဲ့ ဆန္ဒရှိလို့ပါ။ ကျွန်တော် အမှန်တကယ်လိုအပ်နေတဲ့သူတွေကို လှူမှာပါ။ သားသမီးတွေလည်း သူတို့မိသားစုနဲ့သူတို့ရှိတယ်။ စီးပွားရေးအတွက်ကလည်း ပူစရာမလိုပါဘူး။ ခုလောလောဆယ်လည်းကျွန်တော်အလုပ်မလုပ်ရပါဘူး။ ကျန်းမာရေးကတော့ ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုလှူလိုက်လို့ ခံရမယ့် ဝေဒနာတွေ ရင်ဆိုင်ကြုံတွေ့ရမှာတွေကို ခံနိုင်ရည်ရှိအောင် ကြိုတင်စဉ်းစားထားပါတယ်"ဟုဆိုသည်။

ဦးမောင်မောင်သည် တရားစခန်းနှင့် ရိပ်သာများတွင် တရားအားထုတ်လေ့ရှိပြီး ၎င်းအနေဖြင့် တရားစခန်းဝင်ပြီး ယခုကဲ့သို့ လှူဒါန်းလိုစိတ်ဖြစ်လာကြောင်းသိရသည်။ ဦးမောင်မောင်၏ ညီတော်စပ်သူ ဦးထင်ချိုက "သူက စီးပွားရေးအရလည်း ပြေလည်တဲ့သူ၊ ငွေကြေးရလိုမှုတစ်စုံတစ်ရာရလိုမှုကြောင့် ဒီလိုလုပ်တာ မဟုတ်တာတော့ သေချာတယ်။ ကျန်းမာသန်စွမ်းတဲ့သူလည်းဖြစ်တယ်။ အမှန်တကယ်လိုအပ်နေတဲ့သူတွေကို သူ့ကိုယ်တွင်းက ကလီစာတွေ လှူချင်လို့ဆိုပြီး ကျွန်တော့်ကိုပြောတယ်။ သူတရားစခန်းဝင်ပြီး ပြန်လာကတည်းက ဒီလို လှူချင်တယ်လို့ပြောတာ"ဟုပြောသည်။ ဦးမောင်မောင် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်မှာ ၁၁/မပန(နိုင်)၀၂၃၄၇၃ကိုင်ဆောင်သူသည် ယခုလက်ရှိ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဈေးဟောင်းပိုင်းရပ်ကွက်(ခ)အမှုထမ်းရပ်ကွက်တွင် နေထိုင်ပြီး ဖုန်း-၀၉-၈၅၀၈၁၉၉၊ ၀၉-၄၉၆၇၄၀၉၆ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

---

## မသီတာထွေးအမှု တရားခံများအား ပြစ်မှုကျူးလွန်ပြီး ၂၁ ရက်မြောက်နေ့တွင် သေဒဏ်ချမှတ်

### တရားခံနှစ်ဦးကို ခုနစ်ရက်အတွင်း အယူခံခွင့်ပြုထား

**မြတ်စုမွန်**

**ရန်ကုန်၊ဇွန်–၁၈**

ကျောက်နီမော် လူသတ်မှုတရားခံနှစ်ဦးအား ကျောက်ဖြူတရားရုံးက ယနေ့ နေ့လယ် ၁၂ နာရီဝန်းကျင်တွင် သေဒဏ်ချမှတ်လိုက်ကြောင်း တရားခွင်သို့ ကိုယ်တိုင်သွားရောက်လေ့လာခဲ့သည့် ကျောက်ဖြူမြို့မှ ရခိုင်အမျိုးသားတစ်ဦးထံမှ သတင်းရရှိသည်။

ကျောက်ဖြူမြို့မှ ဒေသခံရခိုင်အမျိုးသား ကိုမောင်မောင်အောင်က "သိပ်လှုပ်လှုပ်ရှားရှားမတွေ့ရဘူး။ သူတို့ တုန်လှုပ်ချောက်ချားသွားတာမျိုးလည်း မဖြစ်ကြဘူး"ဟု အမိန့်ချမှတ်လိုက်စဉ် မြင်တွေ့ရသည့် တရားခံနှစ်ဦး၏ အမူအရာကို 7 Day News သို့ပြန်လည်ပြောပြသည်။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်-သပြေချောင်းကျေးရွာတွင် မေလ ၂၈ ရက်က ရခိုင်အမျိုးသမီး မသီတာထွေးအား ဉ္စော့နိုင်ငံသား၊ ဘင်္ဂါလီလူမျိုးများဖြစ်သည့် ထက်ထက်(ခ)ယော်ရှီး(ခ)ဖြိုးဇေယျာကျော်၊ ရော့ပီးနှင့် ခိုချီးတို့က အဓမ္မပြုကျင့်၊ ပစ္စည်းလုယက်ကာ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ ကျူးလွန်သူများအား ကျောက်ဖြူထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ရာမှ ဇွန်လ ၉ရက်တွင် ထက်ထက်(ခ)ရော်ရှီး (ခ) ဖြိုးဇေယျာကျော်သည် ခါးဝတ်ပုဆိုးကို အသုံးပြုကာ မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်။

ပြစ်မှုကျူးလွန်ပြီး ၂၁ ရက် မြောက်နေ့ဖြစ်သည့် ယနေ့တွင် ကျောက်ဖြူခရိုင်တရားသူကြီးက အမိန့်စာကို အချိန် ၂နာရီခန့် ဖတ်ကြားခဲ့ကြောင်း ကိုမောင်မောင်အောင်ကပြောသည်။

"သေတဲ့လူအတွက် အမိန့်တစ်စုံတစ်ရာချမှတ်စရာမလိုဘူးလို့ တရားသူကြီးကပြောတယ်။ တရားခွင်စတာနဲ့ အမိန့်ကို တန်းဖတ်တာပဲ။ တရားခံတွေကို တရားသူကြီးကမှာတယ်။ ဒီအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုရဦးမှာဖြစ်လို့ ခုနစ်ရက်အတွင်း အယူခံဝင်ခွင့်ရှိတယ်တဲ့"ဟု ကိုမောင်မောင်အောင်က ဆက်လက်ပြောကြားသည်။

အဆိုပါတရားစီရင်မှုနှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က "ဥပဒေအပြင်ကနေ ဥပဒေမဲ့လုပ်တာကို မြန်မြန်ဆန်ဆန် ပြတ်ပြတ်သားသား စီရင်ချက်ချလိုက်တဲ့အတွက် တရားစီရင်မှုအပေါ် လေးစားပါတယ်" ဟုပြောသည်။

အမှုစီရင်ချက်ချသည့်အချိန်တွင် တရားခွင်အတွင်းနှင့်အပြင်၌ လာရောက်စောင့်ကြည့်လေ့လာသူ ၁၅၀ ကျော်ရှိကြောင်းလည်း ဒေသခံအချို့ကပြောသည်။

---

## မန္တလေးတွင် စက်ရုံအလုပ်ရုံများ အလုပ်ချိန် ကန့်သတ်

**ညီညီဇော်**

**မန္တလေး၊ ဇွန် – ၁၈**

မန္တလေးမြို့တွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းတာဝန်ချိန်အား နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဆောင်ရွက်ရန် သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ဇွန် ၁၈ ရက် နေ့လယ် ၁ နာရီ မိနစ် ၃၀ အချိန်က မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များကို မန်းစည်ပင်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံခဲ့ပြီး ယင်းကိစ္စကို အသိပေးပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လူနေရပ်ကွက်များရှိ စက်ရုံ၊ အလုပ်ရုံများအား ပြည်သူလူထုမထိခိုက်စေရန် လျှပ်စစ်ဓာတ်အားဖြင့် အလုပ်လုပ်ချိန်၊ အလုပ်သမားများဖြင့် အလုပ်လုပ်သည့်အချိန်ကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်းသာ လုပ်ရန် ညွှန်ကြားခဲ့၍ မိမိတို့က ပြန်လည်အသိပေးခြင်းဖြစ်ကြောင်း၊ မန်းစည်ပင်သန့်ရှင်းရေးဌာနသို့လည်း စက်ရုံ၊

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# CRIME မှုခင်း သတင်း CORNER

## ဂက်စ်ပိုက်လိုင်း မီးလောင်မှု ကျပ်သိန်း ၃၀၀ကျော်ဖိုး ဆုံးရှုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၁၂**

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်တွင် ဇွန် ၁၁ ရက်က ဂက်စ်ပိုက်လိုင်းပေါက်ရာမှ မီးလောင်ခဲ့ခြင်းကြောင့် ကျပ်သိန်း၃၀၀ကျော်ဖိုး ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှသတင်း ရရှိသည်။

မီးလောင်မှုသည် ဆိပ်ကမ်းသာလမ်းရှိ ရွှေနဒီကုမ္ပဏီဝင်းရှေ့တွင် မြောင်းဖော်ရန်ရှင်းလင်းနေစဉ် မြေအောက် ဂက်စ်ပိုက်လိုင်းကို ထိုးမိ၍ မီးလောင်မှုစတင်ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။ ယင်းဂက်စ် ပိုက်လိုင်းမှာ လှိုင်သာယာ CNG (၁)နှင့်(၂)သို့ ပို့လွှတ်သောပိုက်လိုင်းဖြစ်သည်။

ဂက်စ်ပိုက်လိုင်းပေါက်ရာမှ အနီးရှိ ကောင်းမြတ်သူ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းမှ တဲသို့ မီးကူးလောင်၍ အဆောက်အအုံနှင့်အတွင်းရှိပစ္စည်းများ မီးလောင်ခံရ၍ ဆုံးရှုံးမှု တန်ဖိုး ၃၀,၂၆၂,၄၀၀ကျပ်ရှိသည်ဟု မီးသတ်ဌာနက ခန့်မှန်းထားသည်။ ယင်းမီးလောင်မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ မီးဟပ်ဒဏ်ရာရရှိပြီး ဒဏ်ရာရရှိသော အမျိုးသမီးကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

မီးလောင်မှုမှာ ညနေ ၄ နာရီတွင် စတင်ဖြစ်ပွားခဲ့ပြီး ယင်း မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၁စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ်သုံးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၃၆ဦး၊ အရန် ၁၀၉ ဦးတို့ဖြင့် ငြိမ်းသတ်ရာ မီးလောင်ပြီး တစ်နာရီကျော်အကြာ ညနေ ၅နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ထိုမီးလောင်မှုကို ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှသိရသည်။

## အမရပူရတွင် ဘုရားဆင်းတုခိုးအဖွဲ့ ဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန် - ၁၅**

မန္တလေးခရိုင် အမရပူရမြို့နယ် တိုးရပ်ကွက်ဥယျာဉ်ကျောင်းတိုက်အတွင်းမှ ဘုရားဆင်းတုခိုးသူတစ်စုအား အမရပူရရဲစခန်းမှ ဒုရဲအုပ်အောင်မြင့်ဝင်းနှင့်အဖွဲ့က ဇွန်လပထမပတ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

ဇွန် ၃ ရက်နံနက် ၄ နာရီခန့်က ဥယျာဉ်ကျောင်းတိုက်အတွင်း ဉာဏ်တော်လေးပေကျော်ခန့် အနံနှစ်ပေခန့် ဘုရားဆင်းတုတော်တစ်ဆူအား လူတစ်စုက ခိုးယူရန်ကြိုးပမ်းနေစဉ် သတင်းအရ ဖမ်းဆီးရာ နာမည်ကြီး ဘုရားသူခိုး မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်ဘီအိုစီလမ်းနေ အောင်ဖေ(၅၈နှစ်)၊ အမရပူရမြို့ဆင်စွယ်ပွတ်ရပ်ကွက်နေ အောင်ကြီး (၁၈ နှစ်)တို့ကို ဖမ်းဆီးရမိပြီးအတူပါသော ကရင်ကြီးမှာထွက်ပြေးတိမ်းရှောင်သွားသည်။ ယင်းတို့အဖွဲ့အား အမရပူရရဲစခန်းမှ (ပ) ၁၉၀/၂၀၁၂ပုဒ်မ-၃၈၀/၂၉၅၊၅၀၁ အရအမှုဖွင့်အရေးယူထားသည်။

# ကန်ထရိုက်အငှားလိုင်စင်ကြေး မြင့်တက်နိုင်ဟုဆို

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဇွန်-၁၆**



မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ အဆောက်အအုံများ ဆောက်လုပ်ရန် မြို့တော်စည်ပင်ခွန်တိုးမြှင့်သတ်မှတ်လိုက်ခြင်းသည် ကန်ထရိုက်အငှားလိုင်စင်ကြေးမြင့်တက်လာနိုင်ကြောင်း ကန်ထရိုက်လုပ်ငန်းရှင်များက ပြောသည်။

ကန်ထရိုက် လုပ်ငန်းများအတွက် မြို့တော်စည်ပင်ခွန်ကို မေ ၁၈ ရက်က ကျပ်သိန်း ၁၀၀မှ ကျပ်သိန်း၅၀၀အထိ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ ထိုသို့ စည်ပင်ခွန်တိုးမြှင့်လိုက်ခြင်းကြောင့် ကန်ထရိုက်အငှားလိုင်စင်ကြေး လက်ရှိကျပ် ၁၂ သိန်းဝန်းကျင်မှ ကျပ်သိန်း ငါးဆယ်အထိမြင့်တက်လာနိုင်ကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

"စည်ပင်ခွန် သိန်း ၅၀၀ လောက်တော့ လုပ်ငန်းရှင်တွေအနေနဲ့ သွင်းနိုင်လောက်မှာပါ။ ဩဂုတ်လကုန်အထိ နောက်ဆုံးသွင်းလို့ရတယ်။ လေးခါခွဲပြီး တစ်လကို သိန်း ၁၀၀ စီ သွင်းခွင့်ရှိတယ်။ စည်ပင်ခွန်ဒီလို မြင့်တက်သွားတဲ့အတွက် လက်ရှိကန်ထရိုက် အငှားလိုင်စင်ကြေး ၁၂ သိန်းခန့်ကနေ သိန်း ၅၀ နီးပါး မြင့်တက်လာနိုင်တယ်"ဟု Three Friends ဆောက်လုပ်ရေးမှ အုပ်ချုပ်သူ ဦးကိုကိုလေးက ပြောသည်။ "မြို့တော်စည်ပင်ခွန် တိုးမြင့်တော့ လုပ်ငန်းရှင်တွေအတွက် အကျပ်ရိုက်တာပေ့ါ။ စည်ပင်ခွန် မတိုးဘဲနဲ့ ဉပမာ-သိန်း ၂,၀၀၀ ဘဏ်မှာအပ်ပြီး အာမခံထားမယ်။ အတိုးတစ်ကျပ်နှုန်းပဲဖြစ်ဖြစ် ကန်ထရိုက်ကိုပေးတာမျိုး လုပ်သင့်တယ်။ ဒါမှမဟုတ်သိန်း၁,၅၀၀၊ ၂,၀၀၀တန်မြေတွေကိုအာမခံပေးထားပြီး အိမ်တွေပြိုရင် လေလံတင်ပြီး ရောင်းတာမျိုးလုပ်သင့်တယ်" ဟု ကန်ထရိုက်တာတစ်ဦးက သုံးသပ်ပြောကြားသည်။

"အခုလို သုံးလအချိန်ပေးထားတော့ ကန်ထရိုက်တာကြီးတွေအတွက်တော့ အခက်အခဲသိပ်မရှိလောက်ပါဘူး။ အသေးစားကန်ထရိုက်တာတွေအနေနဲ့ လုပ်ငန်းရှင်သုံးလေးဦးစုပြီး တွဲလုပ်ရင် အဆင်ပြေလောက်မယ်ထင်တယ်။ ကန်ထရိုက်တာ လိုင်စင်ကြေးကတော့ဩဂုတ်လကျော်ရင် အပြောင်းအလဲရှိလာလိမ့်မယ်" ဟု ဂန္ထဝင် ဗိသုကာမှ ဦးဖေသန်းထိုက်က ပြောသည်။ ယခင်က စည်ပင်ခွန်ကိုကျပ်ငါးသိန်းမှ ကျပ်သိန်းငါးဆယ်။ ထို့နောက် သိန်း ၅၀ မှ သိန်း၁၀၀အထိ တိုးမြှင့်ပြီး လက်ရှိသိန်း၅၀၀အထိ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ မြို့တွင်း အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကိုယ်ပိုင်လိုင်စင်ဖြင့် ဆောက်လုပ်သူများလည်းရှိပြီး၊ ကန်ထရိုက်ဆီမှ လိုင်စင်ငှားရမ်းလုပ်ကိုင်သူများအတွက် စည်ပင်ခွန် အပြောင်းအလဲကြောင့် ကန်ထရိုက်လိုင်စင် မြင့်တက်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

# စိုက်ပျိုးစရိတ် ပြန်ဆပ်ပြီးသူများကိုသာ တစ်ဧက ကျပ်ငါးသောင်းနှုန်း ငွေထုတ်ချေးမည်ဟုဆို

**အောင်သူရ၊ သန်းထူး**

**ရန်ကုန်၊ ဇွန်-၁၄**

**စိုက်ပျိုးစရိတ် အကြွေးပြန်လည် ပေးဆပ်ပြီးသော တောင်သူလယ်သမားများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခုနှစ်မိုးရာသီအတွက် တစ်ဧက ကျပ်ငါးသောင်းထုတ်ချေးမည်ဟု သတင်းရရှိသည်။**

"မိုးတွင်းမှာ ပေးတာ စုစုပေါင်း ၂၀၅ မြို့နယ်ရှိတယ်။ အခု ၈၆ မြို့နယ်ကို အရင်နှုန်းနဲ့ပေးပြီးပြီ။ ကျန်တဲ့မြို့တွေကိုတော့ ငါးသောင်းတစ်ဖြတ်တည်း ထုတ်ချေးမယ်။ ပေးပြီးသားမြို့တွေကိုတော့ ထပ်ဆောင်းပေးမယ်"ဟု အဆိုပါဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာက ပြောသည်။ သို့သော် စိုက်ပျိုးစရိတ် ပြန်မဆပ်နိုင်သူများကိုမူ ငွေထုတ်ချေးမည်မဟုတ်ဟုဆိုသည်။

ရာသီဥတုဖောက်ပြန်ခြင်းနှင့် သီးနှံဈေးနှုန်း ကျဆင်းနေခြင်းတို့ကြောင့် ယခုနှစ် မိုးစပါးစိုက်မည့် တောင်သူအများစုမှာ အဆင်မပြေခြင်းများစွာနှင့်ကြုံတွေ့နေရပြီး လယ်ယာမြေကို စွန့်ခွာကာ တစ်ဖက်နိုင်ငံသို့သွားရောက်အလုပ်လုပ်နေကြသည်။

"ဒီလိုအခြေအနေမျိုးမှာ ငါးသောင်းနဲ့ မလောက်ဘူး။ လယ်အလုပ်ကို လုံးဝမလုပ်ချင်တဲ့ အနေအထားမှာ တကယ် အားပေးသင့်တယ်။ တစ်ဧက တစ်သိန်းလောက်ပေးသင့်တယ်"ဟု စိုက်ပျိုးရေးပညာရှင်ဒေါက်တာထွန်းဝင်းက သုံးသပ်သည်။

ထို့အပြင် ချေးငွေကို နှစ်ရှည်ချေးငွေပုံစံဖြင့် ချေးပေးပါက လယ်သမားများအတွက် ပိုမိုအဆင်ပြေနိုင်ကြောင်း စာ(၁၂)သို့



# စက်ရုံလုပ်သား အနိမ့်ဆုံးလစာ ၅၆,၇၀၀ ကျပ်ပေးရန် အလုပ်သမားဒုတိယဝန်ကြီး တိုက်တွန်း

**ပြည်သိမ်း**

**ရန်ကုန်၊ဇွန်-၁၄**

စက်မှုဇုန်အလုပ်သမားများအား အနိမ့်ဆုံးလစာ၅၆,၇၀၀ကျပ် သတ်မှတ်ပေးရန် အလုပ်ရှင်များသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးဦးမြင့်သိန်းက အကြံပြုတိုက်တွန်းကြောင်း လှိုင်သာယာစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ သတင်းရရှိသည်။

အခြေခံလစာမှာ တစ်ရက်အခြေခံလုပ်ခ(Dayကြေး)၊ ရက်မှန်ကြေး၊ ရှားပါးစရိတ်၊ ကျွမ်းကျင်စွာလုပ်ကိုင်မှုဆုကြေးစသည့် ခေါင်းစဉ်လေးမျိုး (တိုင်လေးတိုင်)ကို ဦးတည်တွက်ထားသည့်နှုန်းဖြစ်ပြီး အချိန်ပိုကြေးမပါဝင်ပေ။ အချိန်ပိုကြေးမှာ သီးသန့်ထပ်ရမည်ဖြစ်သည်။ စက်မှုဇုန်၌ အလုပ်သမားများကိုလစာပေးရာတွင် အလုပ်ရှင်များက ခေါင်းစဉ်မျိုးစုံဖြင့် စုပေါင်းပေးလေ့ရှိသည်။ စက်ရုံတစ်ရုံနှင့်တစ်ရုံ မတူညီဘဲ ခေါင်းစဉ် ၁၂ မျိုး၊ ၁၃ မျိုးထိရှိသည်။

"ဒါကအမိန့်မဟုတ်ဘူး။ လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ရတာပါ"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ကဆိုသည်။

စက်မှုဇုန်များတွင် အခြေခံလစာနှင့် လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စွာရရှိရေးအတွက် ဆန္ဒပြမှုများသည် အထည်ချုပ်စက်ရုံများသာမက ဖိနပ်စက်ရုံ၊ ပီနံအိတ်စက်ရုံ၊ စက္ကူပုံးစက်ရုံ၊ အအေးခန်းစက်ရုံတို့ပါဝင်လာသည်။ မေလတစ်လအတွင်းမှာပင် လုပ်ခလစာနည်း၍ ဆန္ဒပြသောစက်ရုံ ၅၇ ရုံ၊ လုပ်သား ၃၅,၀၀၀ ကျော်ရှိခဲ့သည်။ ယင်းကဲ့ သို့ စက်ရုံပေါင်းစုံပါဝင်လာသည့်အတွက် ဝန်ထမ်းများအား အခြေခံလစာကို ပမာဏတစ်ခုသတ်မှတ်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ဦးမျိုးအောင်က ရှင်းပြသည်။ စက်မှုဇုန်အလုပ်သမားများအတွက် အနိမ့်ဆုံးလစာငွေဥပဒေမှာထွက်ပေါ်မလာသေးသည့်အတွက် လစာကိစ္စညှိနှိုင်းမှုမှာ အခက်အခဲ များရှိနေသည်။ စက်မှုဇုန်ဝန်ထမ်းများ ဆန္ဒပြမှုကလည်း အစိုးရဝန်ထမ်းများ ရှားပါးစရိတ်တိုးမြှင့်ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အစိုးရဝန်ထမ်းများ၏ အနိမ့်ဆုံးလစာမှာ တစ်ရက်လျှင် ရှားပါးစရိတ်အပါအဝင် ၂,၁၀၀ ကျပ်ဖြစ်သည်။ ယခုသတ်မှတ်ညှိနှိုင်းပေးသည့် စက်ရုံလုပ်သား လစာနှုန်းထားမှာလည်း တစ်ရက် ၂,၁၀၀ ကျပ်ဖြင့် ညှိနှိုင်းပေးခြင်းဖြစ်သည်။

လက်ရှိစက်မှုဇုန်များတွင် အလုပ်သမားဆန္ဒပြမှုအများစုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ အလုပ်သမားဆန္ဒပြမှုအများစုမှာဖြစ်ပွားရခြင်းမှာလည်း အခြေခံလစာနည်းပါးမှုနှင့် သတ်မှတ်ထားသည့် အခွင့်အရေးများကို အလုပ်ရှင်ဘက်မှ ချိုးဖောက်၍ဖြစ်သည်ဟုဆိုသည်။

# ဒေါ်လာပေါက်ဈေး ပို့ကုန်ရငွေထက်မြင့်



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၄**

ကျပ်တစ်သောင်းတန် စတင်ထွက်သည့်နေ့မှစ၍ ပို့ကုန်ရငွေဈေးနှုန်းမှာ အမေရိကန်ဒေါ်လာအောက်ရောက်ရှိသွားကြောင်း သတင်းရရှိသည်။

ကျပ်တစ်သောင်းတန်မထုတ်မီ ရက်များက ပို့ကုန်ရငွေလဲနှုန်းမှာ တစ်ယူနစ်လျှင် ၈၅၀ကျပ်ဝန်းကျင်ရှိခဲ့ပြီး အမေရိကန် တစ်ဒေါ်လာလျှင် ၈၄၅ ကျပ်သာရှိခဲ့သည်။ သို့သော် ဇွန်လ ၁၅ ရက်မှစ၍ ဒေါ်လာဈေးတက်လာပြီး ပို့ကုန်ရငွေတန်ဖိုး အနည်းငယ်ကျလာသည်။ ထို့ကြောင့် ဇွန်၁၈ရက်တွင် ငွေလဲလှယ်ရေးကောင်တာများ၌ တစ်ဒေါ်လာလျှင် ဝယ်ဈေး ၈၄၅ကျပ်၊ ရောင်းဈေး ၈၅၅ကျပ်ရှိသည်။ ပြင်ပဈေးကွက်တွင် ဝယ်ဈေး ၈၄၇ကျပ်၊ ရောင်းဈေး ၈၅၀ကျပ်ရှိကာ ပို့ကုန်ရငွေမှာ ဝယ်ဈေး ၈၄၇ ကျပ်၊ ရောင်းဈေး ၈၄၉ကျပ် ရှိသည်။

အစိုးရအနေဖြင့် ငွေလဲနှုန်းတစ်ခုတည်းဖြစ်ရန် ကြိုးစားနေသော်လည်း ယခုအချိန်ထိ ငွေလဲလှယ်ရေး ဈေးကွက်တွင် ပို့ကုန်ရငွေမှာ ဒေါ်လာနှင့် တန်ဖိုးမတူဘဲ သီးခြားရှိနေသေးသည်။

"လူတွေက ငွေဖောင်းပွမှု ဖြစ်မှာစိုးပြီးတော့ ဒေါ်လာထွက်ဝယ်ကြတာ။ ပို့ကုန်ရငွေကတော့ ကုန်သည်တွေအတွက်ပဲ အသုံးဝင်တယ်" ဝင်ကြေးဆိုင်ရာ ကျွမ်းကျင်သူကုန်သည်တစ်ဦးက ပြောသည်။ သို့ရာတွင် ငွေလဲနှုန်းသတ်မှတ်ရေးနှင့်ပတ်သက်၍ နေပြည်တော်၌ ဇွန် ၁၁ ရက်က ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ထိုပွဲတွင်လုပ်ငန်းရှင်များနှင့် ပညာရှင်အချို့က အနည်းဆုံးတစ်ဒေါ်လာလျှင်ကျပ် ၁,၀၀၀ ဖြစ်ရန် တင်ပြခဲ့ကြသော်လည်း အဆင်မပြေခဲ့ကြောင်း အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူအချို့ကပြောသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ကလက်ရှိ မြန်မာကျပ်ငွေမှာ လိုအပ်သည့် ပမာဏထက် ၄၀ ရာခိုင်နှုန်းခန့်ပိုမာနေကြောင်း သုံးသပ်ထားသည်။

"တစ်သောင်းတန် ထုတ်တာက ငွေဖောင်းပွမှုမဖြစ်နိုင်ဘူး။ ထုတ်တဲ့ရည်ရွယ်ချက်က ဘဏ်တွေမှာ ငွေတွေများပြီးတော့ သယ်ယူရခက်ခဲတဲ့ ပြဿနာကို ဖြေရှင်းဖို့ ထုတ်တာ၊ တစ်ထောင်တန် ၁၀ ရွက်အစား တစ်သောင်းတန် တစ်ရွက်ထုတ်တာ"ဟု ဗဟိုဘဏ် ဒုဥက္ကဋ္ဌဟောင်း ဦးသန်းလွင်က သုံးသပ်သည်။

**စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# အကြမ်းဖက်မှုများကို ပြည်ပမီဒီယာများတွင်ဖော်ပြသော ပုံစံကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိုးရိမ်

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၄**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ ပြည်ပသတင်းမီဒီယာများ၏ ရေးသားဖော်ပြချက်များကြောင့် မြန်မာနိုင်ငံသို့လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများ စိုးရိမ်နေကြကြောင်း သတင်းရရှိသည်။

"သူတို့ရေးတဲ့ ပုံစံကဖြစ်နေတဲ့ နေရာက ရန်ကုန်နဲ့ နီးနီးလေးလို ဖြစ်နေတော့ ဧည့်သည်တွေက မေးကြတယ်၊ စိုးရိမ်ကြတယ်။ ဒါကြောင့် ရှင်းပြနေရတယ်။ ဖြစ်တဲ့နေရာတွေကရန်ကုန်ကနေကားနဲ့ နှစ်ရက်လောက် သွားရတယ်ဆိုတာကို" ဟုပြည်ပအခြေစိုက် လေကြောင်းလိုင်းမှ မန်နေဂျာတစ်ဦးကပြောသည်။




နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့စဉ်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ သိသိသာသာ ကျဆင်းခဲ့ရသည်။

ဇွန်လ ၁၃ရက်မှစ၍ မြန်မာနိုင်ငံသို့လာရောက်မည့်ဧည့်သည်အများစုမှာစိုးရိမ်သဖြင့် အခြေအနေအား မေးမြန်းစုံစမ်းမှုများပြုလုပ်လာကြကြောင်း Tour De Myanmar ခရီးသွားကုမ္ပဏီ မှ အုပ်ချုပ်မှုဒါရိုက်တာ မဒါလီက ပြောသည်။

"တအားမေးကြတယ်။ အနီးစပ်ဆုံးလာမယ့် ဧည့်သည်တွေကိုတော့ စိတ်မပူဖို့ ပြောလိုက်တယ်။ ခရီးစဉ်ဖျက်တာတော့ မရှိသေးဘူး" ဟု မဒါလီကပြောသည်။

ထို့အပြင် အင်္ဂလန်နိုင်ငံသားများအား ငပလီကမ်းခြေသို့သွားရောက်ခြင်း မပြုရန်နှင့် ဟောင်ကောင်နှင့် ကနေဒါနိုင်ငံများကလည်း မြန်မာနိုင်ငံအား ခရီးသွားများနှင့်ပတ်သက်၍ အဝါရောင်အဆင့်သတ်မှတ်လိုက်ကြောင်း ခရီးသွားကုမ္ပဏီများထံမှ သတင်းရရှိသည်။

"ခရီးသွားလုပ်ငန်းမှာ အဝါရောင် အဆင့်သတ်မှတ်တယ်ဆိုတာ အန္တရာယ်ရှိတယ်လို့ ပြောတာ။ အနီရောင်ဆိုရင် မသွားနဲ့လို့ပြောတာပါ"ဟု မဒါလီကပြောသည်။

**စာ(၁၂)သို့**

# ရန်ကုန်တွင် တစ်လလျှင် ယာဉ်တိုက်မှု၁၀၀ကျော် ဖြစ်ပွားနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၇**

ရန်ကုန်တိုင်းစည်ပင်နယ်နိမိတ်အတွင်း၌ယခု ၂၀၁၂ခုနှစ်တွင်တစ်လလျှင် ယာဉ်တိုက်မှုပေါင်း ၁၀၀ကျော် လစဉ်ဖြစ်ပွားနေကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး စာရင်းဇယားများအရ သိရသည်။

"ယာဉ်တိုက်မှုများလာတာက ကားတွေကျပ်လာတာပါသလို ယာဉ်မောင်းတွေရဲ့ ပေါ့ဆမှုကြောင့် ဖြစ်တာတွေလည်း အများကြီးပါတယ်"ဟု ယာဉ်တိုက်မှုများလာခြင်းနှင့်ပတ်သက်၍ အဆိုပါရုံးမှ ရဲမှူးက မှတ်ချက်ပေးသည်။

ယာဉ်တိုက်မှုများလာခြင်းကြောင့် ယာဉ်တိုက်မှုကြောင့် ဖြစ်ပွားသည့် သေဆုံးသူနှင့် ဒဏ်ရာရသူများလည်း သိသာစွာမြင့်တက်လာကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၀၉-၂၀၁၀ ခုနှစ်များက ယာဉ်တိုက်မှုကြောင့် သေဆုံးသူအများဆုံး ၂၀ ဦးသာ ရှိခဲ့သော်လည်း ယခု ၂၀၁၂တွင် ၃၁ ဦးထိရှိလာခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသူမှာ ၂၀၀၉ မှ ၂၀၁၂ ခုနှစ် လေးနှစ်တာကာလအတွင်း ၂၀၁၁ ဧပြီလမှာ ၂၁၈ဦးဖြင့် အများဆုံးရှိနေသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ ယာဉ်တိုက်မှုများ ဖြစ်ပွားမှု တိုးမလာစေဘဲ လျော့ကျစေရန် ယာဉ်မောင်းများအနေဖြင့် ယာဉ်ကောင်း၊ မကောင်း၊ ရေသုတ်တံများ ကောင်းမွန်မှုရှိမရှိကိုလည်း ယာဉ်မမောင်းမီတွင် ဂရုစိုက်စစ်ဆေးသင့်ကြောင့် အဆိုပါရဲမှူးက အကြံပြုသည်။ ထို့အပြင် ယာဉ်မောင်းစဉ်တွင်လည်း ရေဝပ်နေသောနေရာများရှိပါကလည်း စလစ်မဖြစ်စေရန် သတိထားမောင်းနှင်သင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။



# ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်ဆောက်နိုင်ရန် ယာယီကော်မတီဖွဲ့

**အောင်သူရ၊ မိုးညို**
**ရန်ကုန်၊ ဇွန်-၁၈**

သမိုင်းအစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်ရေးကော်မတီ(ယာယီ)ကိုဇွန်၁ရက်က ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ကော်မတီကို နာယက၊ အကြံပေး၊ လုပ်ငန်းဆပ်ကော်မတီတို့ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကော်မတီအဖွဲ့တွင် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဒွေးကြွယ်တို့ပါဝင်ကာ နာယကအဖွဲ့တွင် ဆရာကြီး ဒဂုန်တာရာလည်း ပါဝင်သည်။

"အတည်ဖွဲ့နိုင်ဖို့ လောလောဆယ်အတိအကျမပြောနိုင်သေးဘူး။ ဒါပေမဲ့ အမြန်ဆုံးဖြစ်အောင် ကြိုးစားမှာပါ။ ၁၉၆၂ ခုနှစ်ရှေ့က မျိုးဆက်ဟောင်းတွေ ၁၉၇၄-၇၅ ခုနှစ်က မျိုးဆက်သစ်တွေ၊ ၈၈ အဖွဲ့က မင်းကိုနိုင်တို့အဖွဲ့တွေ၊ လူငယ်မျိုးဆက်တွေနဲ့ အဓိကပါဝင်ဖွဲ့စည်းသွားမှာပါ" ဟုကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးကော်မတီယာယီမှ ကော်မတီဝင်ကိုညိုထွန်းက ပြောသည်။

ထို့ပြင် အဆိုပါကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်ရာတွင်တည်ဆောက်ရေးဆိုင်ရာ ဒီဇိုင်းများအတွက် စက်မှုတက္ကသိုလ်မှမြို့ပြအင်ဂျင်နီယာကျောင်းသားဟောင်းများကိုပါ တစ်ပါတည်းခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသားသမဂ္ဂ ပြန်လည်တည်ဆောက်ရေးဆိုတာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရမ်းကိုအရေးပါပါတယ်။ ဒီနေရာမှာ တိုင်းရင်းသားတွေအားလုံးစုစုံခဲ့တာပါ" ဟု ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှဦးကိုကိုကြီးက ပြောသည်။

ဇွန်လဆန်းပိုင်းက နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးခေါင်းဆောင် ဒေါက်တာဦးမြင့်ကလည်း ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးအတွက် အိတ်ဖွင့်ပေးစာတစ်စောင်ကို ပြည်သူများထံ ဖြန့်ဝေခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ၁၉၃၀ ဇွန်လတွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၆၂ ဇူလိုင် ၈ ရက်တွင် မိုင်းခွဲဖျက်ဆီးခြင်း ခံခဲ့ရသည်။

# ဘောလုံးဝါသနာအိုးများ စိတ်ညစ်နေ



ဂျာမနီ-ပေါ်တူဂီပွဲစဉ်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အများပြည်သူများကြည့်ရှုရန် LED ဘုတ်ကြီးများဖြင့်ပြသစဉ် ဓာတ်ပုံ - အားမာန်

**ယုဇနကိုကို၊ ဗိုလ်ဗိုလ်ဝင်း**
**ရန်ကုန်၊ ဇွန်-၁၈**

ပြည်တွင်း ဘောလုံးအားကစားပရိသတ်များ မျှော်လင့်နေခဲ့ကြသည့် ယူရို ၂၀၁၂ ပွဲစဉ်များကို အခမဲ့ရုပ်သံလိုင်းများမှ ပြသလာခြင်း မရှိသောကြောင့် ကြည့်ရှုလိုသူများအတွက် အခက်အခဲများ ကြုံတွေ့နေရသည်။

ပုဂ္ဂလိက ရုပ်သံလိုင်းတစ်ခုဖြစ်သော စကိုင်းနက် (Sky Net TV Channel) မှ အဆိုပါ ပြိုင်ပွဲရုပ်သံထုတ်လွှင့်ခွင့်အား တစ်ဦးတည်း မူပိုင်ရယူထားခြင်းဖြစ်ခြင်းကြောင့် အခမဲ့ရုပ်သံလိုင်းများကို အားကိုးနေကြရသည့် ဘောလုံးပရိသတ်များအတွက် အခက်အခဲကြုံတွေ့နေရခြင်းဖြစ်သည်။

"ယူရိုပွဲကို ကြည့်ချင်တာတော်တော်အဆင်မပြေဖြစ်နေတယ်။ လေးနှစ်မှ တစ်ခေါက်ကြည့်ရတဲ့ပွဲဆိုတော့ တစ်ပွဲမှအလွတ်မခံဘဲ ကြည့်ချင်တာ။ အခုလို မူပိုင်နဲ့လုပ်လိုက်တော့ တော်တော်စိတ်ပျက်မိတယ်။ စီးပွားရေးသမားတွေ အပြိုင်အဆိုင်လုပ်လာတာက ကျွန်တော်တို့လို ပရိသတ်တွေကိုလာပြီး ထိခိုက်နေတယ်။ ကိုယ့်စီးပွားရေးကိုယ်လုပ်တာဆိုပေမယ့်လည်း အခြေခံလူတန်းစား ဘောလုံးပရိသတ်တွေကိုလည်း ငဲ့ကြည့်စေချင်ပါတယ်" ဟု အသက်(၂၇) နှစ်အရွယ် အမျိုးသားဘောလုံး ပရိသတ်တစ်ဦးကပြောသည်။

၂၀၁၂ ဇွန်လ ၉ ရက်မှစတင်ယှဉ်ပြိုင်လျက်ရှိသည့် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲသည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးလျှင် ဒုတိယအဆင့်မြင့်ဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်သည်။

ဥရောပ၏ ထိပ်သီး ၁၆ သင်းဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး အဆိုပါ ပွဲစဉ်များ၏ ယှဉ်ပြိုင်ကစားချိန်များမှာလည်း မြန်မာစံတော်ချိန်အရညနက်ပိုင်းအချိန် ဖြစ်နေခြင်းက အပြင်ထွက်ကြည့်ရှုလိုသူပရိသတ်များအတွက် အခက်အခဲဖြစ်ပေါ်စေသည်။

"အိမ်မှာ စကိုင်းနက်မရှိတော့ ရှိတဲ့နေရာကို သွားကြည့်ရတယ်။ ဘောလုံးပွဲလာတဲ့အချိန်တွေကလည်း ညဉ့်နက်ပိုင်းတွေဆိုတော့ ကြည့်ရတာ အဆင်မပြေဘူး။ အခမဲ့ ရုပ်သံလိုင်းတွေက လွှင့်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။ နောက်ပိုင်းပွဲစဉ်တွေကို အခမဲ့ရုပ်သံလိုင်းတစ်ခုမှာ အိမ်ကနေ အေးအေးဆေးဆေး ကြည့်နိုင်ဖို့ မျှော်လင့်နေတုန်းပါပဲ" ဟု အသက် (၃၅)နှစ်အရွယ် ဘောလုံးပရိသတ်တစ်ဦးကလည်း ၎င်း၏ အခက်အခဲကိုပြောသည်။

စာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012



## ၂၀၁၂ ဇွန် ၂၀မှ ၂၆ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်း အခြေအနေ

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အခြေအနေဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ် အော်အရှေ့တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ အသင့်အတင့်ရှိနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအသင့်အတင့် (၅ ပေမှ ၆ ပေခန့်)ဧရာဝတီကမ်းရိုးတန်း၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်မှာ လှိုင်းအမြင့်(၆ ပေမှ ၇ ပေခန့်) ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့်(၉ ပေ မှ ၁၁ ပေခန့်)ရှိနိုင်ပြီး လှိုင်းကြီးနိုင်ပါတယ်။

### မိုးရွာသွန်းမှု အခြေအနေ

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ဇွန် ၁၀ ရက်မှ ဇွန် ၁၅ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ကမ်းရိုးတန်းဒေသများဖြစ်တဲ့ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ၆ လက်မမှ ၈လက်မခန့်၊ ကချင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း အရှေ့အလယ်ပိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းအနောက်ပိုင်း၊ ဧရာဝတီတိုင်းမြောက်ပိုင်း၊ ပဲခူးတိုင်းအနောက်ပိုင်းနဲ့တောင်ပိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်မှာ ၂လက်မမှ ၆ လက်မခန့် ကျန်ဒေသတွေမှာ မိုးရေချိန် ၁လက်မမှ ၂လက်မခန့် ရွာသွန်းခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ခန့်မှန်းကာလအတွင်း ကချင်ပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတောင်ပိုင်းတို့မှာ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်းတောင်ပိုင်း၊ မန္တလေးတိုင်းတောင်ပိုင်းတွေမှာ ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

### မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်းလျော့နည်းလာနိုင်ပါတယ်။ မကွေးတိုင်းမြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အနောက်မြောက်ပိုင်းတွေမှာ မိုးတိမ်တောင်များဖြစ်ပေါ် ဖို့အလားအလာအများဆုံး ဖြစ်နိုင်ပါတယ်။

### နေ့အပူချိန်များ အခြေအနေ

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ဧရာဝတီတိုင်းတောင်ပိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ အပူချိန်လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်းတို့မှာ အပူရှိန်မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန်အပူရှိန်ခန့်သာ ရှိနိုင်ပါတယ်။

### မြစ်ရေအခြေအနေ

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ရေအနည်းငယ် ပိုမိုမြင့်တက်လာနိုင်ပါတယ်။

### တောင်တရုတ်ပင်လယ်ပြင် အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်မှာအခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဆက်လက်ဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# ယာဉ်မောင်းလိုင်စင်သက်တမ်း သုံးနှစ်မှငါးနှစ်သို့တိုးပေး

**ထူးသန့်**

**နေပြည်တော်၊ ဇွန်-၁၆**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ယာဉ်မောင်းလိုင်စင်နှစ်မျိုးနှင့် စပယ်ယာ လက်မှတ်ရောင်း လိုင်စင်များအား သက်ဆိုင်ရာ ပုဂ္ဂိုလ်များအဆင်ပြေရေးအတွက် လိုင်စင်သက်တမ်းကို သုံးနှစ်မှ ငါးနှစ်သို့ ထပ်မံတိုးမြင့်ပေးခဲ့ကြောင်း ယနေ့သတင်းထုတ်ပြန်ကြေညာသည်။

မော်တော်ဆိုင်ကယ် မောင်းနှင်အသုံးပြုခွင့်ရှိသော ယာဉ်မောင်းလိုင်စင်(က)နှင့် ကိုယ်ပိုင်မော်တော်ယာဉ်ကိုပါ မောင်းနှင်အသုံးပြုခွင့်ရှိသည့် ယာဉ်မောင်းလိုင်စင်(ခ)အပြင်စပယ်ယာလက်မှတ်ရောင်းလိုင်စင်(စ)များကို မူလသတ်မှတ်သက်တမ်းသုံးနှစ်မှငါးနှစ်သို့ အသီးသီးထပ်မံတိုးမြင့်သတ်မှတ်ပေးခြင်း ဖြစ်သည်။

ယင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) မှ တာဝန်ရှိသူကလည်း “ကညနက ထုတ်ပေးတဲ့လိုင်စင်ခြောက်မျိုးမှာ ဒီသုံးမျိုးကို သက်တမ်းပိုပေးလိုက်တဲ့အတွက် ပြည်သူလူထုရော၊ ကျွန်တော်တို့ ခရီးသည်ယာဉ်ပိုင်ရှင်တွေအတွက် ပိုမိုအဆင်ပြေသွားတာပေါ့”ဟု ပြောကြားခဲ့ပြီး စပယ်ယာအတွက်‘စ’လိုင်စင်ထုတ်ပေးထားသည်မှာကြာပြီဖြစ်ကြောင်း ဆက်လက် ပြောကြားသည်။

“အငှားယာဉ်မောင်း လိုင်စင်များကိုမူ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရန်အတွက် မူလအတိုင်း ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်များအား ယခုဆောင်ရွက်ပေးလျက်ရှိသော လိုင်စင်ပြုလုပ်ပေးသည့် သက်တမ်းကျော်လွန်ပါကဆိုင်တင်ရောင်းချခြင်းကိုပါ စစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

“အရင်ကတော့ အများပြည်သူဆိုင်ရာ လမ်းပေါ်ကို မတက်ရင် ရတယ်လို့ ထင်ထားတာ။ ဒါကြောင့်လည်း စီးပွားရေးသမားတွေက ဆိုင်ပေါ်မှာတင်၊ ဆိုင်နောက်မှာထားပြီး လိုင်စင်မဲ့တွေ ရောင်းခဲ့ကြတယ်။ ခုဆိုရင်တော့ ဒီလေးလအတွင်းကုန်အောင်တွန်းရောင်းရမယ့် အခြေအနေဖြစ်လာပြီ”ဟူ၍ နေပြည်တော် ပျဉ်းမနားမှ ဆိုင်ကယ်ပွဲစားတစ်ဦးက ပြောဆိုသည်။

# နှစ်ပေါင်းခြောက်ဆယ်အတွင်း ပထမဆုံးအကြိမ် ကိုကာကိုလာ မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်မည်

**ဝါရှင်တန်၊ ဇွန် - ၁၅**

ကမ္ဘာ့အကြီးဆုံး အချိုရည်ကုမ္ပဏီကြီးဖြစ်သော ကိုကာကိုလာသည် နှစ်ပေါင်း ၆၀ အတွင်း မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လုပ်ကိုင်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ကုမ္ပဏီမှ ထုတ်ပြန်သောကြေညာချက်တွင် ၎င်းတို့သည် မြန်မာနိုင်ငံတွင်း၌ အချိုရည်ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် အစိုးရသို့ လိုင်စင်လျှောက်ထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။



ကုမ္ပဏီ၏ အဆိုအရ မြန်မာသည် ကိုကာကိုလာက စီးပွားရေးဝင်ရောက်လုပ်ကိုင်ခြင်းမရှိသော ကမ္ဘာ့နိုင်ငံသုံးနိုင်ငံမှ တစ်နိုင်ငံဖြစ်ကြောင်းသိရသည်။ မြန်မာအပြင် ကျန်နှစ်နိုင်ငံမှာ ကျူးဘားနှင့် မြောက်ကိုရီးယားဖြစ်သည်။ အတ္တလန်တာအခြေစိုက် ယင်းကုမ္ပဏီသည် မြန်မာသို့ အိမ်နီးချင်းနိုင်ငံများတစ်ဆင့် ကုတ်ခ်အချိုရည်များ တင်ပို့ခဲ့ရာမှ ယခုအခါ အမေရိကန်၏ မြန်မာအပေါ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များ ရုပ်သိမ်းမှုကြောင့် ပြန်လည်ဝင်ရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီသည်မြန်မာပြည်တွင်း၌ရင်းနှီးမြှုပ်နှံရန်ဒေသခံကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ပြီး လာမည့် သုံးနှစ်မှ ငါးနှစ်အတွင်း ထူးခြားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန်မျှော်လင့်နေသည်။ ကိုကာကိုလာ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မူတာကင့်က “ကိုကာကိုလာဟာ ကမ္ဘာတစ်ဝန်းမှာ တိုးတက်မှုနဲ့ အပြောင်းအလဲတွေဖြစ်ပေါ်တဲ့အခါတိုင်း အကောင်းမြင်ဖို့အတွက်ရပ်တည်ခဲ့ပါတယ်”ဟု ထုတ်ပြန်ချက်တွင်ပြောကြားခဲ့သည်။

ထို့အပြင် ကုမ္ပဏီသည် ကျင့်ဝတ်ရေးရာဆိုင်ရာ စံနှုန်းများဖြစ်သည့် လူ့အခွင့်အရေးလေးစားလိုက်နာခြင်းအပါအဝင် အခြားစံနှုန်းများကို လေးစားလိုက်နာပြီး လာဘ်ပေးလာဘ်ယူမှုပြုလုပ်မည်မဟုတ်ဟုဆိုထားသည်။

မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုစတင်ဝင်ရောက်ခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ကိုကာကိုလာသည် နိုင်ငံတွင်း၌ အမျိုးသမီးများအား အလုပ်အကိုင်အခွင့်အလမ်းမြင့်မားရေးကူညီရန် ၎င်း၏ဖောင်ဒေးရှင်းမှ ဒေါ်လာသုံးသန်းလှူဒါန်းမည်ဖြစ်ပြီး PACT အင်န်ဂျီအိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုသိရသည်။

ကိုကာကိုလာသည် ၎င်း၏ ပထမဆုံး နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုကို ၁၉၀၆ ခုနှစ်တွင် ကျူးဘား၌ စတင်ခဲ့ပြီး ကျူးဘားတော်လှန်ရေးပြီးတော့ ကက်စထရိုအာဏာရလာချိန် ကုမ္ပဏီများအား ပြည်သူပိုင်သိမ်းစဉ် ၁၉၆၀ ပြည့်နှစ်တွင် ထွက်ခွာခဲ့သည်။ ကုမ္ပဏီသည် မြောက်ကိုရီးယားနိုင်ငံတွင် မူတစ်ကြိမ်မှဝင်ရောက်လုပ်ကိုင်ဖူးခြင်းမရှိသေးဘဲ မြန်မာနိုင်ငံသို့ ၁၉၂၇ ခုနှစ်တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။ —Ref: CNN/AFP/ Washionton Post

# ဈေးဝယ်ကတ်အသုံးပြုတော့မည်



**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် - ၁၆**

ဘဏ်ဝန်ဆောင်မှုတစ်ခုဖြစ်သော ဈေးဝယ်ကတ်(Debit) ကတ်စနစ်ကို ဇူလိုင်လတွင် ပုဂ္ဂလိကဘဏ်များ၌ စတင်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သမဝါယမဘဏ်လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာဦးဖေမြင့်ကပြောကြားသည်။

ကိုယ့်ငွေကို ကတ်ဖြင့်ပေးချေသည့်စနစ်ဖြစ်သော Debit ကတ် အသုံးပြုလိုသူသည် သက်ဆိုင်ရာဘဏ်များတွင် ငွေစာရင်းဖွင့်ရမည်။ ထို့နောက် စက်များတပ်ဆင်ထားသည့်နေရာတွင် မိမိသုံးစွဲလိုသည့် ပမာဏကို ထုတ်ယူနိုင်ကြောင်း သိရသည်။

“သုံးစွဲသူတွေအတွက် ငွေကိုင်ပြီးသုံးတာထက် ပိုပြီးစိတ်ချရတယ်”ဟု ဦးဖေမြင့်ကပြောကြားသည်။

လက်ရှိစတင်နေသည့် ATM ကတ်စနစ်မှာလည်း သုံးစွဲ သူများ တစ်နေ့တခြား ပိုများနေကြောင်း ပုဂ္ဂလိကဘဏ်များမှ စုံစမ်းသိရသည်။ ကမ္ဘောဇဘဏ်သည် လက်ရှိ ATM ကတ်သုံးစွဲသူ ၂၀,၀၀၀ ကျော်ရှိသည်။ သမဝါယမဘဏ်ကလည်း လက်ရှိရန်ကုန်မြို့တွင် ATM ကတ်သုံးစွဲသူ လူဦးရေ ၁၀,၀၀၀ ကျော်ရှိကြောင်းသိရသည်။

“ကတ်စနစ်တွေ များလာတော့ ငွေများများကိုင်သုံးစရာ မလိုဘူးပေါ့။ အခု တစ်သောင်းကျပ်တန်ထုတ်တာလည်း ဒီလိုပဲ။ တစ်ထောင်တန်တွေ များများ သုံးနေတာကို တစ်သောင်းကျပ်တန်နဲ့ အစားထိုးသုံးလို့ရအောင်ပါ”ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကဆိုသည်။

ကျပ်တစ်သောင်းတန်ငွေစက္ကူများ ဈေးကွက်အတွင်းသို့ဝင်ရောက်လာခြင်းကြောင့် ငွေပေးငွေယူကိစ္စများတွင် ပိုမိုအဆင်ပြေချောမွေ့လာနိုင်သည်။

Life
7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012



ရှေးလူကြီးသူမများရဲ့ မိရိုးဖလာ ဆုံးမစာလေးတစ်ခုကို အများသိပြီးသားဖြစ်မှာပါ။ "အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး"တဲ့ နောင် တစ်ချိန်ပြန်ပြင်ချင်ရင် ခက်ခဲလှတဲ့ အမှုကိစ္စသုံးမျိုးရှိပါတယ်။

နှစ်ဖက်မိဘ သဘောကျလို့ပဲ ဖြစ်ဖြစ်၊ နှစ်ကိုယ်တူကြည်ဖြူလို့ဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး အချိန်ယူမလေ့လာကြဘဲ အိမ်ထောင်ပြုမိပါပြီတဲ့ နောင်တစ်ချိန် ဘယ်လို မှ ညှိမရတဲ့ စရိုက်ဆိုးတွေ ပေါ်လာတဲ့အခါ ပြန်ပြင်ရန်ခက်ကြပါတော့တယ်။ ဇွတ်ပြင်မယ်ဆိုရင်လည်းရပါတယ်။ ဘယ်လိုပဲ တစ်ယောက် မကောင်းလို့တစ်ယောက်ပြောင်းတယ်ဆိုကြစေဦးတော့ တစ်ခုလပ်နှစ်ခုလပ်ဆိုတဲ့ မြန်မာ့လူ့အသိုင်း အဝိုင်းရဲ့ စကားလုံးတွေ၊ အကြည့်တွေကြားထဲမှာ အနည်းနဲ့အများတော့ သိမ်ငယ်ကြစမြဲပါဘဲ။

# နောင်ပြင်ရန်ခက်သည့် နောက်တစ်မျိုး

ဂျေလှသင်

ဘာသာရေး၊ သာသနာရေးနဲ့ ပတ်သက်တဲ့ ထုံးတမ်းစဉ်လာတွေ၊ ကျမ်းဂန်တွေကို မလေ့လာဘဲ ဘုရားတည်မိတဲ့အခါ၊ နောင်မှ မှားသွားတဲ့ အချက်ကိုတွေ့ပါပြီတဲ့ ပြင်မရနိုင်တော့ပါ "တည်မိတဲ့ဘုရား လင်းတနားနား"ဆိုပြီး ပြစ်လည်း မထားသင့်လေတော့ ကိုယ့်ရဲ့ကုသိုလ်ရေးက ကိုယ့်ကို ယူကြုံးမရဖြစ်စေတော့မယ်။

လူ့စိတ်ဆိုတာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး မျောက်စိတ်လိုပဲ မတည်ငြိမ်တဲ့ သဘောရှိပါတယ်။ ငယ်စဉ်အခါက အပေါင်းအသင်းတွေကြားပေါ် လွင်ချင်စိတ်နဲ့ ခန္ဓာကိုယ်ပေါ် ဆေးမင်ကြောင်ရုပ်တွေ (တက်တူး)ထိုးထားမိမယ်။ ရင့်ကျက်ချိန်ရောက်လာတဲ့အခါအဲဒီတက်တူးတွေဟာ ဘဝတစ်လျှောက်လုံး စိတ်အနှောင့်အယှက်ပေးပါတော့တယ်။ ပြန်ပြင်ချင်ရင်တော့ အရေပြားလဲပစ်မှ ရတော့မယ်။ ဒါကြောင့် လူကြီးသူမတွေက နောင်ပြင်ရန်ခက်သည့်အမျိုးလို့ ဆုံးမသွားခဲ့ကြတာ။

အဲဒီနောင်ပြင်ရန် ခက်သည့် အမျိုးထဲမှာ နောက်တစ်မျိုးထပ် တိုးချင်ပါတယ်။ ဘဝနောင်ရေးအတွက် တက္ကသိုလ်အရွေးမှားခြင်းပါပဲ။ အခု တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းတွေ ကြေညာပြီးပါပြီ။ ၁၀တန်းကျောင်းသားတွေ ဘဝအတွက် လမ်းဆုံ၊လမ်းခွကို ရောက်နေကြပါပြီ။ ဘဝတစ်လျှောက်လုံး နောင်တများနဲ့ စိတ်ဒုက္ခ မရောက်ကြစေလိုပါ။ မိဘများနဲ့ ကျောင်းသားများတက္ကသိုလ်၊ ဘာသာရပ်များကို ရွေးချယ်ရာမှာ အထူးအလေးအနက်ထားမိစေဘို့ ဒီဆောင်းပါးကိုရေးဖြစ်ခြင်းပါ။

ဆရာလက်ာရည်ကျော်ရဲ့ စကားနဲ့ပြောရရင်တော့ "လူ့ဘဝကြီးက မတရားဘူးဗျ။ ဘဝရဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို အသက်နှစ်ဆယ်မပြည့်ခင်အချိန်မှာ ချခိုင်းတတ်တယ်"ဟုတ်ပါရဲ့ ၁၀တန်းအောင်တဲ့ ကလေးတွေဟာ များသောအားဖြင့် အသက်နှစ်ဆယ် မပြည့်တတ်ကြသေးတာ သေချာပါတယ်။

အခု အမှတ်စာရင်းနဲ့အတူ တက္ကသိုလ်လမ်းညွှန်ကို စောင့်နေကြရပြီ။ လမ်းဆုံ၊ လမ်းခွကနေ အကောင်းဆုံးလမ်းကို ရွေးချယ်ရတော့မယ်။ အရေးကြီးဆုံးအချိန်ပါဘဲ။ မိဘများရဲ့ အရေးပါမှုကို မေ့မထားကြပါနဲ့။ ကိုယ့်သားသမီးဟာ ဘယ်ဘာသာရပ်မှာ အားသန်လဲ၊ သူ့ဝါသနာက ဘာလဲ၊ သူဘာဖြစ်ချင်တာလဲ သိအောင်ကြိုးစားပါ။ အဲဒီလိုမဟုတ်ဘဲ ကိုယ်ရွေးချယ်တဲ့လမ်းပေါ် ကိုယ့်သားသမီးကို အတင်းအကျပ် တွန်းမပို့ပါနဲ့လို့ အကြံပြုချင်ပါတယ်။

အတွေ့အကြုံ၊ ဗဟုသုတနည်းသေးတဲ့ မိမိတို့ရဲ့ သားသမီးများကို အရွေးမမှားရအောင် မိဘများကိုယ်တိုင်၊ သင့်တော်ရာတက္ကသိုလ်၊ ဘာသာရပ်များကို စုံစမ်းလေ့လာသင့်ပါတယ်။ သင့်တော်ရာ တက္ကသိုလ်များမှာ သင်ကြားရမယ့် ဘာသာရပ်တွေ ကျောင်းပြီးရင် ဘယ်လိုနေရာတွေမှာ အလုပ်ဝင်ရမယ်၊ ဘာအလုပ်တွေလုပ်ရမယ်ဆိုတာကအစ အသေးစိတ်ရှင်းပြ ဆွေးနွေးကြရပါမယ်။ အခုလို ရွေးချယ်စရာများလာတဲ့ ပညာခေတ်ကြီးမှာ တက္ကသိုလ်တွေ၊ ဘာသာရပ်တွေ အရွေးမမှားရအောင် ကိုယ့်ဝါသနာ၊ ကိုယ်နဲ့သင့်တော်ရာကို အာရုံစိုက်ရွေးချယ်ရမှာက ကျောင်းသားများရဲ့ အဓိကတာဝန်ပါပဲ။

စာ(၁၁)သို့

## ဈေးဝယ် ထွက်မယ်

# သက်သောင့်သက်သာရှိတဲ့ ညဝတ်အင်္ကျီ လှလှလေးတွေရှိတဲ့နေရာ

မေပယ်လ်





တစ်နေ့တာလုံး ပင်ပန်းခဲ့သမျှ ညအိပ်ရာဝင်ချိန်မှာ စိတ်အေးချမ်းသာ၊ သက်သောင့်သက်သာလေး အိပ်စက်အနားယူနိုင်ဖို့ကိုလူတိုင်း အလိုရှိကြပါတယ်။

ရာသီဥတုကပူလို့တစ်မျိုး၊ အေးလို့တစ်ဖုံနဲ့ အေးအေးလူလူ အိပ်စက်လို့မရတာတွေမဖြစ်ရလေအောင် ရာသီဥတုနဲ့လိုက်ဖက်ညီတဲ့ညဝတ် အင်္ကျီလေးတွေရွေးချယ်ဖို့ကလည်း လိုအပ်လာပါပြီ။

အမျိုးသား၊ အမျိုးသမီးမရွေး ကိုယ်နဲ့သင့်တော်မယ့်ညဝတ်အင်္ကျီတွေရွေးချယ်ဝယ်ယူနိုင်မယ့် နေရာတစ်ခုကို ဒီတစ်ပတ်လမ်းညွှန်ပေး ချင်ပါတယ်။

တရုတ်နိုင်ငံမှ မှာယူတင်သွင်းပြီး ကလေးကအစ ကျား၊ မ၊ အရွယ်စုံအတွက်ညဝတ်အဆင်ဆန်းတွေမျိုးစုံ ရှိပါတယ်။ ချည်သား၊ ဆွဲသား၊ ဖဲသားဆိုပြီးပိတ်သားအစုံ၊ ဒီဇိုင်းစုံ၊ အရွယ်စုံကိုလက်ပြတ်၊ လက်တို၊ လက်ရှည်၊ ဘောင်းဘီတို၊ ရှည်စသဖြင့်ရွေးဝယ်နိုင်မှာ ဖြစ်ပါတယ်။



ကလေးဝတ်တွေဆိုရင် အသက် ၂ နှစ်ကနေ ၁၀ နှစ်အထိဆိုဒ်စုံရှိပြီး ချည်သားဆိုရင် ၃,၀၀၀ ကျပ်ကနေ ၅,၅၀၀ ကျပ်၊ ဆွဲသားဆိုရင် ၃,၀၀၀ ကျပ်ကနေ ၇,၀၀၀ ကျပ်အထိဈေးရှိပါတယ်။ အမျိုးသား၊ အမျိုးသမီးဝတ်ချည်သားညဝတ်တွေဆိုရင် ၄,၅၀၀ ကျပ်ကနေ ၆,၅၀၀ ကျပ်၊ ဆွဲသားဆိုရင် ၃,၀၀၀ ကျပ်ကနေ ၅,၅၀၀ ကျပ်အထိသတ်မှတ်ထားပါတယ်။ အမျိုးသမီးဝတ်တွေထဲမှာဖဲသားဆိုရင် ၃,၀၀၀ ကျပ်ကနေ ၅,၅၀၀ ကျပ်အထိဈေးရှိပါတယ်။ ဆင်တူဝတ်ဆင်ချင်တဲ့စုံတွဲတွေအကြိုက်တွေ့မယ့် ဆင်တူညဝတ်အထည်တွေလည်းရှိတယ်လို့ သိရပါတယ်။


အိပ်စက်အနားယူချိန်မှာ သက်သောင့်သက်သာလေးဖြစ်စေ မယ့်ညဝတ်အထည်ဒီဇိုင်းစုံ ရွေးဝယ် နိုင်တဲ့နေရာကတော့ ယုဇနပလာဇာ ဝင်ပေါက်(၈)၊ မြေညီထပ်၊ အမှတ် C-51, Y-5 မှာဖွင့်လှစ်ထားတဲ့'ရခိုင်လေး'ကျား၊မဝတ် ညဝတ်အထည်လက်လီ၊လက်ကားရောင်းချတဲ့ဆိုင်ပဲဖြစ်ပါတယ်လို့ လမ်းညွှန်ပေးလိုက်ပါတယ်။

## အိုးလေး ချက်ကြရအောင်

ဗိုက်ဗီ



### ဝက်ရနံ့သာ



ဒီတစ်ပတ်တော့ဗိုက်ဖီက အောက်ကြည့်မြင်တိုင်လမ်းက စားသောက်ဆိုင်တစ်ဆိုင်က အထူးဟင်းလျာတစ်မျိုးဖြစ်တဲ့ "ကြက်ရနံ့သာဟင်း" ကို ထုံးစံအတိုင်း အိမ်ရှင်မတွေရဲ့ အိမ်လက်ရာပုံစံဖြစ်အောင် ပုံစံပြောင်း ချက်ပြုတ်ထားပါတယ်။

ဗိုက်ဖီက ကြက်ရနံ့သာ အစား ဝက်သားကို ပြောင်းချက်ထားတာမို့ ဝက်ရနံ့သာပဲဆိုပါတော့။ ဒီဟင်းချက်ဖို့ ဝက်သား သုံးထပ်သား ၁၅ ကျပ်သား၊ ဆီတို့ဟူးတစ်တုံးနဲ့ ဂျူးဖူးလေးတွေပဲ လိုပါတယ်။

ဝက်သားလေးတွေကို အနေတော် အတုံးလေးတွေတုံးပါ။ အရသာနယ်ပါမယ်။ ပြီးရင် ဆီတို့ဟူးတစ်တုံးလုံး မသုံးဘဲ တစ်ဝက်လောက်ပဲယူပြီးတော့ပန်းကန်ထဲမှာ ရေနည်းနည်းလေးနဲ့ အနှစ်ဖျော်လေး လုပ်ထားပါ။ ဂျူးဖူးနုနုလေးတွေကို လက်လေးသစ်အရွယ်လှီးထားပါမယ်။ ပထမဆုံး ကြက်သွန်ဖြူနီထောင်းထားတာတွေကို ငရုတ်သီးခွဲကြမ်းနဲ့ ဆီသတ်ပါမယ်။ ပြီးရင် ခုနဖျော်ထားတဲ့ ဆီတို့ဟူးအနှစ်လေးကို ထည့်မွှေလိုက်ပါ။ အနံ့လေးမွှေးလာတဲ့အထိ မွှေပေး ပြီးရင် အရသာ နယ်ထားတဲ့ ဝက်သားတွေကို ပုံမှန်ဟင်းတွေ ချက်သလိုပဲ ချက်ပါ။

ဝက်သားတွေ နူးအိလာပြီဆိုရင် ဂျူးဖူးနုနုလေးတွေကို ထည့်အုပ်လိုက်ရုံပါပဲ။ ဒါဆိုရင် ရှမ်းပြည်ရနံ့လေးသင်းနေတဲ့ ဝက်ရနံ့သာဟင်းလေး သုံးဆောင်လို့ရပြီပေါ့။

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012




## အရေးပေါ်ကာလဖြစ်သည့်အတွက် မောင်တောမြို့တွင် လျှပ်စစ်မီး ညလုံးပေါက်ရ

**မောင်ကံ** **မောင်တော၊ ဇွန်-၁၆**

ဒေသတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည့် ဇွန် ၈ရက်မှ စတင်ကာယနေ့ထိ မောင်တောမြို့အပေါ်တွင် အစိုးရလျှပ်စစ်မီးများကိုညလုံးပေါက်ပေးထားကြောင်း သတင်းရရှိသည်။

မီးများ ညလုံးပေါက်ပေးထားသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှာလည်း ညကင်းလှည့်ရန် အဆင်ပြေနေပြီး ဒေသခံပြည်သူများမှာညအချိန်တွင် မီးရ၍ စိတ်ချလက်ချအိပ်နိုင်ကြောင်း ဒေသခံအချို့ကပြောသည်။ အစိုးရမီးမရှိသည့် မြို့ဦးရွာ၊ အောင်ဗလရွာများတွင် ပုဂ္ဂလိက မီးစက်ငယ်များဖြင့် ညလုံးပေါက် ထွန်းပေးနေသည်။






## စာ-၉၊ နောင်ပြင်ရန်ခက်သည့် နောက်တစ်မျိုး မှ

အရွေးမှားခဲ့ကြတဲ့ ကျွန်မမိတ်ဆွေတွေအကြောင်း ပြောပြပါရစေ။ အတန်းထဲမှာ စာတော်တဲ့ သူငယ်ချင်းတစ်ယောက်၊ ဂစ်တာတီးတော်သလို သူသီချင်းဆိုရင် သိပ်နားထောင်ကောင်းတယ်။ ၁၀ တန်းအောင်တော့ သူ့အမှတ်က ဆေးတက္ကသိုလ်မီတယ်။ သူက ယဉ်ကျေးမှုတက္ကသိုလ်ကိုရွေးတယ်။ သူ့မိဘတွေက ဆရာဝန် ဖြစ်စေချင်တယ်။ အိမ်နဲ့အကြီးအကျယ်သဘောထားကွဲတယ်။ မိဘများသဘောကျ သူဆေးကျောင်းတော့သွားပါရဲ့ ဆရာဝန်မဖြစ်ခဲ့။

ဝါသနာမပါတဲ့ ဘာသာရပ်တွေကြားမှာ မပျော်ပိုက်တော့ ခဏခဏစာမေးပွဲကျတယ်။ ကျောင်းထွက်ရတယ်။ အိမ်လည်းမပြန်တော့ဘူး။ အခုတော့ စားသောက်ဆိုင်တစ်ဆိုင်ရဲ့ စင်တင်တေးဂီတဝိုင်းတစ်ခုမှာ တီးဝိုင်းခေါင်းဆောင်ဖြစ်နေလေရဲ့။ ကျွန်မသူငယ်ချင်းဂီတမှူးအကယ်ဒမီရတဲ့ညက သတိရမိတယ်။ သူဝါသနာပါတဲ့ လမ်းကိုသာမိဘတွေကလျှောက်ခွင့်ပေးခဲ့မယ်ဆိုရင်စနစ်တကျအောင်မြင်တဲ့ အနုပညာရှင်တစ်ဦး စောစောစီးစီးဖြစ်လာရမှာ။ ဆရာဝန်ဖြစ်မှ ဂုဏ်ရှိတာမဟုတ်ဘူး။ အောင်မြင်တဲ့ အနုပညာရှင်မှာလဲ ဂုဏ်ရှိတယ်ဆိုတာကို မိဘတွေ နားလည်ခဲ့မယ်ဆိုရင် ဒီလိုဘယ်ဖြစ်မလဲ။

တရားရိပ်သာမှာ ဆုံဖူးတဲ့ ယောဂီတစ်ဦးကတော့ သူဝါသနာပါတာက ကျောင်းဆရာမ၊ တရားသူကြီးဖြစ်စေချင်တဲ့ သူ့အဖေကြောင့် ဥပဒေတွဲ့ကိုယူခဲ့ တရားသူကြီးလည်း လုပ်ခဲ့တယ်။ နူးညံ့သိမ်မွေ့တဲ့ စိတ်ရင်းရှိပြီး ကျောင်းသားတွေကို မေတ္တာအပြည့်နဲ့ စာသင်ပေးချင်တဲ့သူက တရားခွင်မှာ အမှုပေါင်းစုံ၊ တရားခံပေါင်းစုံရဲ့ စကားတွေ နားထောင်ဆုံးဖြတ်၊ အမိန့်ချ အပြစ်ပေးလုပ်ခဲ့ရတယ်။ ပင်စင်ယူချိန် ရိပ်သာဝင် တရားအားထုတ်တော့ သူ့အာရုံထဲမှာ သူထောင်ချခဲ့တဲ့ တရားခံတွေရဲ့ မျက်နှာတွေကကို ဖျောက်မရဖြစ်နေတော့တယ်။ သူတစ်နေ့မှ စိတ်မချမ်းသာခဲ့ဘူးလို့ ရင်ဖွင့်ရှာတယ်။ ကျောင်းဆရာမဘဝကိုသာ သူရွေးခဲ့မယ်ဆိုရင် သူပျိုးထောင်ခဲ့တဲ့ပန်းကလေးတွေအတွက် သူ့ရဲ့ဥယျာဉ်မှူးဘဝကိုသတိရပီတိဖြစ်နေရမှာ။

ဟောက်ဆာဂျင်ဘဝရောက်မှ နေ့စဉ်မျက်ရည်နဲ့မျက်ခွက်ဖြစ်နေရတဲ့ ဆေးကျောင်းသူတစ်ယောက်ကို နားမလည်စွာတွေ့ခဲ့ဖူးပါတယ်။ ဆေးရုံတွေမှာတွေ့ရတဲ့ အဖြူရောင်ဂျူတီကုတ်နဲ့ ဆရာဝန်မလေးတွေကို အားကျပြီး ဆေးတက္ကသိုလ်ကို ရွေးခဲ့တယ်။ ဆေးပညာကိုထဲထဲဝင်ဝင်သင်ရတဲ့အခါသင်ထောက်ကူပစ္စည်းတွေဟာ အရိုးစုတွေ၊ဆေးစိမ်ထားတဲ့အလောင်းတွေ၊ရောဂါသည်လူနာတွေကြာတော့သူစိတ်ပျက်လာ တယ်။ ပညာရပ်တစ်ခုရဲ့အတိမ်အနက်ကို မလေ့လာဘဲ အပေါ်ယံဆရာဝန်မလှလှလေးဖြစ်ချင်ခဲ့တာ။ အဲဒီဆရာဝန်မတစ်ယောက်ဖြစ်လာဖို့ နောက်ကွယ်က အရာတွေကို နဖူးတွေ့ ဒူးတွေ့မြင်လိုက်ရတော့ မှားသွားပြီဆိုပြီး နောင်တရတယ်။ ဒါပေမဲ့ နောက်ကျသွား ပြီ။ သူ့ရဲ့နောင်ပြန်ရန်ခက်တဲ့ ရွေးချယ်မှုအတွက် သူ့မှာပဲတာဝန်ရှိတော့တယ်။

ကျွန်မတူမတစ်ယောက် ၁၀ တန်းအောင်တော့ ဘာလုပ်ရမှန်းမသိလို့တဲ့ ကိုရီးယားမေဂျာနဲ့ UFLတက်တယ်။ ကျောင်းပြီးတော့ ရွာပြန်ပြီး ကွမ်းစိုက်နေတယ်။ ကျွန်မအံ့ဩမိတယ်။ "နင်ဉ္စေ့လမ်းညွှန်တို့ကိုရီးယားစကားပြန်တို့မလုပ်ဘူးလား"မေးတော့ သူကျောင်းပြီးပေမမယ့် ကိုရီးယားလို မပြောတတ်လို့တဲ့။ နံရံပေါ်မှာတော့ ဘွဲ့ဓာတ်ပုံက ပြုံးနေတာပဲ။ တကယ်ဆိုရင် ကျောင်းပြီးလည်း အပြင်မှာ ကိုရီး ယားစကားပြောလေး နည်းနည်းထပ်တက်။ မွှမ်းမံသင်တန်းသဘောမျိုးပေါ့။ အခုတော့ သူကိုယ်တိုင် လုံ့လမစိုက်၊ အားမထုတ်တာ ကိုယ့်ဘာသာ ဘာဖြစ်ချင်မှန်း သူမသိတာ။ အဲဒီလို ကွမ်းခြံစိုက်စားမှာဖြင့် အစကတည်းက စာပေးစာယူဘဲတက်ပေါ့။ အခုတော့ အချိန်ကုန်၊ ငွေကုန် ဘွဲ့ဓာတ်ပုံဘဲ အဖတ်တင်တယ်။ ရွေးချယ်မှုမှားတာမဟုတ်တဲ့ ဘာဖြစ်ချင်မှန်းမသိတဲ့ ဘာရွေးရမလဲတောင် မတွေးတဲ့သူတွေလည်း ရှိနေသေးတယ်။

အခုတော့ အစိုးရသစ်ကလည်း တက္ကသိုလ်တွေကို အဆင့်မြှင့်တော့မယ်။ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ချိတ်ဆက်တော့မယ်ဆိုတော့ ပညာရေးက ရှေ့လျှောက်ကောင်းတော့မှာပါ။

ဒါကြောင့် ကိုယ့်ဘဝရှေ့ခရီးကို ပုံဖော်ပေးမယ့် ဘဝတစ်ဆစ်ချိုး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတဲ့နေရာမှာ ကိုယ့်ရမှတ်ပေါ် အခြေခံပြီး ကိုယ်ဝါသနာပါရာ ကိုယ့်ဘဝနဲ့ သင့်တော်ရာကို ရွေးချယ်ပါ။ တက္ကသိုလ်လမ်းညွှန်စာအုပ်ကို သေသေချာချာဖတ်ပါ။ နားမလည်ရင် တကယ့်တက္ကသိုလ်ပညာရေးနယ်ပယ်က နားလည်ကျွမ်းကျင်သူများနဲ့ တိုင်ပင်ဆွေးနွေးအကြံဉာဏ်တောင်းပါ။ နောင်ပြင်ရန် ခက်သည့်အမျိုးမှ အရွေးမမှားရအောင် အထူးဂရုစိုက်ပါလို့ မေတ္တာဖြင့်အကြံပြုချင်ပါတယ်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## သံသရာလည်တယ်ဆိုတာ ကံအရှိန်ကြောင့် ဖြစ်တယ်

မိမိတို့မှာ ရှိနေတဲ့ကောင်းကံ၊ မကောင်းကံများ ရှင်းလင်းကုန်ပြတ် အကြွေးကျေအောင် ဆပ်နိုင်မှသာလျှင် နိဗ္ဗာန်ကိုရမှာဖြစ်တယ်။ နိဗ္ဗာန်ရအောင် ကျင့်ကြံပွားများ အားထုတ်တဲ့အလုပ်ဆိုတာ သံသရာတစ်လျှောက် ပြုခဲ့တဲ့ကံတွေကို ရှင်းလင်းသုတ်သင်နေတဲ့အလုပ်၊ ကံကြွေးတွေ စာရင်းဖြတ်နေတဲ့အလုပ်လို့ သဘောပေါက်ရပါမယ်။ အခု တရားအလုပ်ကို အားထုတ်တယ်ဆိုတာ အမှန်ပြောရရင် ကိုယ့်ကံကို ကိုယ်ပြုပြင်နေတဲ့သဘောပါပဲ။ မကောင်းတဲ့ကံတွေကို ပယ်ဖျောက်ပြီး ကောင်းတဲ့ကံတွေဖြစ်အောင် ကြိုးစားရသလို၊ ကောင်းမကောင်း ကံတွေ အသစ်တစ်ဖန်ထပ်မဖြစ်အောင် ကြိုးစားအားထုတ်နေကြတာပါ။ ဒီတော့ ပုံမှန်အားဖြင့် ကြည့်လိုက်ရင် သံသရာထဲမှာနေကြတဲ့သူတွေ သံသရာလည်တယ် ဆိုတာ ဘာအရှိန်နဲ့ လည်နေလဲဆိုရင် ကံအရှိန်ကြောင့်ပဲဖြစ်တယ်။ သံသရာရိက္ခာလို့ ဆိုရမယ့် ကံတွေဟာ သံသရာကြီးကို အဆက်မပြတ် လည်ပတ်နေအောင် အထောက်အပံ့ပေးနေတဲ့သဘောရှိတယ်။ သံသရာ ထဲက မထွက်နိုင်ဘူး၊ သံသရာဝဋ္ဋ်က မကျွတ်နိုင်ဘူး၊ မလွတ်နိုင်ဘူးဆိုတာ ကံရိက္ခာတွေ မကုန်လို့၊ ကံအရှိန်တွေ မသေလို့ဖြစ်တယ်။

ရှိရင်းစွဲကံတွေအပြင် အသစ်ကံတွေပါ ထပ်ထပ်ပြီး စုဆောင်းနေတယ်၊ ဖြည့်ဆည်းနေတယ်ဆိုရင် ဒီသံသရာက မကျွတ်လွတ်နိုင်တော့ပါ ဘူး။ သံသရာလည်စေတာဟာ ဘယ်တရားလဲ၊ ဘယ်သူပြုတဲ့တရားလဲဆိုရင် ကိုယ်ပြုတဲ့ကံတွေပါပဲ။ ကိုယ်ပြုတဲ့ကံက ကောင်းမယ်ဆိုရင်တော့ ကောင်းတဲ့ ပုံပန်းသဏ္ဌာန်၊ ကောင်းတဲ့အခြေအနေ၊ ကောင်းတဲ့အနေအ ထားနဲ့ သံသရာမှာ ကျင်လည်ရပါတယ်။ ကိုယ်ပြုတဲ့ကံက မကောင်းဘူးဆိုရင်တော့ မကောင်းတဲ့အခြေအနေ၊ မကောင်းတဲ့အနေအထား အဆင့်အတန်းနဲ့ သံသရာမှာ ကျင်လည်ရတော့တယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ်မှာ'

## ရှေးဦးသူနာပြုစုခြင်းအသိ အားနည်းချက်များကြောင့် အချိန်မီ ကယ်တင်နိုင်သူအချို့ သေဆုံးနေ

**ဝတ်ရည်အောင်**

**ရန်ကုန်၊**
**ဇွန် - ၁၅**

အရေးပေါ် အသက်ကယ်ခြင်းဖြစ်သော ရှေးဦးသူနာပြုစုခြင်းနှင့် ပတ်သက်၍ တတ်မြောက်သူနည်းပါးခြင်း၊ ဖွံ့ဖြိုးပြီး အဆင့်အတန်းမြင့်မားသည့် အရေးပေါ်ကုသမှုဌာနများ၊ အဆင့်မြင့် ကျွမ်းကျင်ဝန်ထမ်းများ နည်းပါးနေခြင်းတို့ကြောင့် အချိန်မီ အသက်ကယ်တင်ရမည့် သူများအား မကယ်တင်နိုင်ဘဲ အသက်သေဆုံးနေကြောင်း ကျန်းမာရေးဝန်ကြီးဒေါက်တာဖေသက်ခင်ကပြောကြားသည်။

"တချို့သော အခြေအနေတွေမှာ၊ အချိန်အတိုင်းအတာတစ်ခုမှာ အရေးပေါ် အသက်ကယ်နိုင်ရန် အသက်ပြန်ရှင်နိုင်တယ်။ အခုနောက်ပိုင်းတော့ ရှေးဦးပြုစုခြင်းနည်းတွေကို အရင်က တက်နေကျ လေယာဉ်မယ်တွေလိုမျိုး လိုအပ်တဲ့သူတွေအပြင် အခုဆိုရင်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကလည်း သင်ဖို့ ပြောထားတာရှိတယ်"ဟုမြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းမှလည်း လူနာတင်ယာဉ်ပေါ်တွင် လူနာတင်ရုံသာ မဟုတ်ဘဲ လိုအပ်သော ရှေးဦးပြုစုနည်းများဖြင့် လူနာများအား ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် ဆေးရုံများ၌ အသုံးပြုသည့် လူနာတင်ယာဉ်များမှာ လူနာတင်ရုံသာ အသုံးပြုနိုင်ခြင်းကြောင့် အရေးပေါ် အသက်ကယ်ခြင်းများ မပြုလုပ်နိုင်သည့်အတွက် မလိုအပ်ဘဲ အသက်သေဆုံးကြခြင်းဖြစ်သည်။ ဆေးရုံမရောက်မီ အရေးပေါ် အသက်ကယ်ခြင်းကြောင့် သေသင့်သောသူများ၏ ၄၀ ရာခိုင်နှုန်းကို ကယ်တင်နိုင်ကြောင်း ဆေးပညာရှင်များကဆိုသည်။

နိုင်ငံပိုင်ဆေးရုံကြီးများ၏ စာရင်းများအရ ဆေးရုံ တက်ရောက်သူများ၏ သုံးပုံတစ်ပုံကျော်သည် အရေးပေါ်ပြဿနာများကြောင့်ဖြစ်ပြီး သေဆုံးရခြင်းအကြောင်းအရင်း၏ ၅၀ ရာခိုင်နှုန်းခန့်သည်လည်း အရေးပေါ်ကျန်းမာရေးအခြေအနေများကြောင့်ဖြစ်ကြောင်း ဆေးတက္ကသိုလ်(၁)ရန်ကုန် စာတမ်းဖတ်ပွဲနှင့် သင်တန်းဆင်းပွဲတွင် ပြောကြားခဲ့သည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် မြန်မာလုပ်သားများ၏ လုပ်ခ ထိုင်းလုပ်သားများ၏ ထက်ဝက်သာရဆဲ

**ယုဇနကိုကို**

**ရန်ကုန်၊ဇွန်-၁၄**

တနင်္သာရီတိုင်းအတွင်းရှိ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင်လုပ်ကိုင်နေကြသည့်ဒေသခံအလုပ်သမားများ၏ လုပ်ခလစာများသည် ထိုင်းနိုင်ငံသားအလုပ်သမားများနှင့် ကွာဟချက်များနေဆဲဖြစ်ကြောင်း ယင်းဒေသ၏ ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Dawei Development Association-DDA) မှ သတင်းရရှိသည်။

ထို့အတွက် DDA က စီမံကိန်း၏ အဓိကဦးဆောင်သူဖြစ်သော ထိုင်းနိုင်ငံအခြေစိုက် အီတာလျံထိုင်းကုမ္ပဏီနှင့် ညှိနှိုင်းမှုများကို လာမည့်ရက်သတ္တပတ်အတွင်းစတင်ညှိနှိုင်းဆောက်ရွက်သွားတော့မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ တာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောသည်။

"ကျွန်တော်တို့က ဒေသခံတွေရဲ့လုပ်ခကို ထိုင်းအလုပ်သမားတွေနဲ့ တန်းတူမဖြစ်ဘူးဆိုရင်တောင် ရသင့်ရထိုက်တဲ့နှုန်းတစ်ခုရလာအောင် တောင်းဆိုပေးသွားမှာပါ။ အခုအခြေအနေက ကျွန်တော်တို့ဒေသမှာလာပြီး တည်ဆောက်နေတဲ့ ဒီစီမံကိန်းမှာ ဒေသခံတွေရဲ့ အကျိုးခံစားခွင့်က သူတို့ရဲ့အလုပ်သမားတွေနဲ့ယှဉ်မယ်ဆိုကွာဟချက်များနေတုန်းပါပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

စီမံကိန်းအခြေခံအဆောက်အအုံများ တည်ဆောက်လာသည်မှာ တစ်နှစ်ကျော်ကြာလာသည်အထိ ဒေသခံများရရှိသည့် လုပ်အားခများသည် ထိုင်းအလုပ်သမားများရရှိသည့် လုပ်ခများထက် ထက်ဝက်လျော့နည်းနေကြဆဲဖြစ်သည်။

နေ့စားစနစ်ဖြင့် ရရှိကြသည့် လုပ်ခနှုန်းထားများတွင် ထားဝယ်ဒေသခံများအနေဖြင့် တစ်နေ့လျှင် ၄,၅၀၀ ကျပ်သာရရှိကြပြီး



ထိုင်းအလုပ်သမားများမှာမူ ထိုင်းငွေ ဘတ် ၃၀၀ကျော် (မြန်မာကျပ်ငွေ ၉၀၀၀ ခန့်) အထိရရှိနေကြောင်း စီမံကိန်းအတွင်း အလုပ်လုပ်ကိုင်နေသူ ဒေသခံအမျိုးသားတစ်ဦးကပြောသည်။

ယမန်နှစ်အတွင်းက ဒေသခံများ၏ နေ့စဉ်လုပ်အားခများမှာ ၃,၅၀၀ ကျပ်သာ ရှိခဲ့သဖြင့် အီတာလျံထိုင်းကုမ္ပဏီအားဆန္ဒပြအလုပ်မဆင်းသည့် ဖြစ်ရပ်များရှိခဲ့သောကြောင့် မြန်မာအလုပ်သမားများ၏ လစာများမှာ ၄,၅၀၀ ကျပ်အထိ တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယင်းစီမံကိန်းတွင် အလုပ်လုပ်ကိုင်ကြသည့် နှစ်နိုင်ငံအလုပ်သမားများတွင် ထိုင်းနိုင်ငံမှ လာရောက်လုပ်ကိုင်ကြသည့် အရေအတွက်က မြန်မာနိုင်ငံသားထားဝယ်ဒေသခံများထက်ပိုမိုများပြားနေသည်ဟုလည်း DDA ကဆိုသည်။

ယခုလက်ရှိအချိန်အထိ နှစ်နိုင်ငံအလုပ်သမားများ၏ လုပ်ခလစာညီမျှမှုရှိရေး ပဋိပက္ခ အဆင်ပြေခြင်းမရှိသေးသည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း မစတင်မီအချိန်များက အီတာလျံထိုင်းကုမ္ပဏီသည်ဒေသခံ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ များပြားစွာရရှိစေရေးအတွက် ပြည်ပမီဒီယာများသို့ အာမခံပြောဆိုထားမှုများရှိခဲ့သည်။

ဧရိယာစတုရန်းကီလိုမီတာ ၂၅၀ အထိအကျယ်အဝန်းရှိမည့် ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မှုကို နှစ်နိုင်ငံအစိုးရက ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်က တည်းက နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

## မျက်နှာဖုံး-ဈေးဝယ်စင်တာများ၊ စတိုးဆိုင်ကြီးများတွင် ဇူလိုင်တစ်ရက်မှစ၍ ကုန်သွယ်ခွန်ကောက်မည် မှ

"ဈေးဝယ်တဲ့ဘောင်ချာထဲ မှာ ငါးရာခိုင်နှုန်းကို စတိုးဆိုင်တို့ ကုန်တိုက်ကြီးတို့မှာ ထည့်ကောက်ခိုင်းမှာ"ဟု ဦးအောင်မိုးကြည်က ဆိုသည်။

ထို့ကြောင့်စားသုံးသူများအနေဖြင့် စတိုးဆိုင်ကြီးများနှင့် ကုန်တိုက်ကြီးများတွင် ဈေးဝယ်ယူသောအခါ ကျသင့်ငွေ စုစုပေါင်းမှ ၅ ရာခိုင်နှုန်း ထပ်ပေါင်းပေးရတော့မည်ဖြစ်သည်။

စီမံချက်စတင်သောနှစ်တွင် ဇူလိုင်လ၊ အောက်တိုဘာလနှင့် ဇန်နဝါရီလတို့တွင် ဆိုင်ဖွင့်သည့်ရက်များ၌ နေ့စဉ်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်သည်။

"အစကတည်းက ဒီစနစ်က ရှိနေပြီးသားပါ။ ကျွန်မတို့ဆိုလည်း ဒီကုန်သွယ်ခွန်ကိုဆောင်နေပါတယ်။ ဒါပေမဲ့ အခုလက်ရှိဆောင်နေတဲ့အပိုင်းမှာ ခုနှိမ်တဲ့အပိုင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့လို့မရပါဘူး။ ဒီစနစ်ဖြစ်သွားတဲ့အတွက်ကြောင့်မို့ ပိုလျော့သွားနိုင်တယ်(အခွန်ဆောင်ရမှုပိုနည်းသွားမည်)လို့ထင်ပါတယ်"ဟု City Mart စတိုးဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ရောင်းအားအမှန်စာရင်းရရှိရေးအတွက် ပြေစာဖြင့်ရောင်းချသည့် ဆိုင်ဖြစ်ပါက ပြေစာအားလုံးပါရောင်းရငွေစုစုပေါင်းပမာဏကို ကောက်ယူခြင်းစက်ဖြင့် ပြေစာထုတ်ခြင်းဖြစ်ပါက စက်တစ်လုံးချင်းစီနှင့် ချိတ်ဆက်ထားသော Main Server မှ စုစုပေါင်းရောင်းရငွေကို ထုတ်ယူခြင်းများ ပြုလုပ်သွားမည်ဟု ညွှန်ကြားရေးမှူးဦးကျော်ကျော်ကပြောသည်။

ကုန်တိုက်ကြီးများနှင့် စတိုးဆိုင်ကြီးများတွင် အပ်ကုန်စနစ်ဖြင့် ရောင်းချသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရာတွင် ရောင်းချပေးသူမှာသာ တာဝန်ရှိကြောင်း ဦးကျော်ကျော်ကဆိုသည်။

"အပ်ကုန်စနစ်ဟုတ်၊မဟုတ်ကို စာချုပ်ကိုကြည့်မှာဖြစ်ပါတယ်" ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီး တစ်ဦးကပြောသည်။ လက်ရှိတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်း ခွန်နှင့် အောင်ဘာလေခွန်တို့အား ကောက်ခံလျက်ရှိသည်။

## စာ-၂၊ ပို့ကုန်၊ သွင်းကုန်အမယ် ၃၀၀ ကျော်ကို အော်တိုလိုင်စင်စနစ်ဖြင့် ခွင့်ပြု မှ

သို့သော် Auto လိုင်စင်စနစ်ဖြင့် တင်သွင်းခွင့်ပြုသော ကုန်ပစ္စည်းများတွင် လယ်ယာလုပ်ငန်းတွင် အဓိကအသုံးပြုရသော ဓာတ်မြေဩဇာမပါဝင်ပေ။

"မြန်မာနိုင်ငံလို စိုက်ပျိုးရေးအဓိကလုပ်တဲ့နိုင်ငံမှာ ဓာတ်မြေဩဇာကိုပါ Auto လိုင်စင်စနစ်ဖြင့်တင်သွင်းခွင့်ပြုသင့်တယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်မှုဆောင် ဒေါက်တာစိုးထွန်းက အကြံပြုသည်။

သို့သော် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်ကိုမူ တရုတ်နိုင်ငံ ဝင်ကြေးဖြင့် လိုင်စင်ခွင့်ပြုသဖြင့် များစွာအကျိုးရှိကြောင်း မူဆယ်ဒေသခံဆန်တင်ပို့နေသူတစ်ဦးက ပြောသည်။

အစိုးရသစ်တက်လာပြီးနောက် စီးပွားရေးကူးသန်းဝန်ကြီးဌာနက ကုန်သွယ်ရေးနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့လာခဲ့ရာ စားအုန်းဆီတင်သွင်းခွင့်၊ ကားတင်သွင်းခွင့်နှင့် Auto လိုင်စင်စနစ်မှာ အများပြည်သူအတွက် အကျိုးရှိသော ပြုပြင်ပြောင်းလဲမှုများဖြစ်ကြောင်း သတင်းရရှိသည်။

## စာ-၃၊ မန္တလေးတွင် စက်ရုံ၊အလုပ်ရုံများ အလုပ်ချိန်ကန့်သတ် မှ

အလုပ်ရုံများကို တိုင်ကြားသည့်စာများရောက်ရှိလာကြောင်းရှင်းပြသည်ဟု တက်ရောက်ခဲ့သည့်လုပ်ငန်းရှင်များကပြောသည်။

ထိုပွဲသို့တက်ရောက်ခဲ့သည် မန္တလေးမြို့မှလုပ်ငန်းရှင်တစ်ဦး က "လျှပ်စစ်မီးအခြေအနေကြောင့် ခုလိုလုပ်တာထင်တယ်လို့တော့ ရှင်းပြတယ်။ ဘာကြောင့်ဆိုတာတော့ တိတိကျကျမပြောဘူး။ ညအလုပ်မလုပ်ရတော့ဘူး ဆိုရင်တော့ ညပိုင်းအလုပ်လုပ်တဲ့ အလုပ်သမားလေးတွေထိမှာပေါ့။ နောက်ပြီး ညပိုင်းပါလည်နေရမယ့်လုပ်ငန်းတွေလည်း အခက်တွေ့နိုင်တယ်။ ခုဟာက ကိုယ့်မီးစက်နဲ့ကိုယ်လုပ်မယ်ဆိုလည်း မရဘူးတဲ့။ ညပိုင်းလုံးဝကို နားထားရမယ့်သဘောပါ"ဟု ပြောသည်။

စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချိန်အတွင်းသာ လုပ်ငန်းများဆောင်ရွက်ရန်၊ သတ်မှတ်ချိန်ထက်ကျော်လွန်၍ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန်နှင့် သတ်မှတ်ချိန်ထက် ကျော်လွန်၍ ဆောင်ရွက်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနက အသိပေးအကြောင်းကြားစာများကို လုပ်ငန်းရှင်များထံသို့ ဇွန်လ ၁၅ ရက်က ပေးပို့ခဲ့ပြီးဖြစ်သည်။ မန္တလေးမြို့တွင် ယခင်က ည ၁၁ နာရီမှ နံနက် ၅ နာရီအတွင်း အလုပ်လုပ်ခွင့်ရခဲ့ကြောင်း မန်းလုပ်ငန်းရှင်များကပြောသည်။

## စာ-၅၊ ဒေါ်လာပေါက်ဈေး ပို့ကုန်ရငွေထက်မြင့် မှ

ဇွန် ၁၄ ရက်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်ပစ္စည်း ၃၀၀ ကျော်အား Auto လိုင်စင်စနစ် လျှောက်ခွင့်ပြုလိုက်သဖြင့် ပို့ကုန်ရငွေမှာ ပစ္စည်းတင်သွင်းသူများ အတွက် မလိုအပ်သလောက် ဖြစ်သွားခဲ့သည်။

ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ် မှာ ငွေလဲနှုန်းကို ၈၄၁ ကျပ်ဖြင့် သတ်မှတ်ပေးခဲ့ပြီး ငွေဈေးနှုန်းတည်ငြိမ်ခဲ့သော်လည်း ပါမစ်မလိုဘဲ ကားတင်သွင်းခွင့်ကြောင့် အမေရိကန်ဒေါ်လာဈေးမှာ တဖြည်းဖြည်းဈေးတက်လာခဲ့သည်။

ယခင်က ပို့ကုန်ရငွေဈေးနှုန်းမှာ အမေရိကန်ဒေါ်လာထက် တစ်ယူနစ်လျှင် ၅၀ ကျပ်ထိ ဈေးကွာခဲ့ပြီး အစိုးရသစ်တက်လာပြီးနောက် ပြောင်းလဲသော မူဝါဒအချို့ကြောင့် တစ်ဒေါ်လာလျှင် ၁၀ကျပ်ဝန်းကျင်မှ ၅ကျပ်ဝန်းကျင်ထိ ကွာဟမှုကျဉ်းမြောင်းလာကာ ယခုနောက်ဆုံးတွင် အမေရိကန်ဒေါ်လာအောက်သို့ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

## စာ-၄၊ စိုက်ပျိုးစရိတ် ပြန်ဆပ်ပြီးသူများကိုသာ တစ်ဧက ကျပ်ငါးသောင်းနှုန်း ငွေထုတ်ချေးမည်ဟုဆို မှ

လယ်ယာလုပ်ငန်းအား လေ့လာနေသူဦးဝင်းကြိုင်ကသုံးသပ်သည်။

ယခင်က အထူးပြုကုမ္ပဏီများကတောင်သူများအားငွေကျပ် ၂၀,၀၀၀ ထုတ်ချေးသော်လည်း ယခုနှစ်တွင် ကုမ္ပဏီအများစုမှာ မချေးနိုင်ဖြစ်နေသည်။

အချို့သော တောင်သူများမှာ အကြွေးဆပ်ရန်အတွက် ကျွဲ၊ နွားများအား ရောင်းချ၍ ဆပ်ခဲ့ကြရပြီး ကြွေးမဆပ်နိုင်သည့် တောင်သူများလည်း သုံးပုံတစ်ပုံခန့်ရှိနေသေးသည်။

ယခုအခါ လယ်သမားများအား မိုးစပါးအတွက် တစ်ဧကလျှင် ကျပ် ၂၀,၀၀၀ သာ ထုတ်ပေးသော်လည်း ပြီးခဲ့သည့်နှစ် မိုးစပါးရာသီမှစ၍ တစ်ဧကလျှင် ကျပ် ၄၀,၀၀၀ ထုတ်ချေးခဲ့သည်။

ယခုကဲ့သို့ ချေးငွေတိုးမြှင့်ခြင်းနှင့် ပတ်သက်ပြီး နေပြည်တော်ဒေသခံ လယ်သမားတစ်ဦးဖြစ်သူ ဦးမြင့်ဝင်းက "ကျွန်တော်တို့မှာ စိုက်စရိတ်အခက်အခဲဖြစ်နေတာ အားလုံးအသိပဲ။ အခုလိုပိုပြီးထုတ်ချေးတယ်ဆိုတာကတော့ ဝမ်းသာရမှာပေါ့။ ဒီပမာဏကကနဦးစရိတ်တော့ပြေလည်စေမှာပါ။ နောက်ထပ်သွင်းအားစုတွေအတွက်တော့ လိုဦးမှာပေါ့လေ"ဟု လယ်သမားများအခြေအနေကို ထင်ဟပ်ပြောဆိုသည်။

လယ်/ဆည်ဝန်ကြီးဌာနအနေဖြင့် အရင်းအနှီးနည်းပါးနေသော လယ်သမားများအတွက် ၎င်းတို့၏ စုဆောင်းငွေများကိုလည်း ပြီးခဲ့သည့် လမှစတင်၍ ပြန်လည်ထုတ်ပေးလျက်ရှိသည်။ ယခုကဲ့သို့မိုးစပါးချေးငွေထောက်ပံ့တိုးမြှင့်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလည်း တိုးလာမည်ဖြစ်သည်။

## စာ-၆၊ အကြမ်းဖက်မှုများကို ပြည်ပမီဒီယာများတွင် ဖော်ပြသော ပုံစံကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိုးရိမ် မှ

သို့သော် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသော အချိန်သည် ခရီးသွားများလာရောက်မှုနည်းသော အချိန်ဖြစ်နေသဖြင့် သက်ရောက်မှုနည်းသော်လည်း ပွင့်လင်းရာသီတွင် လာရောက်မည့် ခရီးသွားများအတွက် ရှင်းပြနေရကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွန်းအောင်ကဆိုသည်။

"စစ်တွေကို လေကြောင်းလိုင်းပျံနေတယ်ဆိုတာဟာ အခြေအနေအဆိုးကြီးမဟုတ်ဘူး။ ဆက်ပြီး ပျံ့နှံ့ဖို့ အလားအလာမရှိသေးဘူး။ ဒါပေမဲ့ ရမည်းသင်းသတင်းကို ဖတ်ပြီး စိုးရိမ်လို့မေးလာနိုင်စရာ အနေအထားရှိတယ်" ဟု ဦးတင်ထွန်းအောင်က ဆိုသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်၍ ပြည်ပမီဒီယာများ၏ ရေးသားဖော်ပြချက်များအပေါ် မကျေနပ်သဖြင့် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအနီးနှင့် ဗြိတိသျှသံရုံးရှေ့တွင် ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သောအခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဇွန်လ ၁၀ ရက်တွင် ရခိုင်ပြည်နယ်၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ပြီး ဘူးသီးတောင်၊ မောင်တော၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲနှင့် ရမ်းဗြဲမြို့များတွင် ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့သည်။

မြန်မာအစိုးရသည် ဇွန်လမှစ၍ မြန်မာနိုင်ငံသို့ စီးပွားရေးကိစ္စဖြင့် လာရောက်မည့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအများစုမှ နိုင်ငံသားများအား ဆိုက်ရောက် ပြည်ဝင်ခွင့်ပေးခဲ့သည်။

အစိုးရသစ်တက်လာပြီးနောက် မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း တိုးတက်လာခဲ့ပြီး ၂၀၁၁-၂၀၁၂ ခရီးသွားရာသီက ခရီးသည် လေးသိန်းကျော်ဝင်ရောက်ခဲ့သည်။

### ဝါတွင်း(၄)လအထူးတရားစခန်းဖွင့်ပွဲ

အဘိဇဓမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ဦးထိပ်ထားပန်ဆင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဝါးကောက်ကျွန်းရပ်၊ စိတ္တသုခသာသနာ့ရိပ်သာတွင် ဝါတွင်း(၄)လ အထူးတရားစခန်းဖွင့်ပွဲကို ခရစ်နှစ် ၂၀၁၂ခု၊ ဇူလိုင်လ(၁)ရက် (မြန်မာသက္ကရာဇ် ၁၃၇၄-ခု၊ ပထမဝါဆိုလဆန်း-၁၃ရက်) တနင်္ဂနွေနေ့မှစတင်၍ (၄)လတိုင်တိုင် ဖွင့်လှစ်မည်ဖြစ်ပါ၍

**"သုခိနော စိတ္တံ သမာဓိ ယတိ"**

ဒေသနာတော်အရ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ဝိပဿနာဘာဝနာတရားများကို ပွားများအားထုတ်နိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

တရားစခန်းဝင်ရောက်လိုသော ယောဂီတို့သည် ဇူလိုင်လ (၁)ရက်နေ့ ညနေ(၄)နာရီအရောက် လာကြရမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**
**သာသနာ့မာမကကပ္ပိယကာရကအဖွဲ့**
၀၁-၆၂၅၁၈၆၊ ၀၉ ၅၀၆၇၅၁၉၊ ၀၉ ၈၆၂၆၄၄၇၊ ၀၉ ၄၅၀၀၁၇၉၉၃

### Request for Quotation of Caretaker Services

Request for quotation is extended to all qualified contractors to provide caretaker services for several U.S Embassy properties. If you are interested in this opportunity, please follow the instructions in the solicitation to be provided at the following website before June 26, 2012:

http://burma.usembassy.gov/contract_opportunities.html

**Please direct any inquiries to GSO by telephone # 01- 536509/505113 ext: 4135 during office hours.**

### Request for Quotation for Construction Services

Request for quotation is extended to all qualified contractors to provide wood refinishing services for the exterior wooden panels and structures at the U.S Embassy. If you are interested in this opportunity, please follow the instructions in the solicitation to be provided at the following website before June 30, 2012:

http://burma.usembassy.gov/contract_opportunities.html

**Please direct any inquiries to GSO by telephone # 01- 536509/505113 ext: 4135 during office hours.**

# Health

7DAY NEWS JOURNAL

Vol.11, No.15 • JUNE 21 , 2012



## မျက်စိစွေခြင်းချက်ချင်းကုပါ

**မေဝင်းမွန်**

လူ့ခန္ဓာကိုယ်တွင် အစဉ်အမြဲကျန်းမာနေစေဖို့ ဂရုပြုရန် လိုအပ်သော အရေးပါသည့်အရာများတွင် မျက်စိအမြင်အာရုံကောင်းမွန်ခြင်းသည်လည်းပါဝင်သည်။

အမြင်အာရုံဆိုင်ရာရောဂါများနှင့် ကြုံတွေ့ခံစားကြရာတွင် အာရုံကြောချို့ယွင်းခြင်းသို့မဟုတ် မွေးရာပါ ချို့ယွင်းချက်ကြောင့် ဖြစ်ပွားလေ့ရှိသည့် မျက်စိစွေခြင်း (Squint) မှာလည်း အချိန်ဆွဲမနေသင့်ဘဲ အလေးထားကုသသင့်သည့် အမြင်အာရုံဆိုင်ရာဝေဒနာတစ်ခုဖြစ်သည်။

မျက်စိစွေခြင်းဖြစ်ပွားပါလျှင် မျက်စိအနေအထားသည် ပုံမှန်မဟုတ်တော့ဘဲအပေါ်၊အောက်၊ ဘေး တစ်ဖက်တစ်ချက်ဆီသို့ စွေစောင်းသွားသည့်ပုံစံမျိုးဖြစ်သည်။

မျက်စိစွေခြင်းမှာ အဓိကအားဖြင့် အတွင်းသို့စွေခြင်း (Convergent Squint)နှင့် အပြင်ဘက်သို့စွေခြင်း(Divergent Squint) ဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားထားသည်ဟုဆိုသည်။

မျက်စိစွေခြင်းသည် အကြမ်းအားဖြင့် အသက် ၆ လအောက်နှင့် အသက် ၆လအထက်တွင် ဖြစ်ပွားခြင်းဟူ၍ နှစ်မျိုးရှိသည်။ မျက်လုံးအတွင်းဘက်သို့စွေခြင်းမှာ အဓိကအားဖြင့် အချို့သောရောဂါစုများနှင့် အာရုံကြောမကောင်းခြင်းကြောင့်ဖြစ်ပွားတတ်ကြောင်း သိရသည်။ တစ်ခါတစ်ရံ မျက်လုံးတွင် အတွင်းတိမ်ဖြစ်ခြင်း၊ မျက်လုံးတွင်း အဖုအကျိတ်ဖြစ်ခြင်းနှင့် မျက်မှန်ပါဝါလိုခြင်း(Refractive Error) တို့ကြောင့်ဖြစ်ပွားတတ်ကြောင်း သိရသည်။

မျက်လုံးအပြင်သို့စွေခြင်း (Divergent Squint)မှာ မွေးရာပါဖြစ်ခြင်း၊ကြားခံမီဒီယာများ မကောင်းခြင်း(Media Opacities) နှင့် အချို့သောအနီးစူးစိုက်မှုပြဿနာရှိသူများ ဖြစ်ပွားတတ်သည်ဟု သိရသည်။ ၎င်းပြင် Hypermetropia ခေါ် အနီးမှုန်ခြင်းကြောင့်ဖြစ်တတ်ပြီးMyopia ခေါ် သည့် အဝေးမှုန်ခြင်းကြောင့်အဖြစ် များတတ်ကြောင်းသိရသည်။

"မျက်စိနှစ်ဖက်လုံးတည့်မတ်ဖို့အတွက် မျက်လုံးတစ်လုံးစီမှာ ကြွက်သားငယ် ၆ခုစီက ဟန်ချက်ညီထိန်းချုပ်ရပါတယ်။ ကြွက်သားငယ် ၆ ခုစီကို သက်ဆိုင်ရာအာရုံကြောတွေက ထပ်မံထိန်းချုပ်ထားပါတယ်။မျက်လုံးတွေဟာသစ်တော်သီးပုံစံရှိတဲ့အရိုးအိမ်အတွင်းမှာရှိနေခြင်းဖြစ်ပါတယ်။

စာ(၁၄)သို့

## ရခိုင်ရှိ HIV/AIDS လူနာများ ဆေးဝါးပြတ်လပ်မှုနှင့် ဆေးယဉ်ပါးမှု ပြဿနာဖြစ်ပေါ်နိုင်

**မြတ်စုမွန်**

**ရန်ကုန်၊**
**ဇွန်-၁၅**

ရခိုင်ပြည်နယ်တွင် ယခုလအတွင်း နောက်ဆက်တွဲဆေးဝါးကုသမှုခံယူရမည့် HIV/AIDS လူနာ စုစုပေါင်း ၄၂၂ ဦးရှိပြီး လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်မြေမတည်ငြိမ်မှုများကြောင့် လူနာများအတွက် ARV ဆေးဝါးပြတ်လပ်မှုနှင့် ဆေးယဉ်ပါးမှုပြဿနာများဖြစ်ပေါ်လာနိုင်ကြောင်းMyanmar Positive Group (MPG) မှ သတင်းရရှိသည်။

ရခိုင်ပြည်နယ်တွင်နယ်စည်းမထား ဆရာဝန်များအဖွဲ့ (ဟော်လန်)က ဖွင့်လှစ်ထားသည့် သဇင်ဆေးခန်းများကို ယာယီပိတ်ထားသောကြောင့် လူနာများ ဆေးဝါးပြတ်လပ်မှုမရှိစေရန် MPG နှင့် Utopia (Phoenic-Sittwe) တို့ ပူးပေါင်းကာ လက်လှမ်းမီသော လူနာများအား ဆေးဝါးများ ပံ့ပိုးသွားရန်စီစဉ်နေကြောင်းMPG က သတင်းထုတ်ပြန်လိုက်သည်။

"MPG က ပေါ့စတစ်တွေအတွက် အလုပ်လုပ်တဲ့ အဖွဲ့အစည်းဖြစ်လို့ ဒီလူနာတွေအတွက် ဆေးဝါးတွေ ဘယ်ကပဲရရ၊ ဦးဆောင်ရှာဖွေသွားမယ်။ လူမျိုးမရွေး၊ ဘာသာမရွေး ဆေးဝါးတွေ ပံ့ပိုးသွားမယ်"ဟုမြန်မာ့ပေါ့စတစ်နက်ဝါ့ခ်မှ အမှုဆောင်အဖွဲ့ဝင် မဇာကြီးက 7Day News သို့ပြောသည်။

MSF (Holland) (နယ်စည်းမထားဆရာဝန်များအဖွဲ့-ဟော်လန်)က ဖွင့်လှစ်ထားသည့် သဇင်ဆေးခန်း(စစ်တွေ)တွင်ARVဆေးဝါးရယူနေသောလူနာ၃၂၀ဦး၊သဇင်ဆေးခန်း(ဘူးသီးတောင်၊ မောင်တော)တွင် ၃၄၉ ဦး၊ စုစုပေါင်း ၆၆၉ ဦးရှိသည်။

ယခုလတွင်နောက်ဆက်တွဲဆေးဝါးကုသမှု ခံယူရမည့် လူနာ ၄၂၂ ဦးအနက် ၄၀ ဦးချိတ်ဆက်အချိန်မီပံ့ပိုးနိုင်ရန်စီစဉ်နေကြောင်း သိရသည်။

"လူနာတွေထဲမှာ အချို့က အိမ်တွေမှာရှိတယ်။ အချို့က အိမ်တွေမှာမနေရဲလို့ဘုန်းကြီးကျောင်းမှာ သွားနေကြတယ်။ တချို့က အိမ်တွေမရှိကြတော့ဘူး" ဟု မဇာကြီးက ဆက်လက်ပြောသည်။

ရခိုင်ပြည်နယ်ရှိHIV/AIDS လူနာများအတွက် ဆေးဝါး၊ အစားအသောက်နှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးကူညီလိုပါက Myanmar Positive Group (MPG) အမှတ်-၁၂ (F)၊ ပြည်သူ့လမ်း၊ ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း- ၆၆၆၅၃၂၊၆၆၂၄၈၄လိုင်းခွဲ၂၀၄သို့ ဆက်သွယ်ချိတ်ဆက်နိုင်သည်။

## ကိုယ်ဝန်ဖျက်ချ၍ သေဆုံးသော အမျိုးသမီး ဦးရေတိုးနေ




**တရုတ်နိုင်ငံတွင် မိသားစုတစ်စု၊ ကလေးတစ်ဦးသာ ယူရသော မူဝါဒကြောင့် ဇွန်လဆန်းတွင် မိန်းကလေးငယ်တစ်ဦး ခုနစ်လခန့်ရှိသော သန္ဓေသားအား ဖျက်ချပြီးနောက်တွေ့ရစဉ်**

**ဝတ်ရည်အောင်**

ရန်ကုန်အမျိုးသမီး ဆေးရုံကြီး၌ အမျိုးသမီးများ သေဆုံးခြင်း၏ ထက်ဝက်သည်ကိုယ်ဝန်ဖျက်ချခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီးရောဂါအမျိုးမျိုးကြောင့် သေဆုံးမှု၏ စုစုပေါင်းသည် ကိုယ်ဝန်ဖျက်ချခြင်းတစ်မျိုးတည်းကြောင့် သေဆုံးခြင်း ကိန်းကဏန်းနဲ့ တူညီနေသည်။

ကိုယ်ဝန်ဖျက်ချခြင်းသည် ရှေးယခင်ကတည်းက ဆေးရုံတွင် များပြားလေ့ရှိသော်လည်း ယခုနောက်ပိုင်း တစ်နှစ်ပြီးတစ်နှစ် ကိုယ်ဝန်ဖျက်ချခြင်းများ ကြောင့် ဖြစ်ပွားလာသည့် ဆိုးကျိုးများဖြင့် ရောက်လာသည့် အမျိုးသမီးဦးရေမှာ တစ်နေ့တခြား များပြားလာကြောင်း သိရသည်။

ဆယ်ကျော်သက်အရွယ်မှ သွေးမဆုံးခင် အမျိုးသမီးအရွယ်အထိ ရောက်လာကြသည်ဆိုသော်လည်း တစ်နေ့တခြား များပြားလာသည့်အမျိုးသမီးများတွင် အိမ်ထောင်မကျသေးသည့် အပျိုဖော်ဝင်အမျိုးသမီးများ ပိုပိုတိုးပွားလာပြီး အသက်သေဆုံးမှုများလည်း များပြားလာကြောင်း ဗဟိုအမျိုးသမီးဆေးရုံမှ တွဲဖက်ပါမောက္ခဒေါက်တာစိုးလွင်က ပြောသည်။

"နှမြောဖို့ ကောင်းတာက အများစုက အိမ်ထောင်မရှိသေးတဲ့ အပျိုဖော်ဝင်လေးတွေ များတယ်။ အမှားလေးတစ်ချက်က ဘဝတစ်ခုလုံးကိုပေးလိုက်ရတယ်။ အဲဒါတွေ အများကြီးပဲ" ဟု ဒေါက်တာစိုးလွင်ကပြောသည်။

"ကိုယ်ဝန်ဖျက်ချတာကနေ ကျောက်ကပ်ပျက်စီးသွားလို့ဆေးကုသရတဲ့ အမျိုးသမီးတွေက တဖြည်းဖြည်း တွေ့ရတာများလာတယ်" သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ ပါမောက္ခတစ်ဦးကလည်း ပြောကြားသည်။

ကိုယ်ဝန်ဖျက်ချခြင်းကြောင့် ခံစားရသည့် ရလဒ်သည် သေဒဏ်ဖြစ်လျှင်ဖြစ်၊

စာ(၁၄)သို့

ဝိဘဝတီ
နိုင်ငံတကာအဆင့်မီဆေးရုံကြီး၊
ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့
ဝိဘဝတီ ဆေးရုံကြီး မြန်မာပြည်ရုံးချုပ်
Hotline: ၀၉- ၂၀၁၁-၇၇၂၊၀၉-၇၃၁-၆၅၀-၄၅
Ph: ၀၉-၇၃၁-၃၈၁၅၃၊ ၀၉-၈၆-၂၅၀-၈၆
E-mail: vibhavadimyanmar@gamil.com
Website: www.vibhavadimyanmar.com

ဝိဗဂတီ ဆေးရုံကြီး၏ ၂၀၁၂ ခုနှစ် မြန်မာနှစ်ကူး အထူးအစီအစဉ် . . .

"ကျန်းမာရေးစစ်ဆေးခြင်း" အထူးဈေးနှုန်းများအဖြစ်
- အစာအိမ် နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ခြင်း
- အသည်းရောဂါအတွက် အာထရာဆောင်း Package
- နှလုံးအထူးစစ်ဆေးခြင်း_Program Heart 1 & 2
- Executive Check Up Package (အမျိုးသား/အမျိုးသမီး)
- ကျောရိုးမကြီး MRI ရိုက်ကူးခြင်း Package

"ကုသမှု" အထူးဈေးနှုန်းများအဖြစ်
- ကျောရိုးမကြီး ခွဲစိတ်ပြုပြင်ခြင်း (OPD Case)
- အသည်းရောင် ရောဂါ C ပိုးများအတွက် Peg Interferon အထူးဈေးနှုန်း
- နှာခေါင်းအလှပြုပြင်ခြင်း၊ မျက်လုံးနှစ်ဖက် မျက်ရစ်ဖော်ခြင်း၊ မျက်အိတ်အလှပြုပြင်ခြင်း၊
- ရင်သားကြီးထွားရန်အလှပြုပြင်ခြင်း

အထူးဈေးနှုန်း လက်မှတ်များကို (MAY - JUNE) လများ အတွင်း ရောင်းချပေးမည်ဖြစ်ပြီး စစ်ဆေးကုသမှုများကို အချိန်အကန့်အသတ်မရှိ ပြုလုပ်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Vibhavadi HOSPITAL

## စာ-၁၃၊ မျက်စိစွေခြင်း ချက်ချင်းကုပါ မှ

ဒါကြောင့်အဲဒီအချက်တွေထဲကအကြောင်း တစ်ခုခုချို့ယွင်းတာနဲ့ မျက်စိစွေတာဖြစ်ပွားတတ်ပါတယ်။ တစ်ခါတလေမှာ တကယ်မျက်လုံးစောင်းနေ၊ စွေနေတာမျိုးမဟုတ်ဘဲ မျက်လုံးနှစ်လုံးကြားအကွာအဝေးဟာရှိသင့်တာထက် များနေ၊ နည်းနေတာကြောင့်ရယ်၊ မျက်နှာအချိုးအစားမညီလို့သော်လည်းကောင်း၊ မျက်လုံးအတွင်းဘက်ကို ဝင်နေခြင်းကြောင့်လည်းကောင်း မျက်စိစွေနေတယ်လို့ထင်ရတတ်ပါတယ်" ဟုမျက်စိ အထူးကုဆရာဝန်တစ်ဦးက ပြောကြားသည်။

မျက်စိအတွင်းသို့စွေခြင်းကို ကုသရာတွင် မွေးရာပါအတွင်းတိမ် စသည်တို့ကို စောစီးစွာဖယ်ရှားခြင်း၊ မျက်မှန်တပ်ရန်လိုပါက မျက်မှန်တပ်၍ ကုသမှုများ လုပ်ဆောင်ရမည်ဖြစ်ကာ၊ ခွဲစိတ်ကုသခြင်းမှာ အသက် ခြောက်လမှ ၂နှစ်အတွင်း လုပ်နိုင်ပါက အကောင်းဆုံးအနေအထားဖြစ်သည်ဟုသိရသည်။

"ခြောက်လမတိုင်ခင်မှာဆိုရင် အလိုအလျောက်ပြန်တည့်နိုင်ပြီး အသက် ၂နှစ်နောက်ပိုင်းမှာဆိုရင် Stereopsis လို့ခေါ်တဲ့ ရုပ်ကြွမြင်နိုင်ခြင်းမှာ သက်ရောက်မှုရှိလို့ပါပဲ။ ခွဲစိတ်ခြင်းဆိုရာမှာ မျက်လုံးကြွက်သားလေးတွေကို အတိုးအလျှော့လုပ်ပေးခြင်းမျိုးဖြစ်ပါတယ်။ မျက်စိစွေတဲ့လူနာတစ်ယောက်လာပြီ ဆိုတာနဲ့ မျက်စိမှုန်ခြင်းရှိမရှိကို စစ်ဆေးရပါမယ်။ ရှိခဲ့ရင်သက်ဆိုင်တဲ့ မျက်မှန်ပါဝါတွေကို တပ်ဆင်ပေးရပါမယ်။ မျက်လုံးလေ့ကျင့်ခန်းလုပ်တာတွေ၊ Prigm Power ပါတဲ့မျက် မှန်တွေကိုတပ်ခြင်းနဲ့ လည်း ကုသကြရပါတယ်။ တချို့သော ရောဂါတွေက အချိန်လွန်မှကုသပါက မျက်လုံးပြန်တည့်သွားပေမယ့်ကောင်းမွန်တဲ့အမြင်အာရုံကိုရရှိခြင်းမျိုး မရရှိနိုင်တာကြောင့် စောစီးစွာ တိုင်ပင်ကုသသင့်ပါတယ်" ဟုအဆိုပါ မျက်စိအထူးကုဆရာဝန်ကပြောကြားသည်။

မျက်စိစွေခြင်းကြောင့် အမြင်အာရုံထိခိုက်သည့်အပြင် အလှအပရေးရာနှင့်ပတ်သက်၍လည်း စိတ်ပိုင်းဆိုင်ရာခံစားချက်များဖြစ်ပေါ်နိုင်ကြောင်းသိရသည်။ အသက်အရွယ်ကြီးမှ မျက်စိစွေစောင်းခြင်းမှာ အာရုံကြောပျက်စီးမှုများကြောင့် အဖြစ်များသည်ဟုဆိုသည်။

မျက်စိစွေခြင်းသည် လုံးဝကုသ၍ မရခြင်းမျိုး မဟုတ်သော်လည်း ကုသရမည့် ဗဟုသုတမရှိခြင်း၊ ကုန်ကျစရိတ်စသည့် အခြားစဉ်းစားစရာအချက်များကြောင့် မကုသဘဲ နေကြသူများသည့်အပြင် မျက်စိဆရာဝန်တိုင်းမကုသနိုင်သည့် ရောဂါထဲတွင်ပါဝင်ကြောင်းသိရသည်။

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ရောဂါပိုးသန္ဓေသားကိုကူးစက်ခြင်းကြောင့် ကလေးတွင် မျက်စိပိုင်းဆိုင်ရာပြဿနာများရှိပါက ဆရာဝန်နှင့်တိုင်ပင်ကုသရန်လိုအပ်ပေသည်။

"ကလေးက မျက်စိနှစ်ဖက် လုံးမှုန်နေပြီး လူကြီးကသတိထားမိတယ်ဆိုရင် ပြဿနာမရှိဘူး။ မျက်မှန်တပ်လိုက်ရင် ကောင်းသွားတာမျိုးရှိနိုင်တယ်။ မျက်စိတစ်ဖက်ကမှုန်၊ မျက်စိတစ်ဖက်ကောင်းတယ်ဆိုရင် ကောင်းတဲ့ဘက်ကိုပဲအာရုံစိုက်ကြည့်ရင်းနဲ့ကောင်းတဲ့မျက်လုံးဘက်ကိုပဲစောင်းသွားတယ်။ ဒါကြောင့် ကျောင်းမထားခင်မှာကလေးရဲ့မျက်စိအမြင်အာရုံကောင်း၊မကောင်းကို တစ်ခေါက်လောက်စစ်ဆေးကြည့်တာမျိုးပြုလုပ်သင့်ပါတယ်။ မစစ်ဘဲကျောင်းတက်ကြတဲ့ကလေးတွေလည်းအများကြီးရှိပါတယ်။ ကြိုတင်စစ်ဆေးကြည့်တဲ့ အလေ့အထမျိုးတွေကိုလုပ်ဆောင်သင့်ပါတယ်" ဟုအဆိုပါမျက်စိ အထူးကုဆရာဝန်ကပြောကြားသည်။

## စာ-၁၃၊ ကိုယ်ဝန်ဖျက်ချ၍ သေဆုံးသော အမျိုးသမီးဦးရေ တိုးနေ မှ

မဖြစ်လျှင် ဘဝတစ်သက်တာလုံး ဒဏ်ရာများဖြင့် အသက်ဆက်လက်ရှင်သန်ကြရမည်ဖြစ်သည်။

ကိုယ်ဝန်ပျက်ကြစေရန်အတွက် နည်းလမ်းအမျိုးမျိုးတွင် ဆေးပူများထည့်ခြင်း၊ ဗိုက်ပေါ်မှ နှိပ်ချခြင်း သစ်ကိုင်း၊ တုတ်ချောင်းများအား အချွန်လုပ်ပြီး အောက်မှထိုးသတ်ခြင်းစသည့် နည်းလမ်းအမျိုးမျိုးတို့ကြောင့် သားအိမ်များပေါက်သွားပြီး သွေးများ အလွန်အမင်းသွန်ခြင်း၊ မေးခိုင်ပိုးကဲ့သို့ ရောဂါပိုးများ ဝင်ရောက်ပြီး ပိုးမွှားများ တစ်ကိုယ်လုံးပျံ့နှံ့ကာ သွေးဆိပ်တက်ခြင်း၊ ဖျက်ချသည့်ကလေးအပိုင်းအစများကျန်ခဲ့ရာမှ ရောဂါပိုးများဝင်ရောက်ပြီး ပြည်များ၊ သွေးပုပ်များဖြစ်ခြင်း၊ အူများပေါက်သွားသည့်အခါမစင်များ ဗိုက်ထဲရောက်ခြင်း စသည့်အကြောင်း အမျိုးမျိုးကြောင့် အသက်သေဆုံးကြသည်။ အချို့သည် ဆေးရုံသို့ဆေးကုသရန်ပင် အချိန်မမီတော့ဘဲ သေဆုံးသွားကြသည်။

ဆေးရုံသို့ရောက်ရှိလာသည့်အခါဆရာဝန်များက ပျက်စီးမှုအလွန်များနေသည့်အစိတ်အပိုင်းများအား ခွဲစိတ်ကုသမှုကြောင့် အသက် မဆုံးရှုံးသော်လည်း ကျောက်ကပ်ပျက်စီးခြင်းများ၊ ထိခိုက်မှုများပြားလွန်းသည့်အခါ သားအိမ်ထုတ်ပစ်လိုက်ရသည်များ၊ ဒဏ်ရာများကြောင့် နောက်ပိုင်း နာကျင်မှုများ၊ မီးယပ်ပိန်၊ မီးယပ်ခြောက်ရောဂါများ စသည့်ရောဂါအမျိုးမျိုးအားအရွယ်ကောင်းသည့် ဆယ်ကျော်သက်အရွယ်ကပင်တစ်သက်လုံးဒဏ်အဖြစ်ခံစားသွားရမည်ဖြစ်ကြောင်း ဒေါက်တာစိုးလွင်က ဆက်လက်ပြောသည်။

"သူတို့တွေ ရောက်လာရင် သွေးတွေသွန်၊ သားအိမ်တွေပေါက်၊ အူတွေပေါက်ပြီး အမျိုးမျိုးနဲ့ရောက်လာတယ်။ ပထမဆုံး အသက်ကယ်ကုသတာတွေလုပ်ရတယ်။ အဓိကကတော့ ရောဂါပိုးတွေ အကုန်ဝင်တာဖြစ်ခဲ့တဲ့အတွက် ပိုးသတ်ဆေးတွေ ပေးရတယ်။ ဆေးကုရတာ အရမ်းခက်တယ်။ ဒဏ်ရာတွေက အရမ်းများတဲ့အတွက် သေမင်းနဲ့ လွန်ဆွဲရတာဖြစ်လို့ တစ်ဝက်ပဲ မျှော်လင့်လို့ရတယ်။ အများကြီးသေကြတယ်" ဟု အဆိုပါ ဆရာဝန်က ပြောသည်။

ကိုယ်ဝန်ဖျက်ချရာတွင် ငွေရရှိရန်အတွက်သာ ပြုလုပ်ခြင်းဖြစ်ပြီး ကျွမ်းကျင်မှု မရှိခြင်းများ၊ အသုံးပြုသည့်ပစ္စည်းများမှ သန့်ရှင်းမှု မရှိခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာ ရရှိမှုသည်လည်း များပြားကြသည်။

"ကျွန်မတို့ အိမ်နားက အမျိုးသမီးကြီးတစ်ယောက်ကတော့ လအလိုက် ငွေကြေးယူပြီး လုပ်တယ်။ သူကဆေးတိုက်တယ်။ နှိပ်ချတယ်။ ပြီးတော့ နယ်တွေမှာ ကျွဲပေါက်ပင်လို့ခေါ်တဲ့ အရွက်ကအရိုးကို သားအိမ်ထဲ ထိုးထည့်တယ်။ အဲဒါက ထည့်ပြီး မိနစ် ၂၀ လောက်နေရင် အဖျားတွေအရမ်းတက်လာတာ။ ထည့်ပြီး နောက်နေ့လောက်မှာ သွေးတွေဆင်းလာတယ်။ အဲဒါသူ့ဆီ ၂ရက်လောက် ဆက်သွားရပြီး သူက အကျန်တွေ ထွက်အောင် လုပ်ပေးတယ်။ အသက်က(၆၀)လောက်ရှိပြီ။ ကလေးမွေးတဲ့ အရပ်လက်သည်လည်းလုပ်တယ်။ အဲဒါမျိုးလည်း လုပ်ပေးတယ်" ဟု ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင် နေထိုင်သည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ထိုကဲ့သို့ သေဆုံးနှုန်းမြင့်မားနေသည့် ကိုယ်ဝန်ဖျက်ချခြင်းများမြင့်တက်နေခြင်းအပေါ် "လူငယ်၊ လူရွယ်တွေက ဒီလိုကိစ္စတွေမှာ စောင့်စည်းမှု သိပ်မရှိတော့ဘူး။ ပြီးတော့ တခြားသူတွေလည်း ဒါတွေလုပ်နေကြတာပဲ။ မထူးဆန်းဘူးဆိုတဲ့ အတွေးတွေထားကြတယ်" ဟုဒေါက်တာစိုးလွင်က ဆက်လက်ပြောသည်။

ပြောင်းလဲလာသည့် လူနေမှုပုံစံများ၊ ရုပ်သံများ၏ ဆွဲဆောင်မှုများ မည်သည်ကို နာမည်တပ်ရမည်မသိသော်လည်း ချစ်သူများနေ့ကဲ့သို့သော နေ့များ၊ အချို့သော နေ့ရက်များ၌ တည်းခိုခန်းများတွင် အခန်းများပြည့်ခြင်းများ၊ အချို့သော သူများကလည်း ချစ်သူနှစ်ဦးအတူ နေထိုင်ရန် အခန်းငယ်များအား နာရီပိုင်းဖြင့် ငှားရမ်းခြင်း စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

ကျန်းမာရေးအသိပညာ ဆင်းရဲခြင်းကြောင့် အမျိုးသားကို အမျိုးသမီး အတူတူနေသည့်အခါ ကိုယ်ဝန်ရသွားလျှင် မလိုချင်သည့် ကိုယ်ဝန်အား ဖျက်ရခြင်းကြောင့် အသက်ဆုံးရှုံးနိုင်ကြောင်း မသိကြသဖြင့် လွယ်လွယ် ဖျက်ချ၍ရနိုင်သည်ဟုထင်မှတ်ထားခြင်းများ၊ ငွေကြေးဆင်းရဲခြင်းကြောင့် ကလေးမရစေရန် ကြိုတင်တားဆီးမှုများလုပ်ရန် မစဉ်းစားဘဲ ကိုယ်ဝန်ရလာသည့် အချိန်မှသာ ကိုယ်ဝန်ဖျက်ချကြပြီး အသက်သေဆုံးကြရသည်။

ဆင်းရဲခြင်းကြောင့်လည်း အရှက်ရမည့် တစ်ခုတည်းအားကြောက်ရွံ့သည့်အခါ ကိုယ့် ဗိုက်ထဲက ကလေးအား မိမိဝမ်းဗိုက်ထဲမှကလေးအား ပြန်သတ်ရသည့် အရက်စက်ဆုံးကျူးလွန်ပြီး ထိုစိတ်ခံစားမှုဖြင့်လည်း တစ်သက်လုံး နေထိုင်သွားရမည်ဖြစ်သည်။ ထို့ပြင် အမျိုးသားနှင့် အမျိုးသမီး အတူတူနေခြင်းကြောင့် မလိုအပ်ဘဲ ကလေးရသွားနိုင်သည့်အပြင် လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများ၏ အန္တရာယ်ကြောင့်လည်း အသက်သေဆုံးနိုင်ပါသည်။

ဆေးရုံများတွင် ထိုကဲ့သို့ လူနာများ တစ်နေ့တခြား များပြားလာသည့်အခါတွင်လည်း ဆေးရုံကို ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း သိရသည်။

"မျက်စိရှေ့မှာ မိခင်တွေ သေနေကြတယ်။ ဒီလိုသေနေတာကိုလည်း ဆက်မကြည့်ချင်တော့ဘူး။ အဲဒီတော့ မိခင်တွေ မသေအောင် မလိုချင်ဘဲနဲ့ ကလေးရတာဖြစ်တဲ့အတွက် မလိုချင်လို့သွားဖျက်ချတာဖြစ်တဲ့အတွက် အဲဒီလို မဖြစ်အောင် ကာကွယ်ဖို့ သားဆက်ခြားနည်းလမ်းတွေကို သေသေချာချာ ကျန်းမာရေးပညာတွေကို ထိထိရောက်ရောက် ပေးရမယ်။ အကယ်၍ ဒါတွေ လျော့သွားရင် မွေးမိခင်တွေ၊ တခြားရောဂါရှင်တွေကို ပိုဂရုစိုက်ကုသမှုတွေပေးနိုင်မယ်" ဟု ဒေါက်တာစိုးလွင်ကပြောသည်။

ဆေးကုသရေး လုပ်ငန်းများသာမက ကျန်းမာရေး ပညာများပေးခြင်းဖြင့် လူအများက မလိုချင်ဘဲ ကိုယ်ဝန်ရသွားခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းများသည် အသက်သေဆုံးနိုင်သည့်အပြင် သေဆုံးမှုလည်း များပြားနေပြီး အကယ်၍ အသက်မသေပါကလည်း တစ်ဘဝလုံး လူညွှန်တုံးသွားစေသည့် နောက်ဆက်တွဲရောဂါများ၊ ကူးစက်ရောဂါများဖြစ်ပွားနိုင်သည်။ ကျန်းမာရေးဝန်ထမ်းများကလည်း ပညာပေးရန် လိုအပ်ပြီး အမျိုးသမီးများကလည်းကိုယ်ဝန်ဖျက်ချပြီးသည့်နောက်တွင်လည်း ငယ်ရွယ်နုပျိုနေသည့် အရွယ်မှာပင် အရှက်ရမှုများ ရောဂါများဖြင့် ရှေ့ဆက်ရမည်ဖြစ်ကြောင်း ကျန်းမာရေး အသိပညာများ လိုအပ်လျက်ရှိသေးသည်။


### စင်္ကာပူနိုင်ငံ သင်္ဘောကျင်းတွင်လုပ်ရန်

| | | | | |
|---|---|---|---|---|
| 1. Pipe Fitter | (ပိုက်ဆက်လုပ်သား) | (လူသစ်/လူဟောင်း) | (၂၀)ဦး | S$17~20+O.T |
| 2. Welder | (ဂဟေဆက်လုပ်သား) | (လူသစ်/လူဟောင်း) | (၂၀)ဦး | S$17~20 +O.T |
| 3. Steel Fitter | (သံပြားဖြတ်/ဆက်) | (လူသစ်/လူဟောင်း) | (၂၀)ဦး | S$17~20 +O.T |
| 4. Electrical Worker | (လျှပ်စစ်လုပ်သား) | | (၂၀)ဦး | S$19~20 +O.T |

အင်တာဗျူးရက်မှာ ၂၀၁၂ခုနှစ် ဇွန်လ ဧတုတ္တပတ်ဖြစ်သည်။
မိတ်ဝင်စားသူများအမြန်ဆုံးဆက်သွယ်ပါ။

### မလေးရှားနိုင်ငံတွင်လုပ်ရန်

1. Canon (စက်ရုံတွင်လုပ်ရန်) (၁၀)ဦး S$ 700 + O.T
အကြွေးတစ်ဝက်စနစ်ဖြင့် ဆောင်ရွက်ပေးသည်။

ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
Licence No.023/2012
အမှတ်(၃၈၅/၃၈၉)၊(၃)လွှာ(ညာ)၊ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်း၊(ထောင့်)၊
Global(Tower)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊၀၁-၃၉၈၂၉၉၊ ၃၉၁၆၉၃၊ ၃၇၇၁၃၃၊ ၀၉-၅၁၇ ၃၉၇၉၊ ၀၉-၈၆၁၀၄၆၄၊
၀၉-၈၇၀၁၅၃၉၊၀၅၇-၂၅၃၅၃
E-mail: agencykls@gmail.com S'pore Contact - HP: 65-90019420/Fax :65 65668784/ E-mail: sseagency@gamil.com

### မွန်မြတ်ဆေးခန်း
မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

# Regional

7DAY NEWS JOURNAL

Vol.11, No.15 • JUNE 21 , 2012


# ပေါက်မြို့နယ် ချောင်းနားကျေးရွာမှဒေသခံများ ယောချောင်းရေဘေးစိုးရိမ်နေ

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၃**

ယောချောင်း ရေကျဆင်းလာမှုကြောင့် နှစ်စဉ်ရေဘေးအန္တရာယ်ကြုံတွေ့နေရသော ပေါက်မြို့နယ် ချောင်းနားကျေးရွာမှ ဒေသခံများ ချောင်းရေလွတ်ရာ ရွာနှင့် တစ်မိုင်ခန့်ဝေးသော နေရာသို့ ပြောင်းရွှေ့လိုကြောင်းဒေသခံများကပြောကြားသည်။

နှစ်စဉ်ယောချောင်းရေတစ်ဟုန်ထိုးရေကြီးမှုကြောင့် ကျေးရွာတစ်ရွာလုံး ရေဘေးအန္တရာယ်ကြုံတွေ့နေရကြောင်း ဂီရိမုန်တိုင်းနှင့် 02 B မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းရာ၌ ထိုဒေသတွင် လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများခဲ့ကြောင်း၊ နှစ်စဉ်မိုးရာသီတွင် ရေဘေးအန္တရာယ်ကို စိုးရိမ်နေရကြောင်း ချောင်းနားကျေးရွာမှ ဦးဒွေးလှိုင်က ပြောသည်။

"ချောင်းရေက ရေကြီးရင် တဖြည်းဖြည်း တက်လာတာမဟုတ်ဘူး။ တစ်ဟုန်ထိုး ချောင်းရေကျတာ။ အဲဒါကြောင့် ဂီရိမှာ အိမ်ခြေ ၄၄ လုံးနဲ့ လူတွေတအားကြီး သေခဲ့တယ်။ 02 B မှာ ၆၆ လုံးဆုံးရှုံးပြီး လူတွေသေခဲ့တယ်။ မသေတဲ့နှစ်ဆိုရင်လည်း ရေက အိမ်ထဲထိ ဝင်တယ်" ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

သဘာဝရေးဘေး အန္တရာယ် စိုးရိမ်ပူပန်မှုကြောင့် ရပ်ရွာနေအိမ်ထောင်စုဝင်အချို့မှာ ၂၀၁၁ ခုနှစ် ပခုက္ကူမြို့နယ်နှင့် ပေါက်မြို့နယ် ရေကြီးမှုအပြီးတွင် နီးစပ်ရာကျေးရွာများနှင့် မြို့နယ်များသို့ ပြောင်းရွှေ့ နေထိုင်သူများ များလာကြောင်းယင်းကျေးရွာမှဦးကြံမောင်က ပြောသည်။

02 B မုန်တိုင်းကျရောက်ပြီးနောက် ရေဘေးအန္တရာယ်ကြုံတွေ့ရသော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်မြို့နယ်များရှိ ဘို့မယ်ကျေးရွာ၊ တံခူးကျေးရွာ၊ ကျွန်းရင်းကျေးရွာများကို ရေဘေးလွတ်ရာသို့ နေရာချထားပေးခဲ့သည်။ ချောင်းဆုံကျေးရွာကိုကိုင်းနယ်ကျေးရွာအုပ်စုနှင့် တပ်ကုန်းကျေးရွာအုပ်စုအကြားတွင် ပြောင်းရွှေ့ရန် တိုင်းဝန်ကြီးချုပ်ကိုယ်တိုင် နှုတ်မိန့်ဖြင့်ပြောကြားခဲ့သော်လည်း တရားဝင်မထွက်ရှိလာသောကြောင့် ကျေးရွာသားတို့မှာအခက်တွေ့နေကြောင်း ဦးကြံမောင်က ထပ်မံပြောသည်။

ချောင်းနားကျေးရွာ ပြောင်းရွှေ့ခွင့်ပြုမည့်နေရာတွင် ချောင်းနားကျေးရွာမှ ဒေသခံအချို့ မြေပေးဝယ်၍ ပြောင်းရွှေ့နေကြသော်လည်း ရွာတည်ထောင်ခွင့် တရားဝင်မကျသေးသောကြောင့် ကျေးရွာဆေးပေးခန်း၊ စာသင်ကျောင်း၊ ရပ်ရွာအုပ်ချုပ်ရေးမှူးရုံးများ ပြောင်းရွှေ့ရန်နှင့် ကျေးရွာရပိုင်ခွင့် စာရင်းပေါက်ရန် ခက်ခဲနေကြောင်း ဦးဒွေးလှိုင်က ဆိုသည်။

ချောင်းနားကျေးရွာတွင် အိမ်ခြေ ၃၀၀ နီးပါးရှိပြီး ကျေးရွာသူ ကျေးရွာသားအားလုံးနီးပါး လက်မှတ်ထိုး၍ ပြောင်းရွှေ့ခွင့် တရားဝင်ဖြစ်ရန် သမ္မတရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များကို ယခုလတွင် စာတင်ထားကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။ပြောင်းရွှေ့ရန်သတင်းထွက်နေသည့် ယာမြေများသည် ယခုအခါ တစ်ကေလျှင်ကျပ်သိန်း ၅၀ ပေါက်ဈေးရှိနေပြီး ယင်းမှာ ယခင် တစ်ကေဈေးနှုန်းထက်နှစ်ဆနီးပါး ဈေးတက်လာခြင်းဖြစ်ကြောင်း ဦးသန်းထိုက်ကပြောသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ဆိုင်ကယ်လိုင်စင်များ ချထားပေး

**စိုင်းသာအောင်**

**မန္တလေး၊**

**ဇွန် - ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ဇွန် ၅ ရက်မှစတင်၍ဆောင်ရွက်ပေးခဲ့ရာ ဇွန် ၁၁ ရက်အထိ မန္တလေးမြို့တွင် ၁,၇၉၃ ဦး ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ဆိုင်ကယ်လိုင်စင်များကို မိတ္ထီလာတွင် ၅၈၈ စီး၊ မြင်းခြံတွင် ၄၆၃ စီး၊ ကျောက်ဆည်တွင်၄၁၇စီး၊ရမည်းသင်းတွင်၅၄၂ စီး၊ ပြင်ဦးလွင်တွင် ၆၅၁ စီးပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - စိုင်းသာအောင်

လိုင်စင်မဲ့ ဆိုင်ကယ်များကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ရမည်းသင်း၊ ပြင်ဦးလွင်တို့တွင် ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်ဧရိယာတွင် ယာဉ်တိုက်မှုများ၌ ဆိုင်ကယ်တိုက်မှုသည် အများဆုံး ဖြစ်ပွားလျက်ရှိပြီး နေ့စဉ် ဆိုင်ကယ်အစီး ၃၀,၀၀၀ ကျော်သည် လမ်းများပေါ်၌မောင်းနှင်လျက်ရှိရာ ဆိုင်ကယ်တိုက်မှုများလည်း ဖြစ်ပေါ်နေသဖြင့် ဆိုင်ကယ်စီးသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းကြောင်း သိရသည်။

# ဖားကန့်နှင့် မိုးကောင်းမြို့နယ်များတွင် ရေပြန်လည်ကျဆင်း

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၁၆**

ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တွင်သုံးရက်ကြာ ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် ရပ်တန့်ခဲ့သော ကုန်စည်စီးဆင်းမှုများပြန်လည်လည်ပတ်နေပြီဖြစ်ကြောင်း မြို့နှစ်မြို့မှ ဒေသခံအချို့က ပြောသည်။

ဖားကန့်-မိုးကောင်းသို့သွားရာ မိုးကောင်းမြို့နယ် ပါဟုတ်ရွာတွင် ရေငါးပေတက်ခဲ့ပြီး ကားလမ်းတစ်လျှောက်တွင်လည်း ရေလျှံတက်ခဲ့ကြောင်း၊ မိုးကောင်းမြို့မှ ဖားကန့်သို့သွားသောကားများ ယင်းအနီးတစ်ဝိုက်၌ ရပ်တန့်ခဲ့ရပြီး ရေကျပြီးတစ်ရက်အကြာတွင် ပြန်လည်သွားလာ၍ရခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးခြင်းဖြစ်ပြီး ယခုအခါတက်ခဲ့သောရေများပြန်လည်ကျဆင်းခဲ့ကြောင်း မိုးကောင်းမြို့ရောက်ရှိနေသော ဒေသခံတစ်ဦးက ပြောသည်။

ဖားကန့်မြို့ပေါ်တွင် ဥရုချောင်းနှင့်နီးသော ရပ်ကွက်အချို့တွင် ရေတက်ပြီး၊ မကြာခင် ရေပြန်ကျသွားကြောင်း၊ ဖားကန့်မြို့ လမ်းတစ်လျှောက်တွင် ရေတက်ခဲ့သော်လည်း နေအိမ်များရေနစ်မြုပ်ခြင်းမရှိကြောင်းဖားကန့်မြို့မှ ဒေါ်လီလီထုက ပြောသည်။

"အရင်က ဥရုချောင်းရေတက်ရင် တစ်ပတ်၊ ဆယ်ရက်ကျဖို့စောင့်ရတယ်။ မဆိုစလောက်လေးတက်တာပါ။ မြို့ပေါ်မှာတော့ အေးအေးဆေးဆေးပဲ။ မေလတုန်းက မှော်တွေဘက်က လူတွေထောင်ချီပြီး ဆင်းကြတော့ မြို့ပေါ်မှာတောင် လူမရှိဘဲတိတ်ဆိတ်နေတယ်" ဟု ဒေါ်လီလီထုကပြောသည်။ ဖားကန့်မြို့နယ်မှော်များရှိသော ပါးလားကျေးရွာတွင် ရေလွှမ်းမိုးနေသည်မှာ နှစ်ရက်ခန့်ရှိနေပြီဖြစ်သော်လည်း လူအသေအပျောက်စာရင်းနှင့်ကယ်ဆယ်ရေးစခန်းများဖွင့်ရလောက်အောင်မကြီးမားကြောင်း ဖားကန့် မြို့အုပ်ချုပ်ရေးမှူးရုံးက အတည်ပြုပြောကြားသည်။




7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# မန်းတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်လိုသူများ တရားဝင်လျှောက်ထားနိုင်

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား ငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်နေသော အဖွဲ့အစည်းများ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားငွေရေး ကြေးရေးလုပ်ကိုင်လိုသည့်အဖွဲ့အစည်းများနှင့် လက်ရှိလုပ်ကိုင်နေသည့် လိုင်စင်မတင်ရသေးသော အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်ဖွဲ့စည်းခြင်းနှင့် လုပ်ကိုင်ခွင့် လျှောက်ထားခြင်းတို့ပြုလုပ်ရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားငွေရေး ကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသေးစားငွေရေး ကြေးရေးအဖွဲ့များတွင် အနည်းဆုံး မတည်ငွေရင်းမှာ အပ်ငွေလက်မခံသည့်အဖွဲ့အစည်းဆိုပါက ကျပ်ဆယ့်ငါးသန်း၊ အပ်ငွေလက်ခံသည့်အဖွဲ့အစည်းဆိုပါက ကျပ်သန်းသုံးဆယ်ဖြစ်ရမည်ဟု သတ်မှတ်ထားပြီး ပြည်သူလူထုအပေါ် ချေးငွေပေးရာတွင်အတိုးနှုန်းအား ကျပ်၁၀၀ကိုတစ်လလျှင် နှစ်ကျပ်ခွဲနှုန်းဖြင့် တစ်နှစ်လျှင် ၃၀ ကျပ်နှုန်းထက် မများရဟု သတ်မှတ်ထားသည်။

ကနဦးလိုင်စင်ကြေးမှာ လိုင်စင်ရရှိသည့်နေ့မှ ၁၅ ရက် အတွင်း ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို ပေးသွင်းရမည်ဖြစ်ကာ ငွေရင်းတိုးလာပါက တိုးလာသည့် ငွေရင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းကိုထပ်မံပေးဆောင်ရမည်ဖြစ်သည်။နှစ်စဉ်လိုင်စင်ကြေးမှလည်း ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာ ဏကို ပေးသွင်းရမည်ဟု တာဝန်ရှိသူက ပြောသည်။ မေလ ၂၀ ရက်က ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် နိုင်ငံတော်သမ္မတကြီးက အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို မိမိတို့ အစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အင်န်ဂျီအို အဖွဲ့အစည်းများအား တူညီသည့် စံနှုန်းများသတ်မှတ်ပေးပြီး တရားဝင်အဖွဲ့အစည်းများ ဖြစ်အောင် အဖွဲ့အစည်းတစ်ခုက တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားရန် ပြောကြားသွားခဲ့ပြီးနောက် ယခုလို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ (၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၃) ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင်ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ ပုဒ်မ ၅၄ အရ မည်သူမျှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရဟု ဖော်ပြပါရှိသည်။ ထို့ပြင် ပုဒ်မ ၆၅ အရ အသေးစားငွေရေး ကြေးရေး လုပ်ငန်းဥပဒေမပြဋ္ဌာန်းမီ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ၎င်းဥပဒေပြဋ္ဌာန်းသည့်ရက်မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်ဟု ဖော်ပြပါရှိသည်။ မန္တလေးတိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီရုံးခန်းကို အမှတ်-၅၄၅၊ ၈၄ လမ်း၊ ၄၂ လမ်းနှင့် ၄၅ လမ်းကြား၊ မင်းသားစုရပ်ကွက်တွင် ဖွင့်လှစ်ထားသည်။






ဓာတ်ပုံ-စိုးဇေယျာထွန်း

# မန်းတွင် ပဲအရောင်းအဝယ် ပုံမှန်

**ညီညီဇော်**

**မန္တလေး၊ ဇွန် - ၁၆**

ယခုတစ်ပတ်မန်းကုန်စည်ဒိုင်တွင် ပဲနှမ်းအများစု ပုံမှန် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

ထိုင်ဝမ် ကုလားပဲမှာ သုံးတင်းတစ်အိတ်လျှင် ၅၇,၅၀၀ ကျပ်နှုန်းပေါက်နေပြီး သကြန်မတိုင်ခင်ကတည်းက အိန္ဒိယဘက်မှ အဝယ်လိုက်ခဲ့မှုကြောင့် ယခုအချိန်တွင် လက်ကျန်နည်းနေပြီး အသစ်မပေါ်မီပင် ပစ္စည်းပြတ်သွားနိုင်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောကြားသည်။

ဗီတူးကုလားပဲမှာနှစ်စဉ်မတ်လတွင် အသစ်ပေါ်လေ့ရှိသည်ဟုဆိုသည်။ ဗွီတူး ကုလားပဲမှာ သုံးတင်းတစ်အိတ်လျှင် ၅၈,၅၀၀ ကျပ်နှုန်းပေါက်နေပြီးလက်ကျန်ရှိနေသေးသည်ဟု၎င်းကုန်သည်က ပြောသည်။

မြေပဲဆန်များ ငွေဈေးအေး၍ ဈေးအနည်းငယ်ပြန်ကျလာပြီး အရောင်းအဝယ် အနည်းငယ်အေးနေသည်။ တရုတ်လိုင်းနှင့် ရန်ကုန်လိုင်း နှစ်ခု အဝယ်ဆုံနေသည့် မြေတောက်ပဲမှာ ဈေးတက်လာပြီး ပစ္စည်းအနည်းငယ် ရှားနေကာ သုံးတင်းတစ်အိတ်လျှင် ၆၀,၀၀၀ ကျပ် ဝန်းကျင်ထိ ဈေးပေါက်နေခဲ့ သည်။

ပြောင်းဆန်(CP) တစ်အိတ်လျှင် ၁၉,၀၀၀ ကျပ်ဈေးမှ ၂၅,၀၀၀ ကျပ်ထိ တက်လာပြီး ပစ္စည်းပါး၍ ကြက်စာဆိုင်များ မဖြစ်မနေ ဝယ်နေကြောင်း ကုန်သည်တစ်ဦးက ပြောသည်။

ပစ္စည်းရှိနေဆဲပင်ဖြစ်သည့် ပဲစင်းငုံမှာတစ်အိတ်လျှင်၄၃,၅၀၀ ကျပ်နှုန်း ပေါက်နေပြီး ဈေးမကိုက်၍မရောင်းကြသေးကြောင်း သိရသည်။ ပဲတီစိမ်းလည်း အဝယ်သွက်နေပြီး ထိပ်စ ၆၂,၀၀၀ ကျပ်၊ အလတ်စ ၆၀,၀၀၀ ကျပ် နှုန်းပေါက်နေသည်။ ယခုလကုန်ပိုင်းတွင် ပဲတီစိမ်းအသစ်များ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ တောင်ငူ အစရှိသည့် နယ်များမှ ဆက်တိုက်ထွက်ရှိလာမည်ဖြစ်ပြီး အရောင်းအဝယ်ဖြစ်လာနိုင်ကြောင်း ကုန်သည်များက သုံးသပ်သည်။

7DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# ဒေသတွင်း ရိက္ခာများပြတ်လပ်ခါနီးချိန် ကားလမ်းပြတ်တောက်မည်ကို စိုးရိမ်နေကြ

**မောင်ကံ**

**မောင်တော၊ ဇွန်-၁၆**

မောင်တောမြို့၏ စားနပ်ရိက္ခာများမှာ ဒေသတွင်းရှိ ကုန်များနှင့် လုံလောက်မှု မရှိသည့်အတွက် အချို့အရေးကြီးရိက္ခာများကို ဘူးသီးတောင်မှသယ်ယူရန်စီစဉ်လျက်ရှိကြရာဇွန် ၁၃ ရက်တွင်မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် ဘူးသီးတောင်-မောင်တော ကားလမ်းပြတ်တောက်မည်ကို စိုးရိမ်နေကြကြောင်း ဒုက္ခသည်များကို ကူညီဆောင်ရွက်ပေးနေသည့်အဖွဲ့များနှင့် ဒေသခံများက ပြောကြားသည်။

"စားနပ်ရိက္ခာတွေက မောင်တောမြို့ပေါ်က ဒုက္ခသည်တွေအတွက်သာမက နယ်မှာ အကြမ်းဖက်ဘင်္ဂါလီတွေရဲ့ အန္တရာယ်ကိုကြောက်ပြီး လုံခြုံရာကိုရောက်နေကြတဲ့ဒုက္ခသည်တွေအတွက်လည်း စီစဉ်နေရပါတယ်။ အခုဆိုရင် မောင်တောမှာရှိတဲ့ ရိက္ခာအားလုံးဟာ ပြတ်ချိန်နီးနေပြီဖြစ်တဲ့အတွက် ဘူးသီးတောင်မြို့က ဆန်တွေကို သွားသယ်ဖို့စီစဉ်နေကြပါတယ်။ အရင်တစ်ခေါက်လည်း သွားသယ်ခဲ့ပါတယ်။ အခုမိုးက သဲကြီးမဲကြီးရွာနေတော့ ကားလမ်းတစ်ခုခုဖြစ်မှာ စိုးရိမ်နေပါတယ်"ဟု မောင်တောခရိုင်အမျိုးသား ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြောသည်။

ရခိုင်ပြည်နယ်မောင်တောနယ်စပ်မှာဒေသတွင်းအခြားမြို့နယ်များနှင့်ဆက်သွယ်သွားလာရန် ဘူးသီးတောင်-မောင်တောကားလမ်းတစ်ခုတည်းသာရှိနေပြီး မိုးသည်းထန်စွာရွာသွန်းမှု ကြာရှည်ပါက လမ်းပေါ် သို့ တောင်ပြိုကျမှု၊ တံတားပြိုကျမှု၊ ကားလမ်းပဲ့ဆင်းမှုများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။



မီးလောင်ကျွမ်းခဲ့သော နာဇီဈေးအား ကြက်ခြေနီ၊မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းပေးနေသည်ကို ဇွန်လ ၁၆ရက်က တွေ့ရစဉ်

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲများပြုလုပ်ချိန်မှာ ဒေသခံများ အားလပ်ချိန်ဖြစ်ရန်လို

**စိုင်းလှုမင်း**

**ကောလင်း၊ဇွန်-၁၃**

ကောလင်းမြို့နယ်တွင် သစ်တောဦးစီးဌာနမှ ကျေးရွာများသို့ ကွင်းဆင်း၍ တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လုပ်ငန်းများအား ပညာပေးဟောပြောရာတွင် ဒေသခံပြည်သူများ တက်ရောက်မှုနည်းပါးသောကြောင့် ဒေသခံများ၏ အားလပ်ချိန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည်ဟု သိရသည်။

"ကျေးရွာတွေကို ပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာမှာ တက်ရောက်သူလူဦးရေက ကျေးရွာမှာရှိတဲ့ လူဦးရေနဲ့နှိုင်းယှဉ်လိုက်ရင် အလွန်နည်းပါးပါတယ်။ ဒေသခံပြည်သူတွေဘက်ကကြည့်ရင် အချိန်ပေးနိုင်မှု အပေါ်မှာ မူတည်တယ်လို့ထင်ပါတယ်။ ဟောပြောပွဲကို တက်ရောက်သူ လူအင်အားနည်းပါးပေမယ့်လည်း စိတ်ပါဝင်စားစွာ နားထောင်တာရယ်၊ လက်ကမ်းစာစောင်တွေကို ဖတ်ရှုတာတွေကြောင့် တက်ရောက်သူများအပေါ်မှာ ထိရောက်မှုတော့ ရှိနိုင်လိမ့်မယ်ထင်ပါတယ်"ဟု ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က သုံးသပ်ပြောကြားသည်။

"သစ်တောတွေ ထိန်းတဲ့အခါမှာ ရှိပြီးသားသစ်တောတွေရဲ့ တန်ဖိုးတက်လာအောင် ကြည့်ရှုပေးတဲ့ လုပ်ငန်းအပြင် ဖျက်ဆီးမှုမခံရအောင် ဥပဒေနှင့်လည်း ကာကွယ်ပေးပါတယ်။ အဲဒါကြောင့် ဒေသခံပြည်သူများအနေနဲ့ သစ်တောဥပဒေကို မသိနားမလည်ဘဲ ရိုးသားစွာကျူးလွန်မိခဲ့တဲ့ ဖြစ်စဉ်တွေတွေ့ရပါတယ်။ သို့ဖြစ်၍ ဥပဒေကို နားမလည်ဘူးဆိုရုံမျှဖြင့် ဥပဒေက သင့်ကိုခွင့်လွှတ်နိုင်လိမ့်မည်မဟုတ်ဆိုသည့် သတိပေးစကားတွေ ရှိခဲ့ပါတယ်။ ဒေသခံပြည်သူတွေကို မသိလို့ကျူးလွန်ခြင်းမျိုးမဖြစ်ရလေအောင် သိသင့်သိထိုက်တဲ့ သစ်တောဥပဒေတွေကို ဟောပြောရခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေရခြင်းဖြစ်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

ဒေသခံပြည်သူများ၏ အားလပ်ချိန်သည် ညအချိန်ဖြစ်၍ နေ့အချိန်တွင်စားဝတ်နေရေးအတွက် အချိန်ပေးနေရသဖြင့်တက်ရောက်သူနည်းပါးရခြင်းဖြစ်သည်။ ဒေသခံပြည်သူများ အားလပ်ချိန်တွင် ကြည့်ရှုဖတ်ကြားနိုင်ရန်အတွက် ပညာပေးစာစောင်များ၊ ပညာပေးကာတွန်းဇာတ်လမ်းများအား ကျေးရွာစာကြည့်တိုက်နှင့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများတွင် ဆောင်ရွက်သင့်ကာ ထိုသို့တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများမှ ပူးပေါင်းပါဝင်လာစေပြီး လက်တွဲဆောင်ရွက်ပါက ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

# ရဲနှစ်ဦးကို အမှုဖွင့်

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၁၆**

ခန္တီးမြို့ ပေါမိုင်းရပ်ကွက်တွင် နေသော အမျိုးသားတစ်ဦး၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအား နာကျင်အောင်ပြုသည်ဆိုသော ဒုရဲအုပ်တစ်ဦးနှင့် ရဲတပ်သားများကို ခန္တီးမြို့နယ် ရဲစခန်းတွင်ပြန်လည်တိုင်ကြားထားကြောင်း သတင်းရရှိသည်။

ဦးမြင့်သန်း(ခ)ကျားပြုံးဆိုသူသည် မေ ၂၉ ရက် ညက ဇနီးသည် ဆေးရုံတက်နေ၍ သွားရောက်စဉ် ၎င်း၏အပြုအမူများကြောင့်တာဝန်ကျသူနာပြုဆရာမက ရဲစခန်းသို့ဖုန်းဆက်အကြောင်းကြားခဲ့သည်။

မကြာမီ ခန္တီးခရိုင်ရဲရုံးမှ ဒုရဲအုပ်တစ်ဦးနှင့် ရဲတပ်သားများ ရောက်ရှိလာခဲ့ပြီး ဦးမြင့်သန်းအား ခေါ်ဆောင်သွားရာမှ ၎င်း၏ ခန္ဓာကိုယ်မှ ပါး၊ နံစောင်း၊ လျှာနှင့် အခြားနေရာအချို့ကို နာကျင်စေခဲ့သည်ဟု ကာယကံရှင်ဦးမြင့်သန်း(ခ)ကျားပြုံးက ပြောသည်။

အချုပ်ခန်းတွင်တစ်ညအိပ်ခဲ့ရပြီး အခင်းဖြစ်ပွားပြီး တစ်ပတ်အကြာ အဝေးရောက်ညီဖြစ်သူရောက်လာမှ ဆေးရုံတက်ခဲ့သည်ဟုဆိုသည်။ ဇွန် ၆ ရက် ညနေပိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဦးမြင့်သန်းအား နာကျင်စေခဲ့သော ဒုရဲအုပ်တို့ ရဲတပ်သား သုံးဦးနှင့်အတူ ရောက်ရှိလာပြီး လူနာကို ကောင်းသည်အထိ တာဝန်ယူ၍ ကျေအေးပေးရန် လာရောက်ပြောဆိုခဲ့သည်။

ဇွန် ၇ ရက် နံနက် ၁၀ နာရီခွဲအချိန်တွင်ယင်းအမှုကိုမြို့နယ်ရဲစခန်းမှ စခန်းမှူးကအမှုဖွင့်ပေးခဲ့သည်ဟု ကာယကံရှင်၏ ညီဖြစ်သူ ကျားပေ(ခ)ထွန်းထွန်းက ပြောသည်။

ခန္တီးမြို့နယ် ရဲစခန်းသို့ ဆက်သွယ်ရာတွင် ဆက်သွယ်၍ မရသောကြောင့် ခန္တီးခရိုင် ရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ တာဝန်ကျ ရဲအရာရှိက "အဲဒီအမှုက ခရိုင်ကို တက်မလာသေးတော့ ပြောလို့မရလို့ပါ"ဟုပြန်လည်ဖြေကြားသည်။ ယင်းဖြစ်စဉ်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့လည်း စာရေးတိုင်ကြားထားကြောင်း သတင်းရရှိသည်။

Unilever Future Leaders Program

Want to maximize your talent to the fullest?

Want exciting career in serving our Myanmar people?

Want more! Let's build a career, rather than just a job, with our Management Trainee Program

We aim to develop bachelor/master graduates into our future leaders, helping us make our mission of "Creating a Better Future Every Day" become a reality.

With real exciting & challenging job assignments, the graduates have attractive pay for performance package, cross-functional rotations, training workshops, coaching & mentoring from senior leaders and opportunities to work in other countries.

Who can apply?

- Bachelor or Master graduates with 0-3 year of experience
- Anyone with passion to work in Sales/Marketing, Supply Chain, Finance/Accounting or Human Resources,
- Good Grade Point
- Myanmar nationality only

Interested candidates, please send your full CV in English, Transcripts, copy of bachelor/master degree certificate (with a copy of scores/grading), a copy of English certificate (if any), and a recent photo to:

No. 90, University Avenue, Bahan Township, Yangon
Phone: (+951) 511761, 504664
E-Mail: chawsu.myat@unilever.com

Our deadline: 6th July 2012
Only Short-listed candidates will be notified by phone

Unilever
Knorr
sunsilk CO-CREATIONS
CLEAR
POND'S
closeup
LUX
Lifebuoy
Sunlight
Fair & Lovely

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# စမာရေလွှဲဆည် သဲထုတ်ရေတံခါးစီမံကိန်းရပ်ဆိုင်းရန် ဒေသခံများ တောင်းဆို

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၁၆**

မြစ်သားမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်ဟုဆိုကာကျပ်သိန်း ၇,၀၀၀ ကျော် အကုန်အကျခံ၍ တည်ဆောက်မည့် စမာရေလွှဲဆည်ရှိသဲထုတ်ရေတံခါးစီမံကိန်းကို ရပ်ဆိုင်းပေးရန်နှင့် စမာရေလွှဲဆည်ဖျက်သိမ်းပေးရန် ဒေသခံများက တောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော စမာရေလွှဲဆည်ကြောင့် မြစ်သားမြို့ ရေကြီးခြင်း၊ မြေအောက်ရေထုများ ညစ်ညမ်းလာခြင်း၊ ရေကြီးသည့်အခါတိုင်းမြစ်သားမြို့နှင့်ဝန်းကျင်ကျေးရွာများမှ စိုက်ခင်းများ ပျက်စီးခြင်းများ ကြုံနေရကြောင်း မြစ်သားဒေသခံများက ပြောသည်။

စမာရေလွှဲဆည်၏ အကျိုးပြု ဧရိယာမှာ ဧက ၀၀၀ ဟု တရားဝင်ဆိုထားသော်လည်း သတ်မှတ်အကျိုးပြု ဧရိယာပြည့်မီအောင် ရေပေးဝေနိုင်မှု မရှိသည်ကို မြို့ခံများ ကွင်းဆင်းလေ့လာကြည့်ရာမှ သိရှိခဲ့ကြသည်ဟု ဆိုသည်။

သဲထုတ်ရေတံခါး စီမံကိန်းမှာ အဆိုပါ ရေလွှဲဆည်ပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး အကျိုးပြုမှုနည်းပါးသည့် စမာရေလွှဲဆည်တွင် ထပ်မံငွေကုန်ကြေးကျခံရမည်ကိုမိမိတို့မလိုလားကြောင်း ဒေသခံများက ပြောသည်။

ထို့ကြောင့် ဒေသခံပြည်သူ ၁,၂၅၀ ဦး ပါဝင်လက်မှတ်ထိုးဆန္ဒပြုခဲ့ကြသည့် ရေလွှဲဆည်ဖျက်သိမ်းပေးရန်နှင့် အဆိုပါ စီမံကိန်းရပ်ဆိုင်းပေးရန် စာကို နိုင်ငံတော် သမ္မတထံ ပို့ပြီးဖြစ်ကြောင်း ပါဝင်ဆောင်ရွက်နေသည့် အမျိုးသားတစ်ဦးက ပြောသည်။ ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးတွင်လည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်ပြသည့် တစ်နိုင်ငံလုံး အကျိုးမရှိသောဆည် ၆၇ ခုစာရင်းတွင် မြစ်သားမြို့မှ စမာရေလွှဲဆည်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု မြစ်သားမြို့၌ နေထိုင်သူတစ်ဦးက ဆိုသည်။ အဆိုပါ သဲထုတ်ရေတံခါးစီမံကိန်းကို ဧပြီလ နောက်ဆုံးပတ်မှစတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

# မန္တလေးမြို့တွင် ဆိုင်ကယ်အရောင်းဆိုင်များ ဈေးကွက်ပျောက်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန် - ၁၇**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကိုဇွန် ၁၅ ရက်မှစ၍ One Stop Service ဖြင့် လိုင်စင်များ လုပ်ပေးသဖြင့် မူဆယ်နယ်စပ်မှ တင်သွင်းလာသော လိုင်စင်မဲ့ဆိုင်ကယ်များသာ အရောင်းအဝယ်ဖြစ်ပြီး ကုမ္ပဏီများမှ တရားဝင်တင်သွင်းသော ဆိုင်ကယ်အရောင်းပြခန်းများ၌ အရောင်းမရှိသလောက် ဈေးကွက်ပြောင်းသွားကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မန္တလေးမြို့ ၃၅ လမ်း၊ ၈၀×၈၁လမ်းကြား ဆိုင်ကယ်အရောင်းပြခန်းမှ ဈေးကွက်မန်နေဂျာက "မန္တလေးခရိုင် ခုနစ်မြို့နယ်မှာရှိတဲ့ လိုင်စင်မဲ့ဆိုင်ကယ်တွေ တင်မဟုတ်ဘဲ နေ့စဉ် မူဆယ်မှာရှိတဲ့ လိုင်စင်မဲ့ဆိုင်ကယ်တွေဝင်နေတယ်။ အဲဒီ တရားမဝင် ဝင်လာတဲ့ဆိုင်ကယ်တွေပဲ အရောင်းအဝယ်ဖြစ်ပြီး တရားဝင် အခွန်ဆောင်တင်သွင်းလာတဲ့အရောင်းပြခန်းကဆိုင်ကယ်တွေကမရောင်းရတော့ဘူး"ဟုပြောသည်။

မန္တလေးမြို့ ၇၈ လမ်း ဆိုင်ကယ် အရောင်းဆိုင်မှ တာဝန်ခံတစ်ဦးက "မန္တလေးမှာ တရားဝင် ဆိုင်ကယ်တင်သွင်းပြီး အရောင်းဆိုင် ၁၅ဆိုင်လောက်ရှိပါတယ်။ ကျောင်းဖွင့်ရာသီမို့ဆိုင်ကယ်တွေ အရောင်းပြခန်းတစ်ခုကို အနည်းဆုံး အစီး ၅၀၀ က အများဆုံး အစီး ၂,၀၀၀ လောက်ထိ တင်သွင်းထားကြပါတယ်။ ပြည်တွင်းမှာ တကယ်ရှိတဲ့လိုင်စင်မဲ့ဆိုင်ကယ်တင်မကဘဲ မူဆယ်လမ်းကြောင်းက ကယ်ရီနဲ့ နေ့တိုင်းဝင်လာတဲ့ လိုင်စင်မဲ့ ဆိုင်ကယ်တွေကိုတော့ သက်ဆိုင်ရာ ဂိတ်တွေက တားဆီးသင့်ပါတယ်"ဟုပြောသည်။

မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်ရေး စီမံချက်များကို ၁၉၉၉ မှ ၂၀၁၂ အထိ ခုနစ်ကြိမ်ပြုလုပ်ခဲ့ရာ မော်တော်ဆိုင်ကယ် ၁,၅၈၇,၂၉၂ စီးကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတွင်းသို့နယ်စပ်ဒေသစစ်ဆေးရေးဂိတ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားရှောင်လွှဲပြီးတရားမဝင်ဝင်ရောက်နေသော မော်တော်ဆိုင်ကယ်များ၏ စာရင်းကောက်ခံမှုအရ ၂၀၁၂ ခုနှစ် ဇန်နဝါရီအထိ ၁၉၅,၈၁၂ စီးရှိကြောင်း တရားဝင်ထုတ်ပြန်မှုများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ရမည်းသင်း၊ ပြင်ဦးလွင် ခြောက်ခရိုင်တို့တွင် ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ဆိုင်ကယ် ၄,၄၅၄ စီး လိုင်စင်ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

# မန္တလေးလူမှုရေးအသင်း ၆၀ ကျော် ရခိုင်ဒုက္ခသည်များကို ကူညီမည်

**စိုင်းသာအောင်၊ ယဉ်ယဉ်မြင့်**

**မန္တလေး၊ ဇွန် - ၁၆**

မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းက ဦးဆောင်ပြီး အခြားလူမှုကူညီရေးအသင်း ၆၃ သင်းတို့၏ ရခိုင်ပြည်နယ်တွင် လတ်တလော ဘေးဒုက္ခရောက်နေကြသော တိုင်းရင်းသားများအတွက် အမြန်ဆုံးထောက်ပံ့ကူညီနိုင်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း အတွင်းရေးမှူးက "ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းအနေနဲ့တော့ အလှူငွေကျပ်သိန်း ၆၀၊ အဝတ်ထုပ်နဲ့ စားသောက်ဖွယ်ရာတွေ လက်ခံရရှိထားပါပြီ။ တောင်ကုတ်လမ်းဖွင့်တာနဲ့ ပထမဦးဆုံးယာဉ်တန်းနဲ့သွားရောက်ထောက်ပံ့ကူညီနိုင်အောင်မန္တလေးမြို့အခြေစိုက် ရခိုင်လူမှုရေးအသင်းနဲ့ ဆက်သွယ်ဆောင်ရွက်ထားပါပြီ"ဟု 7Day News သို့ ပြောသည်။

"ဘာသာပေါင်းစုံကရုဏာရှင်များအသင်းတွေပါအားလုံးစုပေါင်းပြီး ရခိုင်ပြည်က ဒုက္ခသည်တွေ လိုအပ်တာကို ကိုယ်တိုင်သွားလှူမှာပါ။ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းက ကမကထပြုပြီး မန္တလေးက ရခိုင်လူငယ်တွေက ကူညီဆောင်ရွက်ပေးမှာပါ။ အခုဆို မန္တလေးက လူမှုကူညီရေးအသင်းသုံးဖွဲ့နဲ့ စီးပွားရေးလုပ်ငန်းရှင်တချို့ကလည်း စုပေါင်းလှူချင်တယ်ဆိုပြီး ကမ်းလှမ်းထားတာရှိပါတယ်" ဟု မန္တလေး ရခိုင်လူငယ်မောင်မယ်များအသင်းမှ အတွင်းရေးမှူးကပြောသည်။ ယင်းအဖွဲ့သည် ဂီရိမုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်ခဲ့သူများ ကချင်စစ်ဘေးဒုက္ခသည်များကိုပါ ဘာသာပေါင်းစုံကရုဏာရှင်များအသင်းများနှင့် အားလုံးစုပေါင်းကူညီခဲ့ဖူးကြောင်း သိရသည်။

ဆူပူအကြမ်းဖက်မှုများနေအိမ်များ မီးလောင်ဆုံးရှုံးမှုများကြောင့် လတ်တလော ပဋိပက္ခဖြစ်ပွားနေသည့် ရခိုင်ပြည်နယ် မောင်တော၊ စစ်တွေ၊ ဘူးသီးတောင်မြို့နယ်များတွင် ကယ်ဆယ်ရေးစခန်းခြောက်ခု၌ ဒုက္ခသည်အရေအတွက်မှာ အိမ်ထောင်စု ၉၄၂၊ လူဦးရေ ၄,၁၅၄ ဦးရှိကြောင်း နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြချက်အရ သိရသည်။

## " Career Opportunity "

We, one of the International companies in Myanmar since 1998, are seeking for the candidates of energetic, high calibre and diligence for the following positions. We shall provide attracted salary to those who are selected.

**Safety & Security Controller - 1 Post**
- Age under 45 years (Male), any graduate, preferable in PFSO certificate holder
- Minimum 5 years experience in Managing Safety and or Security in Port Industry
- Effective Communication Skill and work well under pressure
- Good command in both oral and written in English
- Able to use Microsoft Office/Presentation skill in Power Point

**Receptionist/Operator - 1 Post**
- Age under 25 years (Female), any graduate
- Must have minimum 2 years experience in operator and secretarial work
- Pleasant personality and good inter-personal relationship
- Computer knowledge (Microsoft Office)
- Good commnication skill in English

**Accounts Assistant - 1 Post**
- Age under 30 years (Male/Female), any graduate, preferable in B.Com or LCCI level III
- Must have minimum 2 years experience in related field
- Computer knowledge (Microsoft Office, Computerized Accounting Package)
- Must have experience in stock control, able to liaise with Bank, customers and suppliers

**System Assistant - 1 Post**
- Under 30 years, Male, any graduate, preferable in BCSc; BCTech; ICT Certificate holders
- Minimum 3 years experiences in computer software, hardware, networking and knowledge of communication equipments.

Interested candidates shall send CV, 2 recent passport size photos, copies of NRC and Labour Registration Card to - G.P.O Box (875) not later than 29th June 2012. Please mention the postyou are applying for on the envelope. *(Only the short listed candidates will be notified.)* ***(For Local Service Only)***

## ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်ထုတ်ဂျာနယ် နှင့် လစဉ်ထုတ်မဂ္ဂဇင်းများ အိမ်တိုင်ရာရောက် ပို့ဆောင်ဖြန့်ဝေနိုင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

အခြေခံလစာ နှင့်အတူ ထိုက်တန်သော ကော်မရှင်ပါပေးမည်။

**• ဖြန့်ချိရေးဝန်ထမ်း ကျား (၁၅) ဦး**

➤ ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များသို့ ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
➤ ပညာအရည်အချင်း အနိမ့်ဆုံး အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။
➤ အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
➤ အင်္ဂလိပ်စာ အခြေခံ အနည်းငယ် ရေးတတ်၊ ဖတ်တတ်ရမည်။
➤ လူမှုဆက်ဆံရေးပြေပြစ်၍ အပြောအဆို ချိုသာရမည်။
➤ ကျန်းမာရေး ကောင်းမွန်၍ သွက်လက်၊ ဖျတ်လတ်စွာ သွားလာဆောင်ရွက်နိုင်ရမည်။
➤ အရောင်းမြှင့်တင်ရေး တာဝန်များကိုလည်း လုပ်ဆောင်နိုင်ရမည်။
➤ ကိုယ်ပိုင်စက်ဘီးရှိသူများကို ဦးစားပေးမည်။
➤ စက်ဘီးမရှိသူများလည်း လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၂၅.၇.၁၂) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၅၁၃ ၅၁၅~၅၁၉

# အလုပ်သင်ဝန်ထမ်းများကို ကုမ္ပဏီများ လစာတိုးပေးခေါ်ယူလာ

**အေးမြတ်သူ**

**ရန်ကုန်၊ဇွန်-၁၇**

ပုဂ္ဂလိကကုမ္ပဏီများ ယခုနှစ်မတ်လမှစ၍ အလုပ်သင်ဝန်ထမ်းများကို လစာတိုးမြှင့် အလုပ်ခေါ်လာကြကြောင်း ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ သတင်းရရှိသည်။

ကုမ္ပဏီများအနေဖြင့် ယခင် အလုပ်သင်(junior staff)ဝန်ထမ်း တစ်ဦးအား တစ်လလျှင် ငွေကျပ်လေးသောင်းဝန်းကျင် ပေးရာမှ ယခုနှစ်၌ တစ်ဦးလျှင် ငွေကျပ်ငါးသောင်းမှ ခုနစ်သောင်းခန့်ထိရရှိကာ တခြားအလုပ်ရာထူးပိုင်းအနေဖြင့် လစာတိုးမြှင့်ခြင်း သိသာမှုမရှိသေးကြောင်း အဆိုပါအေဂျင်စီများကပြောသည်။

"မနှစ်ကထိဆို ဂျူနီယာ staff level ဆိုရင် လေးသောင်းလောက်ပဲရကြတာ။ အခုဒီနှစ်မှာ အနိမ့်ဆုံးအဆင့် လေးသောင်းတောင်မတွေ့ရတော့ဘူး။ အနည်းဆုံးခြောက်သောင်း၊ ခုနစ်သောင်းလောက်တွေပဲတွေ့ရတယ်။ ကျန်တဲ့အပိုင်းတွေတော့ မသိဘူး။ နိုင်ငံထဲမှာ စီးပွားရေးကောင်းလာလို့လဲပါမယ်။ ငွေကြေးဖောင်းပွမှုတွေတိုးတာလို့ သုံးရတဲ့ ကုန်ကျစရိတ်များလာတော့ပေးတာလည်းဖြစ်နိုင်တယ်"ဟု Perfect Link ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ဦးဒိသာမြင့်က ပြောသည်။

Market Care အေဂျင်စီမှ MD ဦးအောင်မြင့်က "မတ်လလောက်မှာ ကုမ္ပဏီရဲ့အောက်ခြေဝန်ထမ်းတွေအနေနဲ့ လစာပိုင်းမှာ ခြောက်သောင်းလောက်ရပြီး အခြားခံစားခွင့်တွေနဲ့ဆို ခုနစ်သောင်းလောက်ရကြတယ်။ မကြာမီမှာ ဖြစ်လာမဲ့နိုင်ငံရေးပြောင်းလဲမှုကြောင့် ကြိုတင်ပြီး အခုကတည်းက တိုးပေးတာထင်တယ်။ နောက်ဆို ပြိုင်ဘက်ကုမ္ပဏီတွေ လာတော့ မှာဆိုတော့လို့ထင်တယ်" ဟုဆိုသည်။

နွယ်ရိုးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကလည်း "သင်္ကြန်မတိုင်ခင်ကတည်းက ကုမ္ပဏီအခြေခံဝန်ထမ်းလောက်ဆို လေးသောင်းခွဲ၊ ငါးသောင်းခွဲတိုးပေးလာတာတွေ့ရတယ်။ တိုးလည်းတိုးပေးသင့်ပါတယ်။ သွားရတဲ့ခရီးလမ်းစရိတ်နဲ့ စားဝတ်နေရေးအဆင်ပြေဖို့အတွက်တော့တိုးသင့်ပါတယ်။ ဒါကြောင့်လည်း ကုမ္ပဏီတွေက တိုးပေးလာတယ်လို့ယူဆပါတယ်" ဟုပြောသည်။

"အရင်ထက်စာရင် ကုမ္ပဏီအောက်ခြေဝန်ထမ်း(Junior Staff) တွေမှာ လစာနည်းနည်းတိုးလာတယ်။ ပြီးခဲ့တဲ့သုံးလေးလလောက်ကတည်းကလို့ ထင်တယ်။ ကျန်တဲ့ရာထူးကြီးတဲ့ပိုင်းတွေကတော့ လူတွေခေါ်ပြီး တိုးပေးတာတွေ တော့ရှိတယ်။ ဒီအောက်ခြေပိုင်းလောက်တော့ မသိသာဘူး"ဟု Myanmar Integrated မှ MD ဦးမောင်မောင်ထွန်းက ပြောကြားသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

1. Chinese-Myanmar-English စကားပြန် - M (60) Post
2. Chinese-Myanmar-English ဘာသာပြန် - M (10) Post
3. ရေမော်တာ/လျှပ်စစ်ကျွမ်းကျင် M (5) Post
4. လုံခြုံရေး M (5) Post

အမှတ်စဉ် (၁၊ ၂၊ ၃) နေစား ပေးမည်။ အရည်အချင်းပြည့်ဝသူ လစာကောင်းမည်။

No.FL-8, Kanyenktar Rd, FMI City, Hlaingthayar Tsp. Ph: 43173924

---------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Admin Officer - (10) M/F
2. Accountant - (10) M/F
3. တရုတ်-မြန်မာ ဘာသာပြန် (၁၀) ကျား/မ
4. တရုတ်-မြန်မာ စကားပြန် (၁၀) ဦး ကျား/မ

(၂-၇-၂၀၁၂) နောက်ဆုံးထား လျှောက်ထားရန်။

No.FL-8, Kanyenktar Rd, FMI City, Hlaingthayar Tsp. **Ph: 09-43063506**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

English Teacher (5) F (MA English Degree Holder)

Chemistry Teacher (5) F

Maths Teacher (5) F

No.5, Mahar Myint Moh St, U Chit Maung Lansone, Bahan.

**Ph: 01-400769**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ မန်နေဂျာ (ကျား/မ) ၁ ဦး
၂။ အတွင်းရေးမှူး ၂ ဦး
၃။ ကွန်ပျူတာ/အင်တာနက်ကျွမ်းကျင် (မ) ၁ ဦး
၄။ အငယ်တန်းအင်ဂျင်နီယာ (ကျား/မ) ၂ ဦး
၅။ အလုပ်သင်ဝန်ထမ်း(ကျား/မ) ၅ ဦး

အခန်း ၂၀၁၊ ပထမထပ်၊ "Grand Nawaday Condominium" အမှတ် (၅)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၉-၄၃၀၆၆၃၀၅**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

K.H.I International Co., Ltd

(1) Marketing မ(၃)ဦး (၂၃ နှစ်အောက်၊ Marketing အတွေ့အကြုံရှိရမည်)

GM assistant (၂၅)နှစ်အောက် (၁)ဦး၊

No-7,(G,F1),12Street,Lanmadaw Tsp, Yangon.

**Ph: 01-2300426**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Part Time Job

-Very good in Computer (Prefer M/S Office)

-M/F (under 25 years)

Good looking able to speak English and can travel. Salary and packege will be advise one an one.

Khun2win@gmail.com.com (or)

**Ph: 09-425021240**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

သီချင်းကာရာအိုကေနှင့် ဗီဒီယိုဇာတ်ကားတည်းဖြတ်ကျွမ်းကျင် (ကျား-မ) အလိုရှိသည်။

**ဖုန်း - ၀၉-၄၃၁၀၆၅၆၇**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Dragon Regal Co.,Ltd

English Interpreter ကျား/မ (၅)ဦး

Computer Operator ကျား/မ (၂)ဦး

၂၂၈/၃၀၊ ငုဝါလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်။

**ဖုန်း-၀၁-၅၆၀၇၂၆**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Myanmar Integrated Cargo Services Co., Ltd

Cargo Operations Staff ကျား (၂) ဦး

-Experience in Air & Sea Cargo Cleaning Services.

အမှတ်(၈၇/အေ)၊မြကန်သာလမ်းနှင့် ငြိမ်းချမ်းရေးလမ်းထောင့်၊ (၁၀) မိုင်၊ အင်းစိန် မြို့နယ်။

**ဖုန်း - ၆၅၆၃၆၀**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

ရန်ကုန်မြို့၊ ရွှေပြည်သာစက်မှုဇုန် ရေသန့်စက်ရုံ ရေသန့်စက်ရုံတွင် လုပ်သက် အတွေ့အကြုံရှိသူ ကျွမ်းကျင်မန်နေဂျာတစ်ဦးအလိုရှိသည်။

**ဖုန်း - ၀၉၈၆၁၅၂၁၇**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Family United Power Company Limited

Heavy Machinery လုပ်ငန်းအတွက်

(1) Service Engineer Male-5, A.G.T.I (Mechanical) (or) B.E (Mechanical) Excavator နှင့်ပတ်သက်၍ Hydraulic, Electronic Engine ပိုင်းဆိုင်ရာပြုပြင်မှုများတွင် အနည်းဆုံး လုပ်သက် (၃) နှစ်ရှိရမည်။

(2) Mechanic (Engine & Gear Box)M-3 Dump Truck Engine နှင့် Gear Box ပြုပြင်မှု အပိုင်း(၃)နှစ်အတွေ့အကြုံရှိရမည်။

(3) Mechanic (Break & Suspension)M-3 Dump Truck (ဘရိတ်ပိုင်းနှင့် အောက်ပိုင်း)ပြင်ဆင်မှုပိုင်းတွင် အနည်းဆုံး(၃)နှစ်အတွေ့အကြုံရှိရမည်။

အမှတ် - ၁၂/ဘီ(၄၃)၊ ရွှေကိန္နရီအိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်။(စိုက်ပျိုးရေးမှတ်တိုင်)

---------------------------

**ဝန်ထမ်းအလိုရှိသည်**

OSLO အထည်ချုပ်စက်ရုံ

(၁) စက်ချုပ်ကျွမ်းကျင် ကျား/မ (၁၀၀) ဦး (မော်တာစက်ချုပ်ကျွမ်းကျင်သူ)

(၂) Helper ကျား/မ (၅၀) ဦး

(၃) အထွေထွေ ကျား (၅) ဦး

(၄) Driver (အမြန်အလိုရှိသည်) ကျား (၁) ဦး

အမှတ် (၁၆၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေလင်ဗန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ ရန်ကုန်မြို့။

အမှတ်စဉ် (၁၊၂၊၃) လျှောက်ထားရန်။

အမှတ် (၂)၊ သဟာရလမ်း၊ သုခမြိုင်အိမ်ရာ၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၉-၅၁၉၉၅၂၅**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

မော်လမြိုင်မြို့ပေါ်ရှိ အမျိုးသမီးအလှပြင်ဆိုင်အတွက် ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ ပေါင်းတင်၊ ဆေးဆိုး၊ ခေါင်းလျှော် မ(၁) ဦး၊ နေ၊ စား-ငြိမ်း၊ ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းပေးမည်။

**ဖုန်း - ၀၉၇၃၇၉၀၀၃၃**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

မော်ဒယ်လ်သရုပ်ဆောင်ဖိတ်ခေါ်ပွဲ၊ ပုပ္ပါး-ပုဂံသို့ သီချင်း ဗီစီဒီသွားရောက်ရိုက်မည်ဖြစ်၍ ပါဝင်သရုပ်ဆောင်လိုသော (ကျား-မ) မည်သူမဆိုကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

**ဖုန်း - ၀၉-၄၃၁၀၆၅၆၇**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

- ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး၊ အသက် ၂၅-၃၅ နှစ်အတွင်း
- အထွေထွေဝန်ထမ်း ကျား (၄) ဦး၊ အသက် ၂၀-၃၅ နှစ်အတွင်း။

**ဖုန်း - ၀၉-၇၃၀၂၇၇၃၃**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Computer Teacher (2) F (i-Office, DTP, Advanced Excel)

**Ph: 0973028404**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Columbus Travels & Tour, Inbound Dept တွင် တာဝန်ထမ်းဆောင်ရန်၊ နိုင်ငံခြား Tour Operator များနှင့် E-mail ဆက်သွယ်နိုင်ပြီး အတွေ့အကြုံရှိ

- Sale Executive (2) Posts

Operation Asst (1) Posts

Reservation Staff (2) Posts

**Ph: 229245, 229246**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Spanish ဘာသာစကား 4 Skills ကိုသင်ပြပေးနိုင်သော သင်ကြား ရေးအတွေ့အကြုံရှိ ဆရာမ တစ်ဦးအလိုရှိပါသည်။

**ဖုန်း - ၀၉-၅၁၇၉၂၂၁**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Super Air-Con: Service Air Con ကျွမ်းကျင်ဝန်ထမ်း ၅ ဦးအလိုရှိသည်။

အခန်း (၀၀၄)၊ တိုက် (၂၆/၃)၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကပ်ချီးယားမှတ်တိုင်အနီး။

**ဖုန်း - ၀၉၅၁၈၇၁၃၂**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၂) ဦး

အိမ်၊ရုံးကား မောင်းရန်၊ လိုင်စင်သက်တမ်း (၃) နှစ်၊ ညှိနှိုင်းလစာ၊ အသက်(၃၀-၄၅)နှစ်အတွင်း၊ အသောက်အစားကင်းရမည်။ ကျန်းမာရေးကောင်းရမည်။ တာမွေ၊ ရွှေဂုံတိုင်အနီးတစ်ဝိုက်နေသူ ဦးစားပေးမည်။

**ဖုန်း - ၀၁-၅၅၉၁၈၅**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Transporter ယာဉ်မောင်း (၂) ဦး။ Low Bed, High Bed ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။

**ဖုန်း - ၀၉-၄၉၂၅၆၆၀၇**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေဒဂ္ဂီသွားဆေးခန်းတွင် ကွန်ပျူတာစာရင်းကိုင် မ (၃) ဦး

ရွှေဂုံတိုင်ဆေးရုံ(သွားဆေးခန်း) ညနေ (၅) နာရီနောက်ပိုင်း

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Living Irawaddy Travel Services

-Operation Manager (3 years)

**Ph: 098607779**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

Contrast Fashion Design

(၁) အမျိုးသမီးစက်ချုပ် ကျွမ်းကျင် (၅) ဦး

(၂) အမျိုးသားစက်ချုပ် ကျွမ်းကျင် (၂) ဦး

(၃) စီးကွင့်ကျွမ်းကျင် (၃) ဦး

အမှတ် (၄၅၉)၊ ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်။ (ချမ်းမြေ့လှတ်ရည်ဆိုင်အပေါ်ထပ်)၊ **ဖုန်း - ၀၉-၄၉၂၂၂၀၂၂**

---------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၅) ဦး

(အသက် ၂၅-၄၀) နှစ်၊ အတွေ့အကြုံအနည်းဆုံး ၃ နှစ်။

အထွေထွေဝန်ထမ်း ကျား(၁၀)ဦး

အမှတ် (၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်။

**ဖုန်း - ၀၉-၇၃၀၂၇၇၃၃**


---------------------------

**ဝန်ထမ်းအလိုရှိသည်**

အစ္စရေးနိုင်ငံ၊ ရာမက်နီဂျိ(ဗ်)၊ သဲကန္တာရစိုက်ပျိုးရေး သုတေသနဗဟိုဌာန (Ramat Negev Desert Agro Research Center) မှ ခေါ်ယူသော စိုက်ပျိုးရေးလုပ်ငန်းသင်တန်းသား (၂၀) ဦး အလိုရှိသည်။

လျှောက်လွှာများကို ၂၇. ၇. ၂၀၁၂ (သောကြာနေ့) နောက်ဆုံးထား၍ ဦးမြင့်စိုး (Chief Executive Officer) ဖုန်း - ၀၉-၅၁၄၁၃၂၂၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်-မြို့ နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ပါသည်။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Men's Grooming from JAPAN
GATSBY
WATER GLOSS
GATSBY
WATER GLOSS/WET LOOK
FUNCTION
● ရေကိုအခြေခံထားခြင်း
● စေးကပ်မှုမရှိခြင်းနှင့် နူးညံ့သည့်အထိအတွေ့ရရှိခြင်း
● နေရောင်ခြည်ဒဏ် ကာကွယ်ခြင်း
● ချွေးထွက်သော်လည်း ပုံစံမပျက် ကြာရှည်ထိန်းနိုင်ခြင်း
● ပုံစံမပျက်ပဲ ကြာရှည်ခံသော အစွမ်းရှိခြင်း

Education
7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# တက္ကသိုလ်ဝင်တန်းအောင်ချက် ၃၄ ရာခိုင်နှုန်းကျော်ရှိ

## မွန်ပြည်နယ်အောင်ချက် အကောင်းဆုံး၊ ချင်းပြည်နယ် အောင်ချက်အနည်းဆုံး

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၁၅**

၂၀၁၁-၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် တစ်နိုင်ငံလုံးအောင်ချက်မှာ ၃၄ ဒသမ ၃၃ ရာခိုင်နှုန်းရှိခဲ့ပြီး မွန်ပြည်နယ်က အောင်ချက်အများဆုံးနှင့် ချင်းပြည်နယ်က အောင်ချက်အနည်းဆုံး နေရာတွင် ရပ်တည်ခဲ့ကြောင်း သက်ဆိုင်ရာ ပညာရေးဌာနများ၏ စာရင်းများအရ သိရသည်။

၎င်းပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၄၆၀,၀၀၀ ကျော်ရှိခဲ့ပြီး ကျောင်းသား ၁၆၀,၀၀၀ကျော် အောင်မြင်ခဲ့ကြသည်။ အောင်ချက်များအနေဖြင့် မွန်ပြည်နယ်က ၅၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် တနင်္သာရီတိုင်းဒေသကြီးက ၄၆ ဒသမ ၉၃ ရာခိုင်နှုန်းတို့ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေပြီး ရခိုင်ပြည်နယ်က ၂၃ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် ချင်းပြည်နယ်က ၁၄ ဒသမ ၉၁ ရာခိုင်နှုန်းတို့ဖြင့် အောက်ဆုံးတွင် တည်ရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ဖြေဆိုသော ကျောင်းသားများသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဝင်ရောက်ဖြေဆိုသော ကျောင်းသားများထက် ဂုဏ်ထူးရရှိမှုနှုန်း သိသိသာသာ မြင့်မားနေသည်။

ကျောင်းသားများ ဂုဏ်ထူးရဘာသာတွင် ဘောဂဗေဒဘာသာရပ်ဖြင့်ဂုဏ်ထူးရရှိသူ၁၆,၃၂၄ ဦးနှင့် သင်္ချာဘာသာရပ်ဖြင့် ဂုဏ်ထူးရရှိသူ ၁၄,၆၉၉ ဦးတို့ ရှိနေခဲ့ပြီး အခြားဘာသာရပ်ဖြင့် ဂုဏ်ထူးရရှိသူများထက် ပိုမိုများပြားခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ဝင်တန်းစာမေးပွဲဦးစီးဌာနအလိုက် နှိုင်းယှဉ်ချက်အရ သိရသည်။

ယခင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံးအနေဖြင့် အောင်ချက် ၃၅ ဒသမ ၁၂ ရာခိုင်နှုန်းရှိခဲ့ခြင်းကြောင့် ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက် အနည်းငယ် လျော့ကျသွားခဲ့သည်။

## ဒီမိုကရေစီအခက်အခဲများဟောပြော

**ရန်ကုန်၊ ဇွန်-၁၅**

"ဒီမိုကရေစီ၏ အခက်အခဲများ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၂၃ ရက်နေ့ လယ် ၂နာရီတွင် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဒေါက်တာခင်မောင်ညို က ဆွေးနွေး ဟောပြောမည်ဖြစ်ကာ စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

## ပညာစွမ်းရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇွန်-၁၅**

အထက်တန်း ဆရာများ၊ ကျောင်းသားများနှင့် နိုင်ငံရပ်ခြား ပညာရေးစိတ်ဝင်စားသူများအတွက် ပညာစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဒုတိယအကြိမ်မြောက်ကျင်းပသော အစီအစဉ်ကို ဇွန် ၂၄ရက် နံနက် ၉နာရီမှ ညနေ ၉နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး မလေးရှားပညာရေးဌာနနှင့် ဂျန်ကိုပညာရေးဝန်ဆောင်မှုလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

## ဗြိတိန်တက္ကသိုလ်တစ်ခုတွင် မဟာဘွဲ့သင်တန်း ပညာသင်ဆု လျှောက်နိုင်

**ရန်ကုန်၊ ဇွန်-၁၅**

ဗြိတိန်နိုင်ငံရှိ University of East London တွင် မဟာဘွဲ့သင်တန်း တက်ရောက်သင်ယူလိုသူများ အနေဖြင့် ပညာသင်ဆုများ လျှောက်ထားနိုင်ကြောင်း သိရသည်။ အင်္ဂလိပ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု ဘာသာရပ်များအတွက် ပညာသင်ဆုအစီအစဉ်ကို ဇူလိုင် ၁၃ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်ကို htt://www.uel.ac.uk/international/fees/international developmentscholarchip.htm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

# အဆင့်မြင့်ပညာရေးသင်ကြားမှုရေစီးကြောင်း ပြောင်းတော့မလား

**နေလင်းထွန်း**



ယနေ့ခေတ်မြန်မာကျောင်းသားများ၏ တက္ကသိုလ်ဝင်တန်းအလွန် ပညာရေးသည်ပြည်တွင်းနှင့်ပြည်ပဟူ၍ နှစ်မျိုးကွဲပြားကာ အခွင့်အလမ်း ဖြစ်ပေါ်လာနေသည်။ ပညာရည်ထူးချွန်သူများ (သို့မဟုတ်) ငွေကြေးတတ်နိုင်သော ကျောင်းသားများအတွက် နိုင်ငံရပ်ခြား ပညာသင်အခွင့်အလမ်းများက ဆီးကြိုနေသလို ပြည်တွင်း၌လည်း နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းကျောင်း၊ ပုဂ္ဂလိကကောလိပ်များ၊ ပညာရေးဝန်ဆောင်မှုသင်တန်းများက ကျောင်းသားများကိုအသင့်စောင့်ဆိုင်းနေကြသည်။

ပြည်ပတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျကဲ့သို့ အနောက်နိုင်ငံများနှင့် စင်ကာပူ၊ မလေးရှား၊ ထိုင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများက ပညာရေးဈေးကွက်ချဲ့ထွင်နေကြသည်။ နိုင်ငံရပ်ခြားပညာသင်သွားရောက်ရန်စိတ်ကူးထားသည့် ကျောင်းသားများသည် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစစ်ဆေးသော စာမေးပွဲဖြေဆိုရန်၊ သက်ဆိုင်ရာနိုင်ငံအလိုက် ကျောင်းဝင်ခွင့်စာမေးပွဲများဖြေဆိုရန် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများ အနေဖြင့် TOEFL နှင့် SAT စာမေးပွဲများအတွက် အချိန်ယူပြင်ဆင်လေ့လာရမည်ဖြစ်ပြီး ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် IELTS နှင့် IGCSE ကဲ့သို့ စာမေးပွဲများအတွက် ငွေကြေးနှင့်အချိန်ကို ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

အနောက်နိုင်ငံများထက် ကျောင်းဝင်ခွင့်နှင့် ပြည်ဝင်ခွင့် လွယ်ကူခြင်းတို့ကြောင့် မြန်မာကျောင်းသားအများစုသွားရောက်ပညာသင်ယူနေသော အိမ်နီးချင်းနိုင်ငံများမှာ စင်ကာပူ၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့ဖြစ်သည်။

မြန်မာကျောင်းသားများ နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ယူရာ၌ ကျောင်းလခ၊ ကျောင်းဝင်ခွင့် လိုအပ်ချက်၊ ကျောင်းသားပြည်ဝင်ခွင့်အခြေအနေတို့က အဓိကကျသော အချက်ဖြစ်နေသည်။

"မြန်မာကျောင်းသားအများစုက ပြည်ပမှာ ကျောင်းသွားတက်ရင် ဘယ်နိုင်ငံက ဝင်လို့လွယ်လဲ အရင်ကြည့်တယ်။ တကယ်တမ်းက ကိုယ့်ဝါသနာ၊ ငွေကြေးတတ်နိုင်မှုနဲ့ ကိုယ်လေ့လာသင်ယူမယ့်ဘာသာရပ်နဲ့ကိုက်ညီမယ့်ကျောင်းကို ဦးစားပေးစဉ်းစားသင့်တယ်။ သူများတွေ သွားနေကြလို့ ကိုယ်လည်း သွားမယ်ဆိုတာမျိုးမဖြစ်သင့်တော့ဘူး"ဟု နိုင်ငံတကာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ မန်နေဂျင်းဒါရိုက်တာကပြောသည်။

နိုင်ငံရပ်ခြားတွင် သွားရောက်မသင်ယူမီ မိမိ လေ့လာသင်ယူမည့် ဘာသာရပ်၊ တက်ရောက်မည့်တက္ကသိုလ်၊ ကောလိပ်နှင့်ယင်းနိုင်ငံအကြောင်းကိုပညာရေးကျွမ်းကျင်သူများ၊ နိုင်ငံရပ်ခြားပညာသင်အတွေ့အကြုံရှိသူများနှင့် အင်တာနက်မှတစ်ဆင့် လေ့လာသိရှိထားရမည်ဖြစ်ကြောင်း ၎င်းကအကြံပြုပြောကြားသည်။

လက်ရှိအချိန်တွင် မြန်မာကျောင်းသားများ သွားရောက်ပညာသင်ကြားနေသော ပြည်ပနိုင်ငံများသည်နိုင်ငံတကာကျောင်းသားများအား ကျောင်းဝင်ခွင့်နှင့် ပြည်ဝင်ခွင့်များ စိစစ် တင်းကျပ်လာလျက်ရှိသည်။ **စာ(၂၂)သို့**

**သင်တန်းသားအလိုရှိသည်**

**International Language & Business Centre, ILBC** တွင် **Teacher Training** သင်တန်း ဖွင့်လှစ်ရန်အတွက် သင်တန်းသူ/သားများ လိုအပ်နေပါသဖြင့် လျှောက်ထားလိုသူများ ရုံးချိန်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်၊ အသက် ၃၀နှစ်ထက်မကျော်ရ။ လျှောက်လွှာရွေးချယ်ခံရသူသည် သင်တန်းတက်ရောက်ခွင့် အင်္ဂလိပ်စာ စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး သင်တန်းကာလ ၃လပြီးဆုံးအောင်မြင်သည့်အခါ **Trainee Teacher** အဖြစ် တာဝန်ပေးခန့်အပ်မည်ဖြစ်ပါသည်။ **colour** လိုင်စင်ဓါတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ သန်းခေါင်စာရင်း နှင့် အခြားလိုအပ်သော စာရွက်စာတမ်း ထောက်ခံစာများနှင့်အတူ **Human Resources Department,** အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

excel education centre

Room 309, MGW Tower,
Bo Aung Kyaw Road,
Botahtaung Tsp., Yangon.
Tel : 01-376763, 09 43 111514
Fax : 01-376763

IELTS / IGCSE / GCE "A" Level.

For your all-round Development

Contact, Enquire and ENROL NOW!

## ဗြိတိန်ကျောင်းဆရာများ သင်ရိုးသစ်အတွက် သင်္ချာနှင့် သင်္ချာဘာသာရပ်များတွင် မွမ်းမံသင်ယူရမည်

**လန်ဒန်၊ ဇွန် - ၁၂**

ဗြိတိန်နိုင်ငံရှိ ကျောင်းဆရာ၊ ဆရာမထောင်ပေါင်းများစွာသည် အသစ်ပြဋ္ဌာန်းထားသော ခက်ခဲသည့် အခြေခံပညာကျောင်းသင်ခန်းစာများကို နားလည်နိုင်စွမ်းချို့တဲ့နေ၍ သင်္ချာနှင့် သဒ္ဒါပညာရပ်များ ပြန်လည်သင်ယူရမည်ဖြစ်ကြောင်း သိရသည်။

ဆယ်စုနှစ်တစ်ခုကျော်ကြာ ပြဋ္ဌာန်းသင်ကြားခဲ့သည့် အင်္ဂလန်၏ အခြေခံပညာသင်ရိုးညွှန်းတမ်းကိုပြန်လည်ပြောင်းလဲရန် အစိုးရဝန်ကြီးများကကြေညာခဲ့ပြီးနောက် ယခုဖြစ်စဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အသစ်ပြဋ္ဌာန်းမည့်သင်ရိုးတွင် ပိုမိုခက်ခဲသော အင်္ဂလိပ်သင်ခန်းစာနှင့် သဒ္ဒါ၊ စာလုံးပေါင်း သတ်ပုံလေ့ကျင့်ခန်းများ ပါဝင်ကာ သင်္ချာသင်ခန်းစာများကိုလည်း ပိုမိုအဆင့်မြှင့်ထားကြောင်း သိရသည်။

ထို့ကြောင့် ကျွမ်းကျင်သူများက ကျောင်းဆရာအများစုသည် သင်ခန်းစာသစ်များကို ကျောင်းသားများအား ပို့ချနိုင်ရန် မွမ်းမံသင်တန်းများ တက်ရောက်ရန်လိုအပ်သည်ဟုပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ၁၉၇၀နှင့် ၈၀ ပြည့်နှစ်များအတွင်း ပညာသင်ခဲ့ကြသည့် ကျောင်းဆရာအများစုမှာ စာသင်ကျောင်း၌ သဒ္ဒါကို သင်ကြားခဲ့ရဖူးခြင်းမရှိကြောင်း သိရသည်။

အဆိုပါကျောင်းဆရာ၊ဆရာမများအနေဖြင့် ၂၀၁၄တွင်စတင်မည့်သင်ရိုးသစ်ကိုသင်ကြားနိုင်ရန်ကြိုတင်၍ သဒ္ဒါသင်ကြားရန်လိုအပ်နေခြင်းဖြစ်သည်။ ဗြိတိန်ပညာရေးဝန်ကြီး မိုက်ကယ်ဂိုဗ်က ပညာရေးတွင် ၁၉၈၈မှ စတင် အသုံးပြုခဲ့သောကလေးများ၏ တိုးတက်မှုတိုင်းတာသည့် အမှတ်ပေးစနစ်ဟောင်းကိုလည်း ဖျက်သိမ်းကာ အမှတ်ပေးစနစ်သစ်အသုံးပြုသွားမည်ဟုကြေညာခဲ့သည်။

—Ref: Dailymail



Find out why Curtin graduates are highly sought after all over the world.

Curtin University သည် Australia နိုင်ငံ အနောက်ပိုင်းတွင် တည်ရှိ၍ အပြည်ပြည်ဆိုင်ရာ ကျောင်းသားများစွာ တက်ရောက်သောတက္ကသိုလ်ဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၃၀၀ ထဲတွင်ပါဝင်လျက်ရှိပါသည်။ Curtin University သည် အာရှတိုက်နှင့်နီးသော Perth မြို့တွင်တည်ရှိပြီး လူနေမှုအဆင့်အတန်း မြင့်မားသော ပတ်ဝန်းကျင်နှင့်စိတ်တက်ကြွ လှုပ်ရှားဖွယ်ရာကျောင်းသားဘဝကို ရရှိနိုင်မည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းခွင်များနှင့်ချိတ်ဆက်ထားပြီး နိုင်ငံတကာအသိအမှတ်ပြု Diploma , Bachelor ဘွဲ့များနှင့်ဘွဲ့လွန်ပညာရပ်များကို သင်ကြားပေးနေ၍ ကျောင်းပြီးသည်နှင့် ဘွဲ့ရကျောင်းသားများအတွက် လုပ်ငန်းခွင်အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ပေးနေခြင်းဖြစ်ပါသည်။ www.international.curtin.edu.au

Curtin College သည် Curtin University ၏ဒုတိယနှစ်သို့ တိုက်ရိုက်ဝင်ရောက်နိုင်ရန် ရွေးချယ်နိုင်သော လမ်းကြောင်းတစ်ခု ဖြစ်သည်။ www.curtincollege.edu.au

Curtin University ၏ Associate Professor Mr. Walter Ong နှင့် Ms. Corrinne Li တို့နှင့်တွေ့ဆုံ၍ Curtin တွင် ရွေးချယ်နိုင်သော ဘာသာရပ်များနှင့် တက်ရောက်နိုင်သော လမ်းကြောင်းများကို ဆွေးနွေးတိုင်ပင်သိရှိနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

Date: Saturday, June 23
Time: 1pm – 3 pm
Location: PARKROYAL Hotel ( Padamyar 3 Room ),
33 Alan Pya Phaya Road, Dagon Township.
တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ ရများအတွက်အထူး

For more information, contact YIUS: Tel: 652297, 652311; 09 73148739
Email: info@yius.org; Visit: yiusmyanmar.org

YIUS Pre-University Level Studies
Curtin College
Curtin University

Curtin University is a trademark of Curtin University of Technology. CRICOS Provider Code 00301J (WA), 02637B (NSW). Curtin College, CRICOS Provider Code 02042G

စာ-၂၁၊ အဆင့်မြင့်ပညာရေးသင်ကြားမှုရေစီးကြောင်း ပြောင်းတော့မလား မှ

ထို့ကြောင့် မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံရပ်ခြား ပညာသင်အခွင့်အလမ်းအတွက် အချိန်ယူ ပြင်ဆင်၍ ပိုမိုကြိုးပမ်းအားထုတ်မှုလိုအပ်လာကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

နိုင်ငံရေး ပွင့်လင်းလာမှုနှင့်အတူ ပြည်ပနိုင်ငံအချို့မှ ပညာတော်သင်အစီအစဉ်များ တိုးပွားလာခြင်းသည် ထူးချွန် မြန်မာကျောင်းသားများအတွက် နိုင်ငံခြားပညာရေး အခွင့်အလမ်းသစ်များဖြစ်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံခြားအစိုးရ၊ အဖွဲ့အစည်းများတွင် ပညာသင်ဆုလျှောက်ထားရန် ရည်မှန်းချက်ထားသော ကျောင်းသားများအနေဖြင့် အကယ်ဒမစ်နောက်ခံပညာရေးကောင်းမွန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်တွင် အလုပ်လုပ်ကိုင်ရန်၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်နေစေရန်နှင့် ပညာသင်ဆုအစီအစဉ်မှ ပေးအပ်သောပညာရပ်များအကြောင်း သိရှိနေစေရန် ကြိုတင်လေ့လာပြင်ဆင်ထားရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက်ပြည်တွင်း၌အဆင့်မြင့် ပညာဆက်လက်သင်ယူမည့် ကျောင်းသားများအတွက် ထူးခြားချက်မှာ ယခုနှစ်ပိုင်းအတွင်း ပုဂ္ဂလိကပညာရေးအခွင့်အလမ်းများ ပေါ်များလာခြင်းဖြစ်သည်။

ယခုနှစ်ပိုင်းတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ပုဂ္ဂလိကကောလိပ်အချို့ ထပ်မံပေါ်ထွက်လာသလို နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းကျောင်းများလည်း သိသိသာသာ များပြားလာသည်။ ကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းသစ်များ ဖြစ်တည်လာနေသလို အဆိုပါပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် တိကျမှန်ကန်သောသတင်းအချက်အလက်များရရှိရန်အရေးကြီးလာသည်။

"ဆရာမတို့တုန်းကတော့ ရွေးချယ်စရာ သိပ်မရှိဘူးလေ။ ရှိတာပဲ တတ်အောင်သင်ရတယ်။ အခုက အခွင့်အလမ်းတွေပေါ်လာနေသလို ကိုယ့်ရွေးချယ်မှုက မှန်ကန်မှုရှိဖို့လည်း သတိထားသင့်တယ်။ ဟိုသင်တန်းတက်ပြီး တစ်ပိုင်းတစ်စနဲ့ အဆင်မပြေတာမျိုး၊ နောက်သင်တန်းကလည်း မပြီးတာမျိုးတွေ ရှိလာနေတယ်။ ကိုယ်လေ့လာမယ့် ဘာသာရပ်နဲ့ ကိုယ်တက်မယ့်သင်တန်းအကြောင်းကို အသေအချာသိထားဖို့လိုလာပါတယ်"ဟု စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခတစ်ဦးကဆိုသည်။

ယခု ပညာသင်နှစ်မှ စတင်၍ အခြေခံပညာအဆင့်တွင် ပုဂ္ဂလိကပညာရေးဥပဒေကိုကျင့်သုံးဆောင်ရွက်မည်ဖြစ်သော်လည်း အဆင့်မြင့်ပညာအဆင့်တွင် ပုဂ္ဂလိကပညာရေးဥပဒေ ထုတ်ပြန်ရန် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကကောလိပ်များ၊ နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းကျောင်းများသည် နိုင်ငံခြားပညာရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ မိမိတို့အစီအစဉ်ဖြင့် သင်တန်းဖွင့်လှစ်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

အဆိုပါ ပုဂ္ဂလိကပညာရေးလုပ်ငန်းများ၏ ပညာအရည်အသွေးခိုင်မာမှု၊ ကျောင်းလခနှင့် အခြားအာမခံချက်များအတွက် ကျောင်းသားများကိုယ်တိုင် စဉ်းစားဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ပြဿနာအခြေအနေကြုံတွေ့ရပါက မိမိဘာသာ ရင်ဆိုင်ဖြေရှင်းရမှုများရှိနေသည်။

"တချို့ကျောင်းတွေက ပြဿနာရှိနေတယ်။ ဒီမှာကျောင်းတက်ပြီးသွားရင်နိုင်ငံခြားမှာသွားတက်ဖို့ ဒါမှမဟုတ် ထိုက်သင့်တဲ့အလုပ်အကိုင်အာမခံချက်ပေးဖို့ အရေးကြီးတယ်။ ကျောင်းအများစုက အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းတွေဖြစ်တယ်။ အကယ်ဒမစ်မဟုတ်ဘူး။ ဒါကို ကျောင်းသားတွေ သိထားသင့်တယ်။ အခု တချို့ ကျောင်းတွေ ပြောနေတာကို ကျောင်းပြီးတဲ့အချိန်မှာ တကယ် မဖြည့်ဆည်းနိုင်ရင် ပုဂ္ဂလိကပညာရေးကို လူတွေအယုံအကြည်မဲ့သွားလိမ့်မယ်" ဟု ပုဂ္ဂလိကပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ပညာရေးလေ့လာသူတစ်ဦးကဆိုသည်။

နိုင်ငံခြားပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဖွင့်လှစ်ထားသော ပြည်တွင်းရှိ နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းကျောင်းအချို့အနေဖြင့် ကျောင်းသားများအား လွဲမှားသောမျှော်လင့်ချက်များ မပေးမိစေရန်သတိပြုသင့်ကြောင်း ၎င်းကထောက်ပြပြောကြားသည်။

မြန်မာကျောင်းသားများအနေဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရေးရည်မှန်းချက်များသည် အခွင့်အလမ်းသစ်များကိုရရှိနိုင်မည်ဖြစ်သလို သတိပြုသင့်သောအချက်များနှင့် စိန်ခေါ်မှုများလည်းရှိနေခြင်းဖြစ်သည်။

ယခုအခါ ပြည်တွင်း၌ နိုင်ငံတကာနှင့်ချိတ်ဆက်၍ ဖွင့်လှစ်သင်ကြားသော သင်တန်းကျောင်းများ အပြိုင်အဆိုင်ဖြစ်ပေါ်လာသလို ပြည်ပနိုင်ငံများကလည်း တိုက်ရိုက်လာရောက်၍ သင်တန်းကျောင်းဖွင့်လှစ်ရန် စီစဉ်မှုများရှိနေပြီဖြစ်သည်။

ယင်းအခြေအနေတွင် မြန်မာကျောင်းသားများအတွက် နိုင်ငံခြားပညာရေးအခွင့်အလမ်းသည် ကျောင်းဝင်ခွင့်နှင့် ပြည်ဝင်ခွင့် တင်းကျပ်လာမှု၊ ကျောင်းလခနှင့်ပညာသင်စရိတ်မြင့်တက်လာမှု၊ ကျောင်းပြီးချိန် ယင်းနိုင်ငံတို့၌ ဆက်လက်နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိရန် စိန်ခေါ်မှုများ ပြင်းထန်လာနေသည်။

ပညာရေးအခွင့်အလမ်း ပြောင်းလဲမှုအရ တက္ကသိုလ်ဝင်တန်းအလွန် မြန်မာကျောင်းသားများ၏ အဆင့်မြင့်ပညာရေးရွေးချယ်မှု ဦးတည်ချက်သည် လာမည့်ကာလတွင်ပြည်ပထက်ပြည်တွင်းကို ဦးစားပေးစဉ်းစားလာဖွယ်ရှိနေကြောင်း ပညာရေးလေ့လာသူများကသုံးသပ်သည်။

TOTAL E&P MYANMAR

**ဟောပြောပွဲဖိတ်ကြားခြင်း**

တိုတယ်မြန်မာသည် ရတနာကမ်းလွန်သဘာဝဓါတ်ငွေ့စီမံကိန်းကို MOGE, UNOCAL, PTTEP ကုမ္ပဏီတို့နှင့်အတူ ဦးစီးလုပ်ဆောင်နေသည့် ကုမ္ပဏီဖြစ်ပါသည်။

တိုတယ်မြန်မာမှ "Supply Chain Principle & Practices" ခေါင်းစဉ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဟောပြောမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တတ်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်၊ အချိန် – ဇွန်လ (၂၄)ရက်၊ နေ့လည် (၂) နာရီ
နေရာ – UMFCCI ရုံးချုပ်၊ (၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

M.O.G.E UNOCAL 76 TOTAL PTTEP

**<u>ဝန်ထမ်းအမြန်အလိုရှိသည်</u>**

(၁) **Chemist** -ကျား/မ(၅)ဦး
-B.Sc (I.C), Chemistry,၊ B.E/B-Tech/ A.G.T.I (Food Technology),
လူသုံးကုန်/ စားသောက်ကုန်လုပ်ငန်း အတွေ့အကြုံ(၃)နှစ် ရှိသူကို ဦးစားပေးမည်။

(၂) **သန့်ရှင်းရေးကြီးကြပ်ရေးမှူး** –ကျား/မ(၂)ဦး
–၁၀ တန်းအောင်/ဘွဲ့ရ
စက်ရုံ/အလုပ်ရုံ သန့်ရှင်းရေးကြီးကြပ်ရေးမှူးအနည်းဆုံး (၃)နှစ်အတွေ့အကြုံရှိသူကိုဦးစားပေးမည်။

–အထက်ပါအလုပ်လျှောက်ထားသူများသည် မိမိ၏ ကိုယ်ရေးရာဇဝင်၊ လေဘာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရယက + ရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းမိတ္တူ၊ ဓါတ်ပုံ(၂)ပုံ နှင့်အတူ (၃၀.၆.၂၀၁၂)ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်းလာရောက်လျှောက်ထားနိုင်ပါသည်။

<u>လျှောက်လွှာတင်ရမည့်နေရာ</u>။ ။အမှတ်၁၀၁/၁၀၂၊ ချယ်ရီလမ်း၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။

Technology

7 DAY NEWS JOURNAL

Vol.11, No.15 • JUNE 21 , 2012

## ကောလ်စင်တာဝန်ဆောင်မှုအသစ် ထပ်မံတိုးချဲ့

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၁၄**

ပြည်တွင်း၏ ပထမဆုံး တယ်လီဖုန်းခေါ်ဆိုမှုစင်တာဖြစ်သည့်ရတနာပုံကောလ်စင်တာမှနောက်ထပ်ဝန်ဆောင်မှု အသစ်လေးမျိုးကို တိုးချဲ့သွားမည်ဟု သတင်းရရှိသည်။

ယင်းဝန်ဆောင်မှုလေးမျိုးမှာ ကျန်းမာရေး၊ ဟိုတယ်လုပ်ငန်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့် ဗေဒင်ဆိုင်ရာအကြောင်းအရာများ အစရှိသည်တို့ ဖြစ်ကြသည်။

နံပါတ် ၁၈၇၅ ကို ဆက်ခြင်းဖြင့် အထက်ပါဝန်ဆောင်မှုလေးမျိုးကို ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်ပြီး တစ်မိနစ်လျှင် တစ်ရာကျပ်နှုန်းဖြင့် ခေါ်ဆိုသည့် ဖုန်း၏ ဖုန်းဘီလ်မှ ဖြတ်တောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဝန်ဆောင်မှုလေးမျိုးတွင် ကျန်းမာရေးဝန်ဆောင်မှုနှင့်ပတ်သက်ပြီး မေးမြန်းလိုပါက ကောလ်စင်တာမှတစ်ဆင့် မေးမြန်းလာသူများကို ၎င်းတို့ သိလိုသည့်အကြောင်းအရာများနှင့် သက်ဆိုင်သောဆရာဝန်များနှင့် ချိတ်ဆက်ပေးမည်ဟုဆိုသည်။

ထို့အပြင် ဟိုတယ်နှင့်ပတ်သက်သော ဝန်ဆောင်မှုများတွင် ပြည်တွင်း၊ပြည်ပဧည့်သည်များအတွက် ဟိုတယ်များကို ကြိုတင်ဘွတ်ခ်ကင်များဆောင်ရွက်ပေးခြင်း၊ ဘာသာစကားမျိုးစုံဧည့်လမ်းညွှန်များ ငှားရမ်းပေးခြင်း အစရှိသည်တို့အပြင် အခြားဆက်စပ်ဝန်ဆောင်မှုများပါ ပါဝင်ထားသည်။

အလုပ်အကိုင် ရှာဖွေသည့်ဝန်ဆောင်မှုတွင် အလုပ်အကိုင်ရှာဖွေလိုသူများအနေဖြင့် ၁၈၇၅ နံပါတ်ကိုဆက်ပြီး ကိုယ်ရေးရာဇဝင်ဖောင်များကို တင်နိုင်ခြင်း၊ အလုပ်သမားလိုအပ်သော ကုမ္ပဏီများကလည်း ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ခြင်း၊ အင်တာဗျူးဖြေခွင့်ရမည့်သူများသို့ SMS ဖြင့် စာတိုပို့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။


ဗေဒင်နှင့်ပတ်သက်သော အကြောင်းအရာများကို မေးမြန်းလိုသူများအနေဖြင့်လည်း သိလိုသမျှကို ဆက်သွယ်မေးမြန်းနိုင်သည်ဟုလည်းဆိုသည်။

ရတနာပုံကောလ်စင်တာအနေဖြင့် အထက်ပါဝန်ဆောင်မှုအားလုံးကို သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ကျွမ်းကျင်သူများနှင့် တိုက်ရိုက်ချိတ်ဆက်ထားမည်ဖြစ်ပြီး တစ်မိနစ်လျှင် တစ်ရာကျပ်နှုန်း ကုန်ကျမည်ဖြစ်သည်။

ရတနာပုံကောစင်တာသည် ကနဦး စတည်ထောင်ချိန်တွင် တစ်မိနစ် သုံးကျပ်ဖြတ်တောက်သည့် ၁၈၇၆ ဟူသော နံပါတ်ဖြင့် စတင်ခဲ့ပြီး ယင်းဝန်ဆောင်မှုတွင် မြန်မာ့ဆက်သွယ်ရေး၊ ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့်ပတ်သက်သည့်ဝန်ဆောင်မှုများနှင့် အထွေထွေဝန်ဆောင်မှုကဏ္ဍဟူပြီး သုံးမျိုးခွဲခြားဝန်ဆောင်မှုပေးနေသည်။

ကောလ်စင်တာ၏ ဖုန်းနံပါတ်၁၈၇၆၊၁၈၇၅နံပါတ်များက ပေးနေသော ဝန်ဆောင်မှုများကို ၂၄ နာရီပေးနေသည်ဟု ဆိုသည်။

## ရခိုင်ဒေသပဋိပက္ခများတွင် ဘက်လိုက်သော မီဒီယာဝက်ဘ်ဆိုက်များကို ဟက်ကာအဖွဲ့တစ်ဖွဲ့ တိုက်ခိုက်မည်ဟုဆို




**ယုဇနကိုကို**

**ရန်ကုန်၊ဇွန်-၁၄**

မြန်မာနိုင်ငံသားဟက်ကာ(Hacker)များဖြင့် ဖွဲ့စည်းထားသည့် BHG (Blink Hacker Group)က လက်ရှိဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ် ပဋိပက္ခအခြေအနေများတွင် ဖြစ်ရပ်မှန်နှင့်ဆန့်ကျင်စွာရေးသားနေကြသည့်ပြည်တွင်းပြည်ပမှ ထုတ်လွှင့်နေသည့်ဝက်ဘ်ဆိုက်များကိုတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့ဝင်တစ်ဦးက 7Day News သို့ ပြောသည်။

BHG မှ အဓိက Hacking ပြုလုပ်မည့်ဆိုက်များမှာ 'အကြမ်းဖက်သမားများ'ကို ထောက်ခံအားပေးသူများ လွှင့်တင်ထားသည့် ဆိုက်မှန်သမျှဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သိရထားရသလောက် အကြမ်းဖက်သမားတွေရဲ့ အထောက်အပံ့နဲ့ နေနေကြတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေရှိပါတယ်။ လက်ရှိအဖြစ်အပျက်တွေကို ဆန့်ကျင်ရေးသားနေတဲ့ ဆိုက်မှန်သမျှကို တိုက်ခိုက်သွားမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

BHG က ၎င်းတို့ထိုသို့လုပ်ဆောင်မည့် အကြောင်းအရာကို မည်သူတစ်စုံတစ်ဦးက ထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ အကြမ်းဖက်ခံ ရခိုင်တိုင်းရင်းသားများဘက်မှနေပြီး ၎င်းတို့တတ်ကျွမ်းထားသည့် ပညာရပ်များကို အသုံးချကာ ရပ်တည်သွားမည်ဟုသိရသည်။

ပြည်တွင်းပြည်ပရှိ နည်းပညာလေ့လာစောင့်ကြည့်သူများနှင့် အဆိုပါဟက်ကာအဖွဲ့၏ အဆိုအရ BHG သည်ယခင်တည်ထောင်သူများဖြစ်ခဲ့သော First Generation ကို ဖြုတ်သိမ်းပြီး Second Generation ဖြင့် ဆက်လက်ရပ်တည်နေခြင်းဖြစ်သည်။ အကြမ်းဖက်သမားများကို ထောက်ခံရေးသားနေသည့် ဝက်ဘ်ဆိုက်များအတွက် တိုက်ခိုက်သွားမည့်အစီအစဉ်ကို ပထမတည်ထောင်သူများနှင့် ဒုတိယတည်ထောင်သူများ ပူးပေါင်းထားသည်ဟုဆိုသည်။



## အသေးစားကမ္ဘာမြေလေ့လာရေး ဂြိုဟ်တု တစ်နှစ်အတွင်း လွှတ်တင်နိုင်မည်ဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ ဇွန်-၁၄**

ဝင်ရိုးစွန်းပတ် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်လုံး လွှတ်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် လေ့လာမှုများ စတင်လုပ်ဆောင်နေပြီးဖြစ်ပြီး ခြောက်လမှ တစ်နှစ်ခန့်အတွင်း လွှတ်တင်နိုင်ရန် မျှော်မှန်းထားသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂြိုဟ်တုလွှတ်တင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ကူညီပေးမည်ဖြစ်ပြီး ဂျပန်နည်းပညာကုမ္ပဏီက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များနှင့် အသုံးဝင်မှုများကို ဆွေးနွေးပြီး မြန်မာနိုင်ငံတွင် အာကာသမှ အဝေးအာရုံခံစနစ်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာရွေးချယ်ရန် စသည်တို့ကို လေ့လာသွားမည်ဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံအတွက်သီးသန့်လွှတ်တင်မည့်ဝင်ရိုးစွန်းပတ်ဂြိုဟ်တုသည် မြေပြင်မှ အမြင့်ကီလိုမီတာ ၅၀၀ ခန့်မှ မြန်မာနိုင်ငံပေါ် တည့်တည့် လမ်းကြောင်းအတိုင်း ကမ္ဘာမြေပြင်ကိုပတ်နေမည်ဖြစ်ပြီး ငါးရက်ခန့်အကြာတွင် တစ်ပတ်ပတ်နိုင်မည်ဟု ဆိုသည်။

မြန်မာနိုင်ငံမှ ဒေသအသီးသီးအတွက် လိုအပ်သော အချက်အလက်များကို တခြားနိုင်ငံပိုင် ဂြိုဟ်တုများမှ ဝယ်ယူသုံးစွဲစရာမလိုတော့ခြင်းနှင့် အချက်အလက်အတိအကျများကို ရရှိနိုင်ခြင်းကြောင့် လေလွင့်ဆုံးရှုံးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်မည်ဟု သိရသည်။

ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကို လွှတ်တင်နိုင်ပါက ဂြိုဟ်တုမှ ရရှိသည့် မှတ်တမ်းအချက်အလက်များကို အသုံးပြုခြင်းဖြင့် မြစ်ရေကြီးမှု၊ မြေလျှင်လှုပ်ရှားမှု၊ မြေပြိုမှုစသည့်သဘာဝဘေးအန္တရာယ်များကို ဆန်းစစ်လေ့လာခြင်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ၊ သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ခင်းများကြီးထွားမှု ဆန်းစစ်လေ့လာခြင်း၊ သစ်တောပြုန်းတီးမှု လေ့လာခြင်းစသည့် လုပ်ငန်းများ အားလုံးကို ဆောင်ရွက်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြား

စာ(၃၄)သို့




အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ 01-557638, 09-73085653

# Samsung နှင့် Apple ကမ္ဘာ့စမတ်ဖုန်းဈေးကွက်ကို ထက်ဝက်ကျော်ယူ



**နယူးယောက်၊ဇွန်-၁၇**

တောင်ကိုရီးယား၏ နာမည်ကျော်နည်းပညာကုမ္ပဏီ Samsung နှင့် အမေရိကန်နည်းပညာကုမ္ပဏီ Apple တို့၏ စမတ်ဖုန်းများသည် ကမ္ဘာ့စမတ်ဖုန်းဈေးကွက်၏ ဝေစုထက်ဝက်ကျော်ကိုရရှိထားပြီး ဈေးကွက်တစ်ခုလုံး၏အမြတ် ၉၀ ရာခိုင်နှုန်းကို ရရှိထားကြောင်း ABI Reserach ခေါ် ဈေးကွက်သု တေသနကုမ္ပဏီက ဖော်ပြလိုက်သည်။

ကုမ္ပဏီကထုတ်ပြန်သော အစီရင်ခံစာ၌ ကမ္ဘာ့စမတ်ဖုန်း တင်ပို့မှုနှုန်းသည် ၂၀၁၂ ပထမသုံးလပတ်ကာလအတွင်း ယမန်နှစ်ကထက် ၄၁ ရာခိုင်နှုန်းတိုးတက်ကာ လုံးရေ ၁၄၄ ဒသမ ၆ သန်းရှိခဲ့ကြောင်းဆိုသည်။ ထို့ပြင် Samsung နှင့် Apple မှာ ကမ္ဘာ့စမတ်ဖုန်းတင်ပို့မှု၏ ၅၅ ရာခိုင်နှုန်းကို တင်ပို့နေပြီး စုစုပေါင်းအမြတ်မှ ၉၀ ရာခိုင်နှုန်းခန့်ကို ရရှိနေကြောင်းဆိုထားသည်။ ABI က Samsung သည် ယခု နှစ်ပထမသုံးလပတ်အတွင်း စမတ်ဖုန်းလုံးရေ ၄၃ သန်းတင်ပို့ခဲ့ကာ Apple မှာ ၃၅ သန်းတင်ပို့ ခဲ့သည်။ နိုကီယာမှာ တတိယနေရာတွင်ရှိခဲ့ပြီး လုံးရေ ၁၁ ဒသမ ၉ သန်းတင်ပို့ခဲ့ကာ၊ Research In Motion၏ Black Berry ဖုန်းများမှာ လုံးရေ ၁၁ ဒသမ ၁ သန်း တင်ပို့ခဲ့သည်။ ပြီးခဲ့သည့်လက Gartner သုတေသနကုမ္ပဏီမှ ထုတ်ပြန်သော အစီရင်ခံစာတွင်လည်း ယခုနှစ်ပထမသုံးလပတ်က ကမ္ဘာတစ်ဝန်း မိုဘိုင်းဖုန်းဝယ်ယူမှု လုံးရေ ၄၁၉ ဒသမ ၁ သန်းရှိခဲ့ပြီး ယမန်နှစ် ထိုကာလထက် ဝယ်ယူမှုနှုန်း နှစ်ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဖော်ပြထားသည်။ *—Ref:AFP*




# အင်တာပိုလ် အချက်အလက်ဝန်ဆောင်မှု ပထမဆုံးသုံးသော တောင်အာရှနိုင်ငံအဖြစ် သီရိလင်္ကာဖြစ်လာ




**ကိုလံဘို၊ ဇွန် - ၁၂**

သီရိလင်္ကာနိုင်ငံသည် တောင်အာရှဒေသ၏ ပထမဆုံးအင်တာပိုလ် (အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့) ဒေတာဘေ့စ် ဝန်ဆောင်မှုကို စတင်လိုက်ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။ အင်တာပိုလ်၏ ဒေတာဘေ့စ်ဝန်ဆောင်မှုနှင့် သီရိလင်္ကာနယ်စပ် လူဝင်မှုထိန်းချုပ်ရေးစနစ်တို့ ပေါင်းစပ်ခဲ့သည့် အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီး ဂိုတာဘယာရာဂျပတ်စာ တက်ရောက်ခဲ့သည်။ ယခုကဲ့သို့ အင်တာပိုလ်နှင့် သီရိလင်္ကာတို့သတင်းအချက်အလက်ဆိုင်ရာဝန်ဆောင်မှုပေါင်းစပ်လုပ်ဆောင်ခြင်းမှာ တောင်အာရှဒေသတွင် ပထမဆုံးဖြစ်ပြီး နယ်စပ်ဖြတ်ကျော်လာသော နိုင်ငံတကာပြစ်မှုကျူးလွန်သူများကို ခြေရာခံ၊ စုံစမ်းစစ်ဆေးနိုင်မည်ဖြစ်သည်။

ယခုတပ်ဆင်ခဲ့သော အင်တာပိုလ်၏ဒေတာဘေ့စ်ဝန်ဆောင်မှုစနစ်တွင် နိုင်ငံတကာ ရာဇဝတ်သမားများ၏ ဓာတ်ပုံများ၊ လက်ဗွေရာများနှင့် မှတ်တမ်းမှတ်ရာများစွာ ပါဝင်ပြီး ၂၀၁၁ နိုဝင်ဘာအထိ မှတ်တမ်းတင်ထားသမျှ အချက်အလက်ပေါင်း ၃၂ သန်းရှိထားသည်။ ယခုအခါ အင်တာပိုလ်၏ ထိုဒေတာဘေ့စ်ကို ချိတ်ဆက်အသုံးပြုနေသော နိုင်ငံပေါင်း ၁၈၇နိုင်ငံရှိပြီဟုသိရသည်။

*—Ref: Xinhua*

## စာ(၂၃၀) - အသေးစားကမ္ဘာမြေလေ့လာရေး ဂြိုဟ်တု တစ်နှစ်အတွင်း လွှတ်တင်နိုင်မည်ဟုဆို မှ

ရေးမှူးချုပ်က ရှင်းလင်းပြောကြားသည်။

ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကို လွှတ်တင်ရန်အတွက် ဂြိုဟ်တုတွင် တပ်ဆင်ရန်လိုအပ်မည့် ကိရိယာများနှင့် လိုအပ်ချက်များကို အချက်အလက်များ အသုံးပြုမည့်ဌာနများနှင့် ဆွေးနွေး၍ လေ့လာရေးလုပ်ငန်းများ အားလုံးပြီးစီးပါက အဆိုပါ ဂြိုဟ်တုလွှတ်တင်နိုင်မည့်အချိန်ကို ပြောကြားနိုင်မည်ဟုလည်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက အသေးစားကမ္ဘာမြေလေ့လာရေးဂြိုဟ်တု လွှတ်တင်ရေး ပထမအဆင့် လေ့လာရေး စာချွန်လွှာကို ဇွန် ၁၄ ရက်တွင် ဂျပန်နည်းပညာကုမ္ပဏီသို့ ပေးအပ်ခဲ့ပြီး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

# ထူးချွန်သောဝိဇ္ဇာများ ပေါ်လာစေဖို့

မင်းသန်းထိုက် (ဒေးဒရဲ)



၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်စာရင်းတွေ ထွက်ခဲ့ပါပြီ။ အောင်တဲ့သူတွေ ပျော်ကြ၊ မော်ကြသလို ရှုံးတဲ့သူတွေမှိုင်ကြ၊ ငိုင်ကြနဲ့ပဲ ပညာရေး ပြဇာတ်ရှည်ကြီးကတော့ နှစ်တစ်နှစ်အတွက် တစ်ခန်းရပ်ခဲ့ပြန်ပါပြီ။ မကြာခင်မှာ တက္ကသိုလ်ဝင်ခွင့်တွေခေါ်တော့မည်။ အောင်သူတွေက ကိုယ်ရတဲ့အမှတ်ပေါ် မူတည်ပြီး သင့်နိုးရာရာ တက္ကသိုလ်တွေဆီ လျှောက်ကြမည်။ ဝင်ခွင့်ရတဲ့ တက္ကသိုလ်တွေမှာ မဆုံးသေးတဲ့ပညာရေးခရီးကိုဆက်လျှောက်ကြရဦးမည်။ အနည်းဆုံး ဘွဲ့တစ်ခုခုရတဲ့အထိပေါ့။

မျက်မှောက်ခေတ် ပညာရေးစနစ်အရ ကျောင်းသားအများစုကတော့ ဆေးတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ်ကစလို့ အနိမ့်ဆုံး ပညာရေးကောလိပ်အထိ ရွေးချယ်လျှောက်ထားကြသည်။ ဒါတွေ တစ်ခုမှ မမီတော့မှဘဲမေဂျာဘာသာရပ်တွေထဲမှာ သိပ္ပံတွဲက စစဉ်းစားသည်။ ဓာတုဗေဒ၊ ရူပဗေဒနှင့် အစဉ်အတိုင်းသွားလိုက်တာ ဝိဇ္ဇာဘာသာရပ်တွေဖြစ်တဲ့ မြန်မာစာ၊ သမိုင်း၊ ပထဝီတွေကဘိတ်တကာ့ဘိတ်ဆုံးရောက်သွားတော့၏။ တက္ကသိုလ်ပညာရေးဖြစ်စဉ်ကြီးမှာ သည်အတိုင်းလည်ပတ်နေတာ နှစ်တွေအတော်ကြာခဲ့ပါပြီ။ ဤဖြစ်စဉ်၏ အကျိုးဆက်အဖြစ် ဆယ်စုနှစ် နှစ်ခုမကကြာလာသောအခါ ဝိဇ္ဇာဘာသာရပ်တွေမှာ ထူးချွန်သူတွေ ရှားပါးလာတော့သည်။

တက္ကသိုလ်တွေမှာဝိဇ္ဇာဘာသာဘက်ကို ရောက်လာတဲ့ ကျောင်းသားအများစုက တက္ကသိုလ်ဝင်တန်းကို အမှတ်နည်းနည်းနှင့် ကပ်အောင်ခဲ့တဲ့သူတွေကများသည်။ ဘာသာရပ်အပေါ် အမှန်တကယ် စိတ်ဝင်စားလို့၊ ဝါသနာပါလို့ ယူတဲ့သူတွေရှိပါလိမ့်မည်။ သို့သော် အရေအတွက်အားဖြင့် အလွန်နည်းပါးပါသည်။ နောက်ဆုံးပိတ်အနေဖြင့် ဘွဲ့တစ်ခုရလျှင်ပြီးရော သဘောထားကာ ဝိဇ္ဇာဘာသာများဘက် ရောက်လာတဲ့သူက များပါသည်။ တက္ကသိုလ်ဝင်တန်းမှာ သင်္ချာဂုဏ်ထူးထွက်သူက သင်္ချာမေဂျာယူချင်ယူပါလိမ့်မည်။ ရူပဗေဒဂုဏ်ထူးရသူက ရူပဗေဒမေဂျာ ယူချင်ယူပါလိမ့်မည်။ မြန်မာစာဂုဏ်ထူးထွက်သူက မြန်မာစာ မေဂျာယူသူ အတော်ရှားပါလိမ့်မည်။

တက္ကသိုလ်တစ်ခုမှမိတ်ဆွေမြန်မာစာဆရာတစ်ယောက်က ပြောဖူးသည်။ မြန်မာစာမေဂျာတဲ့ဗျာ နောက်ဆုံးနှစ်ရောက်တာတောင် စာလုံးပေါင်းသတ်ပုံမမှန်ဘူးတဲ့။ ကျွန်တော်ကိုယ်တိုင်လည်း ကြုံဖူးသည်။ သမိုင်းအဓိကဖြင့် အဝေးသင်တက္ကသိုလ်တက်နေသော ကျောင်းသားတစ်ယောက်။ ဆင်ဖြူများရှင်ကို ဘုရင့်နောင်မှန်းမသိချေ။ သည်အတိုင်းဆိုလျှင် ဒေါက်တာသန်းထွန်းလို သမိုင်းပညာရှင်တွေ၊ ဒေါက်တာလှဘေတို့လို မြန်မာစာပညာရှင်တွေ၊ ယုတ်စွအဆုံး သက်ရှိထင်ရှားရှိဆဲဖြစ်သည့် ဆရာကြီးဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့လို မြန်မာစာပညာရှင်တွေ အနာဂတ်မှာ ပေါ်ပေါက်လာဖို့ အလွန်ခဲယဉ်းသွားပေလိမ့်မည်။

ဤပြဿနာ၏ ရင်းမြစ်သည် အခြေခံပညာအထက်တန်းတွင် ဘာသာတွဲများ ခွဲရာက စသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်တို့ ကျောင်းသားဘဝက အဋ္ဌမတန်းအောင်စာရင်း၌ပင် သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲခွဲ၍ အောင်စာရင်းထုတ်ပေးလိုက်သည်။ (ထိုစဉ်က အစိုးရစစ်ဖြစ်ပါသည်။) ကျောင်းဖွင့်၍ နဝမတန်းတက်သောအခါ သိပ္ပံတွဲရသူက ဝိဇ္ဇာတွဲပြောင်းတက်ချင်လျှင်ရပါသည်။ ဝိဇ္ဇာတွဲသမားက သိပ္ပံတွဲပြောင်းယူ၍ မရပါ။ အဋ္ဌမတန်းရမှတ်များအပေါ် မူတည်၍ သိပ္ပံ၊ ဝိဇ္ဇာခွဲပေးခြင်းဖြစ်ရာဆယ်တန်းစာမေးပွဲ၌ ဘာသာတွဲနှစ်ခုစလုံးမှာ ထူးချွန်သူကျောင်းသားအများအပြားပေါ်ထွက်ခဲ့ပါသည်။ ယခု ပညာရေးစနစ်တွင်မူ အခြေခံပညာအထက်တန်း၌ ဘာသာတွဲရှစ်ခုရှိပါသည်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ ဘာသာတွဲတစ်ခုကို ကျောင်းသားကိုယ်တိုင် ရွေးချယ်ယူပိုင်ခွင့်ပေးထားပါသည်။ သည်အခါ ကျောင်းသားအများစုက အတွဲ-၁ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဘောဂ)နှင့် အတွဲ-၇ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)ကို ယူကြပါသည်။ စာတော်သော ကျောင်းသားများနှင့် အသင့်အတင့် စာလိုက်နိုင်သော ကျောင်းသားအများစုမှာ အတွဲ-၇ ယူကြပါသည်။ ကျန်သောကျောင်းသားအများစုမှာ အတွဲ-၁ ယူကြပါသည်။ အနည်းငယ်သောကျောင်းသားများသာ အတွဲ-၅ (မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂ)ယူကြပါသည်။ စိတ်ကြိုက်မြန်မာစာတွဲယူသောကျောင်းသားမရှိသလောက်ရှားပါသည်။ ကျောင်းများတွင် စိတ်ကြိုက်မြန်မာစာသင်နိုင်သောဆရာများလည်းအတော်ရှားပါလိမ့်မည်။

သည်လိုနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံဘာသာရပ်များကိုမော်ဒရေးရှင်းအဆင့်ဆင့်နှင့်အောင်လာသော ကျောင်းသားသည် တက္ကသိုလ်၌ သိပ္ပံဘာသာရပ်များကို သင်ကြားခွင့် မရတော့သည့်အခါကျမှ ပထဝီ၊ သမိုင်း၊ မြန်မာစာ စသည့်ဘာသာရပ်များကို မဖြစ်မနေယူရပါတော့သည်။ နဂိုကမှ စိတ်မဝင်စားရသည့်အထဲ ကိုးတန်း၊ ဆယ်တန်း၌ သမိုင်း၊ ပထဝီတို့နှင့် အဆက်ပြတ်လာသော ကျောင်းသားသည် သမိုင်းမေဂျာယူပြီး ဆင်ဖြူများရှင်ဆိုတာ ဘယ်သူမှန်း မသိသည့် အဖြစ်သို့ ရောက်လာလေတော့သည်။

ပြီးခဲ့သည့် မတ်လထဲက ရန်ကုန်မှ အင်န်ဂျီအိုတစ်ခုက ကြီးမှူးဖွင့်လှစ်သော မျိုးဆက်သစ်ခေါင်းဆောင်မှုစွမ်းရည်မြှင့် အမြန်ဖွင့်သင်တန်းတွင် Myanmar Political Trend and History ဘာသာရပ်ပို့ချပေးရန် ဖိတ်ကြားသဖြင့် ကျွန်တော် သွားရောက်ပို့ချပေးခဲ့သည်။ ယင်းသင်တန်းသို့မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှ မြန်မာမျိုးသားမက တိုင်းရင်းသားလူငယ်များလည်း အများအပြားလာတက်ကြသည်။ သင်တန်းသားများမှာ အသက် ၁၈ နှစ်မှ ၃၀ အတွင်း အနိမ့်ဆုံး ဆယ်တန်းအောင်ပြီးသူများဖြစ်ကြသည်။ ဘွဲ့ရလူငယ်များ များပါသည်။ သူတို့အများစုမှာ သမိုင်းနှင့် အတော်ပဲ အလှမ်းဝေးကြသည်။ အချို့ဆိုလျှင် 'ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်၊ ကုန်းဘောင်' ကိုပင် ဘယ်ခေတ်ကရှေ့၊ ဘယ်ခေတ်ကနောက်ဆိုတာ ဇဝေဇဝါဖြစ်နေကြပါသည်။

သမိုင်းပညာရှင်ကြီးဒေါက်တာသန်းထွန်းက "သမိုင်း ဘာကြောင့်သင်ရသလဲ" ဆိုတဲ့အမေးကို "မအအောင်လို့" ဟု ဖြေဆိုကြောင်း ကြားဖူးမှတ်ဖူးပါသည်။ ကျွန်တော်တို့၏ ညီ၊ ညီမငယ်များ နိုင်ငံ့တကာမှ လူငယ်များနှင့်ယှဉ်လျှင် မအစေချင်ပါ။ ခေတ်၏ လိုအပ်ချက်အရ သိပ္ပံပညာရပ်များကို သင်ကြားဖို့လိုအပ်သလို ဝိဇ္ဇာဘာသာရပ်များကိုလည်း စိတ်ဝင်တစားသင်ကြားဖို့လိုအပ်ပါသည်။ အတတ်ပညာအားကောင်းပြီး တွေးခေါ်မြော်မြင်မှုအပိုင်း၌ အားနည်းလျှင်လည်း ပြဿနာတစ်ရပ်ကို ဖြေရှင်းဆုံးဖြတ်ရာ၌ အမှန်တရားနှင့် ဝေးနေတတ်ပါသည်။ သိပ္ပံပညာက အတတ်ပညာအားကောင်းစေသလို ဝိဇ္ဇာပညာရပ်များက တွေးခေါ်မြော်မြင်မှုအားကောင်းအောင် ထောက်ကူပံ့ပိုးပေးနိုင်စွမ်းရှိပါသည်။

သည့်အတွက်အခြေခံပညာအထက်တန်းတွင် ဘာသာတွဲခွဲသည့်စနစ်ကို ပြန်လည်သုံးသပ်သင့်သည်ဟုထင်ပါသည်။ အချို့ကျောင်းသားများနှင့် မိဘများက ပထဝီ၊ သမိုင်း၊ ဘောဂတွဲယူလျှင်ပဲ ဂုဏ်ငယ်သည်ထင်ကြသည်။ အတွဲ-၇၊ အတွဲ-၁ ယူမှ ဂုဏ်ရှိသည်ဟုထင်ကြ၏။ စိတ်ကြိုက်မြန်မာစာတွဲများဆိုလျှင် ဆရာမတစ်ယောက်ကပင် ဘာလုပ်ဖို့လဲဟု ပစ်ပစ်ခါခါပြောသည်ကို ကျွန်တော့်နားနှင့်ဆတ်ဆတ်ကြားခဲ့ဖူးသည်။ ကြာလျှင် အခြေခံပညာကျောင်းတွေမှာ ပထဝီ၊ သမိုင်းသင်ကြားမည့်ဆရာတွေ ပျောက်သွားမလားစိုးရိမ်ရသည်။ ယခုပင်တွေမှာ အခြေခံပညာကျောင်းတွေမှာ သမိုင်းဆရာကောင်းကောင်းမရှိတော့ကြောင်း ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသည်။ နိုင်ငံ၏ အနာဂတ်ပညာရေးအတွက် ဤအချက်ကို ထည့်သွင်းစဉ်းစားရပေလိမ့်မည်။

တစ်ခါတက္ကသိုလ်ဝင်ခွင့်ကို အမှတ်အနည်းအများပေါ် မူတည်၍ဆုံးဖြတ်နေခြင်းကြောင့်ကလေးအများစုက အမှတ်များများရတာပဲ လိုချင်သည်။ တတ်တာတွေ မတတ်တာတွေ မလိုချင်။ အမှတ်များများ ရမယ်ထင်တာတွေစွတ်ပြီး အလွတ်ကျက်နေတော့သည်။ မြန်မာစာလိုဟာမျိုးကို ပုံနှိပ်ထဲက သင်ခန်းစာတွေကိုအခေါက်ခေါက်အခါခါဖတ်ဖို့ ဝေးလို့ တစ်ခေါက်အပြင် နှစ်ခေါက်ဖတ်မကြည့်ကြ။ အသင့်ရေးပြီးသား မှတ်စုတွေကိုသာ နားလည်လည်၊ မလည်လည် အလွတ်ကျက်နေတော့သည်။ မိခင်သောကလိုစကားပြေကိုဖတ်ပြီး သနားရကောင်းမှန်းလည်း မသိ။ ဆဒ္ဒန်ဆင်မင်းကိုဖတ်ပြီး မုဆိုးကြီးကို စက်ဆုပ်ရမှန်းလည်း နားမလည်။ သင်တဲ့ဆရာက ကရုဏာရသဆိုလျှင် သူတို့ ကရုဏာလိုက်ကြသည်။ ဝိဘစ္ဆဆိုလျှင် သူတို့ ဝိဘစ္ဆလိုက်ကြသည်။ သူတို့စိတ်ဝင်စားတာ ဘယ်မေးခွန်းကို ဘယ်လိုဖြေလျှင် အမှတ်ဘယ်လောက် ရနိုင်မလဲ။ ဒါပဲ စိတ်ဝင်စားသည်။

သည်တော့ကာ တက္ကသိုလ်ဝင်ခွင့်ကို အမှတ်နှင့်ဆုံးဖြတ်နေခြင်းကိုလည်း ပြန်လည်သုံးသပ်ဖို့လိုပြီဟုထင်သည်။ မဟုတ်လျှင် ဝိဇ္ဇာဘာသာရပ်များ၌ ထူးချွန်သည့် ကျောင်းသားများ ရှားပါးလာပါလိမ့်မည်။ တစ်ခါ ထိုကျောင်းသားများက ဆရာပြန်ဖြစ်၊ ထိုဆရာများက ကလေးတွေကိုပြန်သင်နှင့် ပညာရေးမုန့်လုံးစက္ကူကပ်ပေတော့မည်။ သည်အထဲ ဆရာမောင်သာချို၏ 'ကတ် (Card) ဆိုက်နေကြသူများသို့' ဆောင်းပါးထဲကလို "ဟိုစာတမ်းက နည်းနည်းဖြတ်၊ သည်စာတမ်းက နည်းနည်းညှပ်၊ ကော်ကလေးနှင့် ဟိုကပ် သည်ကပ်လုပ်ရုံဖြင့် ပါရဂူဖြစ်သွားသူ"၊ "ခေါင်းစဉ်ပေးလျှင် သုံးလနှင့်အပြီးရေးပေး သူ၏ စာတမ်းကြီးကို တောင်းသည့်ဈေးနှင့် ပေးဝယ်လာကာ ငါပါရဂူပေါ့ဟု မျက်နှာပိုးသေသူ"တွေနှင့်ပါ ပေါင်းလိုက်လျှင် အနာဂတ်ပညာရေးအတွက်က ရင်လေးစရာကောင်းလှသည်။

နိုင်ငံတော်၏ပညာရေးစနစ်ကို အခြေခံမှစကာ အဆင့်မြှင့်တင်ရန် ကြိုးပမ်းနေချိန်တွင် ဝိဇ္ဇာဘာသာရပ်များကိုလည်း သိပ္ပံဘာသာရပ်များနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံပညာအထက်တန်းတွင် ဘာသာတွဲခွဲသည့်စနစ်မှစကာ တက္ကသိုလ်ဝင်ခွင့်စနစ်အဆုံး အားလုံးကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ။

# ကျွန်တော်တို့ ရှုထောင့်မှသည် ကျွန်ုပ်တို့ ရှုထောင့်သို့

သူရအောင်ထက်

"နားခါးပါစေ ကျွန်တော်တို့ နားထောင်မယ်။ နားမထောင်ခဲ့လို့ ကျွန်တော်တို့ ဒီလိုဖြစ်ခဲ့တာ၊ နားထောင်မယ်။ ပြောကြဆိုကြ ဆွေးနွေးကြပါ"ဟု အားနဲ့ မာန်နဲ့ ပြောသူက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဖြစ်သည်။

ဇွန်လ ၃ ရက် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ပြုလုပ်သော မြန်မာ့ CMP (လက်ခစား) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စိန်ခေါ်မှုများ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးတစ်ဦး၏ တိုတိုတုတ်တုတ်ပြောကြားသော အဖွင့်အမှာစကားဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးက "ဒီနေ့ တင်ပြတာတွေအားလုံးကို ကျွန်တော်တို့က ဖိတ်ခေါ်တယ်။ ကျွန်တော့်ကို မကောင်းဘူးပြောရင် နားခါးတယ်။ ဒါပေမဲ့ အဲဒီနားခါးတာပြောတာကို ကြိုက်နေရမှာ။ အဲဒါကိုနားထောင်တတ်ရင် ဒီမိုကရေစီရောက်ပြီ" ဟုလည်း ထပ်လောင်းပြောခဲ့သည်။

အဆိုပါဆွေးနွေးပွဲမှာ ယခင်ပြုလုပ်နေသောဆွေးနွေးပွဲများနှင့် မတူညီသောအချက်များကိုတွေ့ရသည်။ နေရာချထားရေး၌ပင် ထူးခြားမှုရှိသည်။ ၈၈ မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်များအားပြည်ထောင်စုဝန်ကြီးနှင့်တပ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများနှင့် တစ်တန်းတည်ထိုင်ကာ ပါဝင်ဆွေးနွေးစေခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးလေးဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ စစ်ဘက်မှ ဗိုလ်မှူးကြီးတစ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပြည်ခိုင်ဖြိုးပါတီအပါအဝင် ပါတီ ၁၄ ခုမှ ကိုယ်စားလှယ် ၂၄ဦး၊ ၈၈ မျိုးဆက်သစ်ကျောင်းသားအဖွဲ့မှလေးဦး၊ အလုပ်သမားအဖွဲ့အစည်း ၁၅ဖွဲ့မှ ကိုယ်စားလှယ် ၂၄ ဦး၊ လွှတ်တော်ကော်မရှင်နှင့်ကော်မတီမှ တာဝန်ရှိသူများ အရပ်ဘက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ အပါအဝင် စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ သဘာပတိလုပ်သူ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က အဖွင့်အမှာစကားပြောရာတွင် "ဒီနေ့ပုံစံပြောင်းပါမယ်။ ဆရာတို့နိုင်ငံအတွက်လိုအပ်တဲ့အဖြေတွေရှာတဲ့နေရာမှာ အားလုံးပါဝင်ပတ်သက်ဖို့လိုပါတယ်။ ပြဿနာကိုပြောရတာလွယ်ပါတယ်။ အဖြေရှာရအောင်"

"အမြင်မတူတာကို လက်ခံဖို့လိုပါတယ်။ တစ်ယောက်ပြောတာနဲ့ နောက်တစ်ယောက်ပြောတာ မတူရင် ဒီအစည်းအဝေးအောင်မြင်ပါတယ်။ အားလုံးပြောတာ တူနေရင်တစ်ခုခုတော့လွဲနေပြီ။ ဘယ်သူမှမစဉ်းစားလို့ပါ၊ ခေါင်းမညိတ်ကြနဲ့၊ တို့ခေါင်းညိတ်တဲ့ခေတ်ကုန်ပါပြီ"ဟု ရိုးရိုးရှင်းရှင်းပြောဆိုခဲ့သည်။

ဆွေးနွေးပွဲခေါင်းစဉ်မှာ မြန်မာ့ CMP (လက်ခစား) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုသော်လည်း ဖြစ်နေသော အလုပ်သမားဆန္ဒပြမှုများဖြေရှင်းရန် နည်းလမ်းရှာသောပွဲဖြစ်သည်ဟုပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကဆိုသည်။

"ဒီပြဿနာမှာ အစိုးရမှာ တာဝန်ရှိတယ်။ အစိုးရအနေနဲ့ ပါဝင်ဆောင်ရွက်ရမယ်၊ ပါဝင်ဆောင်ရွက်တဲ့နေရာမှာလည်း အစိုးရချည်းပဲမဖြစ်နိုင်ဘူး။ နိုင်ငံရေးပါတီတွေ State Holder တွေ အားလုံးပါဝင်ရမယ်။ ပြည်သူလူထုလည်းပါဝင်ဖို့လိုတယ်လို့သမ္မတကြီးက မှာကြားတဲ့အတွက် ဒီပွဲလေးလုပ်ဖြစ်တာပါ"ဟု ဦးအောင်မင်းက ဆိုသည်။

အလုပ်သမား ဝန်ကြီးဌာနက ပြုစုထားသော စာရင်းအရ မေလတစ်လအတွင်း အလုပ်ရုံ ၅၇ ရုံမှ အလုပ်သမားသုံးသောင်းခွဲကျော် ဆန္ဒပြပြီး ဇွန်လ ၂ရက်အထိ စက်ရုံ ၃၈ ရုံမှ အလုပ်သမားနှစ်သောင်းကျော်အတွက်သာ ဖြေရှင်းနိုင်ခဲ့သည်။ အလုပ်ရုံ ၁၄ ရုံမှ လုပ်သားတစ်သောင်းခွဲနီးပါးမှာ ဆက်လက်ဆန္ဒပြလျက်ရှိသည်။ လက်ရှိ ဆန္ဒပြနေသော အလုပ်သမားများမှာ အခြေခံလစာတစ်နေ့ ကျပ်တစ်ထောင်အောက်ရောက်ရှိနေသဖြင့် တစ်နေ့ ကျပ်တစ်ထောင်တိုးပေးရန် အဓိကအချက်ဖြစ်ပြီး အလုပ်ချိန် ၁၄ နာရီလုပ်နေရာမှ ၂နာရီလျှော့ချ၍ ၁၂နာရီသတ်မှတ်ပေး ရန်တို့ အဓိကဖြစ်သည်ဟုကိုယ်စားလှယ်များကပြောသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# လူသားဖွံ့ဖြိုးမှု

(ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်)




အခု အစိုးရသစ် လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုမျိုးစုံကို စီစဉ်ဆောင်ရွက်အကောင်အထည်ဖော်နေလျက်ရှိပါတယ်။ ပြုပြင်ပြောင်းလဲမှုအကြောင်း စဉ်းစားတဲ့နေရာမှာ အရေးကြီးဆုံးအချက်က အတွေးအခေါ်ပြောင်းခြင်းပဲဖြစ်ပါတယ်။ အတွေးအခေါ်ပြောင်းဖို့ စဉ်းစားတဲ့အခါမှာလည်း အခြေခံအယူအဆ (Concepts) တွေပြောင်းလဲဖို့လိုမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားတဲ့နေရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economic Growth) ကို ဦးစားပေးကြတာတွေ့ရပါတယ်။ အသုံးများတဲ့ပေတံဟာ စီးပွားရေးပေတံဖြစ်တဲ့ GDP ကိုသာ အသုံးပြုကြပါတယ်။ အခြေခံစဉ်းစားချက်တစ်ရပ်က (Economic Growth) စီးပွားရေးဖွံ့ဖြိုးမှုဟာ (Economic Development) စီးပွားရေးဖွံ့ဖြိုးမှုနဲ့ မတူညီဘူးဆိုတဲ့ သဘောကိုနားလည်ဖို့လိုအပ်မှာ ဖြစ်တယ်။ Growth ရှိတိုင်း Development အလိုလိုမရနိုင်တာကိုသိဖို့လက်ခံဖို့ လိုမှာဖြစ်ပါတယ်။ တိုင်းပြည်ကချမ်းသာပြီး ပြည်သူပြည်သားတွေကဆင်းရဲနွမ်းပါးနေတဲ့အဖြစ်မျိုး မကြာခဏ တွေ့မြင်နိုင်ပါတယ်။ ဒါ့ကြောင့် Growth ရဲ့ပမာဏ (Quantity) ထက် ပိုအရေးပါတာက Growth ရဲ့ (Quality) အရည်အသွေးပဲဖြစ်ပါတယ်။ အရည်အသွေးလို့ ပြောတဲ့နေရာမှာ Economic Growth ကြောင့် ရလာတဲ့အကျိုးအမြတ်တွေကို အများပြည်သူက ခံစားနိုင်မှ Development ရနိုင် မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု (Development) ကို စဉ်းစားတဲ့အခါ Human Development လူသား ဖွံ့ဖြိုးမှုကို အသားပေးရမှာဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးမှုကိုအထူးအလေးထားရမှာဖြစ်ပါတယ်။

လူသားဖွံ့ဖြိုးမှုနဲ့ ပတ်သက်လာရင် မပြောမဖြစ်တဲ့အကြောင်းအခြေခံက Human Rights လို့ခေါ်တဲ့ လူ့အခွင့်အရေးပဲ ဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို တစ်ချိန်က သုံးခွင့်မရခဲ့ပါဘူး။ လူ့အခွင့်အရေးလို့ ပြောလိုက်တာနဲ့ နိုင်ငံရေးဖိအားပေးမှုဖြစ်တယ်။ Human Right ဆိုတာဟာ အနောက်နိုင်ငံတွေကအလွဲသုံးစားလုပ်ပြီး မိမိတို့နဲ့ မသင့်မြတ်တဲ့နိုင်ငံတွေကို ဝေဖန်ပြစ်တင်မှုတွေလုပ်တယ်လို့ သုံးသပ်ကြပါတယ်။ အမှန်တကယ်တော့ လူ့အခွင့်အရေးဆိုတာဟာ လူတိုင်း၊ နိုင်ငံတိုင်းနဲ့ သက်ဆိုင်နေပါတယ်၊ ပါဝင်ပတ်သက်နေပါတယ်။ ဒီအချက်ကို ထင်ဟပ်တဲ့အချက်တစ်ခုက အစိုးရအသစ်တည်ထောင်ခဲ့တဲ့ Myanmar Human Rights Commission ဟာ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ပဲဖြစ်ပါတယ်။ ဒီကော်မရှင် ဖွဲ့စည်းတည်ထောင်မှုကို ဆရာက ကြိုဆိုမိပါတယ်။ ရှိသင့်ရှိထိုက်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ တစ်ခုပဲရှိပါတယ်။ တခြားနိုင်ငံတွေမှာရှိတဲ့ ကော်မရှင်တွေရဲ့ ဖွဲ့စည်းမှုကိုသုံးသပ်ဖို့ လိုအပ်ပါတယ်။ အရေးအကြီးဆုံးအချက်က လူ့အခွင့်အရေးကော်မရှင်ဟာ အစိုးရအဖွဲ့အစည်းတစ်ခုမဖြစ်ဖို့ သတိပြုဖို့လိုပါတယ်။ ဒီလို လွတ်လပ်တဲ့အဖွဲ့အစည်း အချုပ်အနှောင်မရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ အစိုးရကိုယ်စားပြု အဖွဲ့အစည်းတစ်ခုမဖြစ်အောင် သတိထားရမှာသာဖြစ်ပါတယ်။

လူ့အခွင့်အရေးနဲ့ပတ်သက်လာရင် ကုလသမဂ္ဂဖွဲ့စည်းခဲ့တဲ့ ၁၉၄၅ ခုနှစ်ကစပြီး ဖော်ထုတ်လုပ်ခဲ့တာတွေ့ရပါတယ်။ လူ့အခွင့်အရေးကို လွတ်လပ်မှုအနေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး လွတ်လပ်မှုသုံးရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။ ပထမလွတ်လပ်မှုကတော့တောင့်တကြောင့်ကျမှုမှ လွတ်လပ်ခြင်း (Freedom from Want) ဖြစ်ပါတယ်။ ဒီလွတ်လပ်မှုဟာ အခြေခံအားဖြင့် ဆင်းရဲနွမ်းပါးမှုနဲ့ ပတ်သက်ပါတယ်။ လူတစ်ယောက်ဟာ ဆင်းရဲနေရင် တောင့်တမှုရှိတယ်၊ ကြောင့်ကြမှုရှိနေမှာ ဖြစ်ပါတယ်။ ဒုတိယ လွတ်လပ်မှုက ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ခြင်း (Freedom from Fear) ပဲဖြစ်ပါတယ်။ ကြောက်ရွံ့ မှုဟာ လူ့အခွင့် အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ကြောက်ရွံ့မှုကင်းလွတ်ခြင်းဟာ လူ့အခွင့်အရေးခံစားခွင့်တစ်ရပ်ဖြစ်ပါတယ်။ နောက်ဆုံး လွတ်လပ်မှုကတော့ သိက္ခာရှိရှိနေထိုင်နိုင်ခြင်း (Freedom to live in human dignity) ပဲဖြစ်ပါတယ်။ သိက္ခာသမာဓိရှိခြင်းဟာ လူ့အခွင့်တစ်ရပ်သာဖြစ်ပါတယ်။ သိက္ခာရှိရှိ နေထိုင်နိုင်ဖို့ လူ့ကျင့်ဝတ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့အစည်းက လူ့အခွင့်အရေးငါးရပ်ကို သတ်မှတ်ဖော်ထုတ်ခဲ့ပါတယ်။ ၁။ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေး (Political Rights)၊ ၂။ (Civil Rights)၊ ၃။ စီးပွားရေးနဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေး (Economic Rights)၊ ၄။ လူမှုရေးနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေး (Social Rights)၊ ၅။ ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေး (Cultural Rights)

လူ့အခွင့်အရေး ငါးရပ်ကို သုံးသပ်ရင်ပြီးပြည့်စုံမှုရှိတာတွေ့ရပါတယ်။ လူတိုင်းမှာ ဒီအခွင့်အရေး ငါးရပ်ကို ခံစားခွင့်ရှိရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုတော့ သတိပြုရမှာဖြစ်ပါတယ်။ လူ့အခွင့်အရေး ခံစားမှုဟာ ချက်ချင်း ရနိုင်တဲ့အနေအထားမရှိပါဘူး။ တဖြည်းဖြည်း တရွေ့ရွေ့ ရွေ့ဖို့လိုအပ်တယ်။ တစ်ပွဲတိုးလုပ်လို့ မရနိုင်ပါဘူး။ ၁၉၈၉ ခုနှစ် မတိုင်မီ ဖော်ပြခဲ့တဲ့ လူ့အခွင့်အရေးငါးရပ်နဲ့ပတ်သက်ပြီး အငြင်းပွားမှု ပြင်းပြင်းထန်ထန်ဖြစ်ခဲ့ပါတယ်။ အနောက်နိုင်ငံတွေက နိုင်ငံရေးနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးတွေကို ဦးစားပေးပြီး ဆွေးနွေးကြတယ်။ ရှေ့တန်းတင်ကြတယ်။ အရှေ့နိုင်ငံလို့ခေါ်တဲ့ ဆိုရှယ်လစ်နိုင်ငံတွေကတော့ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေးတွေကိုဦးစားပေးဆွေးနွေးကြတာတွေ့ရပါတယ်။ အမှန်တော့ တစ်ချိန်တုန်းက ဖြစ်ပေါ်လာတဲ့ East-West အငြင်းပွားမှုတွေဟာ လူ့အခွင့်အရေးရှုထောင့်က သုံးသပ်ရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု လူ့အခွင့်အရေးအပေါ် အခြေခံခဲ့တာကိုတွေ့ရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့က လူ့အခွင့်အရေးဟာ အနောက်တိုင်းယဉ်ကျေးမှုကိုအခြေခံထားတာမို့ အာရှနိုင်ငံတွေနဲ့ မပတ်သက်ဘူး။ အကျုံးမဝင်ဘူးလို့ ဝေဖန်ကြတာတွေ့ရပါတယ်။ အာရှတိုက်သားတွေရဲ့တန်ဖိုးထားမှုတွေနဲ့ အကျုံးမဝင်ဘူးလို့ ပြောဆိုကြပါတယ်။ အခုလို လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ပုံစံအမျိုးမျိုးနဲ့ ဆွေးနွေးကြ၊ ဝေဖန်ကြ၊ အကြံပြုကြပြီး ၁၉၉၄ ခုနှစ်မှာ ကုလသမဂ္ဂက အစည်းအဝေးတစ်ခုမှာ တင်ပြခဲ့တဲ့ လူ့အခွင့်အရေးငါးရပ်ကို မခွဲခြားတော့ဘဲ လူ့အခွင့်အရေးဟာ လွှမ်းခြုံပြီး ရှုထောင့်ဘက်စုံက သုံးသပ်ရမှာဖြစ်ကြောင်း လက်ခံလာခဲ့တယ်။ အငြင်းပွားစရာမရှိတော့ဘဲ နိုင်ငံတိုင်းက လက်ခံတဲ့ အခြေခံတစ်ခုရရှိခဲ့ပါတယ်။

လူသားဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး Amartya Sen က Development as a human right ဖွံ့ဖြိုးမှုသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ခုလို ဖော်ထုတ်မှုကြောင့် လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး (Rights - Holders) အခွင့်အရေးကို ကိုင်ဆောင်ထားသူများနဲ့ (Duty-bearers) လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တာဝန်ရှိသူများအဖြစ် ခွဲခြားသတ်မှတ်ထားပါတယ်။ ပြည်သူတွေဟာ Rights-holders တွေဖြစ်ပါတယ်။ သူတို့ဟာ အခွင့်အရေးတွေ ရှိတဲ့သူတွေဖြစ်တယ်။ ဒါကြောင့်လည်း တစ်ချိန်တုန်းက နိုင်ငံကပေးမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုတွေ ခံစားရတယ်လို့ ယူဆကြတယ်။ အခုတော့ ပြည်သူတစ်ဦးမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေးတွေ ရှိတဲ့အတွက် တာဝန်ရှိသူတွေက ပေးဆပ်ရမှာဖြစ်ပါတယ်။ တောင်းဆိုဖို့မလိုအပ်ဘဲ ရပိုင်ခွင့်တစ်ရပ်သာဖြစ်ပါတယ်။ ဒါကြောင့် Duty-bearers တွေမှာ တာဝန်တွေ ပိုများပြားလာတာတွေ့ရပါတယ်။ အခွင့်အရေး (Rights) ကို တောင်းဆိုတဲ့နေရာမှာလည်း တာဝန်ယူမှု (Responsibilities) လိုပါတယ်၊ စဉ်းစားဖို့လိုပါတယ်။

လူတစ်ဦးမှာ အခွင့်အရေးရှိသလို တစ်ဖက်မှာလည်း သူ့မှာကြီးလေးတဲ့ တာဝန်လည်းရှိပါတယ်။ ဒီတာဝန်တွေကို မေ့လို့မရပါဘူး။ အခွင့်အရေးချည်းတောင်းပြီး ကိုယ့်ဘက်က ဘာတွေတာဝန်ကျေပွန်ရမလဲဆိုတာကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို စဉ်းစားတဲ့နေရာမှာ လူ့အခွင့်အရေးရှုထောင့်မှ ချဉ်းကပ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒီစဉ်းစားချက်က စောစောက တင်ပြခဲ့တဲ့ အခွင့်အရေးရှိသူများ (Rights Holders) နဲ့ (Duty-bearers) တာဝန်ရှိသူများရဲ့ လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဦးစားပေးတဲ့နေရာမှာလည်း အခြေအနေအဆိုးဆုံးအနေအထားရှိသူတွေကို သတိပြုရမှာဖြစ်ပါတယ်။ အမျိုးသမီးများ၊ ကလေးသူငယ်များကို ဦးစားပေးဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ လူ့အခွင့်အရေးမရှိဘဲ လူသားဖွံ့ဖြိုးမှုမရှိနိုင်ပါဘူး။ ဖွံ့ဖြိုးမှုနဲ့ လူ့အခွင့်အရေး နှစ်ရပ်ကို တစ်ပြိုင်တည်း တစ်ချိန်တည်းရအောင်ဆောင်ရွက်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။ ။

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.15 • JUNE 21 , 2012

# ပြည်ပရင်းနှီးမြှုပ်နှံမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့် တိုင်းရင်းသားအရေး လာမည့်လွှတ်တော်တွင် အဓိကဆွေးနွေးမည်

**အိဖြူလွင်**

**ရန်ကုန်၊ဇွန်-၁၈**

ဇူလိုင်လပထမပတ်တွင်ပြန်လည်ကျင်းပမည့် စတုတ္ထပုံမှန်လွှတ်တော်အစည်းအဝေးများတွင်ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေစသည့် ဥပဒေများနှင့် လတ်တလောဖြစ်ပွားခဲ့သည့် တိုင်းရင်းသားသတ်မှတ်ချက်နှင့် သက်ဆိုင်သော အကြောင်းအရာများမှာ အရေးကြီးဦးစားပေးဆွေးနွေးရမည့် အကြောင်းအရာများဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အများစုက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ပြင်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် စိတ်ဝင်စားမှုများနေသည့် ယခုအချိန်တွင်အမြန်ပြီးပြတ်အောင်ဆောင်ရွက်ရမည့် ဥပဒေဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက ရေးဆွဲသည့် ပုံနှိပ်မီဒီယာဥပဒေ၊ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ရေးဥပဒေများသည်လည်း ဦးစားပေးဆွေးနွေးရမည့်ဥပဒေများဖြစ်သည်ဟုလွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် ရခိုင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းဆွေးနွေးမည့်တိုင်းရင်းသားအဖြစ်သတ်မှတ်ရေး အကြောင်းအရာများတို့သည်လည်း ယခုလွှတ်တော်တွင် ဆွေးနွေးရမည့် အကြောင်းအရာများဖြစ်သည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောကြားသည်။

သက်ဆိုင်ရာတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမည့် အကြောင်းအရာသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသော ပြဿနာဖြစ်သည့်အတွက် မိမိပါဝင်ဆွေးနွေးသွားမည်ဟုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောကြားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုအချို့ကြောင့် မီးလောင်ခဲ့သော စစ်တွေမြို့ရှိ နာဇီဈေးကို ကူညီရှင်းလင်းနေသော မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ**

လတ်တလော ရခိုင်ဒေသတွင်ဖြစ်ပွားခဲ့သည့် ပြဿနာများ၏ အကြောင်းရင်းဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးဥပဒေ၏ ဥပဒေစိုးမိုးနိုင်မှုအခြေအနေများသည်လည်းဥပဒေပြုရေးမဏ္ဍိုင်မှာလွှတ်တော်ကိုယ်စားလှယ်များအတွက် ဆွေးနွေးရမည့် အကြောင်းအရာများဖြစ်သည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကပြောကြားသည်။

မကြာမီပြန်လည်ကျင်းပတော့မည့် လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးများတွင် လစ်လပ်လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ရွေးချယ်ခံအနိုင်ရပြီးဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်နှင့် အဆိုပါပါတီမှ လွှတ်တော်ကိုယ်စားလှယ်များပါ လွှတ်တော်များ၏ ဆွေးနွေးပွဲများတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဆွေးနွေးတော့မည်ဖြစ်သည်။

## သတင်းစာဆရာ၊ စာရေးဆရာလူထုစိန်ဝင်း အဆုတ်ရောဂါဖြင့် ကွယ်လွန်

အေးသူစံ

**ရန်ကုန်၊ ဇွန် ၁၉**

သတင်းစာဆရာ၊ စာရေးဆရာလူထုစိန်ဝင်းသည် ဇွန် ၁၇ ရက်ည ၁၁ နာရီခွဲအချိန်က ရန်ကုန်မြို့၊ ရွှေဂုံတိုင်အထူးကုဆေးရုံတွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားကြောင်း ၎င်း၏ မိသားစုဝင်တစ်ဦးက 7Day News သို့ အတည်ပြုပြောကြားသည်။

လူထုစိန်ဝင်းကို ၁၉၄၀ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် မန္တလေးမြို့၊ ဆေးရုံကြီးရှေ့ရပ်ကွက်၌ မွေးဖွားခဲ့ပြီး အထက်တန်းပညာကို မန္တလေးလဖုန်းအထိမ်းအမှတ်အထက်တန်းကျောင်းတွင် သင်ကြားခဲ့သည်။ ၁၉၅၆မှ ၁၉၅၉ခုနှစ်ထိမန္တလေးတက္ကသိုလ်နှင့်၁၉၆၀မှ၁၉၆၂ခုနှစ်ထိရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ခဲ့သည်။ လူထုသတင်းစာတိုက်တွင် ရန်ကုန် တာဝန်ခံအယ်ဒီတာအဖြစ် ၁၉၆၀ မှ ၁၉၆၇ခုနှစ်၊ ဇူလိုင်လတွင်လူထုသတင်းစာတိုက်ပိတ်သိမ်းခံရချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

လူထုသတင်းစာပိတ်သိမ်းခံရချိန်တွင်သတင်းထောက်လေးဦးနှင့်အတူ အဖမ်းခံခဲ့ရပြီး ၁၉၆၉ ဖေဖော်ဝါရီလတွင် ရန်ကုန် အင်းစိန်ထောင်မှ ကိုကိုးကျွန်းသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ကိုကိုးကျွန်းတွင် ကျန်းမာရေး ချို့တဲ့လာသဖြင့် ပြည်တွင်းရှိ စစ်တွေထောင်သို့ ၁၉၇၁ ခုနှစ်တွင် ပြန်ပို့ခြင်းခံရသည်။ ၁၉၈၀ ပြည့်နှစ်ထောင်မှ လွတ်မြောက်ချိန်တွင် ညာဘက်ကိုယ်တစ်ခြမ်း လေဖြတ်ခဲ့ခြင်းကြောင့် ဘယ်ဘက်လက်ဖြင့် စာရေးကျင့်ပြီး အင်္ဂလိပ် စကားပြောသင်တန်းဖွင့်လှစ်သင်ကြားခဲ့ကြောင်းဆရာလူထုစိန်ဝင်း၏ဘဝဖြတ်သန်းမှုအချက်အလက် ပြုစုနေသော စာကြည့်တိုက်မှူး ဦးအောင်မြင့်ဦးက ပြောသည်။ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ခြင်းနှင့်အတူ စာပေများ၊ သတင်းဆောင်းပါးများ၊ ဘာသာပြန်ဝတ္ထုများကို မကွယ်လွန်မီ ၂၀၁၂ နှစ်ဆန်းပိုင်းချိန်ထိ စဉ်ဆက်မပြတ်ရေးသားခဲ့သည်။

သတင်းဆောင်းပါးများ၊ ဘာသာပြန်များ၊ ပင်ကိုရေးဝတ္ထုများစွာ ရေးသားခဲ့သည့်အနက် သင့်ဘဝမဂ္ဂဇင်းတွင် အခန်းဆက်ရေးသားခဲ့သော ‘သတင်းစာပညာသောင်းပြောင်းထွေလာ’ (၂၀၀၃ မတ်လ)မှာ ထင်ရှားသည့်စာအုပ်ဖြစ်သည်။ ကလောင်ခွဲ ၁၅ခုရှိပြီး ဝင်းဇော်အမည်ဖြင့် ရေးသားခဲ့သော ‘တောင်ဗီယက်နမ်မှ ငရဲခန်းများ’၊ ‘အရှေ့တောင်အာရှမှ စစ်မီးလျှံများ’၊ ‘အဖြူနဲ့ အဝါ’၊ ‘အလံမလှဲစတမ်း’၊ ‘အဖြူနဲ့ အမည်း’၊ ‘ဆာယိုနာရား’ စသည့် ဘာသာပြန်လက်ရာများမှာ ထင်ရှားသည်။ ‘စောမိုခမ်း’ ဝတ္ထုမှာမူ ၎င်း၏ ပင်ကိုရေး အချစ်ဝတ္ထုဖြစ်သည်။ ‘ရှက်စိတ်’၊ ‘မော်ဒန်လက်ဖက်ရည်ပန်းကန်လုံးထဲမှ မုန်တိုင်းငယ်နှင့် အခြားဆောင်းပါးများ’၊ ‘စီးပွားရေးလုပ်ငန်းများနှင့် ကြော်ငြာအတတ်ပညာ’၊ ‘လူငယ်နှင့်အချစ်’၊ ‘လူငယ်အမျိုးသမီးလမ်းညွှန်သူများ’၊ ‘စိတ်ချမ်းသာအောင် ဘယ်လိုနေရမလဲနှင့် အခြားဆောင်းပါးများ’ စသည်တို့မှာ ထင်ရှားသည်။

“ဆရာလူထုစိန်ဝင်းဟာ တိုင်းပြည်အတွက် အင်မတန်မှလေးစားရတဲ့၊ အားထားရတဲ့ သတင်းစာဆရာတစ်ယောက်ပဲ။ သူ့ရဲ့နိုင်ငံရေးခံယူချက်၊ သတင်း မီဒီယာနဲ့ပတ်သက်တဲ့ ခံယူချက်မှာ အားလုံးက စံနမူနာယူရလောက်အောင် ပြင်းပြင်းထန်ထန် ရပ်တည်တယ်။ သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်း လွတ်လပ်ခွင့်အတွက် ရဲရဲရင့်ရင့်ပြတ်ပြတ်သားသားနဲ့ တိုက်ပွဲဝင်ခဲ့တယ်။ အကျဉ်းထောင်ထဲမှာ ရရှိခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် သူရဲ့ ကျန်းမာရေး အကြီးအကျယ်ချို့တဲ့ခဲ့တယ်။ အောက်ဆီဂျင်ပိုက်တန်းလန်းနဲ့ နှစ်ပေါင်းများစွာ နေခဲ့ရတယ်။ အဲဒီကြားထဲက သတင်းသမားတစ်ယောက်ရဲ့တာဝန်ကို နောက်ဆုံးအချိန်အထိ ကျေပွန်ခဲ့တယ်။ သူ ကွယ်လွန်ခြင်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ဝမ်းနည်းကြေကွဲရုံသာမက နှမြောတသမိပါတယ်။ ကျန်ရှိတဲ့သတင်းသမားတွေကလည်း ဆရာဦးစိန်ဝင်းရဲ့ နမူနာတွေကို ယူပြီးတော့ တာဝန်ယူတဲ့ သတင်းသမားတွေဖြစ်အောင် ရပ်တည်သွားချင်ပါတယ်” ဟု သတင်းစာဆရာ၊ စာရေးဆရာ ပြည်သူ့ခေတ်ဂျာနယ်အတိုင်ပင်ခံအယ်ဒီတာမောင်ဝံသက ဝမ်းနည်းစကား ပြောကြားသည်။

ထို့ပြင်လူထုသတင်းစာတိုက်မှ မိသားစုဝင်တစ်ဦးဖြစ်သော စာရေးဆရာ ညီပုလေးက “လူထုတိုက်က အနုပညာရှင် စာရေးဆရာတွေ ထွက်ပေါ်လေ့ရှိပါတယ်။ အဲဒီထဲမှာ လူထုစိန်ဝင်းကတော့ သတ္တိပြောင်မြောက်ပါတယ်။ စာပေဩဇာလည်းအလွန်ကြီးပါတယ်။ ဒီနေ့လိုကာလမျိုးမှာ ဆရာ့လိုပုဂ္ဂိုလ်မျိုး ရှိသင့်သေးတယ်။ ဘယ်သူ့မှ မထောက်ထားဘဲ သတိရှိရှိနဲ့ သူခံစားတာ သူယုံကြည်တာ တင်ပြခဲ့တဲ့ သတင်းစာဆရာ တစ်ယောက်ပါ။ ဆရာ့ကို ဆုံးရှုံးတာ အလွန်ကိုနှမြောပါတယ်”ဟုပြောကြားခဲ့သည်။

ဆရာလူထုစိန်ဝင်း(၇၁ နှစ်)ကို ဇွန်လ ၁၉ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့သည်။ စာရေးဆရာ လူထုစိန်ဝင်းသည် သတင်းစာဆရာ ဦးဝင်းတင် ထောင်မှလွတ်လာပြီးချိန်မှစ၍ အပတ်စဉ်ကြာသပတေးနေ့တိုင်း ၎င်း၏နေအိမ်တွင် ဦးဝင်းတင်၊ စာရေးဆရာ မောင်မိုးသူတို့နှင့် တွေ့ဆုံစကားစမြည် ပြောလေ့ရှိပြီး ဆရာမောင်မိုးသူက “စာပေ အနုပညာနယ်ပယ်အတွက်၊ တိုင်းပြည်အတွက် ဆုံးရှုံးမှုလို့ ယူဆပါတယ်။ လူထုစိန်ဝင်းဟာ လူငယ်များအတွက် အင်မတန် ထူးချွန်တဲ့စာပေများကို ရေးသားပြုစုခဲ့တဲ့သူဖြစ်လို့ပါ။ နိုင်ငံရေးအရလည်းဆုံးရှုံးတယ်။ ဒီကနေ့ခေတ်လူငယ်တွေကို ကိုစိန်ဝင်းက အများကြီး ပြုပြင်ပြောင်းလဲနိုင်တဲ့သူပါ။ စာလည်း တကယ်ရေးနိုင်တယ်။ သူ့ရဲ့ ဖွဲ့သတ္တိကိုလည်း ဘဘ တကယ်ချီးကျူးပါတယ်။ သူနဲ့ဘဘနဲ့ကိုငယ်ငယ်တည်းက လူထုဒေါ်အမာက အမြဲတမ်းနှိုင်းယှဉ်ပြီး “ကိုစိန်ဝင်းက အရမ်းစာရေးနိုင်တယ်။ မင်းက စာမရေးဘူးဆိုပြီး အမြဲပြောလေ့ရှိတယ်။ ဘဘတို့နဲ့ အမြဲတမ်း စကားဝိုင်းလုပ်ဖြစ်တော့ ကိုစိန်ဝင်းက မဆုံးခင်နှစ်ပတ်လောက်ကတောင် သူ့ဘေးခန်းကို နှစ်သိန်းနဲ့ ငှားပြီး စကားဝိုင်း လုပ်ချင်တဲ့ဆန္ဒ ရှိခဲ့တယ်” ဟု လူထုစိန်ဝင်းနှင့်ပတ်သက်၍ပြောပါသည်။

## ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးရေး ထိုင်းနှင့်ဂျပန်အတွက် အရေးကြီး

**တိုကျို၊ဇွန်-၁၇**

ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော ယခင် ထိုင်းဝန်ကြီးချုပ် ဟောင်းသက်ဆင်က မြန်မာနိုင်ငံအတွင်း အထူးစီးပွားရေးဇုန်တစ်ခု ဖွံ့ဖြိုးရေးအတွက် ဂျပန်နှင့်ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်သတင်းစာယိုမီယူရီရှင်ဘွန်းနှင့်တွေ့ဆုံခန်း၌ သက်ဆင်က မြန်မာနိုင်ငံသည် ထိုင်းကုမ္ပဏီများအား ထားဝယ်ရှိအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး ဝင်ရောက်လုပ်ကိုင်ရန် ခွင့်ပြုထားကြောင်း၊ ထားဝယ်ဒေသ စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်မှုသည် ဂျပန်နှင့်ထိုင်းအတွက် အရေးပါသော မဟာဗျူဟာတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ ၎င်းက ထိုင်းနိုင်ငံအလယ်ပိုင်းရှိစက်မှုဆိပ်ကမ်းဒေသနှင့် ထားဝယ်တို့အကြား ပိုက်လိုင်းတစ်ခုချိတ်ဆက်မိပါက ထိုင်းအတွက် ဓာတ်ငွေ့သယ်ယူမှု ကုန်ကျစရိတ်လျော့ကျပြီး အရှေ့အလယ်ပိုင်းမှ ရေနံစိမ်း တင်သွင်းနေရမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောသည်။

သက်ဆင်သည် ဂျပန်နိုင်ငံသို့ ဇွန် ၁၆ ရက်က ရောက်ရှိခဲ့ပြီးတိုကျိုမြို့တွင် ဂျပန်-ထိုင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအသင်း၏ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့သည်။ ၎င်းသည် ဂျပန်၌ ကိုးရက်ကြာနေထိုင်စဉ်အတွင်း နှစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင် ဆက်ဆံရေးပိုအားကောင်းလာရန် မျှော်လင့်ထားသည်။

-Ref:Yomiuri

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# ဒီမိုကရေစီကနေ့ မုန်တိုင်းကထန်ထန်

## (ဘေးမှရပ်ကြည့်မနေနိုင်တော့သည့်လူတစ်ယောက်၏ အထူးစိုးရိမ်သောက)

ကျော်ဝင်း



**အခါလည်လွန် ရင်တမမ**

မြန်မာ့နွေဦး အခါလည် ကျော်လာသည်နှင့် ဘေးမှ ရပ်ကြည့်နေမြဲ စာရေးသူမှာ ရင်မနေရတော့သည်။ ဤအခိုက်မှာပင် ဘယ်လ်ဂျီယံ၊ဘရပ်ဆဲလ်အခြေစိုက် International Crisis Group ၏ ၂၀၁၂ဧပြီ၁၁ရက်ရက်စွဲဖြင့်ထုတ်ပြန်လိုက်သော 'Reform in Myanmar:One Year On'အမည်ရှိ စာတမ်းကိုဖတ်လိုက်ရရာ ပို၍ပင် ဂရုစမ္မထားစောင့်ကြည့်နေမိသည်။ အဆိုပါစာတမ်းက မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်း၏ အံ့ဖွယ်အောင်မြင်မှုများကို မီးမောင်းထိုးပြထားသလို ဖြစ်တန်ရာ စိန်ခေါ်ချက်များကိုလည်းဖော်ထုတ်သတိပေးထားသည်။ ဆိုခဲ့ပါ စိန်ခေါ်ချက်များထဲမှ တစ်ခုမှာ ယခုလို "အပြောင်းအလဲများကြောင့် လူထု၏ မျှော်လင့်ချက်များမြင့်မားလာချိန်၊ ကာလတာရှည်ရှိနေခဲ့သော ထိန်းချုပ်မှုများလည်း လျော့ပါးလာချိန်၊ ဤကဲ့သို့သော အခြေအနေအချိန်အခါမျိုးတွင် မတည်ငြိမ်မှုများ ထွက်ပေါ်လာနိုင်စရာ အလားအလာ ရှိပေသည်. . . "စသဖြင့်။

အားလုံးသိကြသည့်အတိုင်း အလုပ်သမားများ၏ သဘာဝကျသောလိုလားတောင်းဆိုမှုများ၊ မြို့ပြလူထု၏ ဖယောင်းတိုင်မီးကိုင်ဆန္ဒဖော်ထုတ်မှုများ၊ ကျောင်းသားလူငယ်များ၏ အနှစ်နှစ်အလလ မပြည့်ဝခဲ့ရသောချဉ်ခြင်း. . . စသည် စသည်များကို ဆက်တိုက်ဆိုသလို ကြားနေမြင်နေရရာ အရာအားလုံးကို စာနာနားလည်နိုင်သော်လည်း စိုးရိမ်မကင်းဖြစ်ရသည်များကိုမူ မတားနိုင်။ နိုင်ငံတကာအတွေ့အကြုံ များအရ နုနယ်သောဒီမိုကရေစီ၏ ကတိမ်းကပါးဖြစ်နိုင်ခြေများနှင့် နှိုင်းယှဉ်ချင့်တွက်ပြီး ဘုရားတနေရတော့သည်။ သို့နှင့်တိုင် စာရေးသူ စိုးရိမ်သလိုကား မဖြစ်ခဲ့ပါ။ အခါလည်စ ကလေးငယ်မျှသာရှိသေးသော မြန်မာ့ဒီမိုကရေစီမှာ ဆိုခဲ့ပါစိန်ခေါ်ချက်များကို အံ့သြဖွယ်ကောင်းလောက်အောင် လှလှပပ ဖြတ်ကျော်နိုင်ခဲ့ပါသည်။ ဤအတွက် ဒီမိုကရက်တစ် စိတ်ရှည်သည်းခံမှုကို လက်တွေ့ပြသခဲ့ကြသော အစိုးရရော လူထုကိုပါ ချီးကျူးကျေးဇူးတင်မိသည်။

ဤသို့ သက်မချလို့မှ မဆုံးတတ်သေးမီမှာပင် နောက်ထပ် စိန်ခေါ်ချက်ကြီးတစ်ခုနှင့် ရင်ဆိုင်လိုက်ရပြန်သည်။ ယခုတစ်ကြိမ်တွင်ကား ယခင်ကလို မဟုတ်လေတော့။ ဒီမိုကရက်တစ် စည်းဘောင်များကိုကျော်ကာ အကြမ်းဖက်အသွင်အဖြစ် ဦးတည်လာသည်။ သာမန်တိုးမိတိုက်မိသည့် ဝိရောဓိလေးမှာ မပြီးနိုင်၊ မစီးနိုင် ပြေချိန်တန်လို့မှ မပြေနိုင်ဖြစ်လေရာ ဆက်စပ်စဉ်းစားစရာတွေ မနည်းမနော ရှိလာတော့သည်။ ဤကိစ္စမှာ သမိုင်းနှင့်ဆိုင်သလို လက်ရှိနိုင်ငံတကာအခင်းအကျင်းနှင့်လည်း ဆက်စပ်နိုင်သည်ဖြစ်ရာ မြန်မာ့ဇာတ်ပွဲတစ်ပွဲမှ သံဆန်းတစ်ပုဒ်လို 'မပြေးသော် ကန်ရာရှိနေ၍၊ ဒွေးနှစ်ဖော် သံဝါညို' ကြသည်မျိုးပင် ဖြစ်ကောင်းဖြစ်လေမည်လား စဉ်းစားဖို့ရှိလာသည်။ အကယ်၍များ ညီနောင်သားချင်းချင်း အကျေအလည်ညှိကြရမည့် ဒီမိုကရက်တိုင်ဇေးရှင်းထက်ကျော်ပြီး အမျိုးသားရေးပြဿနာဖြစ်လာမည်ဆိုလျှင် ခါတိုင်းလို ဘေးမှ ရပ်ကြည့်မနေနိုင်တော့ပါ။ နိုင်ငံသားတစ်ဦး၏ အထူးစိုးရိမ်သောကဟု ဆိုရတော့မည်ဖြစ်ပါသည်။

**ဇာတ်မြစ်နှင့် ဆက်စပ်အခြေအနေများ**

နာမည်ကျော်အနာဂတ္တိဆရာ ဂျော့ဖရီးမင်းက သူ၏ အရောင်းသွက်စာအုပ် 'The Next 100 Years' စာအုပ်တွင်

စာ(၂၉)သို့

MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre
edexcel
Approved Centre No: 93081
CHINDWIN COLLEGE
SCHOOL OF ENGINEERING



- တင်လတ်(85 Mechanical) နှင့်ကျော်နီခင်(86 Electrical) ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
- တစ်ခုတည်းသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) Affiliated College ဖြစ်သည်။
- ချင်းတွင်းကောလိပ်တွင် HND Electrical & Electronics Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Conventry University တို့တွင် B.E (Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
- ချင်းတွင်းကောလိပ်မှ Electrical & Electronics Engineering နှင့် Mechanical Engineering တန်းခွဲသစ်များကို ဇူလိုင်လ တွင် စတင်မည်ဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့် တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
- HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Conventry University တို့တွင် B.E(Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။

ဆက်သွယ်ရန်
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁ -၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း - ၀၉ - ၂၀၀၁၂၀၀၊ ၀၂ - ၇၄၁၇၉
www.facebook.com/chindwincollege
OUR PARTNERS
AUSTON INSTITUTE
TEG INTERNATIONAL COLLEGE
Coventry University
UNIVERSITY OF WOLVERHAMPTON
SOE SAN
edexcel advancing learning, changing lives
University of Sunderland

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

**စာ(၂၈)မှအဆက်...**

၂၁ ရာစုအတွင်း ပေါက်ကွဲလျှံကျလာနိုင်စရာရှိသည့် 'ပထဝီနိုင်ငံရေးအန္တရာယ်လမ်းကြောင်းများ' (Geopolitical Fault Lines) များကို ရေတွက်ပြရာ 'ထိစပ်နယ်မြေများ' (Borderlands)ကို အထူးအန္တရာယ်တစ်ခုအဖြစ်ဖော်ပြထားပါသည်။ ထိစပ်နယ်မြေဆိုသည်မှာ သာမန်နယ်စပ်ဒေသ (Frontier)နှင့်မတူပါ။ အိမ်နီးချင်းနိုင်ငံနှစ်ခု၏ ဆက်စပ်နယ်မြေဖြစ်သည့်တိုင် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ အကြိမ်ကြိမ်အပြောင်းအလဲရှိသည့်ဒေသမျိုးကို ဆိုလိုသည်။ ဤဒေသမျိုးတွင် ထွေပြားသောယဉ်ကျေးမှုပေါင်းစုံ ရှိနေတတ်သလို သစ္စာခံမှုအမျိုးမျိုးလည်း ရှိနေတတ်ရာ မတည်ငြိမ်မှု၏ ရေခံမြေခံများ အပြည့်ရှိနေသည်ဟုဆိုပါသည်။ ရှုပ်ထွေးသော နိုင်ငံတကာဆက်စပ်အခြေအနေနှင့်ဆုံမိကြုံမိလျှင် ဤဒေသမျိုးရှိ သာမန် ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများသည်ပင် ဆိုးဆိုးရွားရွားအခြေအနေထိ ဦးတည်သွားတတ်သည်ဟုဆိုခဲ့ပါ အနာဂတ္တိဆရာက သတိပေးထားသည်။ ဥပမာ-ပြင်သစ်နှင့် ဂျာမနီကြားမှ အဲလ်ဆက်နှင့်လော်ရိန်း၊ အိန္ဒိယနှင့်ပါကစ္စတန်ကြားမှကက်ရှ်မီးယား၊ ဆားဘီးယားနှင့် အယ်လ်ဘေးနီးယားကြားမှ ကိုဆိုဗိုစသည်တို့ဖြစ်သည်။ လက်ရှိ မက္ကဆီကိုနှင့် အမေရိကန်နယ်စပ်မှာလည်း အလားတူ အန္တရာယ်ထိစပ်နယ်မြေဟု ထောက်ပြပါသည်။

မြန်မာနိုင်ငံတွင်လည်း ဤသို့သော ထိစပ်နယ်မြေမျိုး ရှိသလောက်ရှိသည်။ ယနေ့ ပြဿနာကြုံနေရသော ဘူးသီးတောင်၊ မောင်တောဒေသမှာ ဤလိုနယ်မြေမျိုးဖြစ်သည်။ ဤသို့ဖြစ်ရသည်မှာလည်း ကိုလိုနီစနစ်၏ အမွေဆိုးဟု ဆိုရပါလိမ့်မည်။ ပြောရလျှင် ဇာတ်၏အစမှာ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပင်ဖြစ်သည်။ ဤစစ်ပွဲအပြီးမှာပင် ရခိုင်ပြည်နယ်တစ်ခုလုံးမှာ အင်္ဂလိပ်ကိုလိုနီဖြစ်သွားခဲ့ရတော့သည်။ဤသည်နှင့် မရှေးမနှောင်းမှာပင် အင်္ဂလိပ်အစိုးရက မြေရိုင်းဝေငှသည့်ဥပဒေများပြဋ္ဌာန်းလိုက်သောအခါ စစ်တကောင်းနယ်မှ မွတ်ဆလင်ဘာသာဝင်များ အလုံးအရင်းနှင့် ဝင်ရောက်လာကြပြီး ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြား၊ မြေပုံစသည့်ဒေသတို့တွင် ရွာများတည်ထောင်နေထိုင်လာကြသည်။ ကနဦးကာလကမူ ရိုးသားအေးဆေးသော ရခိုင်တိုင်းရင်းသားများနှင့် မည်သည့်ပြဿနာမှ ရှိခဲ့သည် မဟုတ်ပါ။ အေးအတူ ပူအမျှ ရင်းနီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်သာဖြစ်ပါသည်။ သို့တစေ လူမျိုးသဘာဝအရ မွေးနှုန်းမတူသည့် အချက်က ရေရှည်တွင် အကွာအဝေးတစ်ခုဖြစ်တည်လာစေခဲ့သည်။၁၈၃၂ခုနှစ်ကစစ်တွေခရိုင်၏လူဦးရေမှာတစ်သိန်းကျော်သာရှိခဲ့ရာမှ ၁၉၃၁ ခုနှစ်တွင် ခြောက်သိန်းကျော်ရှိလာပြီး ၁၉၄၁ ခုနှစ်တွင်မူ ခုနစ်သိန်းခွဲကျော်အထိတိုးပွားလာခဲ့သည်။ ဤသို့ တိုးပွားလာသည်မှာလည်း အဓိကအားဖြင့်စစ်တကောင်းသားများပင်ဖြစ်ရာ ၁၉၄၂ ခုနှစ် ဘူးသီးတောင်၊ မောင်တော၏စစ်တကောင်းသားလူဦးရေမှာ သုံးသောင်းကျော်အထိဖြစ်လာပြီး မူလ တိုင်းရင်းသားရခိုင်တို့မှာ အနည်းစုဖြစ်လာတော့သည်။ ဤအချိန်လောက်မှစ၍ အနည်းစု အများစု တိုးမိတိုက်မိသည်များစတင်လာခဲ့ခြင်းဖြစ်သည်။ ဤအခြေအနေကိုပို၍ဆိုးရွားစေသည်မှာ ဒုတိယကမ္ဘာစစ်ကြီးပင်ဖြစ်သည်။ စစ်အစပိုင်းအင်္ဂလိပ်တပ်များ အဆုတ်တွင် စစ်တွေခရိုင်အတွင်း လက်နက်ခဲယမ်းအမြောက်အမြား ကျန်ရစ်ခဲ့ရာမှ သာမန် ဝိရောဓိများမှာ လက်နက်ကိုင်အကြမ်းဖက် အဓိကရုဏ်းများအထိ အခြေအနေဆိုးလာလေတော့သည်။ နောက်ဆုံး ရခိုင်တိုင်းရင်းသားအမြောက်အမြား စစ်တကောင်းနယ်ထဲသို့ ဒုက္ခသည်များအဖြစ် ပြောင်းရွှေ့သွားရသည်များပင်ရှိသည်။ စစ်ကြီးအပြီး အင်္ဂလိပ်တပ်များ ပြန်အရောက် အဆိုပါရခိုင်ဒုက္ခသည်များကို မူလနေရာဟောင်းသို့ပြန်လည်အခြေချပေးခဲ့သော်လည်း အာဃာတ အမုန်းမီးပွားများကိုကား မငြိမ်းသတ်နိုင်တော့ပါချေ။


စစ်ပြီးခေတ် အရှုပ်အထွေးများအောက်တွင် ပြဿနာမှာ အကြမ်းဖက်နိုင်ငံရေးသဘောဆောင်လာပြီး မူဂျာဟစ်အမည်ဖြင့် လျှို့ဝှက်လက်နက်ကိုင်အဖွဲ့အစည်းများပေါ်ထွက်လာခဲ့သည်။ လွတ်လပ်ရေးခေတ်ဦး ရန်ကုန်အစိုးရကာလ ၁၉၄၉-၅၀ မှာဆိုလျှင် ဘူးသီးတောင်နှင့် ရသေ့တောင်တို့မှာ မူဂျာဟစ်သူပုန်များ လက်အောက်တွင်ကျရောက်ခဲ့ရသည်။ မူဂျာဟစ်တို့၏ ရည်မှန်းချက်မှာသီးခြားအစ္စလာမ်မစ်နိုင်ငံ တည်ထောင်ရေးပင်ဖြစ်သည်။ (Hugh Timker: The Union of Burma-Page 34) ထိုနောက်ပိုင်း (၁၉၅၁-၅၂ နှင့် ၅၄)မြန်မာ့တပ်မတော်၏စစ်ဆင်ရေးများဖြင့် အဆင့်ဆင့်နှိမ်နင်းပြီးမှသာ တစ်စုံတစ်ရာ တည်ငြိမ်မြေကိုပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သို့တစေ ပြဿနာကို အပြီးအပြတ်ဖြေရှင်းနိုင်ခဲ့သည်ကား မဟုတ်။ စစ်အေးလွန်ခေတ်၏ အခြေအနေသစ် အောက်တွင် ရိုဟင်ဂျာဆိုသော အမည်သစ်ဖြင့် ပြန်လည်လှုပ်ရှားလာပြန်သည်။ ယခုတစ်ကြိမ် ထူးခြားချက်ကား ဒီမိုကရေစီချန်ပီယံဆိုသော မီဒီယာအချို့ကိုယ်တိုင်က မီးလောင်ရာလေပင့်လုပ်လာကြခြင်းပင်ဖြစ်သည်။

အမှန်စင်စစ် ယနေ့ ရခိုင်အရေးမှာ အဆိုပါမီဒီယာအချို့ စွပ်စွဲပြောဆိုနေသလို လူနည်းစုဘာသာဝင်များ၏အရေးမဟုတ်။ လူနည်းစု တိုင်းရင်းသားများ၏ အရေး ပို၍ပင်မဟုတ်။ ကိုလိုနီအမွေဆိုးမှ အကြောင်းခံပေါ်ထွက်လာသော အတိမ်းအစောင်းမခံသည့် ထိစပ်နယ်မြေပြဿနာပင်ဖြစ်သည်။ ဤပြဿနာကို မျက်မှောက်ခေတ် နိုင်ငံတကာအခင်းအကျင်းမှ ထွက်ပေါ်လာတန်ရာသော အမှောင့်ပယောဂများနှင့် ချိတ်ဆက်စဉ်းစားလိုက်လျှင် နုနယ်လှသေးသော မြန်မာ့ဒီမိုကရေစီရေးအတွက်သာမက မြန်မာ့အချုပ်အခြာအာဏာအတွက်ပါ မထိတ်သာမလန့်သာအကျိုးဆက်များ ခုနစ်စဉ်အမျှင်အတန်း ဖြစ်ကောင်းဖြစ်လာနိုင်လေမလား စဉ်းစားစရာတွေရှိနေသည်။ အထူးသဖြင့် စစ်အေးလွန်ဂလိုဘယ်လိုက်ဇေးရှင်း၏ နိုင်ငံတကာအကြမ်းဖက်ဝါဒ အန္တရာယ်။ ဤအန္တရာယ်မှာ လျော့ပါးသက်သာသွားပြီဆိုကြသော်လည်း တကယ်တော့ ပစ်မှတ်ပြောင်းသွားခြင်းသာဖြစ်သည်။ ယခင် ဖွံ့ဖြိုးပြီး ရှေ့တန်းရောက်နိုင်ငံကြီးများမှ အားနည်းချည့်နဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ချိန်ရွယ်ချက်ပြောင်းသွားခြင်းသာဖြစ်သည်။ ဤသို့ပစ်မှတ်ရွေးချယ်ကြရာတွင်လည်း အစိုးရနှင့်လူထုကြား ယုံကြည်မှုမကောင်းလှသော နိုင်ငံငယ်လေးများကို ဦးစားပေးလေ့ရှိသည်ကို သတိချပ်ကြဖို့လိုမည်ထင်ပါသည်။

### မြန်မာ့စိတ်ရင်း

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၏ နောက်ထပ် ထူးခြားဖြစ်စဉ်တစ်ရပ်မှာ 'ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြသည်များ' (Migration) ရှေ့ရောက်လာခြင်းပင်ဖြစ်သည်။ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ သမားရိုးကျ ရွှေ့ပြောင်းနေထိုင်ကြသည်နှင့် ထိစပ်နယ်မြေအတွင်း စိမ့်ဝင်ပျံ့နှံ့ကြသည်တို့မှာ သဘောသဘာဝချင်းမတူကြပါချေ။ ထိစပ်နယ်မြေပြဿနာများ သစ္စာခံမှု ထွေပြားသည်သာဖြစ်၍ အန္တရာယ် လမ်းကြောင်းဟု သတ်မှတ်ကြရသော်လည်း သမားရိုးကျ ရွှေ့ပြောင်းနေထိုင်မှုမှာဖြစ်ရိုးဖြစ်စဉ်သဘောမျှသာဖြစ်ပါသည်။ **စာ(၃၀)သို့**



## မျက်နှာဖုံး-တိုင်းရင်းသားဘာသာ သင်တန်းစာများ ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးရန် စီစဉ် မှ

တိုင်းရင်းဘာသာကိုကျောင်းချိန်ပြင်ပတွင်သာ သင်ကြားပေးရန်နှင့် သင်ခန်းစာနှင့် ဆရာ့လက်စွဲများကို ပြုစုရေးဆွဲ၍ တိုင်းရင်းဘာသာပြဆရာ၊ ဆရာမများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးရန် ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်ကို ဇွန်လ ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

တိုင်းရင်းစာပေကို သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းတို့တွင် စတင်သင်ကြားရန် ပညာရေးဝန်ကြီးဌာနမှ ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပခဲ့ခြင်းဖြစ်ပြီး ကျောင်းသုံးစာအုပ်ပါသင်ခန်းစာများကို မွန်၊ စကောကရင်၊ ပိုးကရင်၊ ပလောင်၊ တီးတိန်ချင်း၊ ဖလမ်းချင်း၊ ဂုံရှမ်း၊ တိုက်လျှန်ရှမ်း၊ တောင်ကြီးရှမ်း၊ ကယား၊ ကယန်း၊ ပအိုဝ်းစာပေများဖြင့် နှစ်လအတွင်း အပြီးပြုစု၍ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း၊ အင်း၊ ဓနုတိုင်းရင်းသားများနှင့် ပတ်သက်၍ ကွဲပြားသော ဝေါဟာရစကား အသုံးအနှုန်းများကို ပြုစုပေးရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးကပြောသည်။

ကျောင်းချိန်ပြင်ပတွင် တိုင်းရင်းဘာသာသင်ခန်းစာများ သင်ကြားစေခြင်းသည် တိုင်းရင်းသားကလေးငယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေနိုင်ကြောင်းနှင့် ကျောင်းသင်ခန်းစာ ဘာသာရပ်များကို နားလည်သဘောပေါက်လွယ်စေရန် မိခင်ဘာသာစကားဖြင့် သင်ကြားခွင့်ပြုစေလိုကြောင်း တိုင်းရင်းသားဘာသာ အသုံးပြုခွင့် လှုပ်ရှားဆောင်ရွက်နေသူများကဆိုသည်။

"ဘာတွေ သင်မလဲ၊ ဘယ်လိုသင်မလဲဆိုတာက ပြဿနာရှိတယ်။ ဖ. ဆ. ပ. လ ခေတ်တုန်းက တိုင်းရင်းသားစာပေတွေ သင်ခွင့်ပြုပါတယ်။ အဲ့ဒီတုန်းက မွန်စာပေဆို၊ မွန်ဆရာ၊ ဆရာမတွေ ခန့်ထားပေးတာရှိတယ်။ ဒါပေမဲ့သင်ရတဲ့ဟာက ဖတ်စာကိုသင်တာ။ မွန်ဆိုလည်း မွန်ဖတ်စာ၊ ချင်းဆိုလည်း ချင်းဖတ်စာကို အချိန်ပိုမှာသင်ရတယ်။ ကျောင်းဆင်းပြီးချိန်၊ ကျောင်းမတက်မီချိန်၊ သို့မဟုတ် စနေ၊ တနင်္ဂနွေမှာ ကျောင်းချိန်ပြင်ပ သင်ရတာပေါ့။ ကျောင်းချိန်မှာက သင်ကြားမှုအချိန်ဇယားက အပြည့်ဖြစ်နေတာကိုး။ အဲ့ဒါနောက်ပိုင်းမှာ ဘာဖြစ်လဲဆိုတော့ စာမေးပွဲမှာလည်း မပါဘူးလေ။ အဲ့ဒီတော့ မူလတန်းကလေးတွေအတွက် နောက်ပိုင်းမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်လာတာပေါ့"ဟု ပညာရေးမှူးတာဝန်ထမ်းဆောင်ခဲ့ဖူးသော မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ ဥက္ကဋ္ဌ ဦးနိုင်ငွေသိန်းကပြောသည်။

တိုင်းရင်းသား ကလေးငယ်များ မူလတန်းအဆင့်တွင် စတင်ထိတွေ့ရသော ကျောင်းသင်ခန်းစာများကို ပိုမိုနားလည်သဘောပေါက်နိုင်ရန် မိခင်ဘာသာစကား၊ (သို့မဟုတ်)ဒေသခံဘာသာစကားတို့နှင့်သင်ကြားခွင့်ပြုစေလိုကြောင်း ၎င်းကဆိုသည်။

"တချို့ တိုင်းရင်းသားတွေ ဘာလို့ မပါလဲတော့ မသိသေးဘူး။ ကျောင်းချိန်ပြင်ပဆိုတော့ ကလေးတွေက ကျောင်းဆင်းပြီဆိုရင် အိမ်တန်းပြန်ချင်တာလေ။အဲ့ဒီတစ်ချက်ကတော့ နည်းနည်းအားနည်းချက်ရှိမယ်။ ကျွန်တော်ကတော့ အဲ့ဒါကို သိပ်သဘောမကျဘူး"ဟု တိုင်းရင်းသားကလေးငယ်များ ဘာသာစကားအခက်အခဲနှင့်ပတ်သက်၍ လှုပ်ရှားသူတစ်ဦးကဆိုသည်။

တိုင်းရင်းဘာသာ သင်ခန်းစာများကို တိုင်းရင်းသားဆရာ၊ ဆရာမများ၊ တိုင်းရင်းဘာသာကျွမ်းကျင်သူများ ဝိုင်းဝန်းစုပေါင်းပြုစုရမည်ဖြစ်ပြီး သင်ခန်းစာနှင့် ဆရာ့လက်စွဲများကို အခြေခံ ပညာသင်ရိုး ညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီက ဦးဆောင်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း (သို့မဟုတ်) တိုင်းရင်းစာပေပြန့်ပွားရေးအဖွဲ့တို့မှ ပူးပေါင်းရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

"မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူများ တိုင်းရင်းသား ဘာသာစကားများသင်ကြားပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားဘာသာစကား၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ခိုင်မာရှင်သန်လာမည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။

တိုင်းရင်းသားဘာသာစာပေများကို တိုင်းရင်းသားများကို သင်ကြားခွင့်ပြုခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း နိုင်ငံရေးလေ့လာသူအချို့ကပြောသည်။

## စာ- ၂၉၊ ဒီမိုကရေစီကနုနု မုန်တိုင်းကထန်ထန် မှ

ရွှေ့ပြောင်းနေထိုင်ကြသူများဘက်မှ ၎င်းတို့ ရောက်ရှိရာနိုင်ငံအပေါ် သစ္စာခံကြသလိုသက်ဆိုင်ရာနိုင်ငံများဘက်မှလည်း သူတို့တစ်တွေကိုနိုင်ငံသားအခွင့်အရေးအဆင့် ဆင့်ပေးကြသည်သာဖြစ်ပါသည်။ သို့တိုင်အောင် Community အဖြစ်သာ သဘောယူပြီး Nationality အဖြစ်ကား မည်သည့် နိုင်ငံကမှ သဘောထားကြသည်မဟုတ်ပါ။ယနေ့အရင့်ကျက်ဆုံး ဒီမိုကရေစီနိုင်ငံ အမေရိကမှာပင် ဤအတိုင်းဖြစ်သည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်လိုက်လျှင် ပုဂံခေတ်ဦးလောက်ကပင် နိုင်ငံရပ်ခြားနှင့် ကူးလူးဆက်ဆံမှုများ ရှိသလောက်ရှိခဲ့သည်သာဖြစ်ပါသည်။ ဥပမာ-ဗျတ်ဝိ၊ ဗျတ္တဇာတ်လမ်းကိုပင်ကြည့်. . ။ သူတို့ညီနောင်မှာ ပင်လယ်ဖြတ်၍ရောက်ရှိလာသော တစ်မြေရပ်ခြားမှ ဘာသာခြားတွေဖြစ်သည်။ သို့တစေ ဗုဒ္ဓဘာသာဝင် ပုဂံသားတွေက သူတို့နှစ်ယောက်ကို သူရဲကောင်းအဖြစ် ချစ်ကြသည်။ သူတို့ ကွယ်လွန်သည်အထိပင် သုံးဆယ့်ခုနစ်မင်းစာရင်းသွင်းကိုးကွယ်သည်အထိ ချစ်ခဲ့ကြသည်။ ထားတော့ -ဤဇာတ်လမ်းမှာ သမိုင်းမဟုတ်၊ ပုံပြင်မျှသာဟု ဆိုစေဦး၊ အခြားအထောက်အထားတွေ မနည်းမနောရှိသည်။ ကုန်းဘောင်ခေတ်ကဆိုလျှင် မွတ်ဆလင်ဘာသာဝင်တစ်ဦးကိုပင် ဘုရင်ကိုယ်တိုင်က မြို့တော်ဝန်အဖြစ် မြှောက်စားဖူးသည်။ အမရပူရမြို့ဝန် ဘိုင်ဆတ်။ ထို့ထက် ယနေ့ထက်တိုင် မြန်မာလူထုမမေ့နိုင်ကြသေးသည့်ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးခဲ့ရသော ဆရာကြီးဦးရာဇတ်မှာ မွတ်ဆလင်ဘာသာဝင် သူတော်ကောင်းကြီးဖြစ်သည်။ ဤတွင် ပြောလိုသည်မှာ လူမျိုး၊ ဘာသာ မခွဲခြားဘဲ သူရဲကောင်းဆိုလျှင် ချစ်ခင်မြတ်နိုးတတ်သည့် မြန်မာ့အစဉ်အလာ မြန်မာ့စိတ်ရင်းအကြောင်းဖြစ်ပါသည်။

ဤအစဉ်အလာ ဤစိတ်ရင်းကို မြန်မာတွေ ထိန်းသိမ်းကြရပါလိမ့်မည်။ လက်တွေ့ကျကျပြသရပါလိမ့်မည်။ ဒီမိုကရေစီနှင့် ထိုက်တန်သောလူမျိုးဖြစ်ကြောင်း ကမ္ဘာက သိစေရပါမည်။ တစ်ပြိုင်နက်တည်းမှာပင် ရှုပ်ထွေးပွေလီမာယာများလှသော ကမ္ဘာ့နိုင်ငံရေးကျားကွက်တွင် အမျိုးသားရေးသတိ မမေ့မလျော့ရှိကြဖို့လည်းလိုမည်ထင်ပါသည်။ ဂရိတ်ပါဝါယှဉ်ပြိုင်ပွဲတွင် နိုင်ငံငယ်လေးများမြေဇာပင်ဖြစ်ကြရသည့် သာဓကတွေ၊ သမိုင်း၊ ဇာတ်ခုံထက်တွင် မမြင်ချင်အဆုံး တွေ့ခဲ့ရပြီမဟုတ်ပါလော။ ဒုတိယကမ္ဘာစစ်အကြိုကာလက ဗြိတိသျှနန်းရင်းဝန် ချိန်ဘာလင်၏ ဟစ်တလာချော့မြှူရေးပေါ်လစီအရ အဲလ်ဆက်နှင့် လော်ရိန်း ဖက်ဆစ်ကျားစာဖြစ်ခဲ့ရသည်ကို သတိချပ်ကြရပါလိမ့်မည်။ လာတော့မည့် လွှတ်တော်အနေနှင့် အဆိုပါသတိ၊ အဆိုပါအသိဖြင့် အခါလည်သားမြန်မာ့ဒီမိုကရေစီကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ပါစေသတည်း။

**စာညွှန်း** -

၁။ ကိုလိုနီခေတ် ဘားမားဂဇက်တီးယားစာစောင်များ

၂။ The Union of Burma (Myanmar) by - Hugh Tinker

၃။ The Next 100 Years by - George Friedman

## စာ၇၊ ဘောလုံးဝါသနာအိုးများ စိတ်ညစ်နေ မှ

"ကျွန်မကဘောလုံးပွဲတွေဆို အလွတ်မပေးဘူး။ ပရီးမီးယားလိဂ်ကအစ အားပေးတာ။ပြီးတော့ ကမ္ဘာ့ဖလား၊ ဥရောပ ဖလားပွဲတွေကိုလည်းလေးနှစ်တစ်ခါငယ်ငယ်တည်းက ရုပ်မြင်သံကြားကနေတစ်ဆင့် အားပေးလာတာ။ ရုပ်မြင်သံကြားကနေ ပြသပေးခဲ့တုန်းက ကိုယ့်အိမ်မှာ ကိုယ်ကြည့်လို့ရခဲ့တော့ အရမ်းအဆင်ပြေတယ်။ အခုလိုကျတော့ မိန်းကလေးဖြစ်နေတာကြောင့် အရမ်းကြည့်ချင်တာတောင် အပြင်ထွက်ကြည့်လို့မရဘူး"ဟု အသက်(၂၉) နှစ်အရွယ်ရှိ အမျိုးသမီး ဘောလုံးပရိသတ်တစ်ဦးကပြောသည်။

ဘောလုံးဝါသနာရှင်များ အနေဖြင့်လည်း ယခုလက်ရှိအချိန်စကိုင်းနက်ရုပ်သံလိုင်းတွင်သာ ပြသနေသော ၂၀၁၂ ဥရောပဖလားပြိုင်ပွဲ၏ နောက်ပိုင်းအရေးကြီးပွဲစဉ်များကို အခမဲ့ရုပ်သံလိုင်းများမှ ပြသပေးလာရန်ကိုလည်း မျှော်လင့်နေကြကြောင်း သတင်းရရှိသည်။

"အနည်းဆုံးတော့ အကြိုဗိုလ်လုပွဲနဲ့ ဗိုလ်လုပွဲစဉ်တွေကိုတော့ အိမ်ကနေ ကြည့်ရဖို့မျှော်လင့်ပါတယ်" အသက် (၃၀)အရွယ်အမျိုးသားဘောလုံးပရိသတ်တစ်ဦးကလည်း ၎င်း၏ဆန္ဒကို ပြောလာသည်။

**TRADEMARK CAUTION**

NEW ZEALAND MILK BRANDS LIMITED, a Company incorporated in New Zealand, at The Fonterra Centre, 9 Princes Street, Auckland, New Zealand is the Owner and Sole Proprietors of the following Trade mark:-

CHESDALE

Reg.No. 4/4205/2005

In respect of "Int'l Class 29: Milk and milk products including milk powder, cream, butter, cheese and casein; proteins and protein products; edible oils and fats; products for use in creaming coffee and like drinks; margarine and other food spreads; dessert products; preserves and jams."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 21.June.2012

သို့ /

ဘကြီး

ရန်ကုန်ဆေးခန်းလာပြရင် ကျွန်တော်



ဘွဲ့ယူမယ့်နေ့အမှီ စောပြီး ဆင်းခဲ့ပါလား...

ဘွဲ့ယူပြီး ဘွဲ့နှင်းသဘင်နဲ့နီးတဲ့ ခိုင်ခိုင်ကျော်ဆိုင်ခွဲမှာ ထမင်းစားဖို့စီစဉ်ထားတယ်... ပြီးခဲ့တဲ့အခေါက်ဘကြီးနဲ့ ကျွန်တော်စားတဲ့ တက္ကသိုလ်ရိပ်သာလမ်းကဆိုင် အခုဒီကို ပြောင်းပြီးဖွင့်တာ၊ ကားပါကင်ကလည်းကျယ် ၊ အဲယားကွန်းအခန်း တွေလည်းရှိတော့ ဘကြီး သဘောကျမှာ၊ နောက်ပြီး ဘကြီး ပြနေတဲ့ သုခကမ္ဘာ ဆေးရုံနဲ့လည်း တစ်လမ်းထဲဘဲ၊ ဘကြီး ကတော့ အတော်ဘဲ!...ဆေးရုံပြ...ပြပြီးရင် ခိုင်ခိုင်ကျော်မှာ ထမင်းဝင်စား... ပြီးရင် ကားဈေးကျလို့ ကားဝယ်သွားမယ် ဆိုရင်လည်း လမ်းထိပ်က ကမ္ဘောဇဘဏ်မှာ ငွေထုတ်... အားလုံး "အိုကေ" ဘဲ။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။

ပြည်လမ်းဆိုင်ခွဲ - အမှတ်(၆၁၇/အေ)၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်။

ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၁၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈

ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

**TRADEMARK CAUTION**

KING TONY TOOLS CO., LTD, a Company incorporated in TAIWAN at No.11, 150 ALLEY, 516 LANE, 2 SEC, HSI NAN RD, WU-JIH SHIANG, TAICHUNG HSIEN, TAIWAN, R.O.C is the Owner and Sole Proprietor of the following Trademark:-

KING TONY

Reg : No.4/1381/2009

In respect of : Int'l class 7 : "Peneumatic hand tools; peneumatic drivers; peneumatic wrenches; sockets for pneumatic hand tool; sockets for pneumatic wrench; pneumatic drills; electric hand tools; electric drivers; electric wrenches; sockets for electric wrench; electric drills"

Reg : No.4/1382/2009

In respect of : Int'l class 8 : " Hand tools; sockets for hand tool wrench; bits for hand tool; extension bars for wrench; extension bars for screwdriver; adjustable wrench; nippers pincers tongs pliers; saws (hand tools); wrenches; socket wrenches; screwdrivers; hammers".

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL


Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 21.June.2012

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012



# ပြုတ်သောက်၍မရသော ပုပ္ပားနှင့် ကင်စား၍မရသော ငပလီ

**မောင်သာချို**

(တစ်)

ကျွန်တော်ကချင်ပြည်နယ်မိုးညှင်းမြို့သို့ရောက်စဉ်က ကချင်တိုင်းရင်းသူကလေးတစ်ဦးနှင့် စကားစမြည်ပြောဆိုခွင့်ရခဲ့ရာ ထိုတိုင်းရင်းသူကလေးမှာ ဂျပန်အတွေ့အကြုံ အနည်းငယ်ရှိသော တိုင်းရင်းသူကလေးဖြစ်ကြောင်းသိခွင့်ရလိုက်ပါသည်။ ထိုစဉ်က ဂျပန်-မြန်မာ ရင်းနှီးချစ်ကြည်ရေးအတွက် မြန်မာကျောင်းသူ ကျောင်းသားကလေးများကို ဂျပန်သို့ခေါ်ဆောင်ကာ ဟိုအိမ်သည်အိမ်များသို့ တစ်အိမ်တစ်ယောက်ကျ ပို့ဆောင်ပေးသည့် အစီအစဉ်ဖြင့် ထိုတိုင်းရင်းသူကလေး ပါဝင်သွားခဲ့ရာ ဂျပန်မိသားစုများနှင့်အတူ ရောနှောနေထိုင်ရသဖြင့် ချစ်ကြည်မှုရင်းနှီးမှုများအပြင် ဂျပန်ကို အနည်းငယ် တီးမိခေါက်မိရှိအောင်လုပ်ဆောင်သော အစီအစဉ်ဟု နားလည်ရပါသည်။ ထိုအစီအစဉ်ကာလနှင့်ချီကာ အချိန်ကြာသောအစီအစဉ်လည်းဖြစ်ပါသည်။

သို့ဖြင့်မြန်မာကျောင်းသူကျောင်းသားကလေးတို့သက်ဆိုင်ရာဂျပန်အိမ်ကလေးများ၌ တော်တော်ကလေးအသားကျသွားသည့် တစ်နေ့တွင် ကျွန်တော့်တိုင်းရင်းသူကလေးက သူနေထိုင်ရာအိမ်ကလေး၏ ရှေ့မြေကွက်တွင် စိုက်ထားသည့် နှင်းဆီပင်မှ နှင်းဆီပွင့်ကလေးကို သဘောကျသွားကာ ဆိုးခနဲဆတ်ခနဲဆို ခူးယူလိုက်ပါသည်။

ဤတွင် ဂျပန်ဇနီးမောင်နှံက လှမ်းတွေ့ကာ မျက်နှာအနည်းငယ်ပျက်သွားပြီး ဘာကြောင့် ခူးသလဲမေးပါသည်။ တိုင်းရင်းသူကလေးကလည်း မြတ်နိုးလို့ဟု ဖြေပါသည်။ ထိုအခါ ဂျပန်ဇနီးမောင်နှံက မြတ်နိုးရင်မခူးရဘူးလေတဲ့။

ထို့နေ့က တိုင်းရင်းသူကလေး ကျွန်တော့်ကို ပြောပြနေပုံက ဂျပန်တို့၏ စိတ်ကို အတုယူခြင်းဖြင့် ပြန်လည်သုံးသပ်ကာ မိမိကိုယ်မိမိ ဝေဖန်ရေးလုပ်နေပုံမျိုးဖြစ်ပါသည်။ သူတို့ပြောသလို ကျွန်မတို့မှာမြတ်နိုးတတ်တဲ့စိတ်ကလေးတွေများ အားနည်းနေသလား ဆရာ. . . တဲ့။

အော်. . . မြတ်နိုးတတ်တဲ့စိတ်။

(နှစ်)

ယခုနှစ် ၂၀၁၂ ဂျပန်တွင် ချယ်ရီတွေပွင့်တော့ ချယ်ရီပွင့်ချိန်ကို အစိုးရကပင် ကြေညာပေးပါသည်။ ဂျပန်မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက ချယ်ရီပန်းပွင့်ချိန်ရောက်ပြီဖြစ်ကြောင်း ကြေညာပေးလေသတဲ့။ ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်ကို ချယ်ရီပန်းစပွင့်ချိန်အဖြစ် ကြေညာပေးလိုက်ရာ ဂျပန်ပြည်သူသန်းပေါင်းများစွာတို့ဝင်ရောက်ဆင်နွှဲကြလေသတဲ့။ ပန်းနုရောင်ပင်လယ်ကြီးပမာ လွှတ်ပြီးပွင့်နေသည့် ချယ်ရီပင်များ၏ကြား၌ မျက်လုံးတွေရော မျက်နှာတွေရော သွင်ပြင်အမူအရာတွေရောပြုံးပျော်ရွှင်လန်းလွှတ်လပ်ပေ့ါပါးမြူးတူးနေသည့် ဂျပန်ကလေး၊ ဂျပန်လူကြီးတို့ကို ရုပ်မြင်သံကြား ဖန်သားပြင်များပေါ်၌ မြင်ရရုံနှင့်ပင် သူတို့၏ ချယ်ရီပန်းကိုမြတ်နိုးတတ်သောစိတ်ကကိုယ့်ဆီကိုကူးစက်၍လာပါသည်။

ဂျပန်တို့က ပန်းကို ဟန (HANA)ဟုခေါ်ပြီး ပန်းကြည့်ပွဲများကို ဟနမိ (HANAMI)ဟုခေါ်ကြရာ နွေဦးရာသီချယ်ရီပန်းပွင့်ချိန်၌ ပန်းကြည့်ပွဲကို နိုင်ငံနှင့်ချီ၍လုပ်ကြမြဲဖြစ်ပါသည်။

ကျွန်တော်တို့က ဆာကူရာဟု အသံထွက်နေကြသော စကုရ (SAKURA)ခေါ် ချယ်ရီပန်းများ ပွင့်ကြပြီဆိုသည်နှင့် ဂျပန်တို့တခြားဘာကိုမှ သတိမရတော့ဘဲ ချယ်ရီပင်များအောက်၌ မိသားစုများ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ စုဆုံကာ ဆိုကြ ကကြ အော်ကြ ဟစ်ကြ ငြင်းကြ ခုံကြ စားကြ သောက်ကြနဲ့တဲ့။ ချယ်ရီပန်းကလေးပွင့်တာနဲ့များဟု သွားပြီး အမြင်မတိမ်လိုက်လေနဲ့။ သူတို့မြေ သူတို့ရေ သူတို့တော သူတို့တောင် သူတို့ချောင်း သူတို့မြစ်ကို အချစ်ကြီးချစ်သူတို့၏ စိတ်ကို လှစ်ပြလိုက်ခြင်းဟု မြင်အောင်ကြည့်နိုင်ကြဖို့ဖြစ်ပါသည်။

ဆရာကြီးဒေါက်တာသန်းထွန်းက ဂျပန်မှုတစ်ရာ (A Hundred Things Japanese) ကို ဘာသာပြန်သောအခါဂျပန်တို့၏ကိစ္စဝိစ္စတစ်ရာ၌ ထိုချယ်ရီကို မြတ်နိုးကြပုံများကိုလည်း တစ်ရာထဲက တစ်ခုအဖြစ် ဖော်ပြထားခဲ့ပြီး ဒီနေ့ဂျပန်ဖြစ်လာအောင် လုပ်ပေးတဲ့ ဂျပန်တို့ရဲ့ ဇာတိရုပ်၊ စိတ်ဓာတ်၊ အသည်းနှလုံးအဖြစ် ကောက်ချက်ပေးထားခဲ့လေရာ သဘာဝပတ်ဝန်းကျင်ကို အချစ်ကြီးချစ် အမြတ်နိုးကြီး မြတ်နိုးတတ်သည့် စိတ်သည် နိုင်ငံသူ နိုင်ငံသားတို့၌ အရေးပါလှသောကြောင့် ကျွန်တော်ကောက်ချက်ချမိပါသည်။

အော်. . . ဂျပန်ရောက် မိုးညှင်းသူကလေးကို နင်တို့က မမြတ်နိုးတတ်ဘူးတဲ့။ မြတ်နိုးရင် မခူးရဘူးတဲ့။

(သုံး)

မြန်မာတို့က တန်ဖိုးဟု လုံးထွေးခြုံငုံကာသုံးသော စကားလုံးကို အင်္ဂလိပ်တို့က ကွဲပြားခြားနားစွာသုံးပါသည်။

Intrinsic Value, Traditional Value, Cultural Value, Social Value, Moral Value, Exchanged Value, Sentimental Value စသည် စသည်ဖြင့်။ မိမိရပ်တည် သုံးသပ်ရာနယ်ပယ်၏ ရှုထောင့်အရ Value ၏ ရှေ့၌ အလျဉ်းသင့်ရာ စကားလုံးကို ထည့်ပြီး Value နှင့်ပေါင်းကာ ဘာတန်ဖိုး ညာတန်ဖိုးလုပ်၍ ရပါသည်။

သို့သော် ကျွန်တော်ယခုပြောလိုသည်က မြတ်နိုးခံစားတတ်သည့် တန်ဖိုးအကြောင်း ဖြစ်ပါသည်။ Sentimental Value ဟု ဆိုပါတော့။

ငွေစက္ကူများက တစ်ခုခုနှင့် လဲလှယ်၍ရပါသည်။ ထိုက်တန်သော ငွေကိုသာပေးလိုက် ကျွန်တော်တို့ အလိုရှိရာကို ရပါ၏။ ဆန်၊ ဆီ၊ ဆား၊ ဖုန်း၊ ကား၊ အဝတ်အစား၊ တိုက်တာ အိမ်ခြေ စသည် စသည်။ ထို့ကြောင့် ငွေစက္ကူ၌ ဖလှယ်သောတန်ဖိုး (Exchanged Value)ရှိပါသည်။

ရေကသောက်၍ ရသည်။ ကြက်ကြော်ကစား၍ရသည်။ ကားကစီး၍ရသည်။ ဖုန်းကစကားပြော၍ရသည်။ နာရီကအချိန်ကြည့်၍ ရသည်။ ထို့ကြောင့် ဝတ္ထုပစ္စည်းများ၌ အသုံးချတန်ဖိုး (Used Value) ရှိပါသည်။

သို့သော်မြတ်နိုးခံစားမှုတန်ဖိုးက ဘာမှလုပ်၍မရပါ။ ကြော်၍မရ၊ပြုတ်၍မရ၊ဖုတ်၍မရ၊ကင်၍မရ။ ဆိုကြပါစို့ ငပလီကမ်းခြေ။ ပြည်တွင်းဧည့်သည်များသာမက ပြည်ပဧည့်သည်များပါ ငွေကြေးများစွာ အကုန်အကျခံပြီး လာရောက်ခိုနားကြသောကမ်းခြေ။ ထိုကမ်းခြေကြီးကိုလက်တွေ့မည်သို့အသုံးချ၍ ရသနည်း။ တယ်လီဖုန်းတစ်လုံးလောက်၊မော်တော်ကားတစ်စီးလောက်၊ ထမင်းတစ်ပွဲလောက်၊ ထီးတစ်လက်၊ ဖိနပ်တစ်ရန်လောက်တောင်မှ အသုံးမဝင်ကြောင်း လူတိုင်းအသိ။ သို့သော်ပြာနေတဲ့ပင်လယ်၊ ဖွေးနေတဲ့လှိုင်း၊ ယိမ်းနွဲ့နေတဲ့အုန်းပင်၊ လက်လက်ထနေတဲ့သဲပြင်၊ ရှင်းသန့်နေတဲ့လေညင်း၊ ရှင်းလင်းတဲ့ ရှုမျှော်ခင်းအကျယ်၊ နေရောင် လရောင် ကြယ်ရောင်တွေကို ကြည့်ကာ ဒါတို့ရဲ့သဘာဝ တို့ရဲ့အလှဟုဆိုကာ ဘာမှန်းမသိ မြတ်နိုးခံစား တန်ဖိုးထားသောစိတ်က ထိုနေရာသို့ ကျွန်တော်တို့ကို တွန်းပို့လိုက်ခြင်းဖြစ်ပါသည်။

ထို့အတူ တောင်တော်ရွှေပုပ္ပား။ ကြော်စားလို့ရလို့လား။ အင်းလေးကန်တော်မဟာ။ ချက်စားလို့ရလို့လား။ မေခ မလိခတို့ဆုံရာဒေသ။ ပြုတ်သောက်လို့ရလို့လား။ ဂန္ဓဝင်ပုဂံဒေသ။ ဖုတ်စားလို့ရလို့လား။ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း ရှမ်းရိုးမ။ ကင်စားလို့ရလို့လား။

သို့သော် သည်တောသည်တောင်၊ သည်မြောင်သည်ချပ်၊ သည်ကမ်းစပ် သည်ပင်လယ်၊ သည်လယ်သည်ကွင်း၊ သည်အင်းသည်အိုင်၊ သည်နိုင်ငံကိုချစ်မြတ်နိုး တန်ဖိုးထားသောစိတ်က ငွေစက္ကူတစ်ထပ်၊ ဖုန်းတစ်လုံး၊ ကားတစ်စီး၊ တိုက်တစ်လုံး၊ ခေါက်ဆွဲတစ်ထုပ်၊ ဒံပေါက်တစ်ပွဲ၊ အအေးတစ်ပုလင်းတို့ကို တန်ဖိုးထားပုံထက်ပို အရေးကြီးပါသည်။ Exchanged Value (ပိုက်ဆံ)၊ Used Vaule (ဝတ္ထုပစ္စည်း)တို့ကို တန်ဖိုးထားခြင်းထက် ထို Sentimental Value (မြတ်နိုးခံစားမှုတန်ဖိုး) ကပို၍ အရေးကြီးပါသည်။

(လေး)

ပုပ္ပားတောင်ကပြုတ်သောက်၍မရပါ။ ငပလီကမ်းခြေက ကင်စား၍မရပါ။

ထို့အတူ ချယ်ရီပန်းများသည်လည်း ဘာမှလုပ်၍မရပါ။ သို့သော်ချယ်ရီပွင့်သည်နှင့် သူ့မြေကပန်းကို မြတ်နိုးတန်ဖိုးထားမှုကြီးသူ ဂျပန်တို့ ချယ်ရီပင်အောက်သို့ အရောက်ထွက်လာကုန်ကြပါလေပြီ။ ကျွန်တော်ကတော့ ကျွန်တော်တို့၏ ဖုတ်မရ ကင်မရ ချက်မရ ပြုတ်မရ လက်တွေ့အသုံးချ၍ မရသည့်အရာများကို တန်ဖိုးထားလျက်ရှိပါသည်။

မိုးရေတက်ရေတဖွေးဖွေးနဲ့ လယ်စောင့်တဲလေးလည်း ပါမပေ့ါ။ ချောင်းပြင်မှာ စီတန်းနေတဲ့ ဗေဒါပန်းလေးလည်း ပါမပေ့ါ။ ထနောင်းပင်ကလေးတွေ တမာပင်ကလေးတွေလည်း ပါမပေ့ါ။ ပုဂံက အာနန္ဒာ၊ ညောင်ဦးက ရွှေစည်းခုံ၊ ရန်ကုန်က မြတ်ဘုရားရွှေတိဂုံကြီးလည်း ပါမပေ့ါ။ ပိတောက်ပန်းဝါဝါတွေ၊ ရခိုင်ရိုးမ ရှမ်းရိုးမ တောင်တန်းကြီးတွေ၊ ဧရာဝတီ ချင်းတွင်း သံလွင် စစ်တောင်းမြစ်အကြောင်းကြောင်းတွေလည်း ပါမပေ့ါ။ သက်န်းတော်ဝါဝါနဲ့ ‘ဆွမ်းတော်ဗျို့’ လို့ ဟစ်အော်သံများလည်းပါမပေ့ါ။

အော်. . . ရင်ထဲမှာ တည်ဆောက်ထားရတဲ့ တန်ဖိုးများ။ ။

## မြန်မာအမျိုးသားကွန်ကရက်ပါတီအလံပြောင်း

**မင်းဟိန်းကျော်**

**ရန်ကုန်၊ဇွန်-၁၄**

မြန်မာအမျိုးသားကွန်ကရက်ပါတီ၏လက်ရှိအသုံးပြုနေသော ပါတီအလံမှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အလံနှင့် ဆင်တူနေသဖြင့် ပြောင်းလဲရန်ရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားထားသောကြောင့် ပြောင်းလဲမည်ဖြစ်ကြောင်း ၎င်းပါတီဥက္ကဋ္ဌက ပြောသည်။


“ရွေးကောက်ပွဲကော်မရှင်က ကျွန်တော်တို့ကို ညွှန်ကြားထားတာရှိတယ်။ ပါတီအလံက တိုင်းစစ်ဌာနချုပ်တစ်ခုရဲ့ အလံနဲ့ဆင် တူနေတဲ့အတွက်ပြောင်းဖို့စာပို့ထားတဲ့အတွက် ပြောင်းဖို့စီစဉ်ခဲ့တာ” ဟု ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်က ပြောသည်။

၎င်းပါတီမှ ပြောင်းလဲရန် စီစဉ်ထားသောအလံမှာ အနီရောင်နောက်ခံပေါ်တွင် အဝါရောင်ခွပ်ဒေါင်းဖြစ်ပြီး ကန့်ကွက်လိုပါက တစ်ပတ်အတွင်း ရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ လာရောက်ကန့် ကွက်နိုင်ကြောင်း ဇွန် ၁၃ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ပြောင်းလဲမည့်ပါတီအလံ၏ ရည်ညွှန်းချက်မှာ နောက်ခံအနီရောင်သည် ရဲရင့်ခြင်းနှင့် ဒီမိုကရေစီကို ဖော်ညွှန်းပြီး ခွပ်ဒေါင်းမှာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်၏ သင်္ကေတဖြစ်ကြောင်း၊ ခွပ်ဒေါင်းမှာ ပါတီတစ်ခုနှင့်ပုဂ္ဂိုလ်တစ်စုံတစ်ဦးပိုင်ဆိုင်သောသင်္ကေတမဟုတ်ကြောင်း မြန်မာအမျိုးသားကွန်ကရက်ပါတီဥက္ကဋ္ဌကပြောသည်။ ထိုအလံသစ် ၏ အရောင်များနှင့် ဒေါင်းကိုအမှတ်တံဆိပ်အဖြစ်သုံးစွဲထားသည်တို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)အလံနှင့် အနည်းငယ်ဆင်တူနေသည်ကို တွေ့ရသည်။

“အမျိုးသားကွန်ကရက်ပါတီကပြောင်းမယ့်အလံက ကျွန်တော်တို့ လက်ရှိသုံးတဲ့အလံနဲ့ မတူပါဘူး။ သူတို့က ကြယ်မပါဘူး။ ဒေါင်းရဲ့ ကနေတဲ့ဟန်ချင်းလည်းမတူဘူး။ အဲဒါကြောင့်ကျွန်တော်တို့ပါတီအနေနဲ့ကန့်ကွက်ဖို့မရှိဘူး” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအုန်းကြိုင်ကပြောသည်။ ၂၀၁၀ ရွေးကောက်ပွဲပြီးစီးသည့်နောက်ပိုင်းတွင် တည်ထောင်ခွင့်ပြုခဲ့သည့်ပါတီများအနက် လက်ရှိအသုံးပြုနေသော ပါတီအလံကို ပြောင်းလဲရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မြန်မာအမျိုးသားကွန်ကရက်ပါတီအား ပထမဆုံးညွှန်ကြားချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012



# တဒင်္ဂဒေါသနှင့် ဟိုမှာဘက် ချောက်ကမ်းပါး

**အာဝါသ**

သက်ရှိသတ္တဝါမှန်သမျှ၌လူသည် အသိဉာဏ်အရှိဆုံးဟု လက်ခံသတ်မှတ်ထားခြင်းခံရစေကာမူ တစ်ချိန်တည်းမှာပင် အခြားသတ္တဝါများနှင့်မတူကွဲပြားသော အမိုက်မဲဆုံး အပြုအမူနှင့် လုပ်ရပ်အချို့ကို ပြုကျင့်ကျူးလွန်တတ်သူမှာလည်း လူပင်ဖြစ်နေလေ့ရှိသည်ကို အံ့အားသင့်ဖွယ်တွေ့ရပြန်၏။ ပညာရှင်တို့၏ လေ့လာသုတေသန တွေ့ရှိချက်များအရလူနှင့်တိရစ္ဆာန်၏ အဓိကခြားနားချက်ကို ဖော်ပြရာတွင် လူသည်စဉ်းစားတွေးခေါ်တတ်ခြင်း၊ ရှက်ကြောက်တတ်ခြင်းနှင့် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအခြေခံဖြင့် နေထိုင်ခြင်းတို့က အခြားသတ္တဝါများတွင် မတွေ့ရသော ထူးခြားချက် ဝိသေသများဖြစ်သည်ဆို၏။

သို့ဖြစ်လင့်ကစား လူ၏ အရာရာခြယ်လှယ်စေစားနိုင်စွမ်းသော အားသာချက်နှင့် ဉာဏ်ပညာအမြော်အမြင် လိုအပ်ဆန္ဒများကလောကကောင်းကျိုးသက်သက်ကိုချည်း သယ်ပိုးနေပါသည်ဟု ယတိပြတ်မဆိုနိုင်ဘဲ ဆန့်ကျင်ဘက်အဆိုးတရားများဆီလည်း ဖောက်ပြန်ဦးတည်သွားတတ်သေးသည်ဖြစ်ရာ "လူသားနှင့်အမှား" ခွဲခြား၍ မရနိုင်စကောင်းဟုပင် မှတ်ယူဖွယ်ဖြစ်ရတော့သည် မဟုတ်ပါလော။ ချစ်ခင်နှစ်သက်ခြင်းနှင့် နာကြည်းမုန်းတီးခြင်း၊ သနားကြင်နာခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်း၊ ရိုင်းပင်းကူညီခြင်းနှင့် လျစ်လျူရှုပစ်ပယ်ခြင်း၊ သိမ်မွေ့ပျူငှာခြင်းနှင့် မောက်မာရိုင်းပြခြင်း အစရှိသောအယုတ်၊ အမြတ်ဂုဏ်အင်လက္ခဏာတို့လူတွင်တွဲယှဉ်ရှိနေခြင်းကပင် စင်ကြယ်ခြင်းအလျဉ်းရှိသည်မဟုတ်သော လူ့အဖြစ်၊ လူ့အဆင့်ကို ဖော်ပြဝန်ခံနေသလို ယူဆရမည်ဖြစ်ပေသည်။

အံ့သြဖွယ်ကောင်းသည်မှာ အသိဉာဏ်၊ ယဉ်ကျေးမှုအဆင့်အတန်းနိမ့်ကျသော တိရစ္ဆာန်တို့၏ ခက်ထန်ကြမ်းကြုတ်မှုများသည် သဘာဝယုတ္တိသဘောအရဘာမှ ဆန်းကြယ်လှသည်မဟုတ်သော်လည်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံပါသည်ဟူသော လူသားစစ်စစ်တို့၏ ကျူးလွန်မိုက်မဲခဲ့မှုများကား သမိုင်းတွင် ဟစ်တလာ၊ နပိုလီယံတို့ကဲ့သို့သော အရက်စက်ဆုံး စစ်ရာဇဝတ်ကောင်များ ပေါ်ခဲ့ဖူးပြီးဖြစ်ရုံမက လောဘ၊ ဒေါသ၊ မာန်မာန အမှားများကို အရင်းခံနေသော လူလူချင်းရက်စက်မုန်းတီးခြင်း၊ တရားမဲ့အနိုင်အထက်ပြုခြင်းနှင့် လက်စားချေခြင်းများကလည်း မယုံကြည်နိုင်ဖွယ် ဆိုးဝါးဆန်းပြားစွာ ဖြစ်ပွားပေါ်ပေါက်လျက်ရှိသည်မှာ စိတ်ပျက်ဝမ်းနည်းစရာအတိဟု ဆိုရပေမည်။

ပြီးခဲ့သည့် အပတ်ထုတ် 7Day ဂျာနယ်သတင်းတစ်ပုဒ်တွင် လက်ရှိကာလ၌မှုခင်းဖြစ်ပွားမှုနှုန်းယခင်ထက်မြင့်တက်လာနေကြောင်းနှင့် ဖြစ်ပွားသော မှုခင်းများတွင် လူသတ်မှုနှင့် မုဒိမ်းမှုကအရေအတွက် မနည်းသော အဆင့်မှ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးကို ကိုးကား၍ ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရသကဲ့သို့ လတ်တလော သည်ဘက်နှစ်များအတွင်း မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော အမှုအခင်းများက ကြားသိရသူတိုင်းအဖို့ အထိတ်တလန့်ဖြစ်ကြရသလို သမားရိုးကျဖြစ်စဉ်ဖြစ်ရပ်များထက် လွန်ကဲစွာကြမ်းတမ်းခက်ထန်နေသည်ဖြစ်၍ ယခင်က ကြုံဖူးကြားဖူးခဲ့ခြင်း မရှိကြသည့်အားလျော်စွာတချို့ကတရားဥပဒေစိုးမိုးမှုအားနည်းချည့်နဲ့နေခြင်းကြောင့်ပေလောဟု သံသယဝင်ကြသည့် နည်းတူ တချို့ကလည်း နိုင်ငံသားများ၏ စရိုက်လက္ခဏာများ ပြောင်းလဲကာဗြဟ္မစိုရ်တရားများ လျော့ပါးကျဆင်းလာရခြင်း၏ ပြယုဂ်ပင်ဖြစ်လေသလောဟုလည်း ရှုမြင်သုံးသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်လာခဲ့သည်။

မည်သို့ပင် ဖြစ်စေကာမူ အကြမ်းဖက်ခိုက်ရန်သတ်ဖြတ်မှုဖြစ်စဉ်တိုင်းတွင်'ဒေါသ'၏ စေ့ဆော်သွေးဆောင်မှုကို အချိန်မီ ချုပ်တည်းထိန်းသိမ်းနိုင်စွမ်း မရှိခြင်းက အဓိကအကြောင်းတရားအနေဖြင့် ပါဝင်နေမည်ဖြစ်ပြီး အကယ်၍ဒေါသကို အချိန်မီ ချုပ်တည်းနိုင်ခဲ့လိုက်၍ဖြစ်စေ၊ သို့တည်းမဟုတ် ဒေါသအလျောက်စိတ်လိုက် မာန်ပါပြုကျင့်မိခဲ့ပြီးသည့်နောက်ကြုံတွေ့ခံစားရမည်ဖြစ်သော အကျိုးဆက်တို့ပေါ်ထွက်လာချိန်၌ဖြစ်စေ မူလပြဿနာမှာ မိမိဖြစ်ခဲ့သောဒေါသထက်အဆမတန်သေးငယ်နေသည်ကို မလွဲမသွေတွေ့ကြရမည်သာ ဖြစ်ပေသည်။ တစ်နည်းဆိုရသော် ဒေါသဟူသည် လူ၏ ပုံမှန်စိတ်မဟုတ်ဘဲ လျှပ်တစ်ပြတ်သဘောမျှသာဖြစ်၍ ကြာရှည်လေ့မရှိရကား (ဥပမာ-"ဒေါသအလျောက်ဖြစ်သွားတာပါ။ မရည်ရွယ်ပါဘူး"ဟူသောအသုံး)ဒေါသစိတ်ပေါ်ထွက်ချိန်တွင် ဆင်ခြင်မှုကင်းမဲ့ပျောက်ဆုံးသွားနိုင်သဖြင့် ပြဿနာတစ်ရပ်အား ဒေါသရှေ့ထား၍ တုံ့ပြန် ဖြေရှင်းမှုပြုခြင်းကအဖြေမှန်ရလဒ်နှင့် ဘယ်အခါမှနီးစပ်နိုင်လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်သည့်အားလျော်စွာ တဒင်္ဂဒေါသကြောင့် ရရှိခဲ့ပြီး ရရှိလတ္တံ့သောသမိုင်းသင်ခန်းစာ၊ မျက်မှောက်သင်ခန်းစာများအား ဆက်လက်တင်ပြဆွေးနွေးသင့်ကြသည်ဟု ယူဆမိပါသည်။

မြန်မာရာဇဝင်တွင် အမျက်ဒေါသစိတ်ကို အကြောင်းပြုကာကြုံတွေ့ရရှိခဲ့သော သင်ခန်းစာများအနက် အနန္တသူရိယ အမတ်ကြီး ၏ဖြစ်အင်မှာ ခါးသီးကြေကွဲဖွယ်ဖြစ်၍ ထင်ရှားလှ၏။ သက္ကရာဇ် ၅၃၆ ခုတွင် ပုဂံ၌နောင်တော်မင်းယဉ်နရသိခ်ကို လုပ်ကြံပြီးနရပတိစည်သူ နန်းတက်သောအခါနောင်တော်၏အထိန်းတော်သား အနန္တသူရိယအမတ်အားလည်း သတ်လေဟု သူသတ်တို့အား အပ်လေရာ အနန္တသူရိယသည် ရဲရင့်တည်ကြည်နှလုံးရည်ရှိသူဖြစ်ရကားသတ်မည့်ဆဲဆဲတွင် "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း" အစချီသော တရားဓမ္မ လွှမ်းခြုံပြည့်ဝသည့်လင်္ကာလေးပုဒ်ကိုရေးစပ်ကာ မင်းကြီးအား ဆက်သခဲ့လေ၏။ သူသတ်တို့လည်း သတ်၍ပြီးလတ်မှမင်းကြီးအားပေးလျှောက်လေရာ "လွှတ်စေ" ဟု မိန့်တော်မူချိန်၌ လက်လွန်ပြီးကြောင်း မင်းကြီးသိရသော် လွန်စွာစိတ်နှလုံးမသာမယာဖြစ်တော့၏။

သူ၏အဆောတလျင် မျက်မာန်ရှအမိန့်ပေး များခဲ့ရမှုအဖြစ်တွင် အနန္တသူရိယလိုလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အဖိုးတန်အမတ်ကြီးအား သတ်မိသည့် အတွက် နောင်တကြီးစွာ ရရှိတော်မူသော နရပတိစည်သူမင်းကြီးက "နောက်နောင် ငါအမျက်တော်ရှိ၍ သတ်လေဟု မိန့်သော်လည်း ချက်ချင်းမသတ်ရ။ တစ်လလေးသီတင်းထား စစ်ကြောပြီးမှ သေတန်ကသေပါစေ" ဟု အမိန့်တော်ထုတ်ပြန်ခဲ့သည်မှာ သတိသံဝေဂရစရာပင် မဟုတ်ပါလား။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့မှုတွင်အဓိကလက်သည်တရားခံ ဂဠုန်ဦးစောသည် နိုင်ငံတော် အာဏာကို အကြမ်းဖက် ဖြတ်လမ်းနည်းဖြင့် လုယူသိမ်းပိုက်ရန် ရက်စက်စွာကြံစည်အားထုတ်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေရုံမျှလောက်သာမကသေး။ သူ၏ပြစ်ဒဏ်အတွက် ကြိုးမိန့်ကျခံရအပြီး သမီးဖြစ်သူထံပေးပို့သော နောက်ဆုံးစာထဲတွင် "စိတ်ထက်တဲ့အမျိုး"ဟူသည့် အသုံးအနှုန်းတစ်ရပ်ကို ထည့်သွင်းရေးသားသုံးနှုန်းထားသည်ကို တွေ့ရခြင်းက သာမန်ထက်ပိုလွန်မည်ထင်ရသောဒေါသအာဃာတတရားများကြီးစိုးခဲ့ဟန်တူသည်ကို မှန်းဆသိရှိနိုင်လေသည်။

စာရေးသူ၏ အသက် (၂၀) ခန့်အရွယ်က အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသေးသည်။ တစ်ရက်တွင် မိမိကျောင်းစာလုပ်နေခိုက် အစ်မဖြစ်သူနှင့် နေထိုင်မကောင်းသော မိခင်တို့ အချီအချစကားများကြလေရာ မကျန်းမာလျက်က ဗလောင်ဆူနေရှာသော အမေ့အဖြစ်ကိုမြင်ရသဖြင့် သနားမိသည့် အလျောက် မငဲ့ညှာ၊ မသိတတ်သော အစ်မဖြစ်သူအားလည်း လွန်စွာစိတ်ဆိုးဒေါသဖြစ်နေတော့သည်။

စာ(၄၀) သို့

## JOKE

### ကတိသစ္စာ

လင်မယားစုံတွဲတစ်တွဲသည် ၄၅ နှစ်ကြာ ပေါင်းသင်းနေထိုင်ခဲ့ရာတွင်သားသမီး ၁၁ ယောက်ထွန်းကားခဲ့ပြီး မြေးပေါင်း ၂၂ဦးလည်းပိုင်ဆိုင်ထားသည်။

ဤမျှလောက်နှစ်ပေါင်းများစွာပေါင်းသင်းနေထိုင်ရခြင်း၏ အကြောင်းရင်းလျှို့ဝှက်ချက်ကိုမေးမြန်းကြည့်သောအခါဇနီးဖြစ်သူက "လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ငါတို့ကတိသစ္စာပြုထားကြတယ်။ လင်မယားချင်း စပြီးကွဲချင်ကွာချင်တဲ့လူက ကလေးတွေအကုန်လုံး ခေါ်သွားရမယ်ဆိုပြီးတော့လေ"ဟုပြောပြပါလေတော့သည်။

### ကျောင်းပြန်တက်ချိန်

နွေရာသီ ကျောင်းပိတ်ရက်ပြီးဆုံး၍ ရှစ်နှစ်သားအရွယ် ဂျော်နီတစ်ယောက် ကျောင်းပြန်တက်နေပြီဖြစ်သည်။ ဂျော်နီကျောင်းစတက်ပြီး တတိယမြောက်နေ့မှာပင် ကျောင်းကဆရာမက ဂျော်နီ၏ အမေဆီဖုန်းဆက်ပြီး ဂျော်နီတစ်ယောက် ပြောမရဆိုမရဖြစ်နေကြောင်း လှမ်းပြောသည်။

ဤတွင်ဂျော်နီ၏အမေက "နေပါဦး ဆရာမရယ်၊ ဂျော်နီတစ်ယောက် ကျွန်မနဲ့အတူတူ သုံးလလုံးလုံး တောက်လျှောက်ရှိနေခဲ့တာ ဂျော်နီ့ကို ပြောမရလို့ဆိုပြီး ဆရာမဆီ ကျွန်မတစ်ခါမှ ဖုန်းမဆက်ခဲ့ရပါလား"ဟု ပြန်ပြောပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟာန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုင်စင်-** ကျော်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။
**ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

# Business

7DAY NEWS JOURNAL

Vol.11, No.15 • JUNE 21 , 2012


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၄ | ၈၅၃ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၄ | ၈၅၃ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၅၇ | ၆၆၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၅၉ | ၁၀၇၇ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၄ | ၂၆. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၀ | ၁၃၁ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၈ | ၈၅၉ | ကျပ် |

၂၀၁၂ ဇွန် ၁၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၆၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၉၁၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၆၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၆၄၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၃၈၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၀၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၄. ၂၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၃၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၉၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၉၁၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၆၈၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၁၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၃၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၂၈. ၁၀၀ |
| ရေနံစိမ်း | စည် | ၉၇. ၆၁၀ |
| ငွေ | ၁ အောင်စ | ၂၈. ၇၄၀ |
| ကြေးနီ | ပေါင် | ၃၃၉. ၀၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၄၆၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇွန် ၁၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲသုံးမျိုးအစား ဆီထွက်သီးနှံစိုက်ပျိုးရန် ပဲ၊ နှမ်းအသင်း အကြံပြု



ဓာတ်ပုံ - [illegible](အေပီ)

**ပြည်သိမ်း**

**ရန်ကုန်၊ဇွန်-၁၄**

ပြည်ပသို့တင်ပို့သည့် ပဲသုံးမျိုးမှာ ဈေးနှုန်းတောက်လျှောက်ကျဆင်းပြီး လက်ကျန်များနေသည့်အတွက် တောင်သူလယ်သမားများအနေဖြင့် ဈေးကောင်းရနိုင်သည့် ဆီထွက်သီးနှံများ ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ပဲနှမ်းကုန်သည်အသင်းမှအကြံပြုချက်ထုတ်ပြန်သည်။

ဒေါ်လာနှင့်လဲလှယ်ရာတွင် အိန္ဒိယနိုင်ငံသုံး ငွေတန်ဖိုးမြင့်တက်နေသည့်အတွက် မြန်မာပဲဝယ်ယူတင်သွင်းမှု လျော့ချခဲ့သည်။ အိန္ဒိယနိုင်ငံမှ စီးပွားရေးသည် ဥရောပနိုင်ငံများနှင့် ချိတ်ဆက်နေသည့်အတွက် လက်ရှိအခြေအနေအရ အကျဘက်သို့ဦးတည်နေသည်။ ယင်းကြောင့် ပုံမှန်နှစ်များကဲ့သို့မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကိုသာ ဦးစားပေးစိုက်ပျိုးပါက ယခုနှစ်ကဲ့သို့ ဈေးမကောင်းသည့် အခြေအနေမျိုးသာဖြစ်နိုင်ကြောင်း ပဲနှမ်းကုန်သည်အသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ရှင်းပြသည်။

"ဥရောပစီးပွားရေးအခြေအနေကြောင့် နိုင်ငံတကာဈေးကွက်မှာ သီးနှံဈေးတွေက အကျဘက်ဦးတည်နေတယ်။ မြန်မာကလည်း ပဲမှာဆိုရင် အိန္ဒိယရဲ့ရိုက်ခတ်မှုကို ခံခဲ့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်း၊ ပြောင်းဆန်တို့မှာ တရုတ်နိုင်ငံမှ ဝယ်လိုအားရှိသဖြင့် ဈေးကောင်းရခဲ့သည်။ မြေပဲဆန်မှာ တရုတ်နိုင်ငံမှ ဆီကြိတ်ရန်အတွက် လုံးဆန်များပါဝယ်ယူလာသဖြင့်တစ်ပိဿာလျှင် ၂၅၀ ကျပ်မှ ၃၀၀ ကျပ် ကြား ဈေးမြင့်လာသည်။ ပြောင်းဆန်မှာလည်း တရုတ်နိုင်ငံမှ လိုအပ်ချက်မြင့်သဖြင့် ၅၄ ပိဿာတစ်အိတ်လျှင် ယွမ် ၁၂၀မှ ၁၂၅ ယွမ်ဈေးရှိသည်။ ပြည်တွင်း၌ ပြောင်းဆန်ဈေးမှာ ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၂၀,၀၀၀ ကျော်ဈေးရှိသည်။

ယခုလပြည်တွင်းပဲဈေးကွက်တွင် ပဲစင်းငုံမှာ အိန္ဒိယနိုင်ငံမှ လိုအပ်ချက်ကြောင့်ဈေးနှုန်းမြင့်တက်လာသည်။

**စာ(၃၄)သို့**

# နွေ၊ မိုးစပါးအထွက် ပုံမှန်ထက် ၁၀ ရာခိုင်နှုန်းလျော့ကျ

**သန်းဌေး**

**ရန်ကုန်၊ဇွန်-၁၂**

၂၀၁၁-၁၂ဘဏ္ဍာနှစ် နွေစပါးနှင့် မိုးစပါးနှစ်ရပ်ပေါင်း၏ စပါးထွက်နှုန်းမှာ ယမန်နှစ်စပါးထွက်နှုန်း၏ ၁၀ ရာခိုင်နှုန်းကျော် လျော့ကျခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွင်းမိုးစပါးတင်းပေါင်း၁၂၇သန်းနှင့် နွေစပါး တင်းပေါင်း ၃၁ သန်း စပါးထွက်လျော့ကျခဲ့သည်ဟု ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေးတွင်ဒုတိယဝန်ကြီးဦးအုန်းသန်းက ပြောကြားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

**စာ(၃၄)သို့**







7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# ရွှေဈေးတက်၊ အရောင်းအဝယ် ပုံမှန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၁၄**

ပြည်တွင်းရွှေဈေးကွက်တွင် ယခုရက်ပိုင်း၌ ဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေသော်လည်း ဈေးကွက်ရောင်းဝယ်မှုပုံစံမှာ များစွာပြောင်းလဲမှု မရှိကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခြင်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့်ဖြစ်ပြီး ဈေးကွက်အရောင်းအဝယ် အေးနေခြင်းမှာ ပြည်တွင်းရှိ နိုင်ငံရေးနှင့် ငွေဈေးကွက်ပြောင်းလဲမှုများကို စောင့်ကြည့်နေသော အနေအထားများကြောင့်လည်း ဖြစ်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များက ပြောသည်။

ထို့ပြင် ကျပ် ၁၀,၀၀၀ တန် ထုတ်မည်ဟူသော သတင်းကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်သွားခြင်းကြောင့်လည်း ပြည်တွင်းရွှေဈေးနှုန်းများ ယခုကဲ့သို့ ဈေးမာလာနေခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးနှုန်းလှုပ်တယ်ဆိုပေမယ့် အရောင်းအဝယ်ကတော့ သိပ်မပြောင်းဘူး။ ပြန်ထုတ်တဲ့သူတွေများနေတုန်းပဲ။ တက်ရိပ်ပြလို့ ဝယ်လာတာ သိပ်မရှိသေးဘူး။ အများစုက ဈေးကွက်စောင့်ကြည့်နေကြတဲ့ သဘောပဲ။ တစ်သောင်းတန် ထုတ်မယ်ဆိုတော့လည်း ညနေပိုင်း ခဏလောက်ပဲ ဈေးတက်သွားတယ်။ သိပ်အလှုပ်ကြီး မဖြစ်လိုက်ဘူး။ နိုင်ငံရေးအနေအထားရော အားလုံးကိုစောင့်ကြည့်နေတဲ့ သဘောမှာလည်း ရှိတယ်" ဟု ရွှေဆိုင်တာဝန်ခံတစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် ပြီးခဲ့သည့်ရက်ပိုင်းက တစ်အောင်စလျှင် ၁၅၆၀ ဒေါ်လာဝန်းကျင်ရှိနေရာမှ ၁၆၁၀ ဝန်းကျင်ထိ ဈေးနှုန်းပြန်လည်မြင့်တက်လာချိန်တွင် ဒေါ်လာဈေးနှုန်းများမှာလည်း တစ်ယူနစ်လျှင် ၈၅၀ ကျပ်ကျော်ထိ မြင့်တက်နေသည်။

ထို့ကြောင့်ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၀,၅၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ၁၅ ပဲရည်ဈေးနှုန်းမှာလည်း ၆၈၀,၀၀၀ ကျပ်ထိ မြင့်တက်နေသည်။



ကျပ် ၁၀,၀၀၀ တန်ထုတ်မည်ဟု ကြေညာသော ညနေပိုင်းက ပြည်တွင်းရွှေဈေးနှုန်းများသည် တစ်ကျပ်သားပေါ်တွင် ကျပ်တစ်သောင်းကျော် ဈေးနှုန်းမြင့်တက်သွားစေသော်လည်း ကျန်ရက်များတွင် ပုံမှန်ဈေးကွက်အနေအထားတိုင်းသာ ရှိသည်။

လက်ရှိတွင် နိုင်ငံရေးနှင့် ငွေကြေးဈေးကွက်ကြောင့် ရွှေဈေးနှုန်းကို ပြောင်းလဲမှုမရှိသေးဘဲ ဈေးကွက်ကိုစောင့်ကြည့်နေသော အနေအထားသာရှိနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။




## စာ(၃၃) - နွေ၊ မိုးစပါးအထွက် ပုံမှန်ထက် ၁၀ ရာခိုင်နှုန်းလျော့ကျ မှ

ထို့ကြောင့် စပါးတင်းသန်းပေါင်း ၁၆၀ ခန့် စပါးထွက်လျော့ကျမှုသည် ပုံမှန်ထွက်နှုန်းဖြစ်သော စပါးတင်းသန်းပေါင်း ၁,၅၀၀ ၏ ၁၀ ရာခိုင်နှုန်းကျော်နေသည်။ မြန်မာတစ်နိုင်ငံလုံးတွင် မိုးစပါးစိုက်ဧက ၁၇ သန်းနှင့် နွေစပါးစိုက်ဧက သုံးသန်းရှိရာ မိုးစပါးတင်းသန်းပေါင်း ၁,၂၅၀ နှင့် နွေစပါးတင်းသန်းပေါင်း ၂၅၀ ပုံမှန်ထွက်လေ့ရှိကြောင်း သိရှိရသည်။

"လယ်/ဆည်ဒုဝန်ကြီးက မြန်မာနိုင်ငံ သီးနှံအထွက်တွေကို ဂျပန်နဲ့ နှစ်စဉ်ပြတဲ့အခါ သုံးနှစ်၊ လေးနှစ်ရှိပြီ စပါးရော၊ ပဲရော သီးနှံအထွက်တွေ တဖြည်းဖြည်းဆုတ်သွားတာ အခုဆုတ်သွားတဲ့ကိစ္စက ရာသီဥတုကြောင့်လည်းပါတယ်။ လယ်သမားတွေရဲ့ အကျိုးစီးပွား အမြတ်မရှိတော့လို့ သွင်းအားစုတွေ လုံလောက်အောင် မထည့်နိုင်တော့လို့ပါ"ဟု ၎င်းကပြောသည်။

မြို့ကွက်တိုးချဲ့ခံရခြင်းနှင့် စီမံကိန်းကြီးများ တည်ထောင်မှုများကြောင့် လယ်ယာမြေဆုံးရှုံးကာ ကျွဲနွားနှင့် လယ်ယာလုပ်သား ရှားပါးလာခြင်းအပြင် ပိုးကျမှုများကာ သီးနှံ အထွက်တိုးစေရန် သွင်းအားစုများ မထည့်သွင်းနိုင်သောကြောင့်လည်း သီးနှံအထွက်ကျဆင်းလာရကြောင်း သတင်းရရှိသည်။

"ပြီးခဲ့တဲ့ မိုးစပါးက ရေများပြီး အထွက်ကျတယ်။ နွေစပါးကတော့ စိုက်ဧကလျော့တာပါ။ စပါးအထွက်က တစ်ဧကကို ပျမ်းမျှ တင်းခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်လောက်ပဲထွက်တယ်"ဟု ပဲခူးတိုင်းအနောက်ခြမ်း အင်းမမြို့နယ်မှ လယ်သမားကြီးဦးထိုင်ထိုင်ကပြောသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၈,၄၀၀၀ တင်ပို့ခဲ့ပြီး ယခုနှစ်မိုးရာသီတွင် ကန်ထရိုက်လယ်ယာစနစ်အပါအဝင် မိုးစပါး စိုက်ဧက ၃၉၀,၀၀၀ စိုက်ပျိုးပြီးကြောင်း ကြေညာခဲ့သော်လည်း လယ်သမားအားလုံး၏ ၄၆ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးလျက်ရှိနေကြောင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ကောက်ယူထားသော စစ်တမ်းအရ သိရှိရသည်။


## စာ(၃၃) - ပဲသုံးမျိုးအစား ဆီထွက်သီးနှံစိုက်ပျိုးရန် ပဲ၊ နှမ်းအသင်း အကြံပြု မှ

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံအထွက်လျော့နည်းခြင်း၊ အာဖရိကတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထားမှု၌ ပျက်စီးမှုများရှိသဖြင့် ဝယ်လိုအားပြန်လိုက်လာခြင်းဖြစ်သည်။ မေလက ပဲစင်းငုံတစ်တန်လျှင် ကျပ်လေးသိန်းခွဲမှ ယခုလတွင် ကျပ်လေးသိန်းခုနစ်သောင်းထိ ဈေးနှုန်းမြင့်တက်လာသည်။ ကျန်မတ်ပဲနှင့် ပဲတီစိမ်းမှာ ဈေးမြင့်တက်ခြင်း မရှိကြောင်း ပြည်ပသို့ ပဲတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြည်တွင်း၌ ယခုနှစ် အဆိုပါပဲသုံးမျိုး လက်ကျန်တွင် မတ်ပဲ တန်ချိန် လေးသိန်းနီးပါးကျန်နေသည်။ မတ်ပဲအထွက်မှာ တစ်နှစ်လျှင် တန်ချိန်ခြောက်သိန်းခွဲသာအများဆုံးထွက်သည်။

# 7DAY BOOK REVIEW

## ခြေရာပျောက်မြစ် (သန့်မြင့်ဦး)




ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ဦးသန့်၏မြေး (ဦး)သန့်မြင့်ဦး အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော 'ကိုယ်တိုင်ရေးမြန်မာ့သမိုင်း' စာအုပ်ကိုမြန်မာဘာသာသို့လုံးစေ့ပတ်စေ့ပြန်ဆိုထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။

စာမျက်နှာ ၆၀၀ ကျော်ရှိသော ယခုစာအုပ်တွင် အခန်းဆယ့်သုံးခန်းပါဝင်ပြီး သမားရိုးကျမဟုတ်သော သမိုင်းအမြင် သမိုင်းဖြစ်ရပ်များနှင့်တွဲစပ်ကာ ထူးခြားစွာရေးသားထားသည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းနှင့်သက်ဆိုင်သည့်စာတမ်းများ၊ စာအုပ်တော်တော်များများ၌ ဖတ်ရလေ့ရှိသည့် ရေးနည်းရေးဟန်ပုံသဏ္ဌာန်ဖြင့် ရေးထားခြင်းမျိုးမဟုတ်ဘဲ စာအုပ်အဖွင့်ကို မြန်မာ့သမိုင်း၏ အလယ်ဖြစ်ရပ်တစ်ခုဖြစ်သော သီပေါမင်းပါတော်မူသည့်ကာလမှ စတင်ဖွင့်လှစ်ထားပြီး နောက်ပိုင်းမှ ရှေ့ကာလနှင့် နှောင်းကာလတို့ ပြန်လည်ပေါင်းစပ်ဟန် ဆုံချက်အဖြစ်ရေးသားထားခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ၎င်း၏ပုဂ္ဂလိကဆန်သော မိသားစုဘဝကို ထည့်သွင်းထားပြီး ယင်းကို ပုံရိပ်ယူကာ မြန်မာနိုင်ငံဗြိတိသျှလက်အောက်ကျရောက်စဉ်မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာမှုကို ထင်ဟပ်ထားခြင်းဖြင့် ယခုသမိုင်းစာအုပ်မှာ ရုပ်လုံးကြွပေါ်လွင်နေပါသည်။ မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်များထဲ ကိုယ်တိုင်ဖြတ်သန်းလျှောက်လှမ်းခဲ့သူတစ်ဦးပီပီ သမိုင်းရေးရာ၌ ရသအမွှမ်းအပြောက်များဖြင့် ရင်ကိုလှုပ်နှိုးအောင် ရေးသားထားသည်။ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဖြစ်ပွားခဲ့သော ကျောင်းသားသမဂ္ဂအဆောက်အအုံဖြိုခွဲခံရပုံနှင့်ပတ်သက်၍ 'နောက်နေ့နံနက်တွင် ဖောက်ခွဲရေးအဖွဲ့တစ်ဖွဲ့သည် ၁၉၂၀ ပြည့်လွန်နှစ်များမှစပြီး ကိုလိုနီစနစ်ဆန့်ကျင်ရေးသင်္ကေတအဖြစ် တည်ရှိခဲ့ပြီး အောင်ဆန်း၊ ဦးနုနှင့် ဦးသန့်တို့၏ မိန့်ခွန်းများဟောပြောသည့် နေရာလည်းဖြစ်သော ထုံးသုတ်ထားသည့် ကျောင်းသားသမဂ္ဂအဆောက်အအုံသို့ ချီတက်ကာ အစိတ်စိတ်အမြွှာမြွှာဖြိုခွဲပစ်သည်'ဟု ရေးသားထားပြီး ဦးသန့်အရေးအခင်းနှင့်ပတ်သက်၍ 'ကားတန်းမှာ သုသာန်သို့ ဦးတည်ပြီး မောင်းနေစဉ် ပြုံတိုးနေသည့် ကျောင်းသားအုပ်ကြီးတစ်ခုမှ ခေါင်းကိုသယ်လာသည့် နိဗ္ဗာန်ယာဉ်ကို ရပ်ခိုင်းသည်။ ၎င်းတို့သည် တစ်နေ့လုံး ထောင်ချီပြီး ရောက်နေကြသည်။ ကျွန်တော့်အဘိုး၏ ညီအငယ်တစ်ဦးက ၎င်းတို့အား မိသားစုမှ တိတ်ဆိတ်စွာ သင်္ဂြိုဟ်ခွင့်ပြုရန်နှင့် အခြားကိစ္စများကို နောက်မှလုပ်ရန် မေတ္တာရပ်ခံသော်လည်း အချည်းနှီးပင်၊ ခေါင်းကိုလုယူပြီး ထရပ်ကားတစ်စီးဖြင့် ရန်ကုန်တက္ကသိုလ်ဝင်းထဲသို့ မောင်းပြေးသည်'ဟု ရေးသားထားသည်။

စာအုပ်နိဂုံးစကားတွင်လည်း ၂၀၀၇ စက်တင်ဘာလကဖြစ်ပွားခဲ့သော စက်သုံးဆီအရေးကိစ္စမှ ပေါ်ပေါက်ခဲ့သည့် လူထုဆန္ဒပြပွဲနှင့်ပတ်သက်၍ 'ကြက်သွေးရောင်ဝတ်ရုံများ ဆင်မြန်းထားသည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် သောင်းချီသော လုံချည်ဝတ်သာမန်မြန်မာများ မုတ်သုံမိုးစိုရွှဲနေသည့် လမ်းများတွင် အာခံဖီဆန်ပြီးလျှောက်ကာ ပိုမိုကောင်းမွန်သောဘဝနှင့် ပိုမိုလွတ်လပ်မှုကို တောင်းဆိုကြသည်။ . . . သို့သော် မြန်မာမှလူနည်းစုသာလျှင် အံ့အားသင့်မည့်လုပ်ရပ်အနေဖြင့် ၂၀၀၇ ခုနှစ်တွင်လည်း ၁၉၈၈ ခုနှစ်အတိုင်းပင် အားဖြည့်တပ်သားများ ချဉ်းကပ်လာပြီး သေနတ်များဖြင့်ပစ်ခတ်သည်။ . . . ရန်ကုန်မိုးကောင်းကင်မှတိမ်များနောက်ဆုံးကင်းစင်သွားသည့်အခါ မြို့သည် စိတ်မကောင်းဖွယ်ရာ လက်တွေ့ဘဝသို့သုန်မှုန်စွာပြန်လည်ရောက်ရှိသွားသည်'ဟု ဖော်ပြပါရှိသည်။ ရှင်းလင်းပြတ်သားသည့် အတွေးအမြင်နှင့် အရေးအသားတို့ဖြင့် ရေးသားခြယ်မှုန်းထားသော ယခုစာအုပ်ကို Myanmar Book Centre က တန်ဖိုး ၆,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကြီးမားလေးလံတဲ့ ခန္ဓာကိုယ်ရှိပေမယ့် အအိပ်ဆတ်ကြတာဘယ်သူတွေလဲ

ဆင်များသည် တစ်ချိန်တည်းမှာပင် အစုအဖွဲ့လိုက်အတူတကွအိပ်စက်ခြင်းမျိုးမရှိကြဘဲ ရုတ်တရက်ရင်ဆိုင်ရမည့်ရန်သူကိုဂရုစိုက်စောင့်ကြည့်ကာ အိပ်စက်လေ့ရှိကြသည်။ ဆင်အုပ်တစ်အုပ်တွင် အခြားသောဆင်များ အိပ်စက်နေချိန်တွင် ဆင်အချို့က မအိပ်ဘဲစောင့်ကြည့်နေတတ်ပြီး ဆင်အားလုံးအိပ်စက်နေခြင်းမျိုးပြုလုပ်လေ့မရှိကြဟုဆိုသည်။

တိရစ္ဆာန်ရုံများတွင်ဆိုလျှင် ဆင်တစ်ကောင်အိပ်စက်နေချိန်၌ အခြားလှောင်အိမ်ကဆူညံသံဖြစ်ပါက လျင်မြန်စွာဖြင့် နိုးထလေ့ရှိသည်ဟု သိရသည်။ ဆင်များသည် ကြီးမားလေးလံသော ခန္ဓာကိုယ်ရှိခြင်းကြောင့် လဲလျောင်းအိပ်စက်ပါက ခန္ဓာကိုယ်အလေးချိန်သည်ယင်းတို့၏အရိုးများကိုပိစေသဖြင့် သက်သောင့်သက်သာမဖြစ်စေဟုဆိုသည်။ မည်သို့ပင်အိပ်စက်နေစေကာမူ ဆင်များသည်အအိပ်ဆတ်ကြပြီး အန္တရာယ်မှကာကွယ်နိုင်စေရန်အတွက် လျင်မြန်စွာလှုပ်ရှားမှုပြုလုပ်နိုင်ကြသည်။

—*Source:ehow.com*

# တစ်ပတ်တာကံကြမ္မာ

ဇွန် ၂၀ ရက် မှ ၂၆ ရက် အထိ

စံဇာဏီဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကာလအတန်ကြာ လုပ်၍မဖြစ်သည့်ကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ငွေကြေးကံ အထူးကောင်းသည်။ စိတ်ချမ်းမြေ့စရာများကြုံမည်။ ဝေးကွာနေသောသူများထံမှ ကောင်းသတင်းများ လက်ခံရရှိမည်။ ယှဉ်ပြိုင်လာသူများအပေါ် အောင်မြင်နိုင်ခြင်းရှိမည်။ ဘဝရည်ရွယ်ချက်များကို လက်တွေ့ အကောင်အထည်ဖော်၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အမျိုးသမီးမိတ်ဆွေအကူအညီရမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အတိုက်အခံများမည်။ စိတ်အနှောင့်အယှက်များကြုံမည်။ အခက်အခဲကြားမှ အလိုရှိရာ ဆောင်ရွက်ရမည်။ ဝေဖန်တိုက်ခိုက်သူ အလွန်ပေါများမည်။ တစ်ပါးသူကတိအား အလွယ်တကူမယုံသင့်။ ကာလရှည်ကြာ လုပ်ရသည့်ကိစ္စများ စတင်ရန်မသင့်သေး။ မိမိအပေါ် ကောင်းမည်ဟု ယူဆထားသူများက ဒုက္ခပေးတတ်သည်။ အလောတကြီးဆောင်ရွက်လုပ်ကိုင်သည်များမှ ဒုက္ခဖြစ်တတ်သည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အခက်အခဲများ ကျော်လွှားအောင်မြင်၍ တိုးတက်မှုများဖြစ်ပေါ်မည်။ ကိုယ်ပိုင်အစွမ်းအစ ဆုံးဖြတ်ချက်တို့ဖြင့် တိုးတက်မှုရရှိလာမည်။ မျှမျှတတလုပ်တတ်ခြင်း၊ အားနည်းသောဘက်မှ ရပ်တည်ခြင်း၊ စိတ်ခေတ်ခိုင်မာခြင်းတို့ကြောင့် အလုံးစုံ အောင်မြင်သွားမည်။ ၅၊၈၊ ၁၅၀၀ မေတ္တာအဖြာဖြာကောင်းသည်။ မိသားစုနှင့်ပတ်သက်၍ စိတ်ချမ်းမြေ့စရာများ အဆင်ပြေမှုများကြုံမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အတတ်ပညာနှင့်ပတ်သက်၍ အောင်မြင်အကျိုးပေးမည်။ ငွေကြေးစီးပွားရေးရာကိစ္စများ ဆောင်ရွက်သောအခါ ဆွေမျိုးထက် သူစိမ်းအကျိုးပေးသည်။ ပေါ်ပေါက်လာသောအပြောင်းအလဲများနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရင်း တိုးတက်မှုဖြစ်လာမည်။ အလှူမင်္ဂလာကိစ္စများ ကြားဝင်ဆောင်ရွက်ပေးရမည်။ ကိုယ်တိုင်တွင်လည်းကောင်း မိသားစုတွင်လည်းကောင်း လက်လွန်ငွေပြန်ရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ပညာအရာ၌ ထွန်းပေါက်အောင်မြင်မည်။ ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်၍ တိုးတက်မည်။ ပျို့ရွယ်သူများ မိမိမိဘနှင့် မိတ်ဆွေစီးပွားဘက် မိသားစုမှ တစ်ဦးနှင့် မေတ္တာရေးကိစ္စ ပေါ်ပေါက်မည်။ မိသားစုတွင် အလောတကြီး ငွေမြှုပ်နှံခြင်းမှ အရှုံးပေါ်တတ်သည်။ တစ်ပါးသူ အကြံပေးချက်များကို ယုံစားရန်မသင့်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလုပ်အကြံအစည်များ အောင်မြင်မည်။ မိတ်ဆွေကောင်းများ တိုးပွားမည်။ သူတစ်ပါးနှင့်မတူသော ရည်မှန်းချက်များထားကာ လမ်းသစ်ထွင်၍ ဆောင်ရွက်မှုများမှ ထူးခြားသောတိုးတက်မှုများရရှိမည်။ မိသားစုနှင့်ပတ်သက်၍ စိတ်ချမ်းမြေ့စရာများပေါ်ပေါက်မည်။ ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စ၊ လူမှုရေးကိစ္စအလုံးစုံတွင် ပတ်သက်ကူညီပေးရခြင်းရှိမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်ချမ်းမြေ့ဖွယ်ရာများကြုံမည်။ စုပေါင်းလုပ်သော လုပ်ငန်းများ အကျိုးပေး၍ ဘဝအောင်မြင်အဆင်ပြေမည်။ မေတ္တာရေးကံကောင်းသည်။ လုပ်ငန်းခွင်ရှိသူများ အကြီးအကဲ၏ နှစ်သက်မှုနှင့်တကွ အလုပ်တိုးတက်မှုများဖြစ်ပေါ်လာမည်။ အတတ်ပညာပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ အထူးအောင်မြင်မည်။ လုပ်ငန်းခွင်ရှိသူများ အသစ်ပြောင်းလာသည့် အမျိုးသမီးအရာရှိနှင့် ပြဿနာဖြစ်တတ်သည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလုပ်အဆင်ပြေမည်။ ရည်မှန်းချက်အောင်မြင်မည်။ ဘဝအခြေအနေ တိုးတက်ခြင်းနှင့် ကံမြင့်မားခြင်းရှိမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းရမည်။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များ ပြန်လည်ရရှိမည်။ မိမိအပေါ် အကျိုးပြုသောသူများနှင့်တွေ့မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်အပြုံလိုက် ဝင်မည်။ တန်ဖိုးရှိသောပစ္စည်းတစ်ခုအား ဈေးသက်သက်သာသာနှင့်ရရှိမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အရာရာ သတိနှင့်ဆောင်ရွက်ရမည်။ အပျက်အနှောင့်အယှက်ပြုသူများနှင့်တွေ့တတ်သည်။ ဆန့်ကျင်ဘက်များကြားမှ တိုးတက်မှုကိုရှာဖွေရမည်။ လူမျိုးခြားများနှင့် ပဋိပက္ခဖြစ်တတ်သည်။ အတူတွဲဖက်လုပ်ကိုင်နေသောသူများနှင့် မိမိကြား ပဋိပက္ခများနေမည်။ အချစ်ရေး၊ မေတ္တာရေးတွင် တတ်အားသမျှပြဿနာမဖြစ်အောင်နေပါ။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရည်မှန်းချက်အောင်မြင်မည်။ ဘဝတိုးတက်မည်။ တစ်ခုထက်မကသော ရည်မှန်းချက်များထား၍ ဆောင်ရွက်က အောင်မြင်မှုများ အထင်အရှားရရှိမည်။ နဂိုရှိရင်းစွဲဘဝမှ ပိုမိုမြင့်မားသောအဆင့်သို့ ကူးပြောင်းတိုးတက်ရန် အခြေအနေအရပ်ရပ်မှ ပံ့ပိုးနေမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စအဆင်ပြေခြင်းရှိမည်။ ပေါ်ပေါက်လာသောအခွင့်အလမ်းများကို လက်ခံနိုင်သည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ကြံစည်သမျှ အောင်မြင်၍ ဆောင်ရွက်သမျှ ထိထိမိမိရှိမည်။ ငွေကြေးစီးပွားကံကောင်းခြင်း၊ ဘဝတိုးတက်ခြင်းရှိမည်။ ကောင်းသတင်းနှင့် အမည်ကျော်ကြားမည်။ မိမိအပေါ် အများက အလေးထား၊ အသိအမှတ်ပြုခြင်းခံရမည်။ ပြည်ပ ပညာသင်တန်းများ တက်ရောက်အောင်မြင်မည်။ မိသားစုလုပ်ငန်းစီးပွားများတွင် ထူးခြားသောတိုးတက်မှုများ ဖြစ်ထွန်းမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ရန်အနှောင့်အယှက်အလုံးစုံကို ကျော်လွှား၍ ဘဝတက်လမ်းနှင့် အောင်မြင်မှုများကို ဖန်တီးနိုင်မည်။ ကာလအတန်ကြာ ခက်ခဲနှောင့်နှေးနေသည့်ကိစ္စများ ပြန်လည်အဆင်ပြေချောမွေ့သွားမည်။ စုပေါင်းလုပ်ငန်းများ လုပ်ကိုင်ရမည်။ မိတ်ဆွေကောင်း တိုးပွားမည်။ အကြီးအကဲများ၏ နှစ်သက်မှုကိုခံရမည်။ လုပ်ငန်းခွင်ရှိသူများ နေရာကောင်းရမည်။ အလုပ်လျှောက် အလုပ်ရှာက အလုပ်ရမည်။

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012



Photo: Getty Images

# လှုပ်လေမြုပ်လေဖြစ်နေတဲ့ ဥရောပငွေကြေးအကျပ်အတည်း

ကြည်နေဝင်းမင်း

ဇွန်လ ၁၂ ရက်တွင် စပိန်နိုင်ငံအတွက်ချေးငွေကုန်ကျစရိတ်များမှာ ယူရိုငွေစတင်သုံးစွဲပြီးနောက်ပိုင်း အမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။ ဥရောပအနေဖြင့် ကြွေးမြီအကျပ်အတည်းကို ပိုမိုဆိုးရွားမသွားအောင်ကာကွယ်နိုင်ပါ့မလားဟူသော ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်မှုများ မြင့်တက်လာခြင်းနှင့်အတူ အီးယူအဖွဲ့ဝင်နိုင်ငံများမှဘဏ်များကိုမည်ကဲ့သို့ကြီးကြပ်မည်နည်းဟူသောပေါ်လစီချမှတ်သူများအကြား ငြင်းခုံဆွေးနွေးနေကြချိန်မှာပင် ယင်းသို့ စပိန်နိုင်ငံ၏ ချေးငွေနှုန်းထားများ မြင့်တက်လာခြင်းဖြစ်သည်။

စပိန်ဘဏ်များကို ကယ်ဆယ်ရေးအတွက် ယူရိုငွေ ၁၀၀ ဘီလီယံချေးငွေထုတ်ပေးရန် ယူရိုဇုန်ဘဏ္ဍာရေး ဝန်ကြီးများက သဘောတူညီလိုက်ချိန်မှာပင် စပိန်ဗဟိုဘဏ်၏ သက်တမ်း ၁၀ နှစ် ငွေချေးစာချုပ် အတိုးနှုန်းမှာ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိသွားခဲ့သည်။ စပိန်နိုင်ငံသာမက ငွေရေးကြေးရေးအရ အန္တရာယ်နည်းပါးသည်ဆိုသော ဗြိတိန်နှင့် ဂျာမနီကဲ့သို့နိုင်ငံများ၏ ငွေတိုက်စာချုပ်အတိုးနှုန်းများပါ လိုက်ပါမြင့်တက်ခဲ့သည်။

"ငွေကြေးအကျပ်အတည်းက ပိုမိုပြီးဆိုးရွားတဲ့နှုန်းထားနဲ့ ယို ယွင်းပျက်စီးလာပါတယ်" ဟု Citigroup ဘဏ်လုပ်ငန်းအုပ်စုမှအကြီးတန်းမဟာဗျူဟာ ချမှတ်သူတစ်ဦးဖြစ်သူ မာ့ခ်ရှိုးဖီးလ်ဒ်က ဆိုပါသည်။ "နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ အန္တရာယ်နှစ်ခုကို တွက်ချက်ပြီးတော့ ရင်းနှီးမြှုပ်နှံသူတွေက စျေးသတ်မှတ်နေကြတယ်"ဟု ၎င်းကဆက်ပြောပါသည်။ ယင်းနောက်ဆက်တွဲ အကျိုးဆက်နှစ်ခုမှာ ယူရိုဇုန်လုံးလုံးလျားလျား ပြိုကွဲခြင်း (သို့မဟုတ်) ဘဏ္ဍာရေးပေါင်းစည်းခြင်း (fiscal union) တို့ဖြစ်သည်။

ငွေကြေးအကျပ်အတည်းကို လတ်တလော ဖြေရှင်းရန်အတွက် ဥရောပတွင် နည်းလမ်းများရှိသည်။ ကယ်ဆယ်ရေး ရန်ပုံငွေများရှိသည်ဟု တာဝန်ရှိသူများက အခိုင်အမာပြောဆိုပါသည်။ သို့သော် ရေရှည်အတွက် မည်ကဲ့သို့ ဆက်လက်စခန်းသွားမည်နည်းဆိုသော အကြောင်းအရာနှင့်ပတ်သက်၍ မူ ငြင်းခုံဆွေးနွေးမှုများမှာ ဘဏ္ဍာရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် ဥရောပတစ်ခုလုံးရှိ ဘဏ်များအား ကြီးကြပ်ရေးစသော စိတ်ကူးများဆီသို့ဦးတည်


Photo: Reuters

အချေအတင်ငြင်းခုံနေကြသည်။

ဂျာမနီအဓိပတိ မစ္စအန်ဂျလာမာကယ်က ဥရောပတစ်ခုလုံးအတွက် ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ ချမှတ်ရေးကို ထောက်ခံပြောဆိုသည်။ သို့သော် ဒေသတစ်ခုလုံးအတွက် အဖြေရှာမည့်အစီအစဉ်ကိုမူ သူမကထောက်ခံရန် နောက်တွန့်နေသည်။ ယင်းသို့အဖြေရှာပါက အခြားနိုင်ငံများ၏ကြွေးမြီများက ဂျာမနီအား ဒဏ်ပိစေမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

"ဂျာမနီနိုင်ငံတစ်နိုင်ငံလုံးက ငွေကြေးပေါင်းစည်းရေး ပိုမိုလုပ်ဆောင်ဖို့ ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ အခုအခြေအနေထက်ပိုမိုဆိုးရွားတဲ့အခြေအနေကိုရောက်သွားအောင် တွန်းပို့နေတယ်လို့ ကျွန်မတို့ယုံကြည်တဲ့ ကိစ္စတွေမှာတော့ဝင်ပါမှာ မဟုတ်ပါဘူး" ဟု အန်ဂျလာမာကယ်ကပြောကြားပါသည်။

လန်ဒန်မြို့တွင်လည်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂျော့ခ်ျအော့စဘွန်းက ယူရိုငွေကို ကယ်တင်နိုင်ရန် ဂရိနိုင်ငံအား ယူရိုဇုန်မှ ထွက်ခွာခွင့်ပေးရန် ဂျာမနီအား ဆွဲဆောင်နိုင်မည်လားဟု တွေးတောနေသည်။ ဘဏ်လုပ်ငန်းများ ပေါင်းစည်းရေး၊ ယူရိုဘွန်းများ စသော ဥရောပတစ်ခုလုံးနှင့် ပတ်သက်သော ကိစ္စများလုပ်ဆောင်ရန် ဂျာမန်အစိုးရအနေဖြင့် ၎င်း၏ပြည်သူလူထုအား ရှင်းလင်းပြောကြားနိုင်ရေးအတွက် ဂရိ(ဥရောပငွေကြေးဇုန်မှ) ထွက်ခွာရေး လိုအပ်မည်လားဆိုသည်ကို စဉ်းစားနေကြောင်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးက စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားသည်။

ဥရောပဗဟိုဘဏ် (ECB) ဒုတိယဥက္ကဋ္ဌဖြစ်သူ ဗစ်တာကွန်စတန်စီယိုကလည်း အဆိုပြုထားသောဘဏ်လုပ်ငန်းပေါင်းစည်းရေးဆွေးနွေးငြင်းခုံမှုတွင် ပါဝင်ရင်း ECB အနေဖြင့် ယူရိုဇုန်နိုင်ငံများ၏ ထိပ်သီးဘဏ်များအား စောင့်ကြည့်ကြီးကြပ်သင့်သည်ဟု ပြောဆိုပါသည်။ ယင်းမှတ်ချက်မှနေ၍ ဂျာမနီဗဟိုဘဏ်၏ မသက်ာမှုများရှိနေသော်ငြား အခြားအီးယူအဖွဲ့ အစည်းများနှင့် နယ်မြေလုပ္ပဲများ ဖြစ်ပေါ်လာနိုင်သော်ငြား ဥရောပဗဟိုဘဏ်မှ ပေါ်လစီချမှတ်သူများသည် ဘဏ်လုပ်ငန်းပေါင်းစည်းရေးအတွက် ဆက်လက်တွန်းအားပေးရေးလုပ်ဆောင်နေသည်ကို ဖော်ပြနေသည်။

၁၉၉၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ချိန်မှစ၍ ဥရောပဗဟိုဘဏ်၏ အဓိကတာဝန်မှာ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရေးဖြစ်သည်။ သို့သော် ဖရန့်ဖတ်မြို့တွင် စကားပြောကြားရာ၌ မစ္စတာကွန်စတန်စီယိုက ဥရောပသမဂ္ဂ၏ သဘောတူညီချက်အများအပြားတွင် ဗဟိုဘဏ်က ကြီးကြပ်တာဝန်ယူရေး ဖော်ပြထားသော အကြောင်းအရာများပါဝင်ပြီးဖြစ်သည်ဟု ပြောကြားပြီး လောလောဆယ်ယူရိုဇုန် ၁၇ နိုင်ငံတွင် ဗဟိုဘဏ်ပေါင်း ၁၄ ဘဏ်က အခြားမိမိတို့နိုင်ငံမှ ဘဏ်များအား စောင့်ကြပ်ကြည့်ရှုရေးတာဝန်ယူထားပြီးဖြစ်ရာ နောက်ထပ် (ငွေကြေးလုပ်ငန်းစောင့်ကြည့်မှုဆိုင်ရာ) အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းရန် လိုအပ်တော့မည်မဟုတ်ကြောင်း ပြောကြားပါသည်။

ECB အား စောင့်ကြပ်ကြည့်ရှုရေးတာဝန်များပေးရန် ပြင်သစ်ဗဟိုဘဏ်ဥက္ကဋ္ဌ ခရစ်တီယန် နွိုင်ယာကလည်း ထောက်ခံပါသည်။ ယူရိုဇုန်တွင် မပါဝင်သော်ငြား ဘဏ်လုပ်ငန်းပေါင်းစည်းရေးတွင် ECB အားကြီးကြပ်စေရန် ဗြိတိန်နိုင်ငံကလည်း လိုလားပါသည်။

သို့သော်ငြားလည်း ယင်းမှာ ECB ၏ တရားဝင်ရပ်တည်ချက်မဟုတ်သေးကြောင်း မစ္စတာကွန်ဆာန်စီယိုက ဝန်ခံပါသည်။ ဂျာမနီနိုင်ငံမှ ပေါ်လစီချမှတ်သူများကလည်း ဥရောပ ဗဟိုဘဏ်၏ တာဝန်များကိုတိုးချဲ့လိုက်ပါက ဗဟိုဘဏ်အနေဖြင့်ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေးဘက်တွင် အားနည်းသွားမည်ကို စိုးရိမ်နေပြီး ဂျာမနီဗဟိုဘဏ်အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ မစ္စတာအန်ဒရေးဒွန်းဘရက်က ဘဏ်လုပ်ငန်းပေါင်းစည်းရေး အဆိုပြုချက်များမှာ အချိန်စောလွန်းနေသေးကြောင်း ပြောကြားပါသည်။

ဂျာမနီဗဟိုဘဏ် ဒုဥက္ကဋ္ဌဖြစ်သူ မစ္စတာဆာဘင်း လောက်တန်ရှလက်ဂါကလည်း ဖရန့်ဖတ်မြို့၌ပြုလုပ်သည့် အခြားဆွေးနွေးပွဲတစ်ခု၌ ဘဏ်လုပ်ငန်းပေါင်းစည်းရေး မလုပ်ဆောင်မီ ဘဏ္ဍာရေးပေါင်းစည်းမှုတစ်ရပ် ကနဦးလုပ်ဆောင်သင့်သည်ဟု ပြောဆိုပါသည်။

ဘဏ်လုပ်ငန်းပေါင်းစည်းရေးမှာ ဥရောပတစ်ဝန်း ငွေကြေးပေါင်းစည်းရေး လုပ်ငန်းစဉ်၏ အဓိကကျသော အစိတ်အပိုင်းဖြစ်သင့်ကြောင်း ECB ၏ဘဏ္ဍာရေးတည်ငြိမ်မှု ပြန်လှန်သုံးသပ်ခြင်း နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာက ဆိုပါသည်။ ထို့အပြင် ယူရိုဇုန်နိုင်ငံများတွင် ကြွေးမြီအကျပ်အတည်းပိုမိုဆိုးရွားလာနိုင်သော အခြေအနေမှာ ဥရောပသမဂ္ဂ ဘဏ္ဍာရေးတည်ငြိမ်မှုအတွက်အန္တရာယ်ကျရောက်နိုင်ပြီး ဥရောပတိုက်အား ပိုမိုနက်ရှိုင်းသည့် စီးပွားကျကပ်အတွင်း သက်ဆင်းစေနိုင်သည်ဟု ECB အစီရင်ခံစာက သုံးသပ်ထားသည်။

*—Ref: Fears rise over EU handing of debt crisis*

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလု၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-26222, 09-6504900

နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
သီရိလင်္ကာ (စွယ်တော်ပွဲ) + ဘန်ကောက် (မြဘုရား)
(၆)ညအိပ် (၇)ရက်ခရီး (၁၂)သိန်း (စရိတ်ငြိမ်း) (၂၅-၇-၂၀၁၂) ထွက်မည်။
(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွားမြင်၊ ပေါ်ဘ၊ ဓမ္မစကြာ) (အိန္ဒိယ - နီပေါ) → (၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊ တစ်ချ်မဟာ → (၉)သိန်း
ကိုလ်းကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ အဝတ်စဉ် (တနင်္လာ ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ)နေ့များတွင် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
(ရုံးချုပ်) အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဗဟန်းရုံးခွဲ) အမှတ် - (၄၅၉ - စီ) ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(မန္တလေးရုံးခွဲ) အမှတ် (၆၀၃)၊ မြေညီထပ်၊ (၈၂)လမ်း၊ ၂၆×၂၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
(မော်လမြိုင်ရုံးခွဲ) အမှတ် (၃၅၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
(ပုသိမ်ရုံးခွဲ) အခန်း(A)မြေညီထပ်၊ ကိုးနဝင်းစျေးရုံအောက်ထပ်၊ ကုန်စုံလမ်းနှင့် ခေတ္တာလမ်းထောင့်၊ ပုသိမ်မြို့။
(တောင်ကြီးရုံးခွဲ) အမှတ်(၂၇/၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေစအေးကွင်းရပ်၊ တောင်ကြီးမြို့။
(လားရှိုးရုံးခွဲ) အမှတ်(၈/၁၂/၁၉)၊ သုခလမ်းနှင့်သဇင်လမ်းထောင့်၊ နယ်မြေ(၁၂)၊ (၃)ရပ်ကွက်၊ လားရှိုးမြို့။

HORIZON INTERNATIONAL
www.horizonmyanmar.com

# HORIZON INTERNATIONAL

AN IB WORLD SCHOOL

တက္ကသိုလ်ဝင်တန်း
အောင်မြင်ပြီးသူများနှင့်
IGCSE "O" Level
ဖြေဆိုပြီးသူများအတွက်
အထူးအခွင့်အလမ်း

HORIZON PO SEIN
25, Po Sein Road,
Bahan Township, Yangon.
01- 551795, 551796

HORIZON SHU KHINN THAR
235, ShuKhinn Thar Myo Pat Rd,
Thaketa Township, Yangon.
01- 450396, 450397

## WORLD CLASS EDUCATION WITH WORLD CLASS FACILITIES

ကမ္ဘာ့ဂုဏ်သိက္ခာ အရှိဆုံး၊ နိုင်ငံတကာ တက္ကသိုလ်များ၏ အလိုလားဆုံး Pre-University Diploma Programme ဖြစ်သည့် International baccalaureate (IB) Diploma Programme ကို Horizon Int'l School တွင်သင်ယူနိုင်ပါပြီ။

စနစ်ကျသေသပ်သည့် သင်ကြားမှုနှင့် သင်ယူမှုကိုခံယူရသော၊ ဘက်ပေါင်းစုံမှ ပြည့်စုံကောင်းမွန်သော Programme ဟုသတ်မှတ်ခြင်း ခံထားရသည့် IB Diploma Programme ပြီးပါက USA, UK, Australia, Singapore စသော နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များဖြစ်သော Harvard, MIT, Oxford, Monash, NUS အပါအဝင် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၂၀၀၀ ကျော်ကို တိုက်ရိုက်ဝင်ခွင့် ရရှိမည် ဖြစ်ပါသည်။

ပညာရေးကို အထူးလိုလားပြီး ရည်ရွယ်ချက် ကြီးမားသော ကျောင်းသား/သူများနှင့် မိဘများအတွက် IB Diploma Programme အကြောင်းကို အသေးစိတ် သိရှိနိုင်ရန် Horizon IB Team မှ ရှင်းပြဆွေးနွေးသော IB ပညာရေးဆွေးနွေးပွဲသို့ အခမဲ့ တက်ရောက် ဆွေးနွေး လေ့လာနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

Horizon IB Team အပြင် Horizon မှ IB ကျောင်းသားဟောင်းများနှင့်လဲ ၎င်းတို့၏ အတွေ့အကြုံ၊ ခံစားချက်များ ကို မေးမြန်းဆွေးနွေးနိုင်ပါသည်။






Oxford


MIT


Cambridge


Many More...

### IB SEMINAR

▸ နေရာ
PARK ROYAL HOTEL
▸ နေ့ရက်
23.6.12 (SATURDAY)
▸ အချိန်
10:00AM TO 12:00PM
▸ ဆက်သွယ်ရန်
551795-6, 541085

ပညာရေးမှာ နောက်ကျမကျန်ခဲ့စေဖို့ အခုပဲ ဖုန်းဆက် စာရင်းပေးလိုက်ပါ။



နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော

# DIAMOND AUTO Showroom

Diamond Auto Showroom တွင် မေလတစ်တလုံးမြိမ့်မြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော "May Special Sales Event" တွင် တစ်ခဲနက်လာရောက် အားပေးဝယ်ယူခဲ့ကြသော Customer များအား Diamond Auto Showroom မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း . . .

၁။ ဦးဆလိုင်းထွန်းထွန်း
၂။ ဦးတင်မောင်မှူး
၃။ ဒေါ်သန်းသန်းဌေး
၄။ ကိုနိုင်ဝင်းအောင်
၅။ ဦးမြင့်စိန်
၆။ ဒေါ်ခင်ဌေး
၇။ ကိုအောင်နိုင်ဦး
၈။ ဦးဘိုဝင်း
၉။ ဦးထက်လင်းဦး
၁၀။ ဦးထွန်းမြင့်
၁၁။ ဦးစိုးသန်း
၁၂။ ဒေါ်တင်တင်ဝင်း
၁၃။ ဦးကျော်လွင်ဦး
၁၄။ မသင်းသင်းစန်း
၁၅။ ဒေါ်သီရိဆန်းလင်း
၁၆။ ဒေါ်ထိပ်တင်နှင်း
၁၇။ ဒေါ်သိန်းငွေ
၁၈။ ဒေါ်နွယ်နွယ်သိန်း
၁၉။ ဦးဝင်းမြိုင်
၂၀။ ဦးခင်မောင်သန့်
၂၁။ ဦးဖုန်းမြင့်
၂၂။ ဒေါ်လှညွန့်
၂၃။ ဦးကျော်စိုးမိုးလွင်
၂၄။ ဦးညီညီလွင်
၂၅။ ဦးရဲမြင့်
၂၆။ ဒေါ်သန်းသန်းနု
၂၇။ ဦးတင်ထူးအောင်
၂၈။ ဦးလှစိန်
၂၉။ ဒေါ်အေးအေးဝင်း
၃၀။ ဦးဘခိုင်
၃၁။ ဒေါ်နီလာမြင့်သူ
၃၂။ ကိုဇော်မင်းသိန်း
၃၃။ ကိုကျော်စွာဝင်း
၃၄။ ဒေါ်မြင့်မြင့်အေး
၃၅။ ဒေါ်စုစုခင်
၃၆။ ဒေါ်ခင်အုန်းဌေး
၃၇။ ဒေါ်သီတာသင်း
၃၈။ ဦးအောင်မြင်သောင်း
၃၉။ ဦးဝင်းရှင်းပေါင်
၄၀။ ဦးမိုးကျော်ခိုင်
၄၁။ ဦးတင်ယု
၄၂။ ဦးညွန့်ဝေ
၄၃။ ဦးအေးမော်
၄၄။ ဦးသန်းဇော်
၄၅။ ဦးဇော်ဝင်း
၄၆။ ကိုညီညီထွေး
၄၇။ ဆရာတော်ဦးတိလက္ခဏ
၄၈။ ဦးလှရွှေ
၄၉။ ဦးအောင်မင်း
၅၀။ ဒေါ်ခင်ညွန့်
၅၁။ ဦးသောင်းရှိန်း
၅၂။ ဦးကျော်လင်း
၅၃။ ဦးခိုင်ဇော်လင်း
၅၄။ ဦးခွန်ဖုန်း
၅၅။ ဒေါ်လဲ့လဲ့ဝင်း
၅၆။ ဦးတင်ဝင်း
၅၇။ ဦးညီဌေး
၅၈။ ဒေါ်ဝင်းသူဇာတင်မောင်
၅၉။ ဦးညီညီ
၆၀။ ဒေါ်အမာခင်
၆၁။ ဦးသန်းညွန့်
၆၂။ ဦးအေးမင်း
၆၃။ ဦးသန့်သန့်ဝင်း
၆၄။ ဦးကျော်ဆန်းလွင်
၆၅။ ဒေါ်နီလာသိန်းမြင့်
၆၆။ ဦးလှသန်း
၆၇။ ဦးဖေသိန်း
၆၈။ ဦးထွန့်ညွန့်
၆၉။ ဒေါ်အေးစန္ဒာ
၇၀။ ကိုပြည့်ထူးကို
၇၁။ ကိုကျော်သူ
၇၂။ ကိုအောင်ပွင့်
၇၃။ ဦးခင်မောင်သန်း
၇၄။ ဦးရှိန်လင်း
၇၅။ ကိုကျော်စွာဖြိုး
၇၆။ ဒေါ်တင်တင်မူ
၇၇။ ဦးဌေးအောင်
၇၈။ ဒေါ်ခင်စောယု
၇၉။ ဦးခိုင်ဇော်ဦး
၈၀။ ဒေါ်ဆွေဆွေတင်
၈၁။ ဒေါ်နီနီ
၈၂။ ဦးဌေးဝင်း
၈၃။ ဦးသန်းဝင်း
၈၄။ ဦးမြင့်လွင်
၈၅။ ဦးရဲမင်း
၈၆။ ဦးသန်းထွဋ်ဦး
၈၇။ ကိုဝင်းစည်သူ
၈၈။ ဒေါ်စုစုလွင်
၈၉။ မရွှေစင်အောင်
၉၀။ ကိုအောင်ကိုနိုင်
၉၁။ ဦးတင်အောင်ဝင်း
၉၂။ ကိုအောင်မျိုးနိုင်
၉၃။ ဦးအင်းယား
၉၄။ ဦးဆန်းဝင်း
၉၅။ ဆရာတော်ဦးမန်းရိုးလေအီ
၉၆။ ဦးတင်အောင်
၉၇။ ဒေါ်တင်တင်
၉၈။ ဦးမောင်မောင်ထွေး
၉၉။ ဒေါ်နီနီဝင်း
၁၀၀။ ဦးဌေးဝင်း
၁၀၁။ ကိုကျော်စိုးမိုးလွင်
၁၀၂။ ဦးတင်အောင်မြင့်
၁၀၃။ ကိုမိုးကျော်နိုင်
၁၀၄။ ဒေါ်မြသန်းတင်
၁၀၅။ ကိုခွန်ကျော်ခိုင်
၁၀၆။ ဦးကေဒီတူးလွမ်း
၁၀၇။ ဦးဌေးအောင်
၁၀၈။ ဦးမြခိုင်
၁၀၉။ ဦးဝင်းတင့်
၁၁၀။ ဦးမင်းလွင်ဦး
၁၁၁။ ဒေါ်အေးမြမြ
၁၁၂။ ဒေါ်စန္ဒာ
၁၁၃။ ဒေါ်သက်သက်ဝင်း
၁၁၄။ ဒေါ်ဝင်းမာမာ
၁၁၅။ ဦးမျိုးမြင့်အောင်
၁၁၆။ ဦးသန်းဌေး
၁၁၇။ ဦးမောင်မောင်မြင့်
၁၁၈။ ဦးရန်နိုင်
၁၁၉။ ဦးမြင့်အောင်
၁၂၀။ ဦးညီနပ်
၁၂၁။ ဦးစိုးသန်း
၁၂၂။ ဒေါ်မြင့်မြင့်ဆွေ
၁၂၃။ ဒေါ်ငြိမ်းငြိမ်းတိုး
၁၂၄။ ဦးသန်းမြင့်
၁၂၅။ ဦးအောင်မြင့်ဆွေ
၁၂၆။ ဦးညီညီလွင်
၁၂၇။ ဦးအုံးကြိုင်
၁၂၈။ ဦးကျော်ဝင်းခိုင်
၁၂၉။ ဒေါက်တာတင်မောင်အေး
၁၃၀။ ကိုသက်ထွန်းဦး

DIAMOND AUTO Service Co., Ltd.
No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591
Website : www.diamondauto-myanmar.com

တို့အား Diamond Auto Services Co., Ltd. မှ
အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး
တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MD, Director နှင့် ဝန်ထမ်းများ

# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 51,850 |
| Intel P4 Core i3 3.1 GHz (1155,2100) | 96,050 |
| Intel P4 Core i5 3.1 GHz (1155)(3450) | 158,950 |
| Intel P4 Core i7 3.1 GHz (115,2600) | 240,550 |
| **Motherboard** | |
| MSI G41M-P28 (775) | 51,850 |
| MSI H67MA-E35(1155) | 85,850 |
| MSI Z77A-GD45(1155) | 161,500 |
| ASUS P877-V Pro(1155) | 215,050 |
| ASUS P8H61MLX Plus (1155) | 56,100 |
| ASUS P8H61 Pro (1155) | 80,750 |
| ASUS P8H61 USB3 (1155) | 76,500 |
| ASUS P877-MLE (1155) | 101,150 |
| Gigabyte G41MT-S2 (775) | 51,000 |
| Gigabyte H61M-S2(B3)(1155) | 63,750 |
| Gigabyte H67M-D2(B3)(1155) | 76,500 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston | 12,750 |
| 4 GB DDR3 (1333) Kingston | 21,250 |
| **Harddisk** | |
| 500 GB Western Digital SATA | 72,250 |
| 1TB Seagate SATA | 97,750 |
| 2TB Seagate SATA | 124,950 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 65,450 |
| ASUS ENGTX520 1GB PCI Express Card | 45,900 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 51,850 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 154,700 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,700 |
| ASUS EAH 5450 512MB PCI Express Card | 30,414 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI RedeonHDR6450 1GBD3 PCI Express Card | 55,250 |
| **Memory Stick** | |
| TOSHIBR 4GB | 6,000 |
| Silicon Power 4GB (322) | 5,034 |
| Silicon Power 4GB (836) | 5,034 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 36,550 |
| Numeric(1000VA) UPS | 68,000 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 21,250 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,950 |
| အိတ်ဆောင်တိပိဋကအဘိဓာန် | 160,000 |

Technoland ဆိုင်မှ ဇွန်လ(၁၆) ရက်က ကောက်ယူထားသော ဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32HX10T | 205,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 250,000 |
| Toshiba (TV) | LZE 21-28 | 90,000 |
| **DVD** | | |
| EVD (coeco) | 8082 | 19,000 |
| EVD(Sony) | DVK75 | 19,000 |
| LG | DV276 | 19,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 130,000 |
| | MAS 70 B2 | 180,000 |
| Hitachi | 80 KJ | 270,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၁၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၇၂၀-၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၀၀ |
| Posco ကြယ်စိမ်း(၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၁၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၁၆) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၆၅၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၅၀၀- ၂,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၀၀၀-၂,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန်လ(၁၆) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဉ/ဘဲဉ | တစ်လုံး | ၈၀-၉၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၃၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၃,၅၀၀-၄,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀- ၂၈,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀- ၂,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၃,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၇၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀- ၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၇,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၉,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀- ၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |

ဇွန်လ(၁၆) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| June(10) | 3,550 | 3,900 | 4,100 | 4,100 |
| June(11) | 3,550 | 3,900 | 4,100 | 4,100 |
| June(12) | 3,550 | 3,900 | 4,100 | 4,100 |
| June(13) | 3,550 | 3,900 | 4,100 | 4,100 |
| June(14) | 3,550 | 3,900 | 4,100 | 4,100 |
| June(15) | 3,550 | 3,900 | 4,100 | 4,100 |
| June(16) | 3,550 | 3,900 | 4,100 | 4,100 |


ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းများပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# Puzzle&Classified

## 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၈၇)**




### အလျားလိုက်

၁။ မမေ့မလျော့ရှိသေကျိုးနွံရမယ့်အရာသုံးခု
၄။ အဆင်စုံ၊ အရောင်သွေးစုံနဲ့ လူတိုင်းရဲ့အကြည့်ကို ဖမ်းစားနိုင်တဲ့အရာ
၇။ မြန်မာနိုင်ငံမှာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေတဲ့အားကစားပွဲ
၉။ ဘယ်နေရာ၊ ဌာနမှာမဆို မရှိမဖြစ်ခန့်ထားလေ့ရှိကြသူ
၁၁။ တစ်နေ့တာအဖြစ်အပျက်တွေကို ပြန်လည်အမှတ်ရစေနိုင်တဲ့အရာ
၁၂။ ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်တဲ့အရာတွေ

### ဒေါင်လိုက်

၂။ အနောက်နိုင်ငံမှာ ပညာသင်နိုင်ဖို့ ကြားခံသင်ကြားရေးဌာနအဖြစ် ရွေးကြတဲ့နိုင်ငံ
၃။ စားသုံးသူလိုအပ်ချက်ကြောင့် ဈေးကွက်မှာ ရောင်းချမှုများလာတဲ့အရာ
၅။ ကမ္ဘာ့အုံဖွယ်တစ်ခု
၆။ ကမ္ဘာ့နာမည်ကြီးမော်တော်ယာဉ်အမှတ်တံဆိပ်တစ်ခု
၈။ မိုးရာသီမှာအဖြစ်များတတ်လို့ သတိပြုသင့်တဲ့အရာ
၁၀။ အရှေ့တိုင်းသားတွေနဲ့ ခွဲခြားထားလို့မရတဲ့အစားအစာ


### Smart Dictionary ကံထူးသူ

၁။ မနုနုဝင်း၊ ၇/နတလ(နိုင်)၀၆၂၈၁၅ အမှတ်(၂၇)၊ ဗိုလ်ရုံလမ်း၊ နတ်တလင်းမြို့။

**ကျန်အဖြေမှန်သူများ**

၂။ ဒေါ်နွဲ့နွဲ့ဦး၊ ၁၂/ဒဂန(နိုင်)၀၁၇၅၄၇
၃။ မစုယမင်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၆
၄။ ထွန်းနိုင်၊ ၁၂/ဥကတ(နိုင်)၀၄၈၀၇၉
၅။ မြတ်ကေသီ၊ ၁၂/ဥကမ(နိုင်)၂၀၆၅၃၃
၆။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁
၇။ ဒေါ်ချွေးချွေးဦး၊ ၉/လဝန(နိုင်၁၀၅၁၇၂)

**ပဟေဠိ အမှတ်စဉ်(၁၈၆)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၉)ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၂-၆-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။ ပထမဆု



## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776,**
**09-73204374**

**တိုက်ခန်းရောင်းမည်**

13'x50' (5.A)၊ ဇေယျာဝတီဗဟိုလမ်း (စမ်းချောင်း)။ ကျပ် သိန်း-၂၀၀။

**Ph: 09 73197539**

**သင်တန်း**

GC တရုတ်စကားပြောသင်တန်း၊ တရုတ်စကားပြောတတ်ချင်သူများနှင့် နိုင်ငံခြားသွားလိုသူများအတွက် သင်ကြားပေးသည်။ မြောက်ဥက္ကလာ။

**ဖုန်း- ၀၉ ၄၂၀၀၄၁၆၆၀**

**သင်တန်း**

Grammar, Vocabulary, Word Form, Verb Form, Structure Word, Letter, Essay စုံလင်စွာဖြင့် ဆရာ၊ ဆရာမများ သင်ပေးပါမည်။ ဆရာဦးကျော်သူမိုး B.A(English)

**Ph: 09 861967**

**ရောင်းမည်**

လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ ဦးသိန်းဖေလမ်း၊ တိုက်(7+1D)၊ ၇လွှာ၊ Square feet 900၊ ပြင်ဆင်ပြီး။ ကျပ်သိန်း(၈၅၀)။

**ဖုန်း- ၀၉ ၄၉၂၇၇၂၈၅**

**ရောင်းရန်ရှိသည်**

လက်ရှိအသုံးပြုနေသော WiMax Internet လိုင်းတစ်လိုင်း၊ မြန်နှုန်း 1Mbps၊ TP-LINK outdoor CPE 2.4 GHzနှင့် TP-LINK 15dbi outdoor-Directional Antenna။ ရောင်းဈေး - (၆၃၀,၀၀၀ကျပ်)

**ဖုန်း- ၀၉ ၄၄၈၀၀၉၈၃၂**

**တိုက်ခန်းရောင်းမည်**

အမှတ်(၁၃၆)၊ ၄၇လမ်း၊ အပေါ်ဘလောက်၊ ရတနာမြိုင်ကွန်ဒို၊ တိုက်သစ်၊ ဓာတ်လှေကား၊ ဖုန်း၊ အကြမ်းထည်၊ ပေ(၂၅×၅၇)၊ ၆လွှာ၊ ထောင့်ခန်း(၁,၄၀၀)သိန်း၊ ဘေးခန်း (၁,၂၅၀) သိန်း၊ ဗိုလ်တထောင်မြို့နယ်။

**ဖုန်း- ၀၉ ၄၃၂၀၂၈၈၄**

**Panda ရေခဲချောင်း**

ရေခဲချောင်းကိုယ်စားလှယ်ယူရောင်းလိုသူများ၊ စိတ်ဝင်စားသူများ မည်သူမဆို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၀၂၀၀၂၉**

**ရောင်းမည်**

အမှတ်-၄၈၁၊ (40'x60') ထောင့်ကွက်၊ နေရာကောင်း၊ မြို့မလမ်းနှင့် အောင်မေတ္တာလမ်းထောင့်၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။

**ဖုန်း- ၀၉ ၇၃၀၆၈၈၉၇**

**သင်တန်း**

ကွန်ပျူတာအခြေခံကို ပိုင်နိုင်စွာ အသုံးပြုတတ်စေရန်နှင့် ကျွမ်းကျင်တတ်မြောက်စေရန်အတွက် Exam များကိုလည်း ဖြေဆိုပေးခြင်းဖြင့် လုံးဝတတ်မြောက်စေရမည်။

**ဖုန်း- ၀၁ ၅၁၂၈၄၄**

**ဝန်ဆောင်မှု**

အိမ်ရှိ ကွန်ကရစ်နံရံများ၊ အမိုးများ၊ ရေကန်များ၊ တံခါးဘောင်များ၊ အလုမိနီယမ်၊ မှန်၊ သစ်သားတံခါးဘောင်များမှ ရေယိုစိမ့်မှုကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

**ဖုန်း- ၀၉ ၇၃၂၄၁၈၇၈**

**IT CURRENT**

Computer Services, Software Services, WebSite Services

**Ph: 09 43026443**

**သင်ကြားသည်**

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဘာသာစုံ(သို့) တစ်ဘာသာချင်း အိမ်အရောက်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၂၀၃၇၄၇၄**

**Chemistry သီးသန့်**

၁၀ တန်း ဓာတုဗေဒဘာသာရပ်ကို အမှတ်ရာပြည့်မျှော်မှန်းသူများနှင့် ရည်ရွယ်ချက်ကြီးမားသောကျောင်းသား/သူများအား သင်ကြားပေးမည်။ ဆရာဦးအောင်မင်းဟိန်း(ကထိက)

**ဖုန်း- ၀၉ ၅၀၀၂၈၅၇**

**မြေကွက်ရောင်းမည်**

ရွှေပြည်သာ VIP မြေကွက်၊ ပေ(၆၀×၆၀)၊ ကျပ်သိန်း(၇၀)။

**ဖုန်း- ၅၅၄၆၉၁**

**ပြန်လည်ထွက်ရှိမည်**

အသွင်သစ်ဖြင့် ကလေးသုတမဂ္ဂဇင်း၏ ဇူလိုင်လထုတ်ကို ဇွန်လတွင် စတင်၍ လစဉ်ပုံမှန် ထုတ်ဝေဖြန့်ချိတော့မည်ဖြစ်ပါသည်။

**ဖုန်း- ၀၉ ၄၄၈၀၀၇၉၇၁**

**သင်ကြားသည်**

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကလေးငယ်များအား ဘာသာစုံ (သို့) တစ်ဘာသာချင်း Guide လုပ်ပေးသည်။

**ဖုန်း- ၀၉ ၄၃၀၇၃၁၇၅**

**Teaching & Guide**

အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။ Grade I to Grade X ဒေါ်ခင်နှင်းယု B.A(English)

**Ph: 09 450040328**

**ရောင်းမည်**

၁၂'x၄၀'၊ သိန်း(၁၅၀)ညှိနှိုင်း၊ ဒုတိယလွှာ (ခေါင်းရင်းခန်း)၊ အမှတ်(၁၅)၊မလွှကုန်းလမ်း၊ ၃လွှာ၊ ကျောက်မြောင်း။

**ဖုန်း- ၀၁ ၈၆၁၀၁၁၈**

**အိမ်ရောင်းမည်**

၂၅'x၅၀'၊ အမှတ်(၂၆၁)၊ မင်းနန္ဒာလမ်းမ၊ ဗမာအေးရပ်ကွက်၊ ဒေါပုံ၊ CAPITAL နှင့် ရွှေပုဇွန်အနီး။

**ဖုန်း- ၀၉ ၅၀၄၇၂၇၈**

**စာအုပ်ရောင်းမည်**

စာအုပ်အရောင်းဆိုင်ဖွင့်လိုသူများ၊ စာကြည့်တိုက်လှူလိုသူများအတွက် အုပ်(၄၀၀)ကို ငွေတစ်သိန်းကျပ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးပါမည်။

**ဖုန်း- ၀၉ ၅၁၅၇၀၂၈**

**အိမ်လိုက်သင်သည်**

ဒုတိယတန်းမှ အဋ္ဌမတန်းအထိ စာပြပေးသည်။ အင်္ဂလိပ်စာ၊ သင်္ချာအထူးသင်သည်။

**ဖုန်း- ၀၉ ၅၄၁၅၇၆၁**

**Music သင်တန်း**

စန္ဒရား၊ တယော၊ ဂစ်တာ၊ ဒရမ် တစ်ဦးချင်းအတတ်၊ ကလေးများနှင့် အမျိုးသမီးများအတွက် သီးသန့်သင်တန်းနှင့် အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉ ၄၂၁၀၅၅၀၈၈**

**ရောင်းမည်**

၁။ ကော်ကရင်ဘွိုင်လာ
၂။ တန်ဂျီ ၁၁"အင်ဂျင်

**ဖုန်း- ၀၉ ၄၂၂၄၆၈၂၇၇**

**သင်ကြားပေးသည်**

မူလတန်းမှ တက္ကသိုလ်ဝင်တန်းထိ (အခြေခံ)ကောင်းစေရန် သင်္ချာအထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၉၃၁၅၀၄၅**

**ထူးထက်သာ**

ထူးထက်သာအမှတ်တံဆိပ်၊အသည်းရောဂါဘီပိုး ပျောက်ကင်းဆေး (တိုင်းရင်းဆေး)ဝယ်ယူရရှိနိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၁၂၉၁၁၇**

**ရောင်းမည်**

မြောက်ဒဂုံ၊ ပညာလမ်း၊ ၃၇ ရပ်ကွက်၊ ပေ(၄၀×၆၀)၊ ပါမစ်မြေ၊ တစ်ထပ်တိုက်ခံအိမ်၊ ပေ(၁၈×၅၀×၁၀) အပါအဝင် ဘေးပေ(၂၀)ချန်ထားသည်။ ရောင်းဈေး- ၅၅၀ သိန်း

**ဖုန်း- ၀၉ ၅၁၇၁၄၇၈**

**ဆရာထက်မြက် B.Sc,E.L.T.M**

၈၊ ၉၊ ၁၀တန်းဘာသာစုံ/Guide (အိမ်သင်ဝိုင်းများ)၊ Inter'l School၊ အင်္ဂလိပ်စာသီးသန့်၊ဝင်ခွင့်အမျိုးမျိုး အင်္ဂလိပ်စာအိမ်သင်ဝိုင်းများ။

**ဖုန်း- ၀၉ ၄၂၁၀၀၉၃၃၉**

**ဖုန်းပြုပြင်သင်တန်း**

HandSet ဖုန်းပြုပြင် အတတ်သင်၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည်။ **ဖုန်း- ၀၉ ၄၂၁၀၁၁၃၆**

**သင်တန်း**

သင်ကွန်ပျူတာကို အခြေခံမှစ၍ စနစ်တကျလေ့လာလိုပါလျှင်

**ဖုန်း- ၀၉ ၇၃၀၃၈၃၈၄**

**မိုးပုလဲPOPပုံသွင်းပလာစတာ**

အဆောက်အအုံ Decoration စိုက်ပျိုးရေးလုပ်ငန်းသုံး လကြီးခြောက်မှုန့် ဈေးနှုန်းချိုသာစွာဖြင့် ရနိုင်ပါသည်။

**ဖုန်း- ၀၉ ၄၀၂၅၄၃၀၂၅**

**ဝန်ဆောင်မှု**

သောင်းထိုက် ကားဘော်ဒီနှင့်ဆေးမှုတ်လုပ်ငန်းမှ ကားနှင့်ပတ်သက်သော ကိစ္စရပ်များကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။

**ဖုန်း- ၀၉-၅၀၄၈၆၁၂**

**ရောင်းမည်**

PRADO 96/97 (ကားသန့်)၊ ယာယီ/ကောင်းစလစ်။

**ဖုန်း- ၀၉ ၇၃၁၁၆၂၉၄**

**မြေကွက်ရောင်းမည်**

လှိုင်သာယာ၊ တိုးချဲ့(၇)ရပ်ကွက်၊ ဓမ္မရုံလမ်း၊ ရွှေသံလွင်စက်မှုဇုန်အနီး၊ အကွက်- ၂၄၈၊ (၄၈/၄၀×၆၀)။

**ဖုန်း- ၀၉ ၅၀၃၄၇၅၂**

**နန်းထက်**

(အကြောအထူးကုဆေးခန်း)

ဒူးနာ၊ ခါးနာအကြောဝေဒနာအမျိုးမျိုး သက်သာပျောက်ကင်းအောင်ဆေးကုသပေးပါသည်။

**ဖုန်း- ၀၉ ၈၆၂၃၉၅၉**

**IT Development Training**

**IT & Services Center**

ကွန်ပျူတာသင်တန်း အမျိုးအစား(၈) မျိုးအား စရိတ်မျှပေးစနစ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

**ဖုန်း- ၄၀၀၁၆၃**

7DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# စာ-၂၅၊ ကျွန်တော်တို့ ရှုထောင့်မှသည် ကျွန်ုပ်တို့ရှုထောင့်ဆီ မှ

“ဥပဒေမရှိတာကို အခွင့်အရေးယူပြီး တစ်လသုံးသောင်း တစ်နေ့ တစ်ထောင်တောင်းနေတာကိုတစ်သောင်းခွဲပေးတယ်။ပထမဆုံးထမင်းဖိုးတော့ စဉ်းစားပါ”ဟု အလုပ်သမားအရေး ဆောင်ရွက်နေသော ရှေ့နေဦးဌေးကတင်ပြဆွေးနွေးခဲ့သည်။

ထို့အပြင် အလုပ်သမားများအား အဓမ္မလုပ်အားညှစ်ထုတ်ခိုင်းစေမှုများရှိကြောင်း အလုပ်သမား ကိုယ်စားလှယ်တစ်ဦးဖြစ်သူကိုကျော်ဇေလင်းကလည်းပြောကြားခဲ့သည်။

အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကျော်ဇေလင်းကလည်း အလုပ်ရှင်များ၏အခက်အခဲကို “အလုပ်ရှင်မှာလည်း အခက်အခဲရှိပါတယ်။ သူတို့အိတ်ကပ်ထဲက ပိုက်ဆံကို မီးရှို့နေရတယ်။ တစ်နေ့ကိုသိန်း ၂၀ မှသိန်း ၄၀ ကြား မီးရှို့နေရတယ်။ ဒါကြောင့် သူတို့နိုင်တဲ့အလုပ်သမားကိုထပ်ဖိရတယ်”ဟုတင်ပြသွားခဲ့သည်။

အလုပ်သမားများအနေဖြင့် အုပ်စုဖွဲ့၍ ဆန္ဒပြသောကိစ္စများမပြုလုပ်ချင်ကြောင်းနှင့် အလုပ်သမားများအနေဖြင့် မိမိတို့တင်ပြချင်သည်များ၊ အခက်အခဲများအား အလုပ်ရှင်များနှင့် သိက္ခာရှိရှိ စားပွဲဝိုင်းတွင် ဖြေရှင်းချင်ကြောင်း တိုင်ရီအလုပ်သမားအဖွဲ့မှ ခေါင်းဆောင် မမိုးဝေကတင်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဦးအုန်းကြိုင်က ‘အစိုးရကပဲကြားဝင်ဆောင်ရွက်ပါ။ အမြန်ဆုံးပြေလည်အောင် အုလုပ်သမားတွေ အခက်အခဲကို ဖြေရှင်းပေးပါလို့ တောင်းဆိုပါတယ်’ဟု ဆွေးနွေးခဲ့သည်။

ထိုဆွေးနွေးပွဲသို့ တက်ရောက်လာသော ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကိုကြီးက “ကျွန်တော်တို့ ၈၈ ကတည်းက ကျွန်တော်တို့သည် နိုင်ငံရေးလောကထဲ ဝင်လာတယ်ဆိုတာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေပြုပြင်ပြောင်းလဲဖို့ အဓိကမျှော်လင့်ခဲ့တာပါ”ဟုဆိုသည်။



အစည်းအဝေးတွင် ဆွေးနွေးနေသော ကိုကိုကြီးနှင့် သဘာပတိ ဒေါက်တာအောင်ထွန်းသက်

“ဒီအလုပ်သမား လှုပ်ရှားမှုတွေကို အကြောင်းပြုပြီးတော့ လက်ရှိ ရင်းနှီးမြှုပ်နှံနေတဲ့ပုဂ္ဂိုလ်တွေရော နောက်ထပ်ပြီး ရင်းနှီးမြှုပ်နှံသူများကိုပါ စိုးရိမ်ကြောင့်ကြမှု ဖြစ်စေတာမျိုး ကျွန်တော်တို့လုံးဝလက်မခံပါဘူး”ဟု ကိုကိုကြီးက ထပ်လောင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲမှ ဆန္ဒပြမှုများ ပြေလည်ရန် အချက်ငါးချက်ရရှိခဲ့သည်။ အဆိုပါငါးချက်မှာ အုလုပ်သမားအဖွဲ့များဖွဲ့စည်းရေး၊ စားပွဲဝိုင်းပေါ်တွင် ဆွေးနွေးရေး၊ အခြေခံလစာ သတ်မှတ်ပေးရေး၊ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း မြင့်တက်ရေးနှင့် GSPရရှိရေးတို့ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲပြီးနောက်တစ်နေ့ညနေမှစ၍ အစိုးရဘက်မှ တာဝန်ရှိသူများ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ အလုပ်သမား ခေါင်းဆောင်များနှင့်အလုပ်ရှင်တို့ပါဝင်၍ မျက်နှာစုံညီညှိနှိုင်းခဲ့ရာ တစ်နေ့တည်း၌ပင် ဆန္ဒပြနေသောအဖွဲ့ခုနစ်ဖွဲ့ ပြေလည်မှုရရှိသွားခဲ့သည်။

ထို့ကြောင့် အားလုံးပါဝင်ပူးပေါင်းအားနှင့် ဖြေရှင်းမှုနှင့်ပတ်သက်၍ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ယခုကဲ့သို့ဆိုလေသည်။ “ဖြစ်တတ်တာတွေအားလုံးက ငါ့လမ်း၊ ငါပြောတာမှန်တယ်၊ဖြစ်နေတာက My Way နဲ့ Your Way ပေါ့။ ဒါပေမဲ့ ဒီနေ့ ဖြစ်နေတာတွေ အားလုံးက Our Way ပါ။ တို့တွေအားလုံးရဲ့အဖြေရှာရအောင် သူ့အဖြေကိုယ့်အဖြေ စဉ်းစားနေရင်တော့ ပြီးမှာမဟုတ်ပါဘူး။ သူ့ရှုထောင့်ကိုယ့်ရှုထောင့် ကြည့်နေလို့ကတော့ ပြီးမှာမဟုတ်ပါဘူး။ တို့ရှုထောင့်လို့ ကြည့်ရအောင် Our Way လို့ ပြောလိုက်ရင် အကြံဉာဏ်အသစ်တွေရပါလိမ့်မယ်”။

# စာ(၃၂) တဒင်္ဂဒေါသနှင့် ဟိုမှာဘက် ချောက်ကမ်းပါး မှ

အတန်ကြာသည်အထိ၍အတိုင်းဖြစ်နေသည်ကိုသည်းမခံနိုင်တော့သည့်အဆုံးအိမ်ပေါက်ဝလှေကားထိပ်တွင် ရပ်လျက်အနေအထားဖြင့် ရှိနေသော အစ်မအား ဝေါက်ငမ်းရင်းတွန်းထိုးချလိုက်မိသည်။ လှေခါးမှတစ်ဆင့် ယိမ်းယိုင်ပြုတ်ကျသွားသော အစ်မဖြစ်သူ၌ ထိုစဉ်က သားဦးကိုယ်ဝန်လွယ်ထားရသည်ကို စာရေးသူလုံးလုံး သတိမရခဲ့ရိုးအမှန်ဖြစ်ပါသည်။ ဒေါသဖြစ်နေချိန်၌ ဘာကိုမှ မမြင်နိုင်ခဲ့သော မိမိအပြုအမူသည် ကံကောင်းထောက်မခဲ့၍ ဆိုးဆိုးဝါးဝါး အကျိုးဆက်များနှင့် လွဲဖယ်နိုင်ခဲ့သော်လည်း အစ်မ၏ စိတ်နာမုန်းတီးခြင်းကိုတော့ နှစ်တော်တော်ကြာသည်အထိ ကျွန်တော်ခံယူရရှိလိုက်ပါ၏။ သည်နောက်ပိုင်းတွင် အဆိုးထဲမှ ကျန်ရှိခဲ့သော အကောင်းတစ်ခုမှာ ဒေါသစိတ်ပေါ်လာတိုင်း ယင်းဖြစ်ရပ်အား ပြန်အောက်မေ့သတိရနေတတ်ပြီး ငြိမ်းအေးမှုအတွက် လေ့ကျင့်ပြင်ဆင်လာနိုင်ခြင်းပဲ ဖြစ်လေသည်။

မြန်မာနိုင်ငံတွင်မကြာသေးမီကာလများက ဖြစ်ပွားခဲ့သော မြောက်ဥက္ကလာပမြို့နယ်မှလူ ၂၀ ခန့်ဖြင့် ထိုးခုတ်သတ် ဖြစ်ခဲ့ကြသည့် အခပေးလူသတ်မှု၊ ညောင်ဦးမြို့အနီးတောတွင်း တစ်နေရာ၌ ဂျပန်အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြစ်ခဲ့မှု၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်တွင်ဖြစ်ပွားခဲ့သည့် အုပ်စုဖွဲ့ အကြမ်းဖက်ရမ်းကားမှု၊ အိမ်အကူဖြစ်သူအား ပစ္စည်းပျောက်မှုဖြင့် မီးပူနှင့်ကပ်ခြင်း အပါအဝင် ထိုးကြိတ်အပြစ်ပေးနာကျင်စေမှု၊ လှည်းတန်းမှလူကိုဓာတ်ဆီပက်မီးရှို့သတ်မှု၊ ယခုနောက်ဆုံး လမ်းမတော်၊ ရမ်းဗြဲနှင့် တောင်ကုတ်မြို့များတွင် ဖြစ်ပွားခဲ့သော အမှုအခင်းများသည် စိတ်ကူးဖြင့် တွေးကြည့်လျှင်သော်မှ ဖြစ်နိုင်မည် မထင်ရသော ရက်စက်ကြမ်းကြုတ်မှုများဟု ဆိုရပေမည်။

“လူမဆန်သော ရက်စက်မှု” ဟူသည့်စကားကို လူတိုင်းကြားဖူးကြမည်သာ ဖြစ်သည်။ ဒေါသစိတ်ဖိစီးဆူလောင်လာခိုက်တွင် လူစိတ်ပါ ပျောက်ဆုံးသွားတတ်သည်ကို ညွှန်းဆိုသော် ဖော်ပြချက်အဖြစ် ဆင်ခြင်သိမှတ်အပ်လှပေသည်။

ယခုဖော်ပြခဲ့ပြီးသမျှအတိတ်နှင့်လတ်တလောကာလ ဖြစ်စဉ်ဖြစ်ရပ်များအားလုံးကို လေ့လာသုံးပ်ကြည့်မည်ဆိုပါက ဒေါသကြောင့် ရရှိသော ကောင်းကျိုးဟူ၍ တချို့တလေမျှပင် တွေ့ရလိမ့်မည်မဟုတ်ဘဲ ကျူးလွန်သူရောခံရသူများပါ ဝမ်းနည်းကြေကွဲစရာများနှင့်သာ အဆုံးသတ်ရမြဲဖြစ်သည်ကို သင်ခန်းစာယူသင့်ကြသည်။ ဒေါသစိတ် ရှေ့ဆောင်မှုဖြင့် စိတ်လိုက်မာန်ပါ သတိလက်လွှတ်ကျူးလွန်မိခဲ့ကြသော်လည်း ဒေါသဖြစ်သူများ ကိုယ်တိုင် မိမိတို့အပြုအမူအတွက် အချိန်လွန်မှအံ့ အားတသင့်ဖြစ်ရကာ နားမလည်နိုင်လောက်အောင်နောင်တကြီးစွာရနေကြမည်မှာ မလွဲကေန်ဖြစ်၏။ လူမှုဝန်းကျင် လောကထဲရှင်သန်နေထိုင်ခွင့်ရသမျှ တစ်ကြောင်းမဟုတ် တစ်ကြောင်းကြောင်းဖြင့် စိတ်ဆိုးစိတ်တိုစရာကိစ္စရပ်များ ကြုံတွေ့နေဦးမည်မှာ ဓမ္မတာပင်ဖြစ်သည်။ အစဉ်ထာဝရပြေပြစ်ချောမွေ့နေသောဘဝဟူ၍ မည်သူမှ မရရှိနိုင်ပါ။ မလွှဲမရှောင်သာ ကြုံတွေ့လာရသော အဆင်မပြေမှု ပြဿနာတစ်ခုခုအား ဒေါသအဆင့်သို့ အရောက်မခံဘဲ အသိသတိဖြင့် ဆင်ခြင်ထိန်းချုပ်နိုင်မှသာ ချောက်ကမ်းပါးစွန်း၏ အခြားတစ်ဖက်ကိုတွေ့ရှောင်လွှတ်မြောက် ကျော်ခိုင်းသွားနိုင်မည်ဖြစ်သည်။ ဒေါသစိတ်ဖြစ်ပေါ်အောင် တွန်းပို့မြှောက်ပင့်ပေးတတ်သော မောက်မာဝင့်ကြွားမှု၊ အနိုင်မခံနိုင်မှု၊ ဆန္ဒရမ္မက်ဇောနှင့် မာန်မာနတရားများအား လျှော့ချပယ်သတ်နိုင်ကြပါစေ။ ။

TRADEMARK CAUTION
UNIVERSAL NUTRIBEVERAGE SDN. BHD., a company incorporated in Malaysia at No. 4, JALAN DAWAI 16/2, 40200 SHAH ALAM, SELANGOR D.E. Malaysia is the Owner and Sole Proprietor of the following Trademark:-

SUN·UP

Reg: 4/3773/2009
In respect of : Int'l class 32:
“ Fruit juice concentrates and ready to drink fruit Juices.”
Any fraudulent imitation or unauthorized use of the said Trademark shall be dealt with according to the law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990
Dated: 21 June 2012

**ဆက်သွယ်လှူဒါန်းကြပါရန်**
ရခိုင်ပြည်နယ်အတွင်း လတ်တလော ဖြစ်စဉ်များနှင့်ပတ်သက်ပြီး အိုးအိမ်စွန့်ခွာ ဒုက္ခရောက်နေကြသော တိုင်းရင်းသား ပြည်သူလူထုများ၏ စားဝတ်နေရေးများအတွက် အခက်အခဲ များစွာရှိနေပါသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ(ရန်ကုန်)သို့ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
***ဖုန်း-၀၉ ၄၂၀ ၁၀၇၄၀၀၊ ၀၉-၄၂၀ ၁၀၄၅၇၀။***
***ဆက်သွယ်ရန်လိပ်စာ-***ရခိုင်ပြည်နယ်ဘေးဒုက္ခ ကယ်ဆယ်ရေးကော်မတီ(ရန်ကုန်) ဓညဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဘိုလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

We are looking for ...
*car service technicians (3) Males*
One person to be 35-40 years old. Two persons to be 22-26 years old. Mechanical or Electrical diploma shall be an advantage.Fluent English skill is mandatory. We provide training in Singapore, starting pay of 130000 kyats. Good career advancement and yearly pay increment.Terms and conditions apply.
*Interested candidates send CV to chris@true-corp.biz*

SMH ရွှေမဟာ SMH
အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
ဘုရားအဆူဆူတိုင်းတို့၏ဖောစိပင်လက်ယာတောင်ကိုင်းစိုက်ပျိုးရာ၊ဂေါတမ မြတ်ဗုဒ္ဓ သုံးကြိမ်တိုင်တိုင်ကြွတော်မူခဲ့ရာသိရိမဟာသောကမင်းကြီး၏သားတော်မဟိန္ဒနှင့်သမီးတော် သင်္ဃမိတ္တာတို့သာသနာပြုခဲ့ရာဂေါတမဘုရား၏အောက်လက်ဝဲစွယ်တော်မြတ်ရှိရာသိရိလင်္ကာသို့ ရွှေမဟာ ဘုရားဖူးအဖွဲ့ကနှစ်တိုင်းကဲ့သို့ယခုနှစ်ဇူလိုင်(၂၀)ရက်နေ့တွင်စတင်ထွက်ခွာပါမည်။ဗုဒ္ဓဂယာခရီးစဉ်ကိုလည်းအောက်တိုဘာလ(၅)ရက်နေ့မှစ၍ပို့ဆောင်ပေးပါမည်။
ဆက်သွယ်ရန်လိပ်စာ–အမှတ်(၉/၁၁)၊ဇေယျဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
-ဖုန်း–၀၁–၅၃၂၀၈၆၊၅၁၈၁၉၆၊- ၀၉–၅၁၈၈၃၇၆၊၄၃၂၀၀၆၄၆၊၄၃၀၇၀ ၂၉၄၊၄၉၃၂၄၅၅၆၊

# Environment

7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေရေးဆွဲရာတွင် ပုဂ္ဂလိကပါဝင်ခွင့်ရ

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးအတွက် ဖွဲ့စည်းထားသော နည်းဥပဒေ ရေးဆွဲရေးကော်မတီတွင် ပထမဆုံးအကြိမ် ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့လေးဖွဲ့ ပါဝင်ခွင့်ပြုခဲ့ကြောင်း ယင်းအဖွဲ့များတွင် ပါဝင်သော ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့နှစ်ဖွဲ့က အတည်ပြုပြောကြားသည်။ ခွင့်ပြုခဲ့သော ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့လေးခုမှာ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း(ECCDI)၊ ဇီဝမျိုးစုံမျိုးကွဲသဘာဝထိန်းသိမ်းရေးအသင်း(BANCA)၊ သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးရေးအသင်း (FREDA)၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း(REAM)တို့ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ လူမှုရေးအသင်းအဖွဲ့လေးခုအား ခွင့်ပြုပေးရန် နိုင်ငံတော်သမ္မတ အစိုးရရုံးတွင် ခွင့်ပြုချက်ယူခဲ့သည်။ ခွင့်ပြုပြီးနောက်ပိုင်းတွင် ပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ လုပ်နေသည့် အသင်းအဖွဲ့လေးခုအား ယခုလပထမပတ်တွင်အကြောင်းကြားစာ ပေးပို့ခဲ့သည်။

“၃၃ဦးအဖွဲ့ထဲမှာအင်န်ဂျီအိုလေးခုပါတယ်။ သူတို့အကြောင်းကြားတာ ၁၀ ရက်လောက်ပဲ ရှိဦးမယ်”ဟု ECCDI မှ ဥက္ကဋ္ဌဦးကျော်တင့်က ပြောသည်။

ယင်းအသင်းဖွဲ့ လေးခုအနက် သုံးခုမှာ ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် အငြိမ်းစားယူသော သစ်တောညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများက ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သည်။

“Civil Society ကိစ္စတွေကို လုပ်ပေးနေပြီး CS အကြောင်းသိနေတဲ့ အင်န်ဂျီအိုတွေကို အပြုသဘောဆောင်ပြီး ပူးပေါင်းဆောင်ရွက်ရေးမှာ ဖိတ်ခေါ်လာတာ သိပ်ကိုဝမ်းသာပါတယ်။ ကြိုလည်းကြိုဆိုတယ်။ ဒါပေမဲ့ ဒီအဖွဲ့ ၄ ဖွဲ့ လောက်နဲ့လုံလောက်သလားပြောရင် မလုံလောက်ပါဘူး” ဟု ဖရီဒါမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ပြောသည်။ ယင်းအဖွဲ့ကို ဖွဲ့စည်းပြီးနောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေရေးဆွဲရေးအတွက်အစည်းအဝေးခေါ်ယူတွေ့ဆုံဆွေးနွေးခြင်းများမရှိသေးကြောင်း သိရသည်။ နည်းဥပဒေများရေးဆွဲရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာများ အကူအညီပေးမည်ဟုသတင်းထွက်ပေါ်လာသော်လည်း စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက နည်းဥပဒေရေးဆွဲရာတွင် ပြင်ပမှအဖွဲ့အစည်းများပါဝင်မည် မဟုတ်ဟု မေလ ဒုတိယပတ်တွင် ဖြေဆိုခဲ့သည်။

## သစ်တောဥပဒေပြင်ဆင်ရာတွင် ပါဝင်သင့်သော အချက်များ စာတမ်းပြုစုတင်ပြမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၅**



သစ်တောဥပဒေပြင်ဆင်ရာတွင် ပြည်သူနှင့် ပုဂ္ဂလိကပူးပေါင်းပါဝင်မှုမြှင့်တင်လာစေရန် ရည်ရွယ်၍ ဥပဒေကြမ်းတွင် ပါဝင်သင့်သည်များကို အကြံပြုချက်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ရေးဆွဲထားသော စာတမ်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့တင်ပြမည်ဖြစ်ကြောင်း MERN(Myanmar Environment Rehabilition-Conservation Network) မှ ဥက္ကဋ္ဌဦးကျော်တင့်ကပြောသည်။

MERN အဖွဲ့သည် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ပေါင်း ၁၇ ဖွဲ့ ပါဝင်သော အဖွဲ့အစည်းဖြစ်သည်။ ယင်းစာတမ်းသည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် လူမှုဖူလုံရေး လိုအပ်ချက်များကို ကူညီရာ၌ လူသားနှင့် သစ်တောထိန်းသိမ်းမှုအကြားကြုံတွေ့ရသော ပဋိပက္ခများကို အဖြေရှာသည့် နည်းလမ်းများကို ရေးဆွဲထားသော စာတမ်းတစ်စောင်ဖြစ်သည်။

“ပြည်သူလူထုပူးပေါင်း ပါဝင်လာအောင်လုပ်ဖို့အတွက် ဘယ်လိုအခက်အခဲတွေ ရှိနေသလဲဆိုတာကို အဓိကထားပြီး CSO တွေ ဆွေးနွေးကြမယ်။ ဆွေးနွေးလို့ရတဲ့ ရလဒ်တွေကို အထင်မြင်မတိမ်းစောင်းစေတဲ့ သဘောနဲ့ တင်ပြမယ်”ဟု MERN မှ အတွင်းရေးမှူးဦးဝင်းမျိုးသူက ပြောသည်။

သစ်တောဥပဒေကို ၁၉၉၂ ခုနှစ်တွင် နောက်ဆုံးရေးဆွဲခဲ့ပြီး ဆယ်စုနှစ်တစ်ခုကျော်ရှိခဲ့သော သစ်တောဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရာ၌ ပြည်သူလူထုပါဝင်သော သစ်တောထိန်းသိမ်းခြင်း အခန်းကဏ္ဍမြှင့်တင်လာစေရန် ရည်ရွယ်ပြီး စာတမ်းပြုစုခြင်းဖြစ်ကြောင်း ဦးဝင်းမျိုးသူက ပြောသည်။ ယင်းစာတမ်းကို ဇွန်လနောက်ဆုံးအပတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း MERN ဥက္ကဋ္ဌဦးကျော်တင့်က ပြောသည်။

### Environment Cartoon



ကျွန်တော်တို့တစ်ဦးချင်းစီမှာ
ပိုမိုကောင်းမွန်တဲ့
ကမ္ဘာကြီးဖြစ်လာအောင်
လုပ်နိုင်စွမ်းရှိတယ်။

## ဒေသတွင်းရှိ စိမ်းရောင်စိုကြီးထွားဖွံ့ဖြိုးရေး အဆိုပြုလွှာများကို ချီးမြှင့်ငွေပေးအပ်မည်

**အိဖြူမွန်**

**ရန်ကုန်၊ဇွန်-၁၃**

ဒေသအတွင်းရှိ စိမ်းရောင်စိုကြီးထွားဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်နေသူများ ကိုယ်တိုင်ရေးသားသော အဆိုပြုလျှောက်လွှာများကို ရွေးချယ်ကာ မလေးရှားကူးသန်းရောင်းဝယ်ရေးအသင်းက အမေရိကန်ဒေါ်လာ ၁,၀၀၀ မှ ၅,၀၀၀ ကြား ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာဆီယံ+တရုတ်နိုင်ငံမှစိမ်းရောင်စိုကြီးထွားဖွံ့ဖြိုးရေးလုပ်ငန်းခြောက်ခုတွင် လူမှုရေးလုပ်ငန်းလုပ်ကိုင်သူများသည် မိမိကိုယ်တိုင်ပါဝင်သောဆောင်ရွက်ချက်များကိုအဆိုပြုပုံစံလျှောက်လွှာရေးတင်ရမည်ဖြစ်သည်။ ၁၁ နိုင်ငံမှရေးသားတင်ပြထားသောအဆိုပြုပုံစံများကိုရွေးချယ်၍ တစ်နိုင်ငံချင်းအလိုက် အကောင်းဆုံး ဆုရရှိသူတစ်ဦးကို အမေရိကန် ဒေါ်လာ ၁,၀၀၀၊ အကောင်းဆုံးဆုရရှိသူများအနက်မှ ပထမဆုကို အမေရိကန်ဒေါ်လာ ၅,၀၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၃,၀၀၀နှင့် တတိယဆုကို အမေရိကန်ဒေါ်လာ ၂,၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ အဆိုပြုပုံစံများကိုမလေးရှားနိုင်ငံ AAET မှ အကဲဖြတ်မည်ဖြစ်ပြီး အကဲဖြတ်အဖွဲ့တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အင်ဂျင်နီယာနှစ်ဦး ပါဝင်မည်ဖြစ်သည်။

လျှောက်ထားသူသည် စိမ်းရောင်စိုလုပ်ငန်းခြောက်ခုဖြစ်သော အစိမ်းရောင်အိမ်(ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုအရည်အသွေးတိုးတက်စေရေးလုပ်ငန်း)၊ ရေ၊ မြေ၊ သယံဇာတနှင့် ဇီဝမျိုးကွဲများကိုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ စွန့်ပစ်ပစ္စည်းလျှော့ချရေးလုပ်ငန်း၊ စိမ်းရောင်စိုစွန့်ဦးတီထွင်သူနှင့်မန်နေဂျာများ၊ စိမ်းရောင်စိုအသိပညာတိုးမြှင့်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော သတင်းနှင့် မီဒီယာလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် လူထုလှုပ်ရှားမှုများအနေဖြင့် ပါဝင်သည့်စေတနာ့ဝန်ထမ်းများတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဆိုပါအဆိုပြုပုံစံများကို အင်ဂျင်နီယာအသင်းကစီစဉ်ဆောင်ရွက်နေပြီး ပုံစံများကို ဇူလိုင် ၂၅ ရက် နောက်ဆုံးပေးပို့ရမည်ဖြစ်သည်။ အဆိုပြုပုံစံလျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးအကျဉ်း၊ စာအုပ်ထုတ်ဝေခဲ့ဖူးပါက ထုတ်ဝေခဲ့သော စာအုပ်စာရင်း၊ ဂုဏ်ပြုလက်မှတ်နှင့် အထောက်အကူပြု စာရွက်စာတမ်းများ လိုအပ်မည်ဖြစ်သည်။



# Tourism

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.15 • JUNE 21 , 2012


## ရှေးဟောင်းအဆောက်အအုံလေးခုကို ဟိုတယ်လုပ်ခွင့်ပြု

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၄**

ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ရှေးဟောင်းအဆောက်အအုံလေးခုနှင့်မြေနေရာတစ်ခုအားဟိုတယ် လုပ်ငန်းလုပ်ကိုင်ရန်အတွက်ပြည် တွင်းပြည်ပမှ လုပ်ငန်းရှင်များ ကို တင်ဒါစနစ်ဖြင့် ခေါ်ယူလိုက် သည်။

"ကနဦး နှစ် ၃၀ ပြီးရင် ၁၅ နှစ်၊ ၁၅ နှစ်ပေါ့။ ဒေါ်လာနဲ့ပဲ ဖြစ်ဖြစ်၊ ကျပ်ငွေနဲ့ပဲဖြစ်ဖြစ် ကြိုက် တာနဲ့ တင်လို့ရတယ်" ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

ယခုကဲ့သို့ ထင်သာမြင်သာရှိအောင် တင်ဒါစနစ်ဖြင့် ခေါ်ယူခြင်းမှာ ကောင်းမွန်သော စနစ်ဖြစ်ပြီးအဆောက်အအုံပုံစံမပျက် ဟိုတယ် တည်ဆောက်ရမည်ဖြစ်သဖြင့် စီးပွားရေးအရ တွက်ချက်ရာတွင် အခက်အခဲအနည်းငယ်မျှရှိနိုင်ကြောင်း ဒေဝဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီအဆောက်အအုံတွေအားလုံးကို အစ်ကိုတို့အကုန်ကြည့်ပြီးပြီ။ ဟိုတယ်အတွက် ရည်ရွယ်ပြီး ဆောက်ခဲ့တာ မဟုတ်တော့ ဟိုတယ်ဆောက်ဖို့ သိပ်မလွယ်ဘူး" ဟုရန်ကုန်ဇုန်ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ကိုသီဟအောင်က ပြောသည်။

သက်ဆိုင်ရာက တင်ဒါခေါ်ယူသော အဆောက်အအုံများမှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ရုံးဟောင်းသုံးထပ်)မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရုံးဟောင်း(သုံးထပ်)၊ ယခင်ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ်(၅)ရုံးဟောင်း၏ လေးထပ်အဆောက်အအုံ၊ ယခင်သွင်းကုန်ထုတ်ကုန်လုပ်ငန်း ရုံးဟောင်း၏လေးထပ်အဆောက်အအုံနှင့် မန္တလေးမြို့ နန်းတော်ရာကွင်း၊ အမှတ်-၆၁၃ မှန်တန်းရပ်ကွက် အမရပူရမြို့နယ်ရှိ ၁၇ ဒသမ ၁၇၀ ဧကရှိ မြေနေရာတို့ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင် ရန်ကုန်မြို့ရှိ ရှေးဟောင်း အဆောက်အအုံထဲမှ နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံ၊ မီးရထားရုံးနှင့် ရန်ကုန်တိုင်းရုံးတို့အား ဟိုတယ်ဆောက်လုပ်ရန် ပုဂ္ဂလိကသို့ ငှားရမ်းခဲ့သည်။

## ရှေးဟောင်းသုတေသနဥယျာဉ်လုပ်ငန်းများ ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၃**

ရှေးဟောင်းဒေသ သုံးခုအား ရှေးဟောင်းသုတေသနဥယျာဉ်အဖြစ် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်း ၁၀ မျိုးကို ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ဦးက ပြောသည်။

ရှေးဟောင်းသုတေသနဥယျာဉ် (Archaeological Park) အဖြစ် တိုးမြှင့်ဆောင်ရွက်မည့် ရှေးဟောင်းဒေသသုံးခုမှာ တံတားဦးမြို့နယ်ရှိ အင်းဝဒေသ၊ ရေစကြိုမြို့နယ်ရှိပခန်းကြီးဒေသ၊ ရှမ်းပြည်နယ်ရှိ ပြဒါးလင်းဂူတို့ဖြစ်သည်။

ရှေးဟောင်းသုတေသဥယျာဉ်အဖြစ်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည်လုပ်ငန်း ၁၀ မျိုးကိုပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ တင်ဒါခေါ်ယူသူများကို ယခုလနောက်ဆုံးပတ်တွင်နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယင်းလုပ်ငန်း ၁၀ မျိုးကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ရှေးဟောင်းအမွေအနှစ်များ မထိခိုက်စေရန် အတွက် နိုင်ငံတကာ ဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် လုပ်ကိုင်ရမည်ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်ရမည့်လုပ်ငန်း ၁၀ မျိုးမှာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခကြေးငွေကောက်ခံခြင်း၊ စားသောက်ဆိုင်များ၊ Snack Shop များ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ခြင်း၊ ဝန်ဆောင်မှုဆိုင်ရာ အငှားယာဉ်လုပ်ငန်းများ၊ နားရန်နေရာနှင့် သန့်စင်ခန်းများဆောက်လုပ်ခြင်း၊ စိမ်းလန်းစိုပြည်ရန် ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ပေးခြင်း၊ လမ်းဖောက်လုပ်ခြင်းများ ပါဝင်သည်။ အရှေ့တောင်အာရှတွင် ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်ရန်အတွက် ရှေးဟောင်းသုတေသနဥယျာဉ်ရှိသည့် နိုင်ငံများမှာ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်သည်။

## ရခိုင်ပြည်နယ်တွင် သင်္ဘောခရီးစဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲ

**အိဖြူလွင်**

**ရန်ကုန်၊ ဇွန် - ၁၆**

စစ်တွေ၊ ဘူးသီးတောင်၊ တောင်ကုတ်၊ မြောက်ဦးသို့ ပြေးဆွဲနေသည့်ပြည်တွင်းရေကြောင်း၏ သင်္ဘောခရီးစဉ်များကို ဇွန် ၁၆ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါနေရာများတွင် အရေးပေါ် အခြေအနေ ကြေညာထားပြီး ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသော်လည်း လက်ရှိအချိန်၌ အခြေအနေတည်ငြိမ်ပြီဟု ယူဆရသည့်အတွက် ခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဇွန် ၉ ရက်က စတင်၍ ယာယီရပ်နားခဲ့သော စစ်တွေမှ ဘူးသီးတောင် ခရီးစဉ်ကို ယခုလ ၁၆ ရက်၌ နေ့စဉ်ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲမည်ဖြစ်ပြီး ဇွန် ၁၂ ရက်က ရပ်နားခဲ့သည့် စစ်တွေ-တောင်ကုတ်နှင့် စစ်တွေ-မြောက်ဦးခရီးစဉ်များကိုမူ ဇွန် ၁၉ ရက်တွင် ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲမည်ဖြစ်သည်။

သင်္ဘောခရီးစဉ်များသည် ညအချိန်တွင်ရပ်နားပြီး သက်ဆိုင်ရာ ဆိပ်ကမ်းများသို့ ညနေ ၅ နာရီခန့်တွင် ဆိုက်ကပ်လေ့ရှိသဖြင့် ပုဒ်မ-၁၄၄ မှ အချိန်ကန့်သတ်ချက်နှင့် အဆင်ပြေကြောင်း၊ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေပါက ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

**ရခိုင်ပြည်နယ်တွင်ပြေးဆွဲနေသော ရေယာဉ်တစ်စီး**



ဓာတ်ပုံ - မောင်ကံ







# Cartoon
























7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# ရေဘေးဒဏ်ကာကွယ်ရေး ကမ္ဘာ့အတော်ဆုံးအကြံပေးများ ငှားရမ်းရန် ထိုင်းစီစဉ်


Photo: AP

**ဘန်ကောက်၊ ဇွန် - ၁၂**
ထိုင်းအစိုးရသည် ရေလွှမ်းမိုးမှုဒဏ်ကာကွယ်ရေးအတွက် ကမ္ဘာ့အတော်ဆုံး ရေဘေးဒဏ်ကာကွယ်ရေး အကြံပေးပညာရှင်များကို ငှားရမ်းရန် စီစဉ်နေကြောင်း ထိုင်းသတင်းအေဂျင်စီ TNA တွင် ဖော်ပြထားသည်။

ထိုင်းအစိုးရက ခန့်အပ်ထားသော ရေအရင်းအမြစ်နှင့် ရေလွှမ်းမိုးမှုထိန်းချုပ်ရေးကော်မတီသည် ထိုသို့ အကြံပေးပညာရှင်များကို ငှားရမ်းရွေးချယ်ကာ ထိုင်းဝန်ကြီးအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌ ပလော့ပရာဆွပ်ဆူရာဆွာဒီကလည်း အစိုးရသည် နိုင်ငံအနှံ့ ရေအရင်းအမြစ် စီမံခန့်ခွဲရေးစီမံကိန်းများအတွက် ကော်မတီသို့ ဘတ်ငွေ ၃၅၀ ဘီလီယံထုတ်ချေးထားပြီး အချို့ကို ထုတ်သုံးပြီးဖြစ်ကြောင်းပြောကြားသည်။

ထို့ပြင် ကော်မတီသည်နိုင်ငံတစ်ဝန်းလုံးအတွက် ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ဆောင်ရန် ကမ္ဘာ့အတော်ဆုံး အကြံပေးများ ငှားရမ်းရန် စီစဉ်ထားကြောင်းဆိုသည်။ ထိုင်းအစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးလည်းဖြစ်သူ ပလော့ပရာဆွပ်က ၎င်းတို့သည် ရေဘေးဒဏ်ကာကွယ်ရေးအကြံပေးအဖွဲ့များကို ဂရုတစိုက်ရွေးချယ်သွားမည်ဖြစ်ကာ နိုင်ငံတွင်းရှိ မြစ်ဝှမ်းဒေသ ၂၅ခုတွင် ကာလတိုကာလရှည်စီမံကိန်းများဖြင့် ဆောင်ရွက်ရမည်ဟုပြောကြားသည်။

*—Ref: CNA*

# ဖိလစ်ပိုင်ကမ်းရိုးတန်း စောင့်ကြည့်ရာတွင် အမေရိကန်စစ်ဘက် ကူညီမည်

**ဝါရှင်တန်၊ ဇွန် - ၁၃**
နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အငြင်းပွားမှု ပိုမိုကြုံတွေ့နေရသော ဖိလစ်ပိုင်နိုင်ငံအားကမ်းရိုးတန်းရေပြင်ကို စောင့်ကြပ်ကြည့်ရှုနိုင်ရန် အမေရိကန်စစ်ဘက်အနေဖြင့် ကူညီသွားရန် စီစဉ်ထားကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

မြေပြင်အခြေစိုက် ရေဒါစနစ်အားဖိလစ်ပိုင်နိုင်ငံသို့ပေးအပ်ရန် လောလောဆယ်အစီအစဉ်မရှိသေးသော်လည်း နောင်အနာဂတ်တွင် အကူအညီပေးရန် အစီအစဉ်ရှိကြောင်းပင်တဂွန်စစ်ဌာနချုပ်ကထုတ်ပြန်သည်။

ဖိလစ်ပိုင် အမျိုးသားကမ်းရိုးတန်းစောင့်ကြည့်ရေး စင်တာအတွက် အကူအညီပေးရေးမှာ ကနဦးအဆင့်မှာပင်ရှိသေးကြောင်း အမေရိကန်စစ်ဘက်ဗိုလ်မှူးကက်သရင်းဝီလ်ကင်ဆင်က အေအက်ဖ်ပီသို့ပြောသည်။ ယင်းစင်တာကို ဖိလစ်ပိုင်နိုင်ငံ၏ ပိုင်နက်ရေပြင်တွင် ဖြစ်ပျက်နေသမျှကို သိရှိနိုင်ရန် ဒီဇိုင်းပုံဖော်ထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"လောလောဆယ်မှာတော့ ရွေးချယ်စရာ အများအပြားကို ဆွေးနွေးနေဆဲပဲဖြစ်ပါတယ်။ အသေးစိတ်အချက်တွေကို အပြီးသတ်မဆွေးနွေးရသေးပါဘူး။ နောက်ပိုင်းမှာတော့ ရေဒါတွေ အကူအညီပေးဖို့လည်း ပါဝင်လာနိုင်ပါတယ်။ ဒါပေမဲ့ မဆုံးဖြတ်ရသေးပါဘူး"ဟု ဗိုလ်မှူးကက်သရင်းဝီလ်ကင်ဆင်က ပြောကြားသည်။ ကမ်းရိုးတန်းကို စောင့်ကြည့်နိုင်ရေးအတွက် ရေဒါစနစ်၊ ကင်းလှည့်လေယာဉ်နှင့် ရေတပ်သင်္ဘောများ ရရှိရန် ဖိလစ်ပိုင်အစိုးရက တောင်းဆိုထားသည်။

*—Ref: AFP*

# ဂျပန်နျူကလီးယားဓာတ်ပေါင်းဖို အန္တရာယ်ရှိနိုင်သေးကြောင်း ပညာရှင်များ သတိပေး


Photo: Getty Images

**တိုကျို၊ ဇွန် - ၁၃**
ဂျပန်နိုင်ငံ၏ အဆိုးရွားဆုံး နျူကလီးယားဘေးအန္တရာယ်အရေးပေါ်အခြေအနေ အဆုံးသတ်သွားပြီဟု ဂျပန်အစိုးရက ဒီဇင်ဘာလအတွင်း ကြေညာခဲ့သော်လည်း ပျက်စီးသွားသော ဓာတ်ပေါင်းဖိုတစ်ခုတွင်ရှိနေသည့် သုံးစွဲပြီးသားလောင်စာတောင့်များကြောင့် ကြီးမားသော ဘေးဒုက္ခကြုံတွေ့နိုင်သေးကြောင်း နျူကလီးယားကျွမ်းကျင်ပညာရှင်များက သတိပေးပြောကြားသည်။

ဂျပန်နိုင်ငံတွင် ဖူကူရှီးမားဒိုင်အိချီနျူစက်ရုံ၌ ရစ်ချ်တာစကေး ၉ အဆင့်ရှိ ငလျင်နှင့် ဆူနာမီကြောင့် အရေးပေါ်ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ရသည်မှာ ၁၅ လကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် ဓာတ်ပေါင်းဖိုနံပါတ်လေးမှ နျူကလီးယားလောင်စာတောင့် ၁,၅၃၅ ခုကို သိုလှောင်ထားသော လောင်စာကန်အဆောက်အအုံပျက်စီးသွားခဲ့ရာယင်းအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။

ယင်းလောင်စာကန်မှာ မြေပြင်မှ မီတာ ၃၀ မြင့်မားပြီး ငလျင်နှင့်ဆူနာမီကြောင့် လောင်စာကန်အပြင်နံရံနှင့် အမိုးအကာများ ပျက်စီးသွားခဲ့သည်။ ယင်းလောင်စာကန်အတွင်း၌ ဟီရိုရှီးမားမြို့အားဖျက်ဆီးခဲ့သည့် အဏုမြူဗုံးမျိုးအလုံး ၅,၀၀၀ ခန့်နှင့်ညီမျှသောရေဒီယိုသတ္တိကြွ ကေစီယမ်များ ကျန်ရှိနေသေးကြောင်း ကျိုတိုတက္ကသိုလ်ဓာတ်ပေါင်းဖို သုတေသနအင်စတီကျူးဒ်မှ လက်ထောက်ပါမောက္ခ ဟီရိုအာကိကို အီဒီက ပြောကြားသည်။

အကယ်၍ အင်အားပြင်း ငလျင်တစ်မျိုး သို့မဟုတ်ပါက အခြားသော အဖြစ်အပျက်တစ်ခုကြောင့် ယင်းလောင်စာကန်အက်ကွဲ၍ ရေစိမ့်ထွက်လာပါကနောက်ထပ် ကပ်ဆိုးတစ်ရပ် ကြုံတွေ့နိုင်သည်ဟု မစ္စတာကိုအီဒီက ပြောကြားသည်။

*—Ref: DPA*



# ကလေးတစ်ဦးထက်ပိုယူမိသည့် ကိုယ်ဝန်ခုနစ်လအရွယ် အမျိုးသမီးကို အတင်းအကျပ် ကိုယ်ဝန်ဖျက်ချခိုင်းမိ၍ တရုတ်အာဏာပိုင်များ တောင်းပန်

**လန်ဒန်၊ဇွန်-၁၅**

တရုတ်အာဏာပိုင်များသည် ကိုယ်ဝန်ခုနစ်လ လွယ်ထားရသော အမျိုးသမီးတစ်ဦးအား အတင်းအကျပ်ကိုယ်ဝန်ဖျက်ချခိုင်းခဲ့မှုအတွက် တာဝန်ရှိသူသုံးဦးအား ရာထူးမှထုတ်ပယ်ခဲ့ပြီး ထိုဖြစ်ရပ်အတွက် လူသိရှင်ကြားတောင်းပန်ခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ ဖန်ကျန်းမေဟုခေါ်သည့် ယင်း ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် ဖျက်ချခံရသော သူမ၏ ခုနစ်လသားအရွယ် သွေးသံရဲရဲသန္ဓေသား၏ ခုတင်ပေါ်တွင် လဲလျောင်းနေသည့် ဓာတ်ပုံများ နိုင်ငံတွင်း အင်တာနက်မှ တစ်ဆင့်ပျံ့နှံ့ခဲ့ပြီး လူအများက အာဏာပိုင်များအားပြင်းထန်စွာဝေဖန်မှုပေါ် ပေါက်ခဲ့ခြင်းဖြစ်သည်။

ပုံကိုမြင်တွေ့ခဲ့ရသော ပြည်သူအများက တရုတ်ပြည်၏ တင်းကျပ်လှသော တစ်အိမ်ထောင်က လေးတစ်ဦးပေါ် လစီကို ဝေဖန်ခဲ့ ကြရာ အာဏာပိုင်များဘက်မှ လူထုမကျေနပ်မှု ပြေအေးရန် တောင်းပန်ခဲ့ခြင်းဖြစ်သည်။ ယခုဖြစ်ရပ်တွင် ဖန်ကျန်းမေ ၂၇ နှစ်သည် ကိုယ်ဝန်ဖျက်ချရန် အတင်းအဓမ္မစေခိုင်းခံခဲ့ရပြီး တာဝန်ရှိသူများက သူမ၏ကိုယ်ဝန်ပျက်ကျစေရန် ဓာတုဆေးရည်များ ထိုးသွင်းခဲ့ရာ ပျက်ကျခဲ့ရသည်။ တရုတ်ဥပဒေတွင် ကလေးတစ်ဦးထက်ပိုယူခြင်းကို လူဦးရေပေါက်ကွဲမှု ထိန်းချုပ်ရန်ရည်ရွယ်၍ တင်းကျပ်ထားသော်လည်း ဖန်ကဲ့သို့ ကိုယ်ဝန်ခြောက်လကျော်နေသော ကိုယ်ဝန်ဆောင်ကိုမူ ကလေးဖျက်ချခွင့်မပြုရန် တားမြစ်ထားပြီးဖြစ်သည်။ မစ္စဖန်သည် ငါးနှစ်အရွယ်သမီးမိန်းကလေးတစ်ဦး မွေးဖွားထားပြီးဖြစ်ရာ ဥပဒေအရ နောက်ထပ်ကလေးယူခွင့်မရှိပေ။ ထို့ကြောင့် ရှန်ဇီးပြည်နယ်ရှိဒေသခံလူဦးရေထိန်းချုပ်ရေးအာဏာပိုင်များက သူမကို ဒဏ်ငွေ ပေါင် ၄,၀၀၀ ခန့်ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ရာ မစ္စဖန်မှာ ဒဏ်ငွေပေးဆောင်ရန် မတတ်နိုင်သောကြောင့် အာဏာပိုင်များက ဆေးရုံသို့ အတင်းအကျပ်ခေါ်ယူခဲ့ပြီး ကိုယ်ဝန်ဖျက်ချစေခဲ့သည်။

ယခုဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်အခြေစိုက် A.U Girls Allowed အမျိုးသမီးအခွင့်အရေးအဖွဲ့က ယခုမစ္စဖန်၏ဖြစ်စဉ်သည် တရုတ်၏ တင်းကျပ်သော တစ်အိမ်ထောင် ကလေးတစ်ဦးမူဝါဒက အမျိုးသမီးများအား နေ့စဉ်အကြမ်းဖက်ပိတ်ပင်နေမှုကို ဖော်ပြနေကြောင်း ဝေဖန်ခဲ့သည်။

*—Ref:Dailymail*

# တရုတ်တိုင်ပေတွင် မွေးမြူရေးသမားများက ပါလီမန်ရှေ့၌ နွားကျင်ငယ်ထုပ်များဖြင့် ပစ်ပေါက်ဆန္ဒပြ

**တိုင်ပေ၊ ဇွန် - ၁၂**

တရုတ်တိုင်ပေမှ ဒေါသထွက်နေသော မွေးမြူရေးသမားများသည် တိုင်ပေပါလီမန်တွင် အမတ်များက အသားတိုးဆေးပါဝင်သည့် အမေရိကန်အမဲသားများ တင်သွင်းခွင့်ပြုမည့် ဥပဒေကြမ်းကို ဆွေးနွေးနေစဉ်ပါလီမန်ရှေ့၌နွားကျင်ငယ်ထုပ်များဖြင့်ပစ် ပေါက်ကာ ဇွန် ၁၂ရက်က ဆန္ဒပြခဲ့ကြောင်းသိရသည်။

အရပ်ဘက်အဖွဲ့အစည်းများမှ လှုပ်ရှားတက်ကြွသူများ၊ မိုးကာအင်္ကျီနှင့် ရိုးရာဝါးခမောက်များ ဆောင်းထားသော မွေးမြူရေးသမား၊ လယ်သမားများသည် တိုင်ပေမြို့လယ် ပါလီမန်အပြင်ဘက်၌ ချီတက်ခဲ့ကြပြီး ရဲတပ်ဖွဲ့က လွှတ်တော်တွင်း မဝင်နိုင်ရန် တားမြစ်ခဲ့ရသည်။ လယ်သမားများက နွားကျင်ငယ်ရေထုပ်များဖြင့် ပစ်ပေါက်ကြစဉ် ရဲတပ်ဖွဲ့ဝင်များသည် ပလတ်စတစ်ဒိုင်းကြီးများဖြင့် ကာကွယ်တားဆီးခဲ့ရသည်။

စားသုံးသူများဖောင်ဒေးရှင်းထုတ်ပြန်ချက်တွင်လည်း "သမ္မတမာရင်ကျောင်းနဲ့ အမတ်တွေကို သတ္တိရှိကြဖို့နဲ့ပြည်သူ့ကျန်းမာရေးကိုကာကွယ်ဖို့ ရက်တိုပတ်မင်းဓာတ်ပါဝင်တဲ့ အမဲသားတွေကို ကျွန်တော်တို့မလိုချင်ဘူးလို့အမေရိကန်ကိုပြောကြားဖို့ တိုက်တွန်းအပ်ပါတယ်"ဟုဖော်ပြထားသည်။ အဆိုပါရက်တိုပတ်မင်း(Ractopamine)ဓာတ်မှာ တိရစ္ဆာန်များအား အစာကျွေးရာတွင် အသားတိုးစေရန်အသုံးပြုသောဆေးဝါးဖြစ်သည်။

ယခုအခါ တိုင်ပေပါလီမန်တွင် အာဏာရ ကူမင်တန်ပါတီက အဆိုပါဆေးပါဝင်သည့် အမဲသားများ တင်သွင်းခွင့်ပြုမည့် ဥပဒေကြမ်းကိုအဆိုပြုနေပြီး အတိုက်အခံ ဒီမိုကရက်တစ်တိုးတက်ရေးပါတီကမူ ကျန်းမာရေးဆိုင်ရာအကြောင်းပြချက်များဖြင့် ကန့်ကွက်ထားသည်။

တရုတ်၊ တရုတ်တိုင်ပေနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အမဲသားထုတ်မည့်နွားများတွင် ရက်တိုပတ်မင်းဆေးကျွေးမှုကိုဖြစ်နိုင်ဖွယ်ရှိသည့်ကျန်းမာရေးအန္တရာယ်များကြောင့် ပိတ်ပင်ထားပြီး အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဘရာဇီးနှင့်အခြားနိုင်ငံများကမူ လုံခြုံစိတ်ချရသည်ဟုကြေညာကာ တင်သွင်းခွင့်ပြုထားသည်။

*—Ref: AFP*

## နောက်ကျောဖုံး - ဆီးရီးယား အရပ်သားများကို ကယ်တင်ရန် လိုအပ်နေပြီဟု ကုလစောင့်ကြည့် လေ့လာရေးအဖွဲ့ အကြီးအကဲ ပြောကြား မှ

ပဋိပက္ခ၌ပါဝင်ပတ်သက်နေသူများအနေဖြင့် လက်ရှိအနေအထားကို ပြန်လည်သုံးသပ်ပြီး အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ဒဏ်ရာရရှိထားသူများအား ပဋိပက္ခဧရိယာများမှနေ၍ မည်သည့်သတ်မှတ်ချက်မှ မထားဘဲ ထွက်ခွာခွင့်ပေးသင့်ပြီး ၎င်းတို့၏လုံခြုံရေးကိုလည်း အာမခံပေးရမည်ဖြစ်ကြောင်း နော်ဝေဗိုလ်ချုပ်ကြီး ရောဘတ်မှုတ်ကကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

ကုလသမဂ္ဂက ကြားဝင်ညှိနှိုင်းပေးထားသော ငြိမ်းချမ်းရေးအစီအစဉ်ပျက်ပြားခဲ့ပြီးနောက် ကုလသမဂ္ဂစောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလိုက်ပြီး နောက်ပိုင်းယခုထုတ်ပြန်ပြောကြားချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ၌လက်နက်ကိုင်ဆောင်ထားခြင်း မရှိသော စောင့်ကြည့်လေ့လာသူ ၃၀၀ ဦးအထိ ဆက်လက်ရှိနေသော်လည်းနောက်ထပ်ညွှန်ကြားချက်တစ်စုံတစ်ရာ ပေါ်ထွက်မလာမချင်း လေ့လာရေးခရီးစဉ်များ ဆိုင်းငံ့ထားမည်ဖြစ်သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကိုဖီအာနန်၏ ငြိမ်းချမ်းရေးအစီအစဉ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအတွက်နေ့စဉ်နှစ်နာရီအပစ်အခတ်ရပ်စဲရေးဆိုသောအချက် ပါဝင်သော်လည်း ဆီးရီးယားနိုင်ငံတွင် မကြာသေးမီရက်ပိုင်းအတွင်း တိုက်ခိုက်မှုများပိုမိုပြင်းထန်လာကြောင်း သိရသည်။

*—Ref: LA Times*

## နောက်ကျောဖုံး - ဂရိရွေးကောက်ပွဲတွင် နိုင်ငံတကာမှ ကူညီကယ်ဆယ်သည့်အစီအစဉ်လိုလားသော ပါတီများ အနိုင်ရ မှ

"ကျွန်တော်တို့ အချိန်ဖြုန်းနေလို့မရပါဘူး။ အမျိုးသားကယ်တင်ရေးအစိုးရဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ပြီး အဆိုးဆုံးအခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီဆိုတာ ဂရိနိုင်ငံသားတွေကိုအာမခံနိုင်ရပါမယ်"ဟုမစ္စတာဆာမာရက်စ်က ၎င်းအားအောဟစ်ထောက်ခံသူများကို ပြောကြားသည်။

ဆန္ဒမဲ၉၉ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် ဒီမိုကရေစီသစ်ပါတီက ထောက်ခံမဲ ၂၉ ဒသမ ၇ ရာခိုင်နှုန်းရရှိထားပြီး ယင်းမှာ ထောက်ခံမဲ ၂၇ ရာခိုင်နှုန်းရရှိသောဆီရီဇာပါတီထက်ပိုများသည်။ မစ္စတာဆာမာရက်စ်အနေဖြင့် အစိုးရဖွဲ့စည်းရန်အတွက် တစ်ချိန်က ဂရိနိုင်ငံရေးတွင် ဩဇာကြီးမားခဲ့သော ဆိုရှယ်လစ်ပါဆော့ပါတီ၏ အကူအညီရယူရန် လိုအပ်မည်ဖြစ်သည်။

*—Ref: Reuters*

## နောက်ကျောဖုံး - ပြင်သစ်ပါလီမန်ကို သမ္မတသစ်၏ ဆိုရှယ်လစ်များ အပြည့်အဝထိန်းချုပ် မှ

"ကျွန်တော်တို့ရှေ့ဆက်ရင်ဆိုင်ရမယ့် တာဝန်က အကြီးကြီးပါပဲ။ ဘယ်ဟာမှ မလွယ်ကူပါဘူး" ဟုဒုတိယအကြိမ်အပြီးသတ်မဲခွဲဆုံးဖြတ်မှု ရလဒ်များ ဝင်လာစဉ်မှာပင် ပြင်သစ်ဝန်ကြီးချုပ် ဂျင်မာ့ခ်အာရော့က ပြောကြားသည်။

မစ္စတာဟော်လန်ဒီ၏ ရွေးကောက်ပွဲကတိများဖြစ်သော အလုပ်အကိုင်ဖန်တီးရေးနှင့် အခွန်အကောက်များ တိုးမြှင့်ရေးသာမက ဟော်လန်ဒီ၏ အစိုးရအဖွဲ့သည် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် လူကြိုက်နည်းသော အစီအစဉ်များ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

*—Ref: AFP*

## နောက်ကျောဖုံး - အခက်အခဲများ ဖြေရှင်းရန် ကန်ဒေါ်လာ ၄၃၀ ဘီလီယံ အိုင်အမ်အက်ဖ်ရမည်ဟု တရုတ်ယုံကြည် မှ

မက္ကဆီနိုင်ငံလော့စ်ကာဘိုစ်အပန်းဖြေစခန်းတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက စသောစီးပွားရေးအင်အားကြီးလာသောBRICS နိုင်ငံများ သီးခြားတွေ့ဆုံကြမည်ဖြစ်ကြောင်း တရုတ်ဘဏ္ဍာရေးဒုဝန်ကြီး ဇူဂွမ်ယောင်းက ပြောကြားသည်။

ဥရောပနှင့် အာရှနိုင်ငံကြီးများကလည်း အိုင်အမ်အက်ဖ်၏ ကယ်ဆယ်ရေး ရန်ပုံငွေအတွက် ကန်ဒေါ်လာ ၃၄၀ ဘီလီယံပေးအပ်ရန် ကတိပေးထားပြီးဖြစ်ကြောင်း၊ အိုင်အမ်အက်ဖ်အနေဖြင့်ကန်ဒေါ်လာ ၄၃၀ ဘီလီယံအထိရှာဖွေနိုင်မည်ဟုတရုတ်နိုင်ငံကယုံကြည်ပြီး ယင်းအတွက် တရုတ်နိုင်ငံကလည်း ပါဝင်ကူညီမည်ဟု မစ္စတာဇူက ပြောကြားသည်။

ယင်းထိပ်သီးအစည်းအဝေးတွင်အိုင်အမ်အက်ဖ်အနေဖြင့် ကန်ဒေါ်လာ ၄၃၀ ဘီလီယံအထိ ရရှိနိုင်သည်ဟူသောထိပ်သီးဆွေးနွေးပွဲအိမ်ရှင်ဖြစ်သည့် မက္ကဆီကိုသမ္မတ ဖီးလစ်ကယ်လ်ဒါရွန်၏ စကားကို ကိုးကား၍ မစ္စတာဇူက ပြောကြားခြင်း ဖြစ်သော်လည်း တရုတ်နိုင်ငံ၏ ထည့်ဝင်မည့် ပမာဏအတိအကျကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ အိုင်အမ်အက်ဖ်အနေဖြင့် အရန်ရန်ပုံငွေ ကန်ဒေါ်လာဘီလီယံ၅၀၀မှ၆၀၀ အထိလိုအပ်လျက်ရှိကြောင်း သိရသည်။

*—Ref:AFP*

**TRADEMARK CAUTION**

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

**ADWORDS**

Reg:No.4/1933/2006

In respect of Int'l Class 35: Dissemination of advertising for others via the Internet.

In respect of : Int'l Class 42: computer services, namely, providing temporary use of a non-downloadable computer inter face in order to create on-line personalized information services; data mining and data analysis services; providing access to a proprietary collection of information; creating searchable indexes of information, web sites and other information sources; providing use of a non-downloadable computer interface in order to provide information concerning a wide range of text, electronic documents, databases, graphics and audiovisual information; search engine services; consulting in connection with all the above.

In respect of : Int'l Class 16 : Books; manuals; notebooks; notepads.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 21.June.2012

**TRADEMARK CAUTION**

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

**YOUTUBE**

Reg:No.4/2049/2007

In respect of : Int'l Class 38 : broadcasting services; webcasting services; electronic communication services; transmission of information, text, code, messages, data and content via the Internet and other computer and communications, wireless, and mobile networks; providing online forums, chat rooms, journals, blogs, and list servers for the access and transmission of messages, comments and multimedia content among users.

In respect of : Int'l Class 41: entertainment services, educational services; providing a video sharing portal for entertainment and education purposes; digital video, audio, and multimedia publishing services.

In respect of : Int'l Class 42: computer-related services; internet-related services; providing temporary use of nondownloadable software; hosting online content for others; application service provider (ASP) services; technical support services; intellectual property licensing services.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 21.June.2012

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012



# မော်လ်ဒိုဗာသမ္မတ တီမိုဖ်တီနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ဥရောပနိုင်ငံငယ်လေး မော်လ်ဒိုဗာမှာ သုံးနှစ်ကြာ နိုင်ငံရေးအရလိပ်ခဲတည်းလည်း ဖြစ်နေမှုဟာ သမ္မတ နီကိုလေတီမိုဖ်တီ မတ်လမှာ ရွေးကောက်ခံရပြီးနောက် အဆုံးသတ်ခဲ့ပါတယ်။ မော်လ်ဒိုဗာဟာ ပထဝီအနေအထားအရ ရိုမေးနီးယားနဲ့ ယူကရိန်းတို့ကြားမှာတည်ရှိနေပြီး အီးယူ၊ အမေရိကန်၊ ရုရှားတို့လို အင်အားကြီးနိုင်ငံတွေနဲ့လည်း ဆက်ဆံရေးအဆင်ပြေဖို့ လိုအပ်နေတာပါ။ ဆင်းရဲတဲ့ ဒီနိုင်ငံဟာ ၎င်းရဲ့အနောက်ဘက်က အိမ်နီးချင်း ရိုမေးနီးယားနဲ့ အတူဥရောပသမဂ္ဂ(အီးယူ)ရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်လာဖို့လည်း ကြိုးစားနေပါတယ်။ ဒါ့ကြောင့် ၎င်းရဲ့ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ဘရပ်ဆဲလ်မြို့တော် ရောက်ရှိလာခဲ့တဲ့ မော်လ်ဒိုဗာသမ္မတ နီကိုလေတီမိုဖ်တီကို ယူရိုသတင်းက တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းက မော်ဒိုဗာအနေနဲ့ အီးယူအဖွဲ့ဝင်ဖြစ်ချင်နေရတဲ့ စိတ်ဆန္ဒကိုရှင်းပြခဲ့ပါတယ်။

**ဘာ့ကြောင့် သမ္မတကြီးအနေနဲ့ ဘရပ်ဆဲလ်ကိုရောက်ရှိလာခဲ့ရတာပါလဲ။**

ကျွန်တော်တို့ဟာ မော်လ်ဒိုဗာသမ္မတ နိုင်ငံရဲ့ နိုင်ငံသားအားလုံးဟာ အကြံအစည်တစ်ခုကိုဆုပ်ကိုင်ထားသင့်တယ်ဆိုတဲ့ စိတ်ကူးမျိုး ကျွန်တော်ရလာခဲ့လို့ပါ။ အဲဒီစိတ်ကူးကတော့ ဥရောပရဲ့ပေါင်းစပ်ရေးပဲ ဖြစ်သင့်တာပေါ့။

**သမ္မတကြီးတို့ တိုင်းပြည်အတွက် ဥရောပက ဘာအဓိပ္ပာယ်ထွက်နေလို့ပါလဲ။**

အရင်ဆုံးအနေနဲ့ ဥရောပဆိုတာ လူ့အခွင့်အရေးတွေကို လေးစားတာ၊ ယှဉ်ပြိုင်မှုအပေါ် အခြေခံတဲ့စီးပွားရေးကိုပြန်လည်စတင်နေတာတွေကို ဆိုလိုတာပါ။ ပြီးတော့ ဥရောပဆိုတာ ပိုင်ဆိုင်မှုဥပဒေကို လေးစားတာကိုဆိုလိုတာပေါ့။

**မော်လ်ဒိုဗာသမ္မတနိုင်ငံဟာ CIS (Community of Independent States) အဖွဲ့ဝင်ဖြစ်နေသလို တစ်ဖက်မှာလည်း ဥရောပဆီ ဦးတည်ဖို့ ခြေလှမ်းကြီးတွေ လှမ်းနေတယ်ဆိုတော့ ဒီနှစ်ခုကြားမှာ ပဋိပက္ခများရှိနေမယ်လို့ မထင်မိဘူးလား။**

ပဋိပက္ခရှိနေတယ်လို့ ကျွန်တော်မပြောပါဘူး။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နိုင်ငံနဲ့လက်ရှိအစိုးရရဲ့ ရှင်းလင်းတဲ့ ရည်ရွယ်ချက်ကြောင်းကိုပဲ ပြောချင်နေတယ်။ ဥရောပနိုင်ငံတွေမှာမော်လ်ဒိုဗန် လူမျိုးတွေသိန်းနဲ့ချီပြီး အလုပ်လုပ်နေကြတာ မတော်တဆ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ သူတို့ထဲက တော်တော်များများဟာလည်း တရားမဝင်လုပ်ကိုင်နေကြရတယ်ဆိုတဲ့ အချက်ကို ကျွန်တော်ဝမ်းနည်းမိကြောင်းလည်း ပြောချင်ပါတယ်။ ဒါကို ကျွန်တော်သတိထားမိတယ်။ အလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့နိုင်ငံသားတွေရှိတဲ့ အဲဒီနိုင်ငံတွေကလည်း သတိထားမိကြမှာပါ။ သူတို့အနေနဲ့တရားဝင်နည်းလမ်းကလွဲလို့ အခြားနည်းတွေကို မကြိုးစားဘဲနဲ့ ပုန်းကွယ်နေစရာလည်း မလိုအပ်တဲ့ အခြေအနေတွေရောက်အောင် ကျွန်တော်တို့ပြောင်းလဲပေးချင်တယ်။

**သမ္မတကြီးတို့နိုင်ငံနဲ့ ဥရောပသမဂ္ဂအကြားမှာ အသင်းဝင်သဘောတူညီချက်နဲ့ပတ်သက်လို့ ဆွေးနွေးမှုတွေ တိုးတက်နေပါပြီလား။**

မောလ်ဒိုဗာ သမ္မတနိုင်ငံဟာလက်တွေ့ဆောင်ရွက်ချက်ကိုလုပ်ဆောင်နေပြီး ဥရောပနဲ့ပေါင်းစပ်ရေး သေချာဖို့ သူလုပ်ရမယ့် တာဝန်အားလုံးကို လျင်လျင်မြန်မြန်လေးလုပ်နေပါတယ်။

**သဘောတူညီချက်ကို ဘယ်အချိန်လောက် လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါသလဲ။**

မကြာခင်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကလက်တွေ့သမားမို့လာမယ့်နှစ်တွေ(သို့မဟုတ်)နောက်နှစ်လောက်မှာ ဖြစ်လာမယ်မဟုတ်သေးဘူးလို့တော့သိပါတယ်။ သင့်တော်တဲ့အချိန်တစ်ခုအတွင်းဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

**နောက်ထပ်ကိစ္စ တစ်ခုအကြောင်း ဆွေးနွေးပါရစေ။ ထရန်စ်နစ်စတြီးယားဒေသကိစ္စပေါ့။ ဒီပြဿနာကို သမ္မတကြီး ဘယ်လိုဖြေရှင်းမှာပါလဲ။**

ဒီပြဿနာကို ၅+၂ လို့ခေါ်တဲ့ ခုနစ်နိုင်ငံအစည်းအဝေးမှာ ဖြေရှင်းတော့မှာပါ။ ဒီပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒီပဋိပက္ခရဲ့ ဇာစ်မြစ်တွေက ဘာတွေပါလဲ။**

နိုင်ငံတချို့ရဲ့ နိုင်ငံရေးအကျိုးစီးပွားတွေကြောင့်ပါ။ သူတို့ထဲမှာ ရုရှားလည်း ပါပါတယ်။

**ပြဿနာကို ဖြေရှင်းဖို့ ဘယ်သူက ကူညီပေးနေပါလဲ။**

အမေရိကန်၊ ဥရောပသမဂ္ဂနဲ့ဥရောပရဲ့ ဒီဒေသတွင်း ငြိမ်းချမ်းရေးအခြေအနေကို စိတ်ဝင်စားတဲ့ အခြားနိုင်ငံတချို့ရဲ့ အကူအညီကို ကျွန်တော်တို့ ရယူထားပါတယ်။

**ဒီပြဿနာအတွက် ဖြေရှင်းချက်ရဖို့ အချိန်အများကြီးယူရမယ်လို့ထင်ပါသလား။**

မကြာခင်ကပဲ နားလည်မှုဆီဦးတည်တဲ့ လက္ခဏာကောင်းတချို့နဲ့ Left Bank Dniester နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိထားခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ ကျွန်တော်တို့ ဝန်ကြီးချုပ်က ကုန်စည်ပို့ဆောင်ရေး ရထားလမ်းကြောင်းတွေ ပြန်ဖွင့်ပေးခဲ့ပါတယ်။

**ဂျော်ဂျီယာနိုင်ငံအတွက် တောင်ဩစကက်တီးယားနယ်က ဖြစ်နေသလိုမျိုးနဲ့ ပုံစံတူပဲ ထရန်စ်နစ်စတြီးယားဒေသကလည်း မော်လ်ဒိုဗာအတွက် ပြဿနာတစ်ရပ်ဖြစ်လာမှာ သမ္မတကြီးမကြောက်ဘူးလား။**

ဒီလိုနှိုင်းယှဉ်မှုမျိုးကျွန်တော်မလုပ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ကွဲပြားခြားနားတဲ့ပထဝီအနေအထားထဲမှာရှိနေလို့ပါ။

**နေတိုးအဖွဲ့က ရိုမေးနီးယားမှာ ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ရင် ရုရှားကလည်း ထရန်စ်နစ်စတြီးယားမှာ ရေဒါစခန်းတစ်ခု တည်ထောင်ကောင်းတည်ထောင်မယ်လို့ သတင်းတချို့ကပြောနေတာတွေရှိပါတယ်။ အဲဒီမီဒီယာသတင်းတွေကို ဘာများ မှတ်ချက်ပေးချင်ပါသလဲ။**

ရုရှားလက်ထောက်ဝန်ကြီးချုပ် ရိုဂိုဇင်နဲ့တွေ့ဆုံပြီးတဲ့နောက် သူဟာ အဲသလိုကြေညာချက်မျိုး ထုတ်နိုင်တယ်လို့ သတင်းတွေမှာ ကျွန်တော်ဖတ်ခဲ့ရတယ်။ ဆွေးနွေးမှုတွေအတွင်းမှာတော့ အဲသလိုကြေညာချက်မျိုး သူမလုပ်ခဲ့ပါဘူး။ ဒီသတင်းထွက်လာတော့ သူပြောတာကို ပုံနှိပ်ဖော်ပြကြရာမှာ ရိုဂိုဇင်က ဒီလိုကြေညာချက်တွေထုတ်ထားကြောင်းကို ငြင်းဆန်ခဲ့ပါတယ်။ လက်တွေ့မှာလည်း ဆွေးနွေးမှုအတွင်း သူဟာ ဒီလိုပြဿနာမျိုးကို တစ်ခါမှ မတင်ပြခဲ့ပါဘူး။

**ဆင်းရဲနွမ်းပါးမှုနဲ့ အခြားပြဿနာတွေအများကြီး ဖြေရှင်းဖို့ရှိနေတဲ့ နိုင်ငံရဲ့ သမ္မတတစ်ယောက်ဖြစ်ရတာဟာ ခက်ခဲပါသလား။**

မလွယ်တာတော့ အမှန်ပဲပေါ့။ သိပ်ခက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဆင်းရဲနွမ်းပါးမှု ပြဿနာကို ကူညီဖြေရှင်းနိုင်ဖို့ ဒီတာဝန်ကို ယူထားတယ်။ ကျွန်တော်တိုင်းပြည်ရဲ့ လူနေမှုအဆင့်အတန်းမြင့်မားအောင်လုပ်ဆောင်ပါတယ်။

*—Ref: 'Timofti denies Russian radar plans for Moldovan border: Euronews.*

## ဖွံ့ဖြိုးဆဲနိုင်ငံများ ငွေကြေးအင်အားတောင့်တင်းအောင် လုပ်ဆောင်ထားရမည်ဟု ကမ္ဘာ့ဘဏ် သတိပေး

**ဝါရှင်တန်၊ ဇွန် – ၁၃**

ဝင်ငွေမြင့်မားသော နိုင်ငံများမှ ဖြစ်ပေါ်လာသည့် ဘဏ္ဍာရေးမုန်တိုင်းများ၏ ဒဏ်ကို ခံနိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ပိုမိုတောင့်တင်းခိုင်မာအောင် လုပ်ဆောင်ထားရမည်ဟု ကမ္ဘာ့ဘဏ်က သတိပေးပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ၂၀၀၇ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ကြိမ်ထပ်မံ အခက်အခဲဖြစ်ပေါ်ခဲ့ပါက လှုပ်သာလှည့်သာ အနေအထားများ မရှိကြောင်းနှင့် ကြာရှည်သော အကျပ်အတည်းတစ်ရပ်အတွက် ပြင်ဆင်ထားရမည်ဟု ကမ္ဘာ့ဘဏ်က သတိပေးထားသည်။

"ဆိုးရွားပြင်းထန်တဲ့ဘဏ္ဍာရေးအကျပ်အတည်း တစ်ရပ်ထပ်ဖြစ်လာနိုင်ပါတယ်" ဟုကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့အလားအလာများဌာန အကြီးအကဲမစ္စတာဟန်းစ်တင်မာက သတိပေးပြောကြားသည်။

ဝင်ငွေမြင့်မားသော နိုင်ငံများတွင် စီးပွားရေးနှေးကွေးနေသောကြောင့် အချို့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း အခိုင်အမာတိုးတက်လာနိုင်သော်လည်း ဆိုးရွားပြင်းထန်သော ဘဏ္ဍာရေးအကျပ်အတည်းတစ်ရပ်ဖြစ်ပေါ်လာပါက မည်သည့် ဖွံ့ဖြိုးဆဲနိုင်ငံမှ လွတ်ကင်းလိမ့်မည်မဟုတ်ကြောင်း တစ်နှစ် နှစ်ကြိမ်ထုတ်ပြန်သည့် Global Economics Report ဟူသော အစီရင်ခံစာတွင် ကမ္ဘာ့ဘဏ်က သုံးသပ်ဖော်ပြထားသည်။

*—Ref: UPI*

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.15 • JUNE 21 , 2012

## သီလရှင်ဝတ်မယ့် သင်ဇာဝင့်ကျော်

**ကြူကြူဟန်**

**ရန်ကုန်၊ ဇွန် ၁၆**

ယခုနှစ်သင်္ကြန်ကာလပြီးကတည်းက ပြင်ဦးလွင်မြို့တွင် ဗီဒီယို ဇာတ်ကားများသွားရောက်ရိုက်ကူး ခဲ့ပြီး ယခုအချိန်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရန်ပုံငွေဖျော်ဖြေပွဲအတွက် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်နေသော သင်ဇာ ဝင့်ကျော်က ဇူလိုင်လအတွင်း သီလရှင်ဝတ်ရန် စီစဉ်ထားကြောင်း 7 Day News သို့ ပြောသည်။

"၇ လပိုင်းလကုန်လောက် ဒါမှမဟုတ် လလယ်ပိုင်းလောက် ဖြစ်ဖြစ် သီလရှင်ဝတ်ဖြစ်မယ်။ မွေးနေ့ကြောင့်လည်း မဟုတ်ပါဘူး။ ဒီတိုင်းပဲ ဝတ်ချင်လို့ ဝတ်ဖြစ်မှာပါ" ဟု သူမကပြောသည်။

ယခုနှစ်သင်္ကြန်ကာလအတွင်း သူမ၏ဝတ်စားဆင်ယင်မှု သတင်းများနှင့် သူမ၏ ဖခင်နှင့်ပတ်သက်သည့်သတင်းများအပေါ် သင်ဇာဝင့်ကျော်က "အဲဒီအကြောင်းတွေဘာမှမပြောချင်ပါဘူး။ အနုပညာရှင်တစ်ယောက်ရဲ့ ဘဝနဲ့ ပြင်ပကလူမှုဘဝကိုလည်း Bal-acne မျှအောင် ဘယ်တော့မှမစဉ်းစားခဲ့ဘူး။ ဒါပေမဲ့ လူ့ဘဝဆိုတာ တိုတိုလေး။ ကိုယ်နေနေကျ လိုက်ဖ်စတိုင်လ်အတိုင်းနေမယ်။ အဓိကအရေးကြီးတာက ကိုယ်ဒီလိုအလုပ်လုပ်နေတဲ့အတွက် ဒီအလုပ်ပေါ် စေတနာထားဖို့ အရေးကြီးတယ်" ဟု ဖြေကြားသွားခဲ့သည်။

မေလအတွင်း ဗီဒီယိုဇာတ်ကားတစ်ကားကို လက်ကျန်ဇာတ် ဝင်ခန်းများ ရိုက်ကူးပေးရန်ရှိပြီး ပြင်ဦးလွင်တွင် ရိုက်ကူးခဲ့သော 'တက်တူး' ဗီဒီယိုဇာတ်ကား ဇာတ်ဝင်ခန်းအတွက် တက်တူးများထိုးခဲ့ရာ တက်တူးထိုးခြင်းအပေါ် သူမ၏ အမြင်ကိုမေးရာ၌ "တက်တူးကို ကြိုက်လို့ထိုးခဲ့တာပါ။ လူစိတ်ဝင်စားအောင်ထိုးတာမဟုတ်ပါဘူး။ ဒီဇာတ်ကားကာရိုက်တာဝင်အောင် ထိုးတာလည်းမဟုတ်ပါဘူး" ဟု ပြောသည်။



ဓာတ်ပုံ -လမင်းနိုင်



ဓာတ်ပုံ -Ironcross Facebook page

## အိုင်းရင်းခရော့စ်တီးဝိုင်း လန်ဒန်မြို့တွင် ဖျော်ဖြေမည်

**အေးသူစံ**

**ရန်ကုန်၊ ဇွန် - ၁၄**

နာမည်ကျော် ရော့ခ်တီးဝိုင်းတစ်ဝိုင်းဖြစ်သည့် အိုင်းရင်းခရော့စ်တီးဝိုင်းသည် ဇူလိုင်လလယ်အတွင်း လန်ဒန်မြို့၌ ဒုတိယအကြိမ် ဖျော်ဖြေမည်ဖြစ်ကြောင်း အိုင်စီအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ချစ်စမ်းမောင်ကပြောသည်။

"ပထမ တစ်ခေါက်တုန်းက ကိုလေးဖြူမပါဘူး။ ၂၀၀၈ကပေါ့။ ဒီတစ်ခေါက်တော့ ကိုလေးဖြူပါတယ်။ အငဲ၊ ဝိုင်ဝိုင်း၊ မျိုးကြီးပါမယ်။ အရင်တစ်ခေါက်တုန်းက ကြော်ငြာအားလည်း သိပ်မလုပ်လိုက်ဘူး။ အွန်လိုင်းလည်း မတင်ဖြစ်တော့ လူသိပ်မသိလိုက် ဘူး။ ပွဲအနေနဲ့ သိပ်ရုပ်ပျက်ဆင်းပျက် မဖြစ်လိုက်ပေမယ့် လူဝင်နည်းသွားတယ်"ဟု ချစ်စမ်းမောင်ကပြောသည်။

ဖျော်ဖြေပွဲကို ဇူလိုင် ၁၄ ရက်နေ့တွင် လန်ဒန်မြို့လယ်ရှိ ဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး စင်ကာပူနိုင်ငံမှ Chin Hill Collection, Mrs Rose တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ "အိုင်စီကိုအရမ်းကြိုက်ခဲ့တာ။ ဒီတစ်ခေါက်တော့ သူတို့ရဲ့ ရှိုးပွဲကို တကယ်ကြည့်ခွင့်ကြုံပြီ။ အရင်တစ်ခေါက်တုန်းက ကြော်ငြာထားတာတွေ့ပေမယ့် တကယ်လာမယ်မထင်လို့ သွားမကြည့်ဖြစ်လိုက်ဘူး"ဟု လန်ဒန်ရောက် မြန်မာတစ်ဦးကပြောသည်။

အိုင်စီတီးဝိုင်းသည် လန်ဒန် မြို့တွင် ဖျော်ဖြေပြီးပါက ဇူလိုင်လအတွင်းတွင်ပင် အမေရိကန်သို့ ဖျော်ဖြေရေးခရီးထပ်မံသွားရောက်မည်ဟုသိရသည်။



## ချစ်သူတွေအဖြစ် ကြေညာလိုက်တဲ့ မြတ်သူအောင်နဲ့ခင်ရူပ

**ကြူကြူဟန်**

**ရန်ကုန်၊ ဇွန်-၁၅**



ဓာတ်ပုံ - ကျော်မျိုးဦး

မော်ဒယ်လောကတွင် နာမည်ရလာပြီး ဆုများစွာပိုင်ဆိုင်ရရှိကာ ဇာတ်ကားများ စတင်ရိုက်ကူးလာသူ ခင်ရူပက သူမ၏ချစ်သူမှာ အနုပညာလောကမှ မင်းသားမြတ်သူအောင်ဖြစ်ကြောင်း ပြောကြားလိုက်ပြီး ချစ်သူသက်တမ်း ရှစ်လရှိပြီဖြစ်ကြောင်း ခင်ရူပက ပြောသည်။

"ညီမကတော့ မဖုံးကွယ်ပါဘူး။ ညီမနဲ့ သူနဲ့က ချစ်သူတွေပေါ့။ ချစ်သူသက်တမ်း ရှစ်လလောက်ရှိပြီ"ဟု ခင်ရူပကပြောသည်။ သူမတို့ နှစ်ဦးသည် Valentine's Day နှင့်ပတ်သက်သော ကာဗာများ ရိုက်ကူးထားကြောင်း ခင်ရူပကပြောသည်။

အောင်မြင်တဲ့ အနုပညာသမားတစ်ယောက်ဖြစ်ဖို့အတွက် ဘာတွေလိုအပ်လဲဟု မေးမြန်းရာ "အဓိကကတော့ အနုပညာသမားအတွက် အချိန်ပေါ့။ အချိန်လေးစားတာပေါ့။ ကိုယ်ကျင့်တရားရယ်၊ အဲဒါတော့လိုအပ်မယ်ထင်တယ်။ အဲဒါတော့ အဓိကပါပဲ။ ကိုယ့်ရဲ့ကြိုးစားမှု၊ ပကာသနတွေက ညီမအတွက် သိပ်မလိုအပ်ဘူး။ ညီမ ဒီလိုအောင်မြင်နေမှ ဘယ်လိုမှ မစဉ်းစားဘူး။ အရည်အချင်းရှိမယ်ဆိုရင် အချိန် ဘယ်လောက်ပဲကြာပါလေ့စေ အောင်မြင်ဖို့ ညီမှာ ကံပါလာရင်၊ စန်းပါလာရင်အောင်မြင်ရင်အောင်မြင်မှာပါ။ ညီမကြိုးစားမှာပါ။ အရမ်းလည်း လောဘမကြီးဘူး" ဟု ခင်ရူပကပြောသည်။

ခင်ရူပ ပထမဆုံး ပါဝင်သရုပ်ဆောင်ထားသော "ချစ်ခြင်း၏ ဒုတိယနှမတော်" ဇာတ်ကားတွင်အိန္ဒြာကျော်ဇင်၊ ဟိန်းဝေယံနှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး မကြာမီထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ သူမအနေဖြင့် ပရိသတ်အတွက် အမြဲကြိုးစားနေပြီး ပရိသတ်က တကယ့်အမြင်မှန်နှင့် ဆုံးဖြတ်ပေးစေလိုကြောင်း ခင်ရူပကပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.15 ▪ JUNE 21 , 2012



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များအတွက် အနုပညာရှင်များ၏ လှူဒါန်းမှုများ

**ခန့်စည်သူ**

ဒီနေ့မနက်(ဇွန်လ ၁၄ ရက်) မှာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုးဆီမှာ မေတ္တာသင်္ဂဟအဖွဲ့အနေနဲ့ ငွေသား ကျပ်သိန်းလေးဆယ်၊ အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းတန်ဖိုး ကျပ် သိန်းနှစ်ဆယ် လှူဒါန်းခဲ့ပါတယ်။ နောက်ထပ်လည်း ရခိုင်ပြည်သူတွေအတွက် ကျွန်တော်တို့အဖွဲ့ တိုင်ပင်ပြီး ထပ်မံလှူဒါန်းသွားပါဦးမယ်။

**ရတနာမိုင်**

ကိုခန့်စည်သူတို့မေတ္တာသင်္ဂဟအဖွဲ့နဲ့အတူ ရခိုင်ပြည်သူတွေအတွက် လှူဒါန်းလိုက်ပါတယ်။ နောက် ကိုဖော်ကာတို့အဖွဲ့နဲ့လည်း အဝတ်အစားနဲ့ ပိုက်ဆံတွေကို ထည့်ဝင်လှူဒါန်းလိုက်ပါတယ်။ အခုလက်ရှိ ရခိုင်ပြည်သူတွေ ခံစားနေရတဲ့ဒုက္ခတွေ အမြန်ဆုံး ကျော်လွှားနိုင်ပြီး အဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်။ နယ်မြေအေးချမ်းသွားရင်တော့ မိုင်လေး ရခိုင်ပြည်နယ်ဆီပြန်လာပါဦးမယ်လို့ပြောချင်ပါတယ်။

**ဖော်ကာ**

ကျွန်တော်တို့ SIR အဖွဲ့အနေနဲ့ အဖွဲ့သားတွေအပြင် အဖွဲ့သားတွေနဲ့နီးစပ်ရာ ပရိဂ္ဂိုလ်ဆာတွေ၊ ဂီတသမားတွေနဲ့ ပူးပေါင်းပြီး အလှူငွေလိုက်ကောက်နေပါတယ်။ နောက်ပြီး Reason အဖွဲ့ရဲ့ အဆက်အသွယ်နဲ့ ရခိုင်ပြည်သူတွေကို လှူဒါန်းဖို့ရန်ပုံငွေရှာတဲ့ ဂီတပွဲလေးတစ်ပွဲ ဒီလ ၂၆ ရက်နေ့လုပ်ဖို့ရှိပါတယ်။ အဲဒီပွဲလေးကို ကိုယ်ချင်းစာစိတ်အပြည့်နဲ့ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ရလာတဲ့ အလှူငွေတွေကို စစ်တွေမြို့နာရေးကူညီမှုအသင်းကနေတစ်ဆင့် လှူဒါန်းမှာပါ။

**မင်းသွေး**

ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားပြီး လှူဒါန်းနေပါတယ်။ ဇွန်လ ၁၂ ရက်နေ့ က တစ်ခေါက်လှူပြီးပါပြီ။ အခုထပ်ပြီးလှူဒါန်းနိုင်အောင် တစ်ယောက် အားနဲ့မဟုတ်ဘဲ အများရဲ့စုစည်းအားနဲ့ လှူဒါန်းနိုင်ဖို့ ကြိုးစားနေပါတယ်။ ကိုယ့်ပြည်နယ်ကို ပြန်ဖို့အတွက်လည်း ကြိုးစားနေပါတယ်။ ကိုယ်တိုင်ကိုယ်ကျသွား လှူပေးခဲ့ကြတဲ့ ကိုပြေတီဦးနဲ့ ကိုဝိုင်းတို့ကိုလည်း လေးစားပါတယ်။ ဒီလိုအချိန်မှာ သတင်းသမားတွေ တောင်သက်စွန့်ဆံဖျားကြိုးစားပြီး သတင်းယူနေကြတာဆိုတော့သတင်းသမားတွေကိုလည်း ပြည်နယ်ကိုယ်စား ကျေးဇူးတင်ပါတယ်။

**ပြေတီဦး**

သူတို့ဆီကတော့ အရမ်းကိုပူဆွေးသောကရောက်နေကြတဲ့ လေသံမျိုးတွေ စကားသံတွေ စိတ်မကောင်းစွာနဲ့ကြားခဲ့ရပါတယ်။ အဓိက ကိုယ်တို့ လှူဒါန်းနိုင်တဲ့ ငွေကြေးက မပြောပလောက်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ပူဆွေးသောကရောက်နေတဲ့ စိတ်တွေကို ကိုယ်တိုင်ကိုယ်ကျအားပေးစကားတွေ၊ နှစ်သိမ့်စကားလေးတွေ ပြောပေးနိုင်ခဲ့တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ အဓိကကတော့ လိုက်လို့ရတဲ့အချိန်မှာ အရမ်းကိုဝမ်းသာသွားတယ်လေ။ သွားခွင့်ရဖို့က လွယ်ကူတဲ့ကိစ္စမဟုတ်ဘူးလေ။ အဲဒီတော့ အစ်ကိုကတော့ ဘယ်လိုအခြေအနေပဲရှိရှိ ရောက်အောင်သွားမယ်ဆိုပြီးတော့ ပါဝင်ဖြစ်တာပါ။ ခေါ်တာကတော့ Max Myanmar က ဦးဇော်ဇော်က သွားလှူမယ် လိုက်မလားခေါ်တော့ အဲဒါကြောင့်မို့ ဝမ်းမြောက်ဝမ်းသာနဲ့ လိုက်ဖြစ်သွားတာပါ။

**နေတိုး**

ရခိုင်မှာ ဒီအခြေအနေတွေ စဖြစ်ဖြစ်ချင်း မကြည်ဖြူသျှင်တို့နဲ့ ပေါင်းပြီး တစ်သိန်းချက်ချင်း လှူတယ်။ နောက် အားမာန်ပရဟိတအဖွဲ့ကို ငါးသိန်းလှူလိုက်တယ်။ အခွန် ဇွန် ၁၆ ရက်မှ ကျွန်တော် ပြင်ဦးလွင်ကနေပြန်ရောက်တယ်။ ရောက်ရောက်ချင်းပဲ အားမာန်ပရဟိတအဖွဲ့ကို သိန်းသုံးဆယ် သွားလှူပါတယ်။ ကျွန်တော့်ကို ရခိုင်ကို မလာလို့ဆိုပြီး ဝေဖန်သံတွေကြားပါတယ်။ ကျွန်တော်ရိုက်ကူးရေးတွေ မပြတ်လို့ပါ။ ပြီးတော့ နှင်းဆီအဖွဲ့နဲ့ နိုင်ငံခြားဖျော်ဖြေပွဲတွေသွားရတော့မှာမို့ နားလည်ပေးပါလို့ပြောချင်ပါတယ်။ နောက်ထပ်လည်း ထပ်လှူသွားဖို့ ရှိပါတယ်။









# ကန့်ကွက်မှုများရှိခဲ့တဲ့ 'ဆယ့်နှစ်ကြိုးကဝေ'

အေးသူစံ

**ရန်ကုန်၊ ဇွန် ၁၆**

ဟတ်အန်ဆိုးလ်ထုတ်လုပ်ရေးက စီစဉ်ပြီး ဒါရိုက်တာမီးပွားရိုက်ကူးသော 'ဆယ့်နှစ်ကြိုး ကဝေ' ဒီဗီဒီဇာတ်ကားမှာ မေလ ၂၂ရက်မှ စတင်၍ အဆင့်မြင့်ရုံများတွင် ပြသခဲ့ပြီး၊ မေလ ၁၅ ရက်တွင် ဂျန်းရှင်းစကွဲအဆင့်မြင့်ရုံ၌ ရုံတင်ပြသခဲ့ခြင်းကြောင့် အခြားထုတ်လုပ်ရေးအချို့က ကန့်ကွက်မှုများရှိခဲ့ကြောင်း သတင်းရရှိသည်။

"ဂျန်းရှင်းစကွဲမှာ ပြဖြစ်တာက ရုံပိုင်ရှင်နဲ့ ထုတ်လုပ်သူတို့ ဆွေးနွေးညှိနှိုင်းပြီး တင်ဖြစ်တာပါ။ 'ဆယ့်နှစ်ကြိုးကဝေ'က ပုံမှန်အတိုင်း ရုံရက်ချိတ်ပြီးတော့မှ ပြခဲ့တာပါ။ ဖောက်ပြတာလည်း မဟုတ်ဘူး။ ၁၅ ရက်နေ့ပြဖြစ်တာက ကြော်ငြာသဘောပြတာပါ။ ဒီကားက တစ်နှစ်ကျော်လောက် တန်းစီထားပြီးသားပါ။ နောက်ပြီး ဂျန်းရှင်းရုံကလည်း ဒီဗီဒီကားပြသခွင့်ရထားတဲ့ရုံပါ"ဟု ဟတ်အန်ဆိုးလ်ထုတ်လုပ်ရေးမှ ဒေါ်ခင်စန္ဒာမြင့်ကပြောသည်။

ရှော့ပင်းမော်လ်များနှင့်တွဲပြီးဖွင့်လှစ်ထားသောနှစ်ရုံတွဲ mini theatre ရုံများမှာ ရုပ်ရှင်ကားကြီးများ ရုံတင်ပြသပါက ပထမတစ်ပတ်တွင် နှစ်ရုံလုံးပြသရပြီး ရုံပတ်ဒုတိယမြောက်တွင် ကျန်တစ်ရုံမှာ မိမိနှစ်သက်ရာ ဇာတ်ကားအစီအစဉ်ဖြင့် ပြသနိုင်သည့်စနစ်ဖြစ်သည်။ 'ဆယ့်နှစ်ကြိုး ကဝေ' ဇာတ်ကားမှာ မေလ ၂၂ ရက်နေ့တွင် ရုံတင်ရက် ရပြီးဖြစ်သော်လည်း ၁၆ ရက်နေ့တွင် ဂျန်းရှင်းစကွဲတွင် စတင်ပြသခဲ့ခြင်းကြောင့် လက်ရှိရုံတင်ပြသနေသည့် 'မော်ကင်းဥဒါန်း' ရုပ်ရှင်ကားထုတ်လုပ်သည့်လပ်ကီးဆဲဗင်းနှင့် 'လေပြေညင်းရဲ့အသက်ဆက်တေး' ဒီဗီဒီကားထုတ်လုပ်သည့်လပ်ကီးဘော့စ်ထုတ်လုပ်ရေးတို့ကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပြသညှိနှိုင်းသို့ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြသညှိနှိုင်းမှ တာဝန်ရှိသူတစ်ဦးက "ဒီကားကို ဇွန် ၁၆ ရက်နေ့ပြသခွင့်ပေးဖို့ ဇွန် ၆ ရက်နေ့ရက်စွဲနဲ့ ကျွန်တော်တို့ဆီ ဂျန်းရှင်းစကွဲက စာ



တင်လာတာရှိတယ်။ ဒီကိစ္စမှာ ရုံရှင်နဲ့ ထုတ်လုပ်သူ ညှိနှိုင်းပြေလည်ကြလို့ပြတဲ့ သဘောဖြစ်တော့ ဒီအပေါ်မှာကျွန်တော်တို့က ခွင့် ပြုပေးလိုက်တာပါ။ မနေ့က အစည်းအဝေးမှာ ကန့်ကွက်တဲ့သူတွေရော ထုတ်လုပ်ရေးက လူတွေရော ဆွေးနွေးညှိနှိုင်းပြီး ပြေလည်သွားပါပြီ။ နောက်ဆို ဒီလို ပြချင်ရင် ပြသညှိနှိုင်းကို တင်ပြပေးပါလို့ပြောချင်ပါတယ်"ဟုပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဇာတ်ကား၏အဓိကသရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် "အားလုံးနဲ့ရင်ဆိုင်တိုက်ခိုက်ပြီး ဂျန်းရှင်းသီရေတာမှာတင်ရတာ။ အနှောင့်အယှက်တွေအများကြီးကို ဖြတ်သန်းထားရတာ။ အခက်အခဲတွေကြားက အကောင်းဆုံးကြိုးစားထားပါတယ်"ဟု ရေးသားထားသည်။

# ဒါရိုက်တာရဲမြင့်သူ၏ ပထမဆုံးဗီဒီယိုဇာတ်ကား ရဲတိုက်နှင့်ရိုက်မည်

**အေးသူစံ**

**ရန်ကုန်၊**

**ဇွန် - ၁၃**

မြန်မာတေးသီချင်း ဗီစီဒီများနှင့် ရုပ်သံအစီအစဉ်တို့ကို ရိုက်ကူးလေ့ရှိသော ဒါရိုက်တာရဲမြင့်သူက ၎င်း၏ ပထမဆုံးဗီဒီယိုဇာတ်ကားကို ရဲတိုက်နှင့် ဆာတိုရီထုတ်လုပ်ရေးအတွက် ရိုက်ကူးမည်ဖြစ်ကြောင်းပြောသည်။

"စာရေးဆရာ နေမျိုးရဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ကို Inspiration (ရှာန်ဝင်စားမှု) ယူပြီး ဇာတ်လမ်း အရှည်ကို ကျွန်တော် ရေးပါတယ်။ ဇာတ်ညွှန်းကို ကျွန်တော်နဲ့ ကိုဇော်နိုင်ဦးတို့ ရေးပါတယ်။ အဓိကသရုပ်ဆောင်တွေက ရဲတိုက်နဲ့ စန္ဒီမြင့်လွင်ပါ"ဟု၎င်းကပြောသည်။

ယခုဇာတ်ကားသည် ၎င်း၏ ဒါရိုက်တာသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် ရိုက်ကူးမည့် ဇာတ်ကားဖြစ်သော်လည်း ရုပ်ရှင်ဒါရိုက်တာအဖြစ် သီးသန့်ရပ်တည်သွားမည်မဟုတ်ဘဲ ၎င်း၏ အနုပညာလမ်းကြောင်းတစ်လျှောက် မှတ်တိုင်တစ်ခုစိုက်ထူသည့်အနေဖြင့်သာ ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်အတတ်ပညာကို ကျွန်တော်မတတ်ပါဘူး။ ဒီကားလေးကို ကျွန်တော့်မှာရှိတဲ့ အနုပညာစွမ်းအားနဲ့ ရိုက်ကူးမှာပါ။ နောက်ထပ်လည်း ထပ်ရိုက်ဖြစ်မှာမဟုတ်ပါဘူး။ ဒီကားကို ကုမ္ပဏီကလည်း အတူပူးပေါင်းပြီး ကူညီရိုက်ကူးပေးကြမှာပါ"ဟု ရဲမြင့်သူကပြောသည်။

ယခုဇာတ်ကားသည် ဒရာမာန္ဒယ်သည့်သည်းထိတ်ရင်ဖိုအမျိုးအစားဇာတ်ကားဖြစ်ပြီး ဇွန်လ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။



## အနုပညာသတင်းတိုများ

**အေးသူစံ**

■ ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများထံ ပြန်လည်လှူဒါန်းရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရန်ပုံငွေကပွဲတစ်ရပ်ကို ဇွန်လ ၁၅ရက်နှင့် ၁၆ရက်နေ့တွင် ကပြရန် စီစဉ်ထားပြီး ရန်ပုံငွေကပွဲအမည်ကို မူလက စီစဉ်ထားသည့် စစ်ဘေးရှောင်ပြည်သူများ ပြန်လည်လှူဒါန်းရန် ရန်ပုံငွေကပွဲအစား ကချင်ပြည်နယ်ရှိ ကျေးလက်နေ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ပဒေသာကပွဲဟုပြောင်းလဲလိုက်ကြောင်းမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအတွင်းရေးမှူး ဦးဝင်းကြည်ကပြောသည်။ "တခြား ဘာကြောင့်မှမဟုတ်ပါဘူး။ ဒီနာမည်က ပိုသင့်တော်တယ်လို့ထင်လို့ပါ။ လှူဒါန်းမယ့်နေရာတွေ၊ လှူဒါန်းမှုတွေကိုလည်း အရင်လို သရုပ်ဆောင်တွေဘာမှ မသိလိုက်ရဘဲ လှူတာမျိုးမဟုတ်ဘဲ သရုပ်ဆောင်အားလုံးနဲ့တိုင်ပင်ပြီးမှ လှူဒါန်းသွားမှာပါ"ဟု ၎င်းကပြောသည်။

■ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့မှ ဇွန်လ ၉ ရက်တွင် ဗိုလ်ချုပ်နှင့် ရုပ်တူသူသရုပ်ဆောင်များကို ဒုတိယအကြိမ်ပြန်လည်ရွေးချယ်နေပြီး ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်၏ ဇာတ်ရုပ်အတွက် ရွေးချယ်ပွဲကိုလည်း ယခုလအတွင်း၌ပင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ပြန်ကြားရေးတာဝန်ခံ ကိုဇော်သက်ထွေးကပြောသည်။

■ ဒါရိုက်တာမီရှဲလ်ရိုက်ကူးပြီး ရန်ကုန်မြို့နေ လူငယ်အနုပညာရှင်အများစု ပါဝင်သရုပ်ဆောင်ထားသည့် 'ရန်ကုန်မြို့မှ ကြိုဆိုပါ၏' ဗီဒီယိုဇာတ်ကားမှာ ယခုဇွန်လဆန်းပိုင်းတွင် ဆင်ဆာခွင့်ပြုချက်ပြန်လည်ရရှိခဲ့ပြီဖြစ်ရာ ယင်းဇာတ်ကားကိုစီးပွားဖြစ် ထုတ်လုပ်ပြသတော့မည်မဟုတ်ဘဲ ပြည်တွင်းရှိ အခမဲ့ရုပ်သံလိုင်းတစ်ခုခုတွင် ပြသရန် စီစဉ်နေကြောင်း ယင်းဇာတ်ကားရိုက်ကူးထုတ်လုပ်သူ ဒါရိုက်တာမီရှဲလ်ကပြောသည်။ အဆိုပါဇာတ်ကားသည် ၂၀၀၉ ခုနှစ်က ရိုက်ကူးခဲ့သော်လည်း အခန်းစဉ်ပေါင်း နှစ်ဆယ်ကျော် ဆင်ဆာခွင့်ပြုချက်မရရှိခဲ့ရာမှ ယခုနှစ် ဇွန်လတွင် အခန်းငါးခန်းခန့်မျှသာ လျှော့ပေါ့ဖြတ်တောက်၍ ပြန်လည်ပြသခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

■ အွန်လိုင်းပရဟိတလူငယ်အဖွဲ့များမှ ပူးပေါင်းကျင်းပသော ကချင်စစ်ဘေးသင့်ဒေသမှ လူငယ်များ ပညာရေးအတွက် အခမဲ့ ရန်ပုံငွေဖျော်ဖြေပွဲကိုဇွန်လ ၂၄ရက်နေ့လယ် ၁၂နာရီအချိန်တွင်ပြည်လမ်းရှိ တော်ဝင်စင်တာခုနစ်လွှာတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ နာမည်ကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုနှင့် စုဘူးအငြိမ့်အဖွဲ့၏ ကပြတင်ဆက်မှုများပါဝင်ပြီး ထိုပွဲမှရရှိလာမည့် အလှူငွေနှင့် ပစ္စည်းများကို စစ်ဘေးသင့်ဒေသများသို့ ဇူလိုင်လဆန်းပိုင်းတွင် သွားရောက်ကာ ပညာရေးရန်ပုံငွေအဖြစ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

- သဘင့်ဥသျှောင် ဂရိတ်ဦးဘိုးစိန်၏ နှစ်(၁၃၀)ပြည့် အထိမ်းအမှတ် သဘင်အနုပညာဖျော်ဖြေပွဲကို ဇွန် ၂၃၊ ၂၄ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ညီဝင်းစိန်၊ ချမ်းသာ၊ မိုးဝင်း၊ မိုးမင်း၊ ကျော်ကျော်ဗို၊ တင်မောင်ဆန်းမင်းဝင်း၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်၊ ဇံဟိန်း၊ နိုးနိုးလပြည့်၊ တင်ဇာမိုးဝင်း၊ မို့မို့မြင့်အောင်၊ ခိုင်သင်းကြည်၊ လင်းဇာ နည်ဇော်၊ ခိုင်နှင်းဝေ၊ မေကဗျာ၊ မိုးယုစံ၊ မိုးဒီ၊ အရိုင်း၊ တိမ်ညွှန့်၊ ညောင်ညောင်၊ ကျော်ထူးတို့ပါဝင်မည်ဖြစ်သည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Madagascar 3: Europe's Most Wanted | Dream Works & Paramount Pic. | ၆၀,၃၁၆,၇၀၀ | ၁ |
| ၂။ | Prometheus | 20th Century Fox | ၅၁,၀၅၀,၁၀၀ | ၁ |
| ၃။ | Snow White and the Huntsman | Universal Pictures | ၉၈,၅၃၇,၅၀၀ | ၂ |
| ၄။ | Men in Black 3 | Sony Pictures | ၁၃၅,၉၀၁,၀၀၀ | ၃ |
| ၅။ | Marvel's The Avengers | Walt Disney | ၅၇၂,၃၀၀,၀၀၀ | ၆ |
| ၆။ | The Best Exotic Marigold Hotel | Fox Searchlight Pic. | ၃၁,၀၄၀,၇၀၀ | ၆ |
| ၇။ | What To Expect When You're Expecting | Lionsgate | ၃၅,၈၂၃,၆၀၀ | ၄ |
| ၈။ | Battleship | Universal Pictures | ၅၉,၈၂၀,၂၀၀ | ၄ |
| ၉။ | The Dictator | Paramount Pictures | ၅၅,၂၈၁,၁၀၀ | ၄ |
| ၁၀။ | Moonrise Kingdom | Focus Features | ၃,၇၃၁,၀၀၀ | ၃ |

## Movie Review

### Brave




မာရီဒါသည်လေးမြားအတတ်ကိုတစ်ဖက်ကမ်းခတ် ကျွမ်းကျင်သော မင်းသမီးတစ်ပါးဖြစ်သည်။ သို့သော် သူမတို့ကမ္ဘာက ကိုးကွယ်ယုံကြည်သော နတ်မင်းများကို လက်မခံဘဲ အစဉ်အလာကို ချိုးဖောက်သောအခါ သူမ၏နိုင်ငံတွင် ထိန်းမနိုင်သိမ်းမရ ဆန့်ကျင်မှုများဖြစ်ပေါ်လာခဲ့သည်။ မာရီဒါက သူမ၏ ပြဿနာများကို ဖြေရှင်းရန် အူကြောင်ကြောင်နိုင်သော စုန်းမကြီးတစ်ဦးကိုအားကိုးပြီး ဆိုးသွမ်းသော သုံးမြွာပူးမောင်သုံးယောက်၏ အင်အားကိုလည်း ရယူအသုံးချခဲ့ရာတွင် သတ္တိ၊ ဗျတ္တိဆို သောအဓိပ္ပာယ် အမှန်ကိုဖွင့်ဆိုနိုင်မည်လားဆိုတာ. . . .။

ကွန်ပျူတာကာတွန်း၊ စွန့်စားခန်းအက်ရှင်ဇာတ်ကားအား ဒါရိုက်တာဘရန်ဒါချက်ပ်မင်းက ရိုက်ကူးထားပြီး Kelly Macdonald, Blilly Connolly, Emma Thompson, Craig Ferguson တို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။ Walt Disney က ဇွန်လ ၂၂ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။



## နယ်သာလန်အသင်း မညီညွတ်၍ ရှုံးနိမ့်ခဲ့ကြောင်း ရော်ဘင်ပြောကြား

**ကာ၊ ဇွန် - ၁၈**

ပေါ်တူဂီအသင်းအား အုပ်စုနောက်ဆုံးပွဲတွင် ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ကာ အုပ်စုပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော နယ်သာလန်အသင်း၏ တောင်ပံကစားသမား အာဂျန်ရော်ဘင်က ၎င်းတို့သည် ပြိုင်ပွဲနောက်ကွယ်၌ မညီညွတ်မှုများရှိခဲ့၍ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ နယ်သာလန်အသင်းသည် ကစားသမားများ အရည်အသွေးရှိသော်လည်း မညီညွတ်သောကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားသည့်အသင်းဖြစ်သည်။ အုပ်စုပွဲစဉ်များ အစပိုင်းကပင် ဗန်ဒါဗတ်နှင့် ဟန်တဲလားတို့က ၎င်းတို့ကို ပထမပွဲထွက်လူစာရင်းတွင် ချန်ထားခဲ့မှုအတွက် ဝေဖန်ခဲ့ကြပြီး ရော်ဘင်ကိုယ်တိုင်လည်း ဂျာမနီအား ၁-၀ ဂိုးဖြင့် ပြိုင်ပွဲတွင်း ရှုံးနိမ့်နေစဉ် လူစားလဲခံရ၍ စိတ်ဆိုးဒေါသထွက်ကြောင်း ပြသခဲ့သည်။

ပြိုင်ပွဲတွင် အုပ်စုမှထွက်ခွာခဲ့ရခြင်းနှင့် ပတ်သက်၍ ရော်ဘင်က "ကျွန်တော်တို့ သုံးကြိမ်ရှုံးနိမ့်ခဲ့ပါတယ်။ လက်ခံဖို့ ခက်ခဲပါတယ်။ ပေါ်တူဂီနဲ့ပွဲမှာ အစပိုင်းမှာကောင်းကောင်းကစားနိုင်ခဲ့ပေမဲ့ ကစားကွက်ကို တိုးတက်အောင်လုပ်ဖို့ မေ့ခဲ့ကြပါတယ်။ ပွဲထွက်လူစာရင်းမှာလည်း ပြဿနာတွေဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါကို ကျွန်တော်တို့ကြားမှာပဲ ထားရှိသွားမှာပါ" ဟု ပြောသည်။

နယ်သာလန်သည် ပြိုင်ပွဲမစမီက ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့်အသင်းတစ်သင်းဖြစ်ပြီး ၎င်းတို့သည် ပြီးခဲ့သော ၂၀၁၀ ကမ္ဘာ့ဖလားတွင် ဗိုလ်လုပွဲ၌ စပိန်အား ရှုံးနိမ့်ခဲ့ကာ ဒုတိယရခဲ့သည်။

*—Ref: AFP*



ဓာတ်ပုံ - ကိုဇေ

# အားတက်ရမှာလား စိတ်ပျက်ရမှာလား ယူ - ၂၂

**ဗိုလ်ဗိုလ်ဝင်း**

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ယခုနှစ်တွင်ပထမဆုံးအကြိမ်စတင်ကျင်းပမည့် AFC ယူ-၂၂ ပြိုင်ပွဲ၏ ခြေစစ်ပွဲအုပ်စု (ဆ)ပွဲစဉ်များကို ရန်ကုန်မြို့၌ ဇွန်လ ၂၃ ရက်မှ ဇူလိုင်လ ၃ ရက်အထိ လက်ခံကျင်းပတော့မည်ဖြစ်သည်။ ယင်းအုပ်စုတွင် အိမ်ရှင် မြန်မာလူငယ်ဘောလုံးအသင်းအနေဖြင့် အာရှထိပ်တန်းတောင်ကိုရီးယား၊ အရှေ့အာရှက တရုတ်(တိုင်ပေ)၊ အာဆီယံဒေသက ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ်များကို အာရှနိုင်ငံပေါင်း ၄၁ နိုင်ငံမှ လူငယ်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အသင်းခြောက်သင်းပါ အုပ်စုခြောက်ခုနှင့် အသင်းငါးသင်းပါ အုပ်စုတစ်ခု စုစုပေါင်း အုပ်စု (၇) ခုခွဲဝေထားသည်။ အုပ်စု တစ်ခုစီမှ ပထမ၊ ဒုတိယအသင်း စုစုပေါင်း ၁၄ သင်းနှင့် အုပ်စုခြောက်ခုမှ အကောင်းဆုံး တတိယရသည့်အသင်းစုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည့်အတွက် အဆိုပါအသင်းများထဲတွင် ပါဝင်နိုင်ရန်အတွက် မြန်မာလူငယ်အသင်းကြိုးစားရမည်ဖြစ်သည်။

အုပ်စု(ဆ) အနေအထားအရ တောင်ကိုရီးယားအသင်းမှာ အုပ်စုပထမနေရာအတွက်ရေပန်းအစားဆုံးဖြစ်နေပြီး ဒုတိယနေရာအတွက် အိမ်ရှင်မြန်မာအသင်းမှာ ကျန်အသင်းများနှင့် အပြိုင်ကြိုးစားရုန်းကန်ရမည့် အနေအထားတွင်ရှိနေသည်။ မြန်မာလူငယ်အသင်းသည်လာမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ထားသောအသင်းဖြင့် ယခုပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ ပြီးခဲ့သောမေလအတွင်းကတောင်ကိုရီးယားနိုင်ငံ၌ ရက်သတ္တပတ်သုံးပတ်ကြာ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်ထားသည်။ ထို့အပြင်ဇွန်လ ၁၇ နှင့် ၁၉ ရက်တို့တွင်လည်း ထိုင်းနိုင်ငံ ထိုင်း ယူ-၂၂၊ မော်လဒိုက် ယူ-၂၂ အသင်းများနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားထားကာ ပြင်ဆင်မှုများ ပြုလုပ်ထားသည့်အသင်းလည်းဖြစ်သည်။

လက်ရှိပြည်တွင်းမြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား ပရိသတ်များ စိတ်ဝင်စားမှု တဖြည်းဖြည်းလျော့ကျနေမှုကိုပြန်လည်ဆွဲတင်ရန်အတွက် လိုအပ်နေသည့်အချိန်တွင် ယခုပြိုင်ပွဲ၌ အားကစားသမားများအားလုံး အစွမ်းကုန်ကြိုးစားရန်လိုအပ်ကြောင်းမြန်မာအသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းကဆိုသည်။

"ဒီနှစ်ထဲမှာ အခုပြိုင်ပွဲရယ်၊ လက်ရွေးစင်အသင်းကြီးအတွက် ဆူဇူကီးပြိုင်ပွဲ(ခြေစစ်ပွဲ)ရယ်ရှိပါတယ်။ ပရိသတ်တွေက မြန်မာဘောလုံးကို စိတ်ဝင်စားမှု လျော့နည်းနေတာကိုပြန်လည်မြင့်တက်လာစေဖို့ လက်ရွေးစင်အသင်းတွေအနေနဲ့ အောင်မြင်မှုရရှိအောင် ကြိုးစားပေးဖို့ လိုပါလိမ့်မယ်။ ဒါမှလည်း မြန်မာလိဂ်ပွဲစဉ်တွေဘက် ပရိသတ်တွေ ပြန်စိတ်ဝင်စားလာမှာပါ"ဟုပရိသတ်တစ်ဦးကပြောသည်။

လက်ရှိ အခြေအနေတွင် မြန်မာအသင်း နည်းပြချုပ်ဖြစ်လာသည့် ကိုရီးယားနည်းပြဆရာပတ်ဆောင်ဟွာကမူ ယခုပြိုင်ပွဲအနေဖြင့် အရေးကြီးသည် မှန်သော်လည်း မြန်မာဘောလုံး ပြန်လည်မြင့်တက်လာရန်အတွက် အချိန်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၎င်းဆက်လက်ကိုင်တွယ်ရမည့်အချိန်အတွင်း မြန်မာဘောလုံးတိုးတက်လာရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း မြန်မာဘောလုံး၏ လက်ရှိအခြေအနေနှင့် ဖြစ်နိုင်ခြေမျှော်လင့်ချက်ကို သုံးသပ်ပြသည်။

ထို့ပြင် ယခု အခြေအနေကာလသည် မြန်မာဘောလုံးလောကအတွက် အရေးကြီးသည့်ကာလတစ်ခုသို့ ရောက်ရှိနေပြီး ယခုခြေစစ်ပွဲနှင့် လာမည့် အိမ်ရှင်ဆီးဂိမ်း အောင်မြင်မှုများရရှိပါက မြန်မာ့ဘောလုံးလောကအတွက် ကောင်းသည့် အလှည့်အပြောင်းဖြစ်လာလိမ့်မည်ဟုထင်ကြောင်း ငွေခေတ်မြန်မာ ဘောလုံးသမား ဦးသန်းတိုးအောင်က ပြောသည်။

"အခု ခြေစစ်ပွဲမအောင်လည်း အရမ်းကြီး အပြောင်းအလဲတော့မဖြစ်လာသေးပါဘူး။ ဒါပေမဲ့ အခုဝင်ပြိုင်မယ့် အာရှယူ-၂၂ ခြေစစ်ပွဲနဲ့ လာမယ့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွေမှာသာ မြန်မာဘောလုံးအသင်းတွေ အောင်မြင်မှုရယူနိုင်ခဲ့မယ်ဆိုရင်ပြည်တွင်းပွဲစဉ်တွေမှာလည်း ပရိသတ်တွေ သူ့အလိုလို ရောက်လာမှာပါ"ဟု ဦးသန်းတိုးအောင်ကဆိုသည်။ ဦးသန်းတိုးအောင်သည် မြန်မာလူငယ်အသင်း၏ အုပ်ချုပ်သူအဖြစ် တာဝန်ယူမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ယခုပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အလမ်းရှိကြောင်း၊ အုပ်စုဒုတိယနေရာအတွက် ဗီယက်နမ်၊ မလေးရှားအသင်းများအား အဓိကယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အဖွင့်ပွဲစဉ်ဖြစ်သည့် ဖိလစ်ပိုင်အသင်းနှင့် ပွဲစဉ်သည်လည်း နောက်ပွဲစဉ်များ မျှော်လင့်ချက်အတွက် အနိုင်ရရှိရန် အလွန်အရေးကြီးကြောင်း မြန်မာလူငယ်အသင်းအုပ်ချုပ်သူက ဆိုသည်။

အုပ်စု(ဆ)ပွဲစဉ်များ၏ ပွဲစဉ်ဇယားရေးဆွဲမှုအရ တစ်ရက်လျှင် သုဝဏ္ဏကွင်းနှစ်ပွဲနှင့် အောင်ဆန်းကွင်းတွင် တစ်ပွဲ စုစုပေါင်း သုံးပွဲကျင်းပမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် ဖိလစ်ပိုင်၊ ဒုတိယပွဲစဉ် ဗီယက်နမ်အသင်းများနှင့် ပွဲစဉ်ရလဒ်ကောင်းများ ရယူထားနိုင်မှသာ နောက်ပွဲများအတွက် ကစားသမားများနှင့် ပရိသတ်များအတွက်ပါ အားရှိမည်ဖြစ်သည်။

"အုပ်စုတွင်း အင်အားအကြီးဆုံးကတော့ တောင်ကိုရီးယားအသင်းပါ။ မလေးရှား၊ ဗီယက်နမ်အသင်းတွေက အသစ်ဖွဲ့စည်းထားတဲ့အသင်းတွေမို့ သိပ်မသိရပေမယ့် ဘောလုံးအဆင့်အတန်းအရတော့ မြန်မာထက် မြင့်မားပါတယ်။

စာ(၅၂)သို့

## ပြိုင်ပွဲမှ မထွက်မချင်း ချက်တစ်သင်းလုံး မုတ်ဆိတ်မရိတ်ဟု ပီတာချက်ပြောကြား

**ကီယက်၊ ဇွန် - ၁၈**

ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အုပ်စု(အေ)၏ ပထမဖြင့် ကွာတားဖိုင်နယ်တက်ရောက်သွားခဲ့သော ချက်အသင်းဂိုးသမား ပီတာချက်က ၎င်းတို့သည် တစ်သင်းလုံး ပြိုင်ပွဲမှမထွက်ရမချင်း မုတ်ဆိတ်မရိတ်ဘဲထားမည်ဟု ကတိပြုထား၍ ၎င်း၏ ကလေးများက ဖခင်ကို မြင်လျှင် ဂူအောင်းလူသားတစ်ဦးဟုပင် ထင်မှတ်ဖွယ်ရှိကြောင်း နောက်ပြောင်ပြောကြားလိုက်သည်။ ချက်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် ရုရှားအား ၄-၁ ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ဂရိနှင့် ပိုလန်တို့ကို ဆက်တိုက်အနိုင်ရကာ ကွာတားဖိုင်နယ်သို့တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ ဂိုးသမားလည်းဖြစ်သည့် ပီတာချက်က ၎င်းတို့တစ်သင်းလုံးမုတ်ဆိတ်၊ နှုတ်ခမ်းမွေးများမရိတ်ဘဲ နေရခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့ဟာ ပြိုင်ပွဲမှမထွက်ရမချင်း မုတ်ဆိတ်မရိတ်ဖို့ ပြောထားကြပါတယ်။ အဲဒါ ဘယ်သူအကြံလဲတော့ မသိပါဘူး။ ဒါဟာ အသင်းလိုက်ဆုံးဖြတ်ထားချက်ပါ။ ကျွန်တော်ဆိုဒီပြိုင်ပွဲကို စရောက်တဲ့ ပထမနေ့မှာပဲ နောက်ဆုံးအကြိမ် မုတ်ဆိတ်ရိတ်ခဲ့တာပါ။ အဲဒါဟာ နှစ်ပတ်လောက်တောင် ရှိပါတော့မယ်" ဟုပြောသည်။

ရိုက်တာသတင်းမှ ဖော်ပြခဲ့သောဓာတ်ပုံတစ်ခုတွင်လည်း ပီတာချက်သည် ပိုလန်အားအနိုင်ရပြီးနောက် အသင်းဖော်မီလန်ဘားရို့စ်နှင့်အတူ အောင်ပွဲခံရာတွင် ၎င်းတို့နှစ်ဦးစလုံးမုတ်ဆိတ်၊ နှုတ်ခမ်းမွေးများ ရှည်နေသည်ကိုတွေ့ရပြီး ပီတာချက်၏ မုတ်ဆိတ်မွေးက ပိုရှည်နေကြောင်း တွေ့ရသည်။

*—Ref: Guardian*




7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# ဝတ်စားဆင်ယင်မှုအသစ်ဖြင့် ကာယအလှမယ်ပြိုင်ပွဲ ဇွန် ၂၃ ရက်တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇွန်-၁၄

ပြောင်းလဲပြင်ဆင်လိုက်သည့် ဝတ်စားဆင်ယင်မှုဖြင့် နှစ်ပေါင်း ၃၀ ကျော်နောက်ပိုင်းပထမဆုံးအကြိမ်ပြန်လည်ကျင်းပမည့် ပြည်တွင်းကာယအလှမယ်ပြိုင်ပွဲကို ဇွန်လ ၂၃ ရက်တွင် ရန်ကုန်မြို့၊ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ (MCC) ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အိုလံပစ်နေ့ အထိမ်းအမှတ်ကျင်းပမည့် ၎င်းပြိုင်ပွဲတွင် ယခင်က မြန်မာဝတ်စုံ အင်္ကျီလက်ပြတ်၊ အထက်အောက် အရောင်ဆင်တူ ဝတ်စားဆင်ယင်မှုများအား အင်္ကျီလက်ပြတ်၊ ဘောင်းဘီတို၊ အားကစားဝတ်စုံဖြင့် ပြောင်းလဲယှဉ်ပြိုင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ကာယအလှမယ်ပြိုင်ပွဲနှစ်မျိုးဖြစ်သည့် Model Physique နှင့် Fitness Physique ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်အမှုဆောင်ဒေါ်ရီရီဝင်းကပြောသည်။

"Model Physique ပြိုင်ပွဲမှာ ပထမအကျော့အနေနဲ့ အင်္ကျီလက်ပြတ်၊ဘောင်းဘီတို၊အားကစားဝတ်စုံနဲ့ အရင်ပြိုင်ရပါမယ်။ အဲဒီပြိုင်ပွဲဝင်တွေထဲကမှ နောက်ဆုံးဖိုင်နယ်တက်တဲ့ ၅ ဦးကို ဒုတိယအကျော့ ထပ်မံယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ Fitness Physique ပြိုင်ပွဲမှာကျတော့ ပြိုင်ပွဲဝင်တွေအနေနဲ့ Model Physique လိုမျိုးတစ်ခါပြိုင်မယ်၊ ပြီးတော့ မိမိစိတ်ကြိုက် ဝတ်စားဆင်ယင်မှုမျိုးနဲ့တစ်မိနစ်ခွဲအတွင်း ခွန်အား၊ အမြန်နှုန်း၊ သက်လုံသုံးခုပါတဲ့ လေ့ကျင့်ခန်းတွေကို တေးဂီတနဲ့တွဲဖက်ပြီးတော့စုပေါင်းပြိုင်ပွဲဝင်ကြမှာ ဖြစ်ပါတယ်"ဟု ဒေါ်ရီရီဝင်းကပြောသည်။

၎င်းပြိုင်ပွဲသည်မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်အား မြန်မာနိုင်ငံ ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်အဖြစ် ပြောင်းလဲပြီးနောက်ပထမအကြိမ်ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ ယင်းပြိုင်ပွဲမှ ပဏာမလက်ရွေးစင်များ ရွေးချယ်မည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများအတွက် နိုင်ငံခြားနည်းပြများဖြင့်လေ့ကျင့်စခန်းသွင်းသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။



"အရင်တုန်းက မြန်မာအမျိုးသမီးငယ်လေးတွေအနေနဲ့ ပြည်တွင်းကာယအလှမယ်ပြိုင်ပွဲပြီးသွားရင် သူတို့မှာ ရှေ့ဆက်သွားဖို့ မရှိတော့ဘူး။ ခုကျတော့ သူတို့အတွက်မျှော်လင့်ချက်ရှိလာပါပြီ။ ဒီပြိုင်ပွဲကနေ ပဏာမရွေးချယ် လေ့ကျင့်ပေးပြီး အဖြစ်နိုင်ဆုံး နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အရည်အချင်း ရှိတဲ့သူတွေကို ပြည်ပပြိုင်ပွဲတွေကို စေလွှတ်ယှဉ်ပြိုင်စေမှာဖြစ်ပါတယ်"ဟုအထက်ပါတာဝန်ရှိသူက ပြောသည်။

ဇွန်လ ၂၃ ရက်တွင် MCC ခန်းမ၌ကျင်းပမည့် အမျိုးသမီးကာယအလှမယ်ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် စတင်မည်ဖြစ်ပြီး ၎င်းပြိုင်ပွဲမတိုင်မီနံနက်၉နာရီမှစတင်ကာ အမျိုးသား ကာယဗလမောင်ပြိုင်ပွဲ၊ သက်ကြီးအမျိုးသား ကာယဗလမောင်ပြိုင်ပွဲများလည်းကျင်းပသွားမည်ဖြစ်ရာ ပရိသတ်များဝင်ကြေး အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။

# မဲခေါင်ဒေသ ဉာဏ်ရည်မမီဘောလုံးပြိုင်ပွဲ ပထမဆုံးအကြိမ် မြန်မာတွင်ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊

ဇွန်-၁၄

မဲခေါင်ဒေသငါးယောက်တစ်ဖက် ဉာဏ်ရည်မမီဘောလုံးပြိုင်ပွဲ (Special Olympics Meakong Regional 5 a side Male Football Tournament)ကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၀၉ ခုနှစ်မှစတင်၍ အင်ဒိုချိုင်းနားဉာဏ်ရည်မမီဘောလုံးပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲအားယခုနှစ်မှစတင်၍ ပထမအကြိမ် အထက်ပါ ပြိုင်ပွဲအမည်သစ်ဖြင့် ပြောင်းလဲကျင်းပရန် အာရှပစိဖိတ်ဒေသဉာဏ်ရည်မမီ အားကစားအဖွဲ့မှ စီစဉ်ကာ မြန်မာနိုင်ငံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ပေးရန် တင်ပြလာခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ပြိုင်ပွဲကို လာမည့် နိုဝင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုအသင်းများနှင့် အိမ်ရှင်မြန်မာမှ နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဉာဏ်ရည်မမီအားကစားအဖွဲ့မှ သတင်းရရှိသည်။

ယခင် အင်ဒိုချိုင်းနားဉာဏ်ရည်မမီသူများ ဘောလုံးပြိုင်ပွဲများသို့ မြန်မာနိုင်ငံဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဒုတိယဆုနှင့် အသင်းလိုက် စတုတ္ထဆု၊ ၂၀၁၀ ခုနှစ်တွင် အသင်းလိုက်ဒုတိယဆုနှင့် ၂၀၁၁ ခုနှစ်ပြိုင်ပွဲတွင် အသင်းလိုက်တတိယဆု ရရှိခဲ့သည်။

SHINE CONSTRUCTION COMPANY LTD.
(Member of Shine Group of Companies)
အထူး အစီအစဉ်
ရက်အကန့်အသတ် ရှိပါသည်။
အသင့်နေထိုင်နိုင်သော Condominium တိုက်ခန်း များအား
- (၅၀%) ပေးသွင်း၍ ကျန်ငွေအား ( ၆ လ မှ ၁၂ လ ) ထိ အရစ်ကျပေးသွင်း နိုင်မည့် အခွင့်အရေး
- Hire Purchase ( KBZ Bank ၏ ပံ့ပိုးကူညီမှု ) ဖြင့် ဝယ်ယူလိုသော Customer များအတွက် အခန်းတန်ဖိုး၏ (30%) ပေးသွင်းရုံဖြင့် အခန်းလက်ဝယ်ရယူနိုင်ပြီး ကျန်ငွေအားအရစ်ကျ (၁၂ လ) မှ (၄၈ လ) အထိ ပေးသွင်း နိုင်မည့် အခွင့်အရေး

ဝယ်ယူရရှိနိုင်မည့် Condominium များ
သိမ်ဖြူ Condominium
- အမှတ် (၃၅၁ / ၃၅၅)၊ သိမ်ဖြူလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဆိပ်ကမ်းသာ Condominium
- အမှတ် (၂၅၆ / ၂၆၆) ၊ ဆိပ်ကမ်းသာလမ်း၊ (အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။
ရွှေမြင့်မိုရ် Tower
- အမှတ် (၁၈ / ၂၀)၊ (၂၅)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ရွှေဘုံသီရိ Tower
-အမှတ် (၂၅ / ၂၇)၊ (၂၅)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
နေသီရိ Tower
- အမှတ် (၅၇)၊ ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။
ပန်းဆိုးတန်း Condominium
- အမှတ် (၁၈၆ / ၁၈၈)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
စမ်းချောင်း Condominium
- အမှတ် (၂၅၃)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

ဝယ်ယူရရှိနိုင်မည့် Apartment များ
- အမှတ် (၃၈၊ က)၊ သီရိလမ်း၊ လှိုင်မြို့နယ်။
- အမှတ် (၃၈၊ ခ) ၊ သီရိလမ်း၊ လှိုင်မြို့နယ်။
- အမှတ် ( ၈၂ )၊ သီရိ (၅)လမ်း၊ လှိုင်မြို့နယ်။
-အမှတ် (၃၇)၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်။
- အမှတ် (၂)၊ ပြည်သူ့ကွက်သစ် (၂) လမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

Housing Showroom : No.29, Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Township.
Hot Line : 01-377485, 01-385 344, 01-385 340-4* Ext : (203, 204, 205)

7 DAY NEWS JOURNAL
Vol.11, No.15 ▪ JUNE 21 , 2012

# ထရာပက်တိုနီ၏ တင်းကျပ်သော ကစားကွက်ကို ဂလင်းဝီလန် စိတ်ပျက်

**ကီဗက်၊ ဇွန် - ၁၈**


ယူရိုပြိုင်ပွဲမှ ထွက်ခဲ့ရသော အိုင်ယာလန် အသင်းကစားသမား ဂလင်းဝီလန်ကရင်းတို့သည်နည်းပြ ထရာပက်တိုနီ၏ တင်းကျပ်သော ကစားကွက်ကိုစိတ်ပျက်မိကြောင်း ပထမဆုံးအကြိမ်ဖွင့်ဟပြောကြားလိုက်သည်။

ထရာပက်တိုနီ၏ လက်ရွေးစင်အသင်းကစားကွက်မှာ ၄-၄-၂ ဖြစ်ပြီး ၎င်းသည် ထိုကစားကွက်ဖြင့် အိုင်ယာလန်ကို ခြေစစ်ပွဲအောင်မြင်စေခဲ့သော်လည်း ယူရိုပြိုင်ပွဲတွင်မူ အုပ်စုပွဲစဉ်နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ကာ ပေးဂိုး ၇ ဂိုး၊ ရဂိုး ၁ ဂိုးသာရှိခဲ့သည်။ စတုတ်စီးတီးအသင်း၏ ကစားသမားလည်း ဖြစ်သူ ဝီလန်က ၎င်းသည်အသင်းတွင် နည်းစနစ်ပိုင်းပြောင်းလဲကစားသည်ကို မြင်လိုကြောင်း ပြောကြားသည်။

၎င်းက "ကျွန်တော်တို့ရင်ဆိုင်ဖူးတဲ့အသင်းတွေမှာ ၄-၄-၂ ကစားကွက်နဲ့ ကစားတဲ့နောက်ဆုံးလက်ရွေးစင်အသင်းကိုမမှတ်မိနိုင်တော့ပါဘူး။ ယနေ့ခေတ်မှာ အသင်းတော်တော်များများဟာ အလယ်တန်းမှာ ငါးယောက်ထားပြီးကစားနေတာပါ" ဟုဆိုသည်။

အိုင်ယာလန်အသင်းသည် အလယ်တန်းလေးဦးကစားပုံဖြင့် ခြေစစ်ပွဲတွင် အဆင်ပြေခဲ့သော်လည်းရုရှားကဲ့သို့ ထူးချွန်သော အလယ်တန်းလူသုံးဦး(သို့မဟုတ်) ငါးဦးရှိသော ၃-၅-၂ ကစားကွက်ဖြင့် ကစားပုံများကိုမူ ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ရှုံးနိမ့်ခဲ့ရသည်။

—*Ref: AFP*



## စာ(၅၀) - အားတက်ရမှာလား၊ စိတ်ပျက်ရမှာလား ယူ-၂၂ မှ

ဖိလစ်ပိုင်အသင်းကတော့ မြန်မာထက်နည်းနည်းနိမ့်ပါတယ်၊တရုတ်(တိုင်ပေ) အသင်း အနေအထားကတော့ မသိထားသေးဘူး"ဟု နည်းပြ ပတ်ဆောင်ဟွာက ဇူလိုင်လ ၁၂ ရက်တွင်ပြောသည်။

အုပ်စုတွင်း ပြိုင်ဘက်အသင်းများအနေဖြင့် ယခု ခြေစစ်ပွဲအတွက်ပြင်ဆင်မှုအားကောင်းနေပြီး တောင်ကိုရီးယားအသင်းအနေဖြင့် ရန်ကုန်မြို့ ရာသီဥတု၊ ကွင်းအနေအထားတို့နှင့် အသားကျစေရန်အတွက် ဇွန်လ ၁၈ ရက်ကတည်းက ရန်ကုန်မြို့သို့ရောက်ရှိနေပြီဖြစ်သည်။ ထို့ပြင်မလေးရှားအသင်းသည် ဟန်ဂေရီ၊ စလိုဗက်ကီးယား၊ တရုတ်နိုင်ငံများ သွားရောက်လေ့ကျင့်ထားပြီး ဗီယက်နမ်အသင်းမှာမူ ထိုင်းနိုင်ငံတွင် ကာလတို လေ့ကျင့်မှုများပြုလုပ်ထားကာ ဖိလစ်ပိုင် ယူ-၂၂ အသင်းမှာလက်ရွေးစင်အသင်းကြီးနှင့်အတူ အမေရိကန်နိုင်ငံသို့ သွားရောက်လေ့ကျင့်ပြင်ဆင်ထားသည့်အသင်းဖြစ်သည်။

"လက်ရှိ မြန်မာလူငယ်အသင်းအနေနဲ့ ခြေစစ်ပွဲအောင်ဖို့ ခက်ခဲတဲ့ အနေအထားမှာ ရှိပါတယ်။ ဒါပေမဲ့ ပရိသတ်တွေ မျှော်လင့်တာက နိုင်လိုစိတ်ပြင်းထန်မှု၊ နိုင်ငံအတွက် ပေးဆပ်လိုမှု၊ စည်းကမ်းရှိမှု၊ တည်ငြိမ်တဲ့ ခြေစွမ်းတွေကိုပါ။ အကောင်းဆုံးကြိုးစားပြမယ်ဆိုရင် ခြေစစ်ပွဲ မအောင်ဘူးထားဦး၊ ပရိသတ်တွေအနေနဲ့ မြန်မာလူငယ်အသင်းကို လက်ခံအားပေးကြမှာပါ"ဟုမြန်မာ့ဘောလုံးလေ့လာစောင့်ကြည့်သူတစ်ဦးကသုံးသပ်သည်။

ယခု ခြေစစ်ပွဲစဉ်အား နည်းပြပတ်ဆောင်ဟွာ အနေဖြင့် အောင်မြင်ရမည်ဟု အာမမခံနိုင်သေးဟု သတင်းတစ်ပုဒ်တွင် ပြောကြားထားခြင်းနှင့်ပတ်သက်၍ မိမိတို့ အားကစားသမားများအား ယုံကြည်မှုနည်းနေသေးသောကြောင့် အာမမခံနိုင်ဟု ထင်မြင်ပါကြောင်း၊ ထို့အတွက် မိမိတို့ အားကစားသမားများအား ယုံကြည်မှုရရှိစေရန် အတွက် အားလုံးကြိုးစားပြကြရမည်ဖြစ်ကြောင်း ကျော်ဇေယျာဝင်းကပြောသည်။ အသင်းခေါင်းဆောင်တစ်ဦး၏ စကားလုံးများက လက်တွေ့တွင် မည်သည့်အတိုင်းအတာအထိ စွမ်းဆောင်နိုင်မည်ဆိုသည်ကို လာမည့် ပွဲစဉ်များက သက်သေခံတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်အနေဖြင့်လည်း အုပ်စု(ဆ) ခြေစစ်ပွဲစဉ်များအား အောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားပြီး ငွေကြေးသုံးစွဲမှုတွင်ပင် အမေရိကန်ဒေါ်လာသုံးသိန်းခန့် ရှိကြောင်းသိရသည်။ ထို့ပြင် ညပိုင်းယှဉ်ပြိုင်မည့် ပွဲစဉ်များအတွက် အလင်းအားပိုကောင်းလာစေရန် သုဝဏ္ဏဘောလုံးကွင်း၌ ကန်ဒေါ်လာနှစ်သိန်းခွဲ တန်ဖိုးရှိ မီးသီးများကို တပ်ဆင်ပြီးဖြစ်သလို အောင်ဆန်းကွင်းကိုလည်း ပြင်ဆင်မှုများပြုလုပ်ထားသည်။

သို့သော် အိမ်ရှင်မြန်မာအသင်း ပွဲစဉ်အများစုမှာ ညနေ ၆ နာရီ ၁၅ နာရီ ပွဲစဉ်များတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်၍ ကွင်းထဲသို့ လာရောက် အားပေးလိုသည့် ပရိသတ်များအတွက် အပြန်ယာဉ်လိုင်းများ စီစဉ်ပေးထားနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ပရိသတ်များ၏ ပြောကြားချက်များအရသိရှိရသည်။

သုဝဏ္ဏကွင်းအား တိုးချဲ့ပြင်ဆင်လျက်ရှိသည့်အတွက် ကွင်းအနေအထား တဖြည်းဖြည်း အဆင့်မြင့်လာနေသော်လည်း ပရိသတ်လာရောက်အားပေးမှုမှာ တဖြည်းဖြည်း လျော့နည်းလာနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့်အတူ ကျဆင်းလာနေသည့် မြန်မာ့ဘောလုံးဂုဏ်သိက္ခာတို့အား ပြန်လည်မြှင့်တင်နိုင်ရန်အတွက်မြန်မာလိဂ်၏ အကောင်းဆုံးလူငယ်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၂ အသင်းက စွမ်းဆောင်နိုင်မလားဆိုသည်ကိုစောင့်ကြည့်ရမည်ဖြစ်သည်။

### မြန်မာ ယူ-၂၂ အသင်း

**ဂိုးသမား**-ကျော်ဇင်ဖြိုး၊ အောင်ဝေဖြိုး၊ မျိုးမင်းလတ်

**နောက်တန်း**-ဇော်မင်းထွန်း၊ နန္ဒကျော်၊ ရန်အောင်ဝင်း၊ အောင်ဟိန်းကျော်၊ ရဲဇော်ထက်အောင်၊ ရဲဝင်းအောင်

**အလယ်တန်း**-မျိုးဇော်ဦး၊ ဇော်လင်း၊ ကျော်ဇေယျာဝင်း၊ သိန်းသန်းဝင်း၊ နန္ဒလင်းကျော်ချစ်၊ နိုင်လင်းဦး၊ ဖြိုးကိုကိုသိန်း၊ သက်ပိုင်ဦး၊ ညီညီမင်း၊ ကြည်လင်း၊

**ရှေ့တန်း**-ကျော်ကိုကို၊ ကောင်းစည်သူ၊သက်နိုင်၊ချစ်မင်းစိုး

### မြန်မာအသင်းပွဲစဉ်များ

| | | |
|---|---|---|
| ဇွန်လ ၂၃ ရက် | ညနေ ၆း၁၅ | မြန်မာ - ဖိလစ်ပိုင် |
| ဇွန်လ ၂၅ ရက် | ညနေ ၆း၁၅ | မြန်မာ - ဗီယက်နမ် |
| ဇွန်လ ၂၈ ရက် | ညနေ ၆း၁၅ | မြန်မာ - တောင်ကိုရီးယား |
| ဇွန်လ ၃၀ ရက် | ညနေ ၃း၁၅ | မြန်မာ - တရုတ်တိုင်ပေ |
| ဇူလိုင်လ ၃ ရက် | ညနေ ၆း၁၅ | မြန်မာ - မလေးရှား |

(မြန်မာအသင်းပွဲစဉ်အားလုံး သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်)



# စပိန်နှင့် ဆိုက်ပရပ်စ်နိုင်ငံများတွင် ငွေကြေးစိတ်ချရမှု အဆင့်လျှော့ခံရ




**နယူးယောက်၊ ဇွန် - ၁၄**
နိုင်ငံတကာ ငွေကြေးအဆင့်သတ်မှတ်ရေး အေဂျင်စီဖြစ်သော Moody's ကုမ္ပဏီက စပိန်နှင့် ဆိုက်ပရပ်စ်နိုင်ငံများ၏ ငွေကြေးစိတ်ချရမှု အဆင့်များကို လျှော့ချလိုက်ကြောင်း သိရသည်။

စပိန်ဘဏ်များအား ကယ်တင်ရန်အတွက် ယူရိုငွေ ၁၀၀ ဘီလီယံချေးငွေ ကယ်ဆယ်ရေး ရန်ပုံငွေတစ်ရပ်ကို အခြားဥရောပနိုင်ငံများက သဘောတူညီခဲ့ပြီးနောက်ပိုင်း ယင်းသို့ငွေကြေးစိတ်ချရမှုအဆင့်လျှော့ချခဲ့ခြင်းဖြစ်သည်။ ဆိုက်ပရပ်စ်နိုင်ငံကလည်း ရှေ့လာမည့် ရက်အနည်းငယ်အတွင်း ကယ်ဆယ်ရေးရန်ပုံငွေ တောင်းဆိုဖွယ်ရှိသည်။

စပိန်အစိုးရသည် ချေးငွေဈေးကွက်တွင် ယူရိုငွေ စတင်သုံးစွဲပြီးနောက်ပိုင်း အမြင့်မားဆုံး အတိုးနှုန်းပေးရမည့် အခြေအနေရင်ဆိုင်နေရသည်။ ငွေချေးသောရင်းနှီးမြှုပ်နှံသူများကလည်း စပိန်နိုင်ငံ၏ အီးယူတွင် ပါဝင်မှုအနာဂတ်အပေါ် စိုးရိမ်မကင်းဖြစ်နေကြသည်။

စပိန်နိုင်ငံ၏ ငွေကြေးစိတ်ချရမှုမှာ A3 မှ Baa3 သို့အဆင့်သုံးဆင့်လျှော့ချခံရပြီး ဆိုက်ပရပ်စ်နိုင်ငံမှာ Ba1 မှ Ba2 သို့ အဆင့်နှစ်ဆင့်လျှော့ချခံခဲ့ရသည်။

*—Ref: BBC*

# အိန္ဒိယလေကြောင်းလိုင်း လေယာဉ်မှူးများကို ဒုတိယအကြိမ် အလုပ်ဖြုတ်ဖွယ်ရှိ

**နယူးဒေသလီ၊ ဇွန် - ၁၂**
၃၆ ရက်ကြာ ဆန္ဒပြနေသော လေယာဉ်မှူးများကို အလုပ်ဖြုတ်ရန် စဉ်းစားနေကြောင်း အိန္ဒိယနိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်း Air India ကပြောကြားသည်။

ဆန္ဒပြနေသော လေယာဉ်မှူးများနေရာတွင် အစားထိုးရန် လေယာဉ်မှူးအသစ်များ ငှားရမ်းသွားမည်ဖြစ်ကြောင်း လေကြောင်းဝန်ကြီးအာဂျစ်ဆင်းက ပြောကြားသည်။

ဘိုရင်း ၇၈၇ Dreamliner လေယာဉ်များ ပျံသန်းရေးလေ့ကျင့်သင်တန်းပေးခြင်းနှင့် ပတ်သက်၍ လေယာဉ်မှူးပေါင်း ၄၀၀ ကျော်ဆန္ဒပြနေခြင်းဖြစ်ပြီး နယူးဒေလီတရားရုံးချုပ်က လေယာဉ်မှူးများ၏ ဆန္ဒပြသပိတ်မှောက်ခြင်းမှာ တရားမဝင်ဟု ဆုံးဖြတ်ကာ လေကြောင်းလိုင်းက လေယာဉ်မှူးပေါင်း ၁၀၂ ဦးကို အလုပ်ဖြုတ်လိုက်ပြီဖြစ်သည်။

အိန္ဒိယလေယာဉ်မှူးများအစည်းအရုံး (IPG) အဖွဲ့ဝင်များဖြစ်သောလေယာဉ်မှူး ၃၀၀ ကျော်၏ ကိစ္စကို မာမာတင်းတင်း ကိုင်တွယ်ဖြေရှင်းသွားမည်ဟု နိုင်ငံပိုင်လေကြောင်းလိုင်းနှင့် နီးစပ်သည့် အသိုင်းအဝိုင်းက ပြောကြောင်း အိန္ဒိယသတင်းဌာန PTI ကထုတ်ပြန်သည်။

Air India နှင့် ၂၀၀၇ ခုနှစ်တွင် လာရောက်ပေါင်းစည်းခဲ့သော Indian Airlines မှ လေယာဉ်မှူးများအား ဘိုးရင်း Dreamliner များ ပျံသန်းရန် ဦးစားပေးလေ့ကျင့်ပေးရေး ဆုံးဖြတ်ချက်ကို လေယာဉ်မှူးများက ကန့်ကွက်ဆန္ဒပြနေခြင်းဖြစ်သည်။

*—Ref: The Hindu*

# ဒုံးကျည်ပစ်စင်များ မြောက်ကိုရီးယားသို့ ပေးပို့ခဲ့သည်ဆိုခြင်းကို တရုတ်ငြင်းဆို



**ဘေဂျင်း၊ ဇွန် - ၁၃**
တရုတ်နိုင်ငံသည်ပြီးခဲ့သည့်နှစ်အတွင်း ကုလသမဂ္ဂ၏ ပိတ်ဆို့တားဆီးမှုများကို ချိုးဖောက်၍မြောက်ကိုရီးယားနိုင်ငံသို့ တိုက်ချင်းပစ်ဒုံးကျည်ပစ်စင်လေးခု ပေးပို့လိုက်သည်ဆိုသော မီဒီယာသတင်းများကို ဘေဂျင်းအစိုးရက ငြင်းဆိုလိုက်သည်။

ရွေ့လျား သယ်ဆောင်နိုင်သော ဒုံးကျည်ပစ်စင်များကို ရေကြောင်းမှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံသို့ ပေးပို့လိုက်သည်ကို တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်ပြိုဟ်တုများက ထောက်လှမ်းသိရှိခဲ့ကြောင်း ဂျပန်မီဒီယာများတွင်ဖော်ပြခဲ့သည်။

သက်ဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအရ ပိတ်ပင်ထားသော ပစ္စည်းကိရိယာများကို တရုတ်ကုမ္ပဏီများအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ ပေးအပ်ခဲ့ခြင်းမရှိကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လျူဝေမင်းက ပုံမှန်သတင်းထုတ်ပြန်ချက်တစ်ရပ်တွင်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယား မပြန့်ပွားရေးနှင့် ပတ်သက်၍တရုတ်နိုင်ငံက အစဉ်တစိုက် ဘက်ပေါင်းစုံမှ ပါဝင်ဆွေးနွေးနေပြီး ကုလသမဂ္ဂ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာဆောင်ရွက်လျက်ရှိကြောင်း တရုတ်ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

*—Ref: Ria Novosti*



## အာဖဂန်နစ္စတန်တွင် ငလျင်ကြောင့် တစ်ရွာလုံးနီးပါး မြေအောက်ရောက်၍ လူ ၇၀ ကျော် သေဆုံးဖွယ်ရှိ

**မာဇာအီရှရစ်ဖ်(အာဖဂန်)၊ ဇွန် - ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ၏ တောင်ထူထပ်သော ဟင်ဒူကက်ရှ်ဒေသ၌ နာရီဝက်ခြား၍ ငလျင်နှစ်ခုလှုပ်ခဲ့ရာ ဘာကာခရိုင်ရှိ မူလာဂျန်ကျေးရွာမှ တစ်ရွာလုံးနီးပါး မြေအောက်ရောက်ခဲ့ပြီး လူပေါင်း ၇၀ ကျော်ခန့် သေဆုံးဖွယ်ရှိကြောင်းသိရသည်။

ငလျင်ကြောင့် ဘာဂလန်ပြည်နယ်အတွင်း အဆိုးရွားဆုံး ထိခိုက်ခဲ့ရာ ထိုကျေးရွာမှ အိမ်များသည် မြေပြိုမှုများကြောင့် မြေအောက်မီတာ ၁၀၀ အနက်အထိ နစ်မြုပ်ခဲ့ရပြီး အလောင်းနှစ်လောင်းသာပြန်လည်တူးဖော်ရရှိသေးကာကျန်မိမ်းမနှင့်ကလေး စုစုပေါင်း ၆၉ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်းသိရသည်။ အာဖဂန်အမျိုးသား သဘာဝဘေးဒဏ်ကာကွယ်ရေးဌာန အကြီးအကဲ မိုဟမ်မက်ဒိုင်ယန်ကာကာက ငလျင်ကြောင့် မြေပြိုမှုသည် ကျေးရွာတစ်ရွာလုံးကို မြေမြှုပ်ပစ်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများ၏ အသက်ရှင်သန်ခွင့်မှာလည်း ဖြစ်နိုင်ခြေအလွန်နည်းနေကြောင်း ပြောသည်။

"မနေ့ကရော ဒီနေ့မှာပါ မြေအောက်မီတာ ၂၀ အနက်အထိ တချို့နေရာတွေမှာ တူးဖော်ကြည့်ခဲ့ပေမယ့် ဘာအလောင်းမှ မတွေ့ခဲ့ရပါဘူး"ဟု ပြောသည်။ ဇွန် ၁၁ ရက်က လှုပ်ခဲ့သော ပထမငလျင်မှာ ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူဒ်ရှိခဲ့ပြီး ငလျင်ဗဟိုချက်မှာ ဖိုင်ဇာဘက်မြို့ အနောက်တောင်ဘက် ၁၆၀ ကီလိုမီတာတွင်ဖြစ်သည်။

ထို့ထက် ပိုပြင်းသော နောက်ဆက်တွဲငလျင်မှာ ထိုနေရာတွင်ပင်နောက် ၂၅ မိနစ်အကြာ၌ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူဒ်ဖြင့် ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးအဖွဲ့ကဖော်ပြသည်။

*—Ref: AFP*

## မြောက်ကိုရီးယားတွင် လူသန်းပေါင်းများစွာ ရိက္ခာပြတ်လပ်နေဟု ကုလသမဂ္ဂပြောကြား




**ဆိုးလ်၊ ဇွန် - ၁၂**

မြောက်ကိုရီးယား နိုင်ငံသားသန်းပေါင်းများစွာသည် စားနပ်ရိက္ခာပြတ်လပ်မှု ခံစားနေရပြီး ကျန်းမာရေးစောင့်ရှောက်မှုလည်း မရရှိဘဲ ကလေးသုံးဦးတွင် တစ်ဦးမှာ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုမရှိကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားလိုက်သည်။ မြောက်ကိုရီးယားနိုင်ငံတွင်း၌ လုပ်ကိုင်နေသော ကုလအေဂျင်စီခြောက်ခု၏ ပူးတွဲအစီရင်ခံစာ၌ နိုင်ငံ့လူဦးရေသုံးပုံနှစ်ပုံ(၁၆ သန်း) ခန့်မှာ နိုင်ငံတော်မှ ခွဲဝေပေးသော ရိက္ခာခွဲတမ်းစနစ်အပေါ် မှီခိုနေရပြီး ရိက္ခာမလုံလောက်မှုကို ခံစားနေရကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် အသက်ငါးနှစ်အောက် ကလေးသုံးဦးတွင် တစ်ဦးမှာ အာဟာရချို့တဲ့မှုများကြောင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနိမ့်ကျနေကြောင်းဆိုသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင်လည်း မကြာခဏလျှပ်စစ်မီးပြတ်တောက်မှုနှင့်မရှိမဖြစ်လိုအပ်သောဆေးဝါးပမာဏမှာလည်း ၃၀ ရာခိုင်နှုန်းခန့်သာရှိကြောင်းသိရသည်။

ကုလသမဂ္ဂအေဂျင်စီများကရိက္ခာပြတ်လပ်မှုများကို အစိုးရ၏ ပေါ်လစီပြောင်းလဲမှုများပြုလုပ်မှ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားထားပြီး လူသားချင်းစာနာသည့် အကူအညီများလည်း လိုအပ်နေကြောင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် မြောက်ကိုရီးယား၌ လုပ်ကိုင်နေသော ကုလအေဂျင်စီများအတွက် ယခုနှစ်တွင် ရန်ပုံငွေဒေါ်လာ ၁၉၈ သန်းလိုအပ်မည်ဖြစ်ပြီး ယင်းမှ ၄၀ ရာခိုင်နှုန်းကိုပြီးခဲ့သည့်မေလတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

*—Ref: AFP*






7 DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012





Photo: Getty Images

# ယူရိုဇုန်မှ ထုတ်ပယ်ခံရနိုင်ကြောင်း ဂရိနိုင်ငံကို ပြင်သစ်သမ္မတ သတိပေး

**ပါရီ၊ ဇွန် - ၁၄**

ဂရိနိုင်ငံအနေဖြင့် ၎င်း၏ ဘဏ္ဍာရေးအကျပ်အတည်းအား ကယ်တင်ထားစဉ်က ကတိကဝတ်များကို မဖြည့်ဆည်းနိုင်ပါက အချို့သောယူရိုဇုန်နိုင်ငံများက ဂရိအား ယူရိုဇုန်မှ ထွက်ခွာသွားစေလိုနေကြောင်း ပြင်သစ်သမ္မတ ဟော်လန်ဒီက ဂရိရွေးကောက်ပွဲကျင်းပရန်လေးရက်အလိုတွင် ဂရိနိုင်ငံသားများအား သတိပေးပြောကြားလိုက်သည်။

နိုင်ငံ၏ အနာဂတ်အတွက် ဂရိနိုင်ငံသားများ ကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိကြောင်း အသိအမှတ်ပြုရင်း ရွေးကောက်ပွဲ မဲခွဲဆုံးဖြတ်မှုက ဘဏ္ဍာရေးကယ်ဆယ်မှု သဘောတူညီချက်ကို မလိုက်နာနိုင်သောအနေအထားပြသပါက ယူရိုဇုန်တွင် ဂရိနိုင်ငံအား မရှိစေလိုသောနိုင်ငံများ ရှိလာနိုင်ကြောင်း မစ္စတာဟော်လန်ဒီက ဂရိမက်ဂါချယ်နယ် ရုပ်သံလိုင်းအား ပြောကြားသည်။

ဂရိနိုင်ငံသည် ရက်သတ္တပတ်ခြောက်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ပါလီမန်ရွေးကောက်ပွဲကို ယခုလာမည့် ဇွန်လ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဘဏ္ဍာရေး ကယ်ဆယ်မှုသဘောတူညီချက်ကို ဆွဲဆုတ်ပစ်မည်ဟု ပြောကြားထားသော လက်ဝဲစွန်းဆီရီဇာပါတီမှာ ရွေးကောက်ပွဲနိုင်ရန် အလားအလာကောင်းနေပြီး အခြားပါတီများကလည်း စာချုပ်ပါ အချက်များကို ပြန်လည်ညှိနှိုင်းလိုကြကြောင်း သိရသည်။

—*Ref: AFP*

# အာဖဂန်နစ္စတန် အနာဂတ်အရေး ကဘူးလ်တွင် ဆွေးနွေး

**ကဘူးလ်၊ ဇွန် - ၁၄**

၂၀၁၄ ခုနှစ်တွင် နေတိုးတပ်ဖွဲ့များထွက်ခွာသွားပြီးနောက်ပိုင်း အာဖဂန်နစ္စတန် အနာဂတ်အတွက် နိုင်ငံတကာ ဆွေးနွေးပွဲကို ဇွန်လ ၁၄ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံက လက်ခံကျင်းပခဲ့ကြောင်း သိရသည်။ တစ်ရက်အကြာ ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကြမည်ဖြစ်ပြီး နိုဝင်ဘာလအတွင်း တူရကီနိုင်ငံတွင် ကျင်းပသည့် အစည်းအဝေးနောက်ဆက်တွဲအဖြစ် ဆက်လက်ကျင်းပခြင်းဖြစ်သည်။

ယင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးများလည်း တက်ရောက်ကြမည်ဖြစ်ရာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယမ်ဟေ့ဂ်သည် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ၍ ဆီးရီးယားအစိုးရအား ထိန်းချုပ်ရန် ရုရှားနိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကိုအသုံးချရန် မော်စကိုအား ဖိအားပေးသွားမည်ဟု မစ္စတာဝီလီယမ်ဟေ့ဂ်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် ဆူပူအုံကြွမှုများဖြစ်ပေါ်ပြီး ၁၅ လကြာမြင့်လာခဲ့ပြီးနောက် လူပေါင်း ၁၄,၁၀၀ သေဆုံးခဲ့ပြီဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးများအပြင် ကဘူးလ်မြို့တွင် ကျင်းပမည့် ဆွေးနွေးပွဲကို နိုင်ငံတကာအဖွဲ့ အစည်းများ၊ နေတိုး၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြမည်ဖြစ်သည်။ ယင်းအစည်းအဝေးတွင် အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို ဖြိုခွင်းရေး၊ သဘာဝဘေးအန္တရာယ်များ ကိုင်တွယ်ဖြေရှင်းရေးနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေး တိုးတက်ခိုင်မာရေးအကြောင်းအရာများ ဆွေးနွေးကြမည်ဖြစ်သည်။

—*Ref: AFP*




7 DAY NEWS JOURNAL

# International

Vol.11, No.15 • JUNE 21 , 2012

## ပြင်သစ်ပါလီမန်ကို သမ္မတသစ်၏ ဆိုရှယ်လစ်များ အပြည့်အဝထိန်းချုပ်

**ပါရီ၊ ဇွန် - ၁၈**

ဇွန်လ ၁၇ ရက်တွင် ကျင်းပခဲ့သော ပြင်သစ်ပါလီမန်ရွေးကောက်ပွဲ၌ ဆိုရှယ်လစ်များက ပါလီမန်အမတ်နေရာ အပြတ်အသတ် အသာစီးရရှိခဲ့ပြီး သမ္မတဟော်လန်ဒီ၏ ယူရိုဇုန်အကျပ်အတည်းအား ကျော်လွှားနိုင်ရေး အစီအစဉ်များ အကောင်အထည်ဖော်ရန် လိုအပ်သောလူများစုနေရာ ရရှိခဲ့ကြောင်း သိရသည်။

အမတ်နေရာပေါင်း ၅၇၇ နေရာရှိသော ပါလီမန်တွင် ဆိုရှယ်လစ်အုပ်စုက ၃၁၄ နေရာရရှိခဲ့ရာ လက်ဝဲစွန်းနှင့် အစိမ်းရောင်ပါတီတို့ကို အားကိုးရန်လိုအပ်တော့မည်မဟုတ်ပေ။

မစ္စတာဟော်လန်ဒီသည် မေလကကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း နီကိုးလပ်စ်ဆာကိုဇီအပေါ် အနိုင်ရရှိခဲ့ပြီး ပြင်သစ်နိုင်ငံအနေဖြင့် ယူရိုဇုန်အကျပ်အတည်းကို ကျော်လွှားနိုင်ရန်နှင့် အလုပ်လက်မဲ့နှုန်းမြင့်တက်မှုကို ဖြေရှင်းနိုင်ရန် ၎င်းအုပ်စုမှ ပါလီမန်အမတ်များအား မဲပေးကြရန် မဲဆန္ဒရှင်များအား တိုက်တွန်းပြောကြားခဲ့သည်။

စာ(၄၅)သို့



Photo: AFP

# ဆီးရီးယား အရပ်သားများကို ကယ်တင်ရန် လိုအပ်နေပြီဟု ကုလစောင့်ကြည့် လေ့လာရေးအဖွဲ့ အကြီးအကဲ ပြောကြား

**ဘေရွတ်၊ ဇွန် - ၁၈**

ဆီးရီးယား ပဋိပက္ခတွင် ပါဝင်နေသောနှစ်ဖက်စလုံး၏ တိုက်ခိုက်မှုများကြား၌ ပိတ်မိနေသော အရပ်သားများကို ကယ်တင်ရန် ချက်ချင်းလက်ငင်းစီစဉ်ပေးရန်လိုအပ်ကြောင်း ကုလစောင့်ကြည့်လေ့လာရေးအဖွဲ့ခေါင်းဆောင်က ပြောကြားလိုက်သည်။

စာ(၄၅)သို့

## ဂရိရွေးကောက်ပွဲတွင် နိုင်ငံတကာမှ ကူညီကယ်ဆယ်သည့်အစီအစဉ်လိုလားသော ပါတီများ အနိုင်ရ



Photo: AFP

**အေသင်၊ ဇွန် - ၁၈**

ဇွန်လ ၁၇ ရက်တွင် ကျင်းပသော ရွေးကောက်ပွဲ၌ အယူဝါဒစွဲ ပြင်းထန်သော လက်ဝဲစွန်းပါတီများအပေါ် အောင်ပွဲခံပြီးနောက် နိုင်ငံတကာက ဂရိနိုင်ငံအား ကူညီကယ်ဆယ်သည့် အစီအစဉ်ကို ထောက်ခံသော ပါတီများက အစိုးရတစ်ရပ် ဖွဲ့စည်းရန် စတင်ပြင်ဆင်နေကြောင်း သိရသည်။

နိုင်ငံတကာ ငွေချေးငှားသူများကို အန်တု၍ ဂရိနိုင်ငံအား ကယ်ဆယ်ခဲ့သော အစီအစဉ်ကို ဖျက်သိမ်းပစ်မည်ဆိုသော အယူစွဲပြင်းထန်သည့် ဆီရီဇာပါတီအပေါ် အနိုင်ရရှိခဲ့ပြီးနောက် ကွန်ဆာဗေးတစ်ဒီမိုကရေစီသစ်ပါတီခေါင်းဆောင် အန်တိုနစ်ဆာမာရက်စ်က ၎င်းတို့အစိုးရအား ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြရန် တိုက်တွန်းပြောကြားသည်။

စာ(၄၅)သို့

## အခက်အခဲများဖြေရှင်းရန် ကန်ဒေါ်လာ ၄၃၀ ဘီလီယံ အိုင်အမ်အက်ဖ်ရမည်ဟု တရုတ်ယုံကြည်

**လော့စ်ကာဘိုစ်၊ ဇွန် - ၁၈**

ကြွေးမြီတင်ရှိနေသော အစိုးရများအား အကာအကွယ်ပေးရန် ကန်ဒေါ်လာ ၄၃၀ ဘီလီယံရရှိရေး နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က စီစဉ်ထားရာ ယင်းငွေပမာဏရရှိရန် စီးပွားရေးအင်အားကြီးလာသော နိုင်ငံများက ပါဝင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားသည်။

စာ(၄၅)သို့

**ကလေးတစ်ဦးထက်ပိုယူမိသည့် ကိုယ်ဝန်ခုနစ်လအရွယ် အမျိုးသမီးကို အတင်းအကျပ်ကိုယ်ဝန်ဖျက်ချခိုင်းမိ၍ တရုတ်အာဏာပိုင်များ တောင်းပန်**

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အချပ်ပို
Vol.11, No.15 • JUNE 21 , 2012




မျက်နှာဖုံးမှအဆက်

# ဒေါ်အောင်ဆန်းစုကြည် နှစ်ပေါင်း ၂၁ နှစ်ကြာမှ ငြိမ်းချမ်းရေးနိုဗယ်ဆု ကိုယ်တိုင်လက်ခံရယူနိုင်

သူမ၏ အမှတ်သညာများထဲမှ တစ်ခုဖြစ်သော နှင်းဆီပန်းများကို ဦးခေါင်းထက်တွင် ပန်ဆင်ထားပြီး ဗေဒါရောင်ပဝါစကို ခရမ်းရင့်ရင့် ရင်ဖုံးအင်္ကျီပေါ်တွင် စုံချကာ အဖြူခံခရမ်းချိတ်ကို တင့်တယ်ကျက်သရေနှင့်ပြည့်စုံစွာဝတ်ဆင်ထားသောဒေါ်အောင်ဆန်းစုကြည်မှာ နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ မြို့တော်ခန်းမ၏ မင်းပရိသတ်အလယ်၌ ဇွန်လ ၁၆ ရက်က ရောက်ရှိနေခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၁ နှစ်ခန့်က ချီးမြှင့်ခံခဲ့ရသော သူမကိုယ်တိုင် တက်ရောက်ရယူနိုင်ခြင်းမရှိခဲ့သည့်ငြိမ်းချမ်းရေးနိုဗယ်ဆုကိုယခု၂၀၁၂ခုနှစ်ဇွန်လ၁၆ရက်တွင် သူမကိုယ်တိုင် သွားရောက်လက်ခံယူသည့် အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ သည်။ ထို အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်၏ သားငယ် ကိုထိန်လင်း၊ The Lady မင်းသမီး မီရှဲယိုးတို့လည်းတက်ရောက်သည်ကိုတွေ့ရပြီး နော်ဝေဘုရင်မင်းမြတ်နှင့် တော်ဝင်မိသားစုပါ တက်ရောက်ဂုဏ်ပြုခဲ့သည်။ နိုဗယ်ဆုကို ၂၁ နှစ်ကြာမှ တရားဝင် ကိုယ်တိုင်လက်ခံယူခဲ့သော ဖြစ်စဉ်မျိုး ဆုပေးပွဲ သမိုင်းတစ်လျှောက် မရှိခဲ့ပေ။ ဆုပေးပွဲတွင် စောင်းမောင်နေဝါက 'မေတ္တာရွှေစောင်း' သီချင်းဖြင့် ဂုဏ်ပြုတီးခတ်ခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က သူမ၏ ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုနှင့် အစချီပြောကြားခဲ့သည်။

ဟိုး . . လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက တစ်ခါတလေ အဲဒါဟာ ဘဝပေါင်းများစွာအကြာကလို့တောင် ထင်ရမယ်။ အဲဒီတုန်းက ကျွန်မဟာ အောက်စဖို့ဒ်မြို့မှာ ကျွန်မသား အလက်ဇန်းဒါးနဲ့အတူ Desert Island Discs ရေဒီယို အစီအစဉ်ကို နားထောင်နေခဲ့မိပါတယ်။ ဒီအစီအစဉ်ဟာ နာမည်ကြီး အစီအစဉ်တစ်ခုဖြစ်ပြီး(ကျွန်မသိရသလောက်လည်း ဆက်ပြီး နာမည်ကြီးဆဲ) ဖြစ်ကာ အဲဒီမှာ ဘဝနယ်ပယ်ပေါင်းစုံက ပုဂ္ဂိုလ်တွေကို လူသူဝေးတဲ့ ကျွန်းတစ်ခုမှာ သောင်တင်ရတဲ့အခါ (သူတို့အကြိုက်) ဓာတ်ပြားရှစ်ချပ်၊ သမ္မာကျမ်းစာနဲ့ ရှိတ်စပီးယားစာပေါင်းစုမပါ (သူတို့အကြိုက်) စာအုပ်တစ်အုပ်အကြောင်းနဲ့ ကိုယ်လိုချင်တဲ့ ဇိမ်ခံပစ္စည်းတစ်ခုအကြောင်းကို ပြောဖို့ ဖိတ်ကြားဟောပြောလေ့ရှိပါတယ်။ အစီအစဉ်ဆုံးတော့ ကျွန်မတို့နှစ်ခြိုက်ကျေနပ်မိပြီး အလက်ဇန်းဒါးက ကျွန်မကိုမေးပါတယ်။ ဒီ Desert Island Discs အစီအစဉ်မှာ စကားပြောဖို့ ဖိတ်ကြားခံကောင်း ခံရမယ်လို့ မေမေတွေးဖူးလားတဲ့။ "ဘာကြောင့်မဖြစ်နိုင်ရမှာလဲ" ကျွန်မ ပေါ့ပေါ့ပါးပါးနဲ့ ပြန်ပြောမိတယ်။ ဒီအစီအစဉ်မှာ ပါဝင်တတ်တာ နာမည်ကျော်တွေချည်းပဲဆိုတာ ယေဘုယျအားဖြင့် သူသိထားပေမယ့် တကယ့်စိတ်ဝင်တစားနဲ့ သူက ကျွန်မကို ဘာအကြောင်းကြောင့် ကျွန်မကိုဖိတ်ကြားလိမ့်မယ်ထင်သလဲလို့ မေးပါတယ်။ ကျွန်မလည်း တစ်ခဏလောက်စဉ်းစားပြီး အဖြေပေးမိတယ်။ "ဘာကြောင့်လဲဆို အမေက စာပေနိုဗယ်ဆုဆွတ်ခူးခံရလို့ အဖိတ်ခံရကောင်းခံရမှာပေါ့"လို့။ ပြီးတော့ ကျွန်မတို့ နှစ်ဦးရယ်မိကြရော။ ဒီအလားအလာဖြစ်နိုင်ခြေဟာ ကျေနပ်စရာကောင်းပေမယ့် ဖြစ်နိုင်ခဲလှပါတယ်။

အခုတော့ ဒီအဖြေကို ဘာကြောင့် ကျွန်မ ပေးရလဲမမှတ်မိတော့ပါဘူး။ ဖြစ်နိုင်တာက ကျွန်မဟာအဲဒီမကြာခင်လေးကမှနိုဗယ်ဆုရသူတစ်ဦးရေးတဲ့ စာအုပ်တစ်အုပ်ဖတ်ထားမိတော့ ဒါမှမဟုတ် အဲဒီအချိန်က Desert Island မှာပါတဲ့ နာမည်ကြီးတစ်ဦးဦးဟာ ကျော်ကြားတဲ့ စာရေးဆရာဖြစ်နေတာမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ကွယ်လွန်သူ ကျွန်မခင်ပွန်း မိုက်ကယ်အဲရစ်ဟာ ၁၉၈၉ မှာ ကျွန်မရဲ့ ပထမအကြိမ် နေအိမ်အကျယ်ချုပ်ကာလအတွင်းကျွန်မကို တွေ့ဖို့ ရောက်လာခဲ့ပါတယ်။ သူရဲ့ မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဂျွန်ဖင်းနစ်က ကျွန်မကို နိုဗယ်ငြိမ်းချမ်းရေးဆု ဆန်ခါတင်စာရင်းအတွက် အဆိုပြုထားကြောင်း ပြောပါတယ်။ အဲဒီတစ်ကြိမ်မှာကျွန်မရယ်မိတယ်။ ရုတ်တရက်တော့ မိုက်ကယ်လည်း အံ့ဩသွားပုံပါပဲ။ ဒီနောက်တော့ ကျွန်မဘာကြောင့်ရယ်မောမိလဲဆိုတာ သူနားလည်သွားတယ်။ နိုဗယ်ငြိမ်းချမ်းရေးဆုတဲ့လား။ ကျေနပ်စရာ အလားအလာတစ်ခု။ ဒါပေမဲ့ တော်တော်လေး မဖြစ်နိုင်တာပေပေါ့။ ဒါ့ကြောင့် နိုဗယ်ငြိမ်းချမ်းရေးဆုကို ကျွန်မ တကယ်ချီးမြှင့်ခံလိုက်ရတော့ ကျွန်မ ဘယ်လိုခံစားခဲ့ရပါသလဲ။ ဒီမေးခွန်းက ကျွန်မဆီ အကြိမ်များစွာပေါ်လာတယ်။ ဒါဟာ တကယ်လည်း ကျွန်မအတွက် နိုဗယ်ဆုဆိုတာ ဘာကိုဆိုလိုတာလဲဆိုတာကိုစူးစမ်းကြည့်ဖို့နဲ့ ကျွန်မအတွက်ငြိမ်းချမ်းရေးဆိုတာ ဘာကိုဆိုလိုတာလဲဆိုတာကို စူးစမ်းဖို့ အသင့်တော်ဆုံးအခြေအနေပါပဲ။

### မိန့်ခွန်းကောက်နုတ်ချက်များ

ငြိမ်းချမ်းရေးအပေါ် မြန်မာ့အယူအဆကို "ငြိမ်းချမ်းမှုနဲ့ သာယာဝပြောမှုတို့ကို ဆန့်ကျင်ကာကွယ်ထားတဲ့ အချက်တွေ ရပ်ဆိုင်းသွားခြင်းမှ ထွက်ပေါ်လာတဲ့ပျော်ရွှင်ရမှု"အဖြစ် ရှင်းပြနိုင်ပါတယ်။ 'ငြိမ်းချမ်း'ဆိုတဲ့ မြန်မာစကားလုံးကို တိုက်ရိုက်ဘာသာပြန်ရရင် မီးတစ်ခုငြိမ်းသတ်လိုက်တဲ့အခါ ရလာတဲ့ အကျိုးအမြတ်ရှိတဲ့ အေးချမ်းမှု beneficial coolness အဖြစ် ဘာသာပြန်နိုင်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ဒုက္ခမီးတွေနဲ့ သဘောထားကွဲလွဲမှုမီးတွေ တောက်လောင်လျက်ရှိနေပါတယ်။ ကျွန်မရဲ့ တိုင်းပြည်မှာလည်း မြောက်ဘက်ဖျားဒေသမှာ ရန်လိုမှုတွေ အပြီးမသတ်သေးပါဘူး။ အနောက်ဘက်ဒေသမှာဆိုလည်း ဒီနေ့ဒီကိုရောက်လာဖို့ ထွက်လာတဲ့ ကျွန်မရဲ့ ခရီးစဉ်မစတင်မီ ရက်အနည်းငယ်မှာပဲ မီးရှို့မှု၊ သတ်ဖြတ်မှုတွေနဲ့ လူ့အုပ်စုအကြမ်းဖက်မှုတွေ ဖြစ်နေပါတယ်။ တချို့နေရာတွေမှာ မျိုးဖြုတ်သတ်ဖြတ်မှုသတင်းတွေဟာ မြေပေါ်လျှံတက်နေပါတယ်။ ငတ်မွတ်မှု၊ ရောဂါဘယ၊ နေရာရွှေ့ပြောင်းခံရမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ ဆင်းရဲနွမ်းပါးမှု၊ တရားမျှတမှုကင်းမဲ့ခြင်း၊ ခွဲခြားဖိနှိပ်ဆက်ဆံခြင်း၊ အယူအစွဲတွေနဲ့ အာဃာတတရားတွေ။ ဒါတွေဟာ ကျွန်မတို့နေ့စဉ် စားသုံးနေရတာတွေပါပဲ။ နေရာတိုင်းမှာ အဖျက်စွမ်းအားတွေက ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်တွေကို စားသုံးပစ်နေကြတယ်။ ကျွန်မတို့ ကမ္ဘာကြီးမှာ ပျော်ရွှင်မှုနဲ့ အေးချမ်းမှုကို ထိန်းသိမ်းဖို့မရှိမဖြစ်လိုအပ်တဲ့လူသားရင်းမြစ်တွေနဲ့ ရုပ်ဝတ္ထုတွေကို အဆင်ခြင်မဲ့ သုံးဖြုန်းမှုကို နေရာတိုင်းမှာတွေ့နိုင်ပါတယ်။

■

"လူ့အခွင့်အရေးကိုဂရုမစိုက်ခြင်းနှင့် မထီမဲ့မြင်ပြုခြင်းသည် လူသားမျိုးနွယ်၏ ယုံကြည်မှုကို ဒေါမာန်ထွက်စေသော ရိုင်းစိုင်းသည့်အပြုအမူများကို ထွက်ပေါ်စေခဲ့ သည်။ လူသားမျိုးနွယ်တို့ ပါဝင်သော ကမ္ဘာလောကပေါ်ထွန်းလာခြင်းသည် လွတ်လပ်စွာပြောဆိုခွင့်၊ ယုံကြည်ခွင့်နှင့် အကြောက်တရားမှ လွတ်ကင်းရေးကိုခံစားစေရမည်။ ဘုံလူသားအပေါင်း၏ အမြင့်မားဆုံး စိတ်ဆန္ဒများအဖြစ် သတ်မှတ်ခဲ့ပြီ။

အကယ်၍ လူသားသည် နောက်ဆုံး ခိုလှုံရာအဖြစ် ကူညီမှုမရရှိလျှင် ဖိနှိပ်မှုနှင့် အကြမ်းဖက်အုပ်ချုပ်မှုတို့ကို ပုန်ကန်ခြင်းဖြင့် လူ့အခွင့် အရေးများကို ဥပဒေစိုးမိုးမှုဖြင့်ကာကွယ်ပေးသင့်သည်"

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအတွက် ဘာကြောင့်တိုက်ပွဲဝင်နေသလဲလို့မေးရင် ဒီစာပိုဒ်တွေက အဖြေပေးပါလိမ့်မယ်။ ဘာကြောင့် ကျွန်မ တိုက်ပွဲဝင်နေသလဲမေးရင်ဒါဟာ ဒီမိုကရေစီအဖွဲ့အစည်း၊ အဆောက်အအုံတွေနဲ့ အလေ့အကျင့်တွေဟာ လူ့အခွင့်အရေးကို အာမခံချက်ပေးဖို့အတွက် မရှိမဖြစ်လိုအပ်လို့ပါ။

■

မကြာသေးမီကကျွန်မရဲ့တိုင်းပြည်တွင်းဖြစ်ပေါ်ခဲ့တဲ့အပြောင်းအလဲတွေကြောင့် လူကြီးမင်းတို့နဲ့အတူ ကျွန်မ ရှိနေခဲ့တာဖြစ်ပါတယ်။ ဒီအပြောင်းအလဲတွေဖြစ်ပေါ်လာခဲ့ရတာဟာ လူကြီးမင်းတို့နဲ့ အခြားသော လွတ်လပ်မှုနဲ့ တရားမျှတမှုကို ချစ်မြတ်နိုးသူတွေကြောင့်ဖြစ်ပြီး ဒီလူတွေက ကျွန်မတို့ရဲ့အခြေအနေကို ကမ္ဘာလုံးဆိုင်ရာအဆင့် အာရုံစိုက်မှုရအောင် လုပ်ပေးခဲ့ပါတယ်။ ကျွန်မတိုင်းပြည်အကြောင်း ဆက်မပြောခင် ကျွန်မတို့ရဲ့ ယုံကြည်ချက်အကျဉ်းသားတွေအကြောင်း ပြောချင်ပါတယ်။ ဒီလို အကျဉ်းသားမျိုးတွေ မြန်မာနိုင်ငံမှာ ရှိနေဆဲပါပဲ။ လူသိများတဲ့ အထိန်းသိမ်းခံအကျဉ်းသားတွေကို ပြန်လွှတ်ပေးခဲ့ပြီး ကျန်နေတာက လူသိပ်မသိတဲ့သူတွေမို့ မေ့သွားကြမှာကြောက်ရပါတယ်။

■

ကျွန်မရဲ့ပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ကျွန်မဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဖြစ်စဉ်မှာ မည်သည့်အခန်းကဏ္ဍကမဆို ပါဝင်ဖို့ ဆန္ဒရှိနေပြီး အသင့်ရပ်တည်နေပါတယ်။ သမ္မတဦးသိန်းစိန်အစိုးရက ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ပြည်တွင်းအင်အားစုများအားလုံးဖြစ်တဲ့ တပ်မတော်၊ တိုင်းရင်းသားလူမျိုးစုံ၊ နိုင်ငံရေးပါတီတွေ၊ မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအသင်းအပင်းတွေ၊ စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းနဲ့ အားလုံးထဲမှာ အရေးအကြီးဆုံးဖြစ်တဲ့ ပြည်သူလူထုကြီးရဲ့ လိမ္မာပါးနပ်စွာ ပူးပေါင်းဆောင်ရွက်မှုနဲ့မှသာ တာရှည်ခံနိုင်မှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ပြည်သူတွေရဲ့ဘဝတွေ တိုးတက်တယ်ဆိုမှသာ ထိရောက်မှုရှိတယ်လို့ပြောနိုင်မှာပါ။ ဒီအပိုင်းမှာ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အဓိကအခန်းကပါဝင်နေပါတယ်။ ဖွံ့ဖြိုးရေးနဲ့ လူသားချင်းစာနာမှုအထောက်အပံ့တွေ၊ နှစ်ဖက်သဘောတူစာချုပ်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေဟာ အသေအချာပူးပေါင်းဆောင်ရွက်သင့်ပြီး အဲဒါတွေက တာရှည်ခံပြီး ဟန်ချက်ညီမျှတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးပါလိမ့်မယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ အလားအလာဟာ အလွန်ကြီးမားလှပါတယ်။ ကျွန်မတို့ပြည်သူတွေ ပိုကြွယ်ဝချမ်းသာလာရုံမျှမက လုံခြုံမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှုရှိရှိနေထိုင်နိုင်တဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် ထိန်းကျောင်းဖွံ့ဖြိုးစေသင့်ပါတယ်။

■

မြန်မာနိုင်ငံမှာ ဒီမိုကရေစီလှုပ်ရှားမှုထဲ ကျွန်မပါဝင်ခဲ့စဉ်မှာ ကျွန်မဟာ ဆုတစ်ခုခု၊ ဂုဏ်ပြုခံရမှုတစ်ခုခုရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဖူးပါဘူး။ ကျွန်မတို့လုပ်ဆောင်နေခဲ့တဲ့ဆုဟာ လွတ်လပ်၊ လုံခြုံစိတ်ချရပြီး ကျွန်မတို့ပြည်သူတွေဟာလည်း ကိုယ့်ရဲ့ ဖြစ်နိုင်ခြေစွမ်းအားအပြည့်အဝကို သဘောပေါက် နားလည်နိုင်စွမ်းရှိတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒီဂုဏ်ပြုခံရမှုဟာ ကျွန်မတို့ရဲ့ ရှာဖွေမှုမှာ လဲလျောင်းနေပါတယ်။ သမိုင်းက ကျွန်မတို့ကို ကိုယ်ယုံကြည်ရာအကြောင်းတစ်ခုအတွက် အကောင်းဆုံးလုပ်ပေးဖို့ အခွင့်အလမ်းပေးထားခဲ့ပါတယ်။ နိုဗယ်ကော်မတီက ကျွန်မကို ဆုနဲ့ဂုဏ်ပြုဖို့ ရွေးချယ်လိုက်တဲ့အခါ ကျွန်မကိုယ်တိုင်ရဲ့ လွတ်လပ်မှုအတွက် ရွေးချယ်ခဲ့တဲ့ လမ်းမဟာ နောက်က လူတွေလိုက်ပါဖို့အတွက် အထီးကျန်တဲ့ လမ်းလေးသက်သက်ဖြစ်လာတော့မှာမဟုတ်ပါဘူး။ ဒီအတွက် ကော်မတီကိုကျွန်မကျေးဇူးတင်ပါတယ်။ နော်ဝေပြည်သူတွေနဲ့ ကမ္ဘာတစ်ဝန်းက ငြိမ်းချမ်းရေးအတွက် ဘုံသဘောဆောင်တဲ့ အောင်မြင်မှုရဖို့ ယုံတဲ့ ကျွန်မရဲ့ ယုံကြည်မှုကို အားကောင်းစေအောင် ထောက်ခံပေးခဲ့တဲ့ ပြည်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

■

ဒီဆုက ကျွန်မကိုပိုပြီးကျယ်ပြန့်တဲ့ လူ့အသိုင်းအဝိုင်းကြီးထဲ ပြန်ဆွဲခေါ်သွားခဲ့တယ်။ ဒီမှာ အဲဒါထက် ပိုအရေးကြီးတာကတော့ နိုဗယ်ဆုဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုအတွက် တိုက်ပွဲကို ကမ္ဘာကြီးရဲ့ အာရုံစိုက်မှုရအောင် ဆွဲခေါ်ခဲ့ပါတယ်။ ကျွန်မတို့ မေ့လျော့ခံရဖို့မရှိတော့ပါဘူး။

မေ့လျော့ခံရခြင်း။ ပြင်သစ်တွေပြောတာတော့ ခွဲခွာရခြင်းဟာ နည်းနည်းသေရခြင်းပဲတဲ့။ မေ့လျော့ခံရခြင်းဟာလည်း နည်းနည်းချင်းသေဆုံးရခြင်းပါပဲ။ ဒါဟာ ကျန်တဲ့လူသားထုတစ်ရပ်လုံးနဲ့ ကျွန်မတို့ကိုချိတ်ဆက်ထားတဲ့ အဆက်အသွယ်တချို့ ဆုံးရှုံးရခြင်းပဲ။

**အချပ်ပို(B)သို့**

7 DAY NEWS JOURNAL
Vol.11, No.15 ▪ JUNE 21 , 2012

# သမ္မတမိန့်ခွန်းတွင် ဘတ်ဂျက်၊ ပုဂ္ဂလိကပိုင်ပြုခြင်း၊ မြေယာအသုံးချမှု၊ အလုပ်သမားနှင့် စွမ်းအင်ကိစ္စ အဓိကပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၉**

သမ္မတဦးသိန်းစိန်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအဆင့်ပြုပြင်ပြောင်းလဲလုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဇွန်လ ၁၉ရက်တွင် ပြောကြားသောမိန့်ခွန်းတွင်အချက်လေးချက်အား အဓိကထားပြောကြားသွားခဲ့သည်။

အဆိုပါ အချက်လေးချက်မှာ ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)၊ နိုင်ငံခြားအကူအညီ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

"ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ နိုင်ငံတော် အရ-အသုံးငွေစာရင်းကိုကြည့်ရင်(၂၀၁၁-၂၀၁၂) ဘဏ္ဍာနှစ်မှာ လိုငွေ(-)၂,၁၅၉,၅၃၄ကျပ်သန်းရှိပြီး(၂၀၁၂-၂၀၁၃)ဘဏ္ဍာနှစ်မှာ လိုငွေ(-)၁,၉၅၃,၇၁၂ ကျပ်သန်းခန့်ဖြစ်ပေါ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘတ်ဂျက်လိုငွေ နှစ်ရှည်ကြာစွာဖြစ်ပေါ်ပါက နိုင်ငံ့စီးပွားရေးကို ထိခိုက်လာပြီး နောက်ဆက်တွဲ ဆိုးကျိုးတွေ မဖြစ်အောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရှိထိရောက်မယ့် လုပ်ငန်းများမှာ ထိရောက်အကျိုးရှိအောင် အသုံးပြုခြင်း၊ စီးပွားရေးတွက်ခြေမကိုက်တဲ့လုပ်ငန်းများ၊ မလိုအပ်တဲ့လုပ်ငန်းများကို လျှော့ချခြင်း၊ အသုံးစရိတ်များ ချွေတာခြင်းတို့ကို တစ်ဖက်က လုပ်ဆောင်ရမှာ ဖြစ်သလို အခြားတစ်ဖက်ကလည်း နိုင်ငံပိုင်အခန်းကဏ္ဍကို လျှော့ပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကိုပြောင်းလဲဆောင်ရွက်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး(Privatization)ကို ဆောင် ရွက်ရမှာဖြစ်ပါတယ်"ဟု ထည့် သွင်းပြောဆိုသွားခဲ့သည်။

ထို့အပြင် ဒုတိယသမ္မတဦးဆောင်သော "ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အသစ်"ကိုပြင်ဆင်ဖွဲ့စည်းပေးပြီး ပြောင်းလဲလုပ်ဆောင်သွားမှာ ဖြစ်ကြောင်းလည်း ပါရှိသည်။

"ဖွံ့ဖြိုးဆဲနိုင်ငံများကို လေ့လာကြည့်ရင် အဲဒီနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Development Goals)နဲ့ ဆင်းရဲမှုလျှော့ချရေးစတဲ့ ထောင်စုနှစ်ရည်မှန်းချက်များ (Millennium Development Goals)ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံရဲ့ဘတ်ဂျက်ငွေ တစ်ခုတည်းနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံတကာအကူအညီအထောက်အပံ့ (Grant/Aid)၊ ချေးငွေ (Loan)နဲ့ နည်းပညာအကူအညီများ ရယူဆောင်ရွက်ကြရပါတယ်။

အလုပ်သမားများနှင့် ပတ်သက်၍ ပြည်သူများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရာမှာ အလုပ်ရရုံသက်သက်မဟုတ်ဘဲ ထိုက်သင့်သော အခြေခံလုပ်ခလစာများ ပြည့်ပြည့်ရရှိရေးအတွက် အလေးထားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ အခြားနိုင်ငံများနည်းတူ အနည်းဆုံး အခကြေးငွေဥပဒေတစ်ရပ်ရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းရန် စီစဉ်ထားပါတယ်။

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဆောင်ရွက်ရာမှာ အခြားနိုင်ငံများနှင့်မတူဘဲ အခက်အခဲတွေ့နေရတဲ့ ကိစ္စရပ်တစ်ခုကတော့ မြေအသုံးချမှု(Land use) မြေကစားမှု (Land Speculation)စတဲ့ မြေယာပြဿနာများပဲဖြစ်ပါတယ်" ဟုလည်း ပြောကြားသွားခဲ့သည်။

အဆိုပါကိစ္စများ ဖြေရှင်းရန် အစိုးရက မြေယာအသုံးချမှု မူဝါဒများရေးဆွဲပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ မြေယာခွဲဝေအသုံးချမှု စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် မြို့ရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံ



ကိန်းများအတွက် မြေယာခွဲဝေအသုံးချမှု စီစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ စွမ်းအင်ကိစ္စအရပ်ရပ်အတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee)ကို ဖွဲ့စည်းပြီး ရေတို၊ ရေရှည်အစီအမံများအတွက် အမျိုးသားလျှပ်စစ်စီမံကိန်း (National Electricity Plan)ကို အမျိုးသားစွမ်းအင်မူဝါဒ (National Energy Policy)နှင့်အညီ ရေးဆွဲဆောင်ရွက်သွားမည်ဟုဆိုသည်။ အမျိုးသားလျှပ်စစ်စီမံကိန်း ရေးဆွဲပြီးပါက ဆက်စပ်ဆောင်ရွက်သွားရမည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် စွမ်းအင်ဆိုင်ရာ စီမံကိန်းများကို ရေးဆွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပါဝင်သည်။

လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ရေအားလျှပ်စစ်သာမက သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ကျောက်မီးသွေး၊ နေအား၊ လေအားနှင့် အခြားဇီဝနှင့် စွန့်ပစ်ပစ္စည်းလောင်စာတို့မှ ထုတ်လုပ်နိုင်သမျှ ထုတ်လုပ်ပြီး ဖြန့်ဝေပေးရေး ကြိုးပမ်းရန် လိုအပ်လာပြီဖြစ်ကြောင်းလည်း သမ္မတကဆက်လက်ပြောကြားသည်။

"တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်နှင့်ပြည်သူတစ်ဦးချင်း၏ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမယ့်တာဝန်မှာ အစိုးရတစ်ဖွဲ့လုံးအပေါ်မှာ တာဝန်ရှိတယ်ဆိုတာကို အလေးအနက်ခံယူပြီး မည်သည့်လုပ်ငန်းကဏ္ဍကိုဆောင်ရွက်သည်ဖြစ်စေ အောက်ခြေအထိဆင်းပြီး အောင်မြင်သည်အထိ ဆောင်ရွက်သွားကြပါလို့ မှာကြားရင်း နိဂုံးချုပ်ပါတယ်"ဟု သမ္မတက ပြောကြားသွားခဲ့သည်။

## ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အများဆုံးဆောင်သော ကုမ္ပဏီ၁၀၀စာရင်းထုတ်ပြန်

**အောင်သူရ၊ထူးသန့်**

**ရန်ကုန်၊ ဇွန်-၁၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သော အခွန်ထမ်းကုမ္ပဏီ ၁၀၀စာရင်းအား ထုတ်ပြန်လိုက်သည်။

အဆိုပါစာရင်းနှစ်ခုစလုံးတွင် Myanmar Brewery Ltd (မြန်မာဘီယာထုတ်လုပ်သောကုမ္ပဏီ)က ဦးဆောင်နေပြီး ဝင်ငွေခွန်ထမ်းဆောင်သော ၁၀ခု စာရင်းတွင်ထုတ်လုပ်ရေးနှင့်ဆောက်လုပ်ရေး၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ဆောင်သော ၁၀ ခု စာရင်းတွင် ဟိုတယ်လုပ်ငန်းတို့ ပါဝင်လာသည်။

ဝန်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီ၁၀ ခုစာရင်းတွင် နာမည်ကြီးကုမ္ပဏီများထဲမှ ကမ္ဘောဇဘဏ်က နံပါတ် ၂၊ Max Myanmar ဆောက်လုပ်ရေးကုမ္ပဏီက နံပါတ် ၇ နေရာတွင် ပါဝင်လာပြီး A1 ဆောက်လုပ်ရေးက နံပါတ် ၁၀ နေရာတွင် ပါဝင်လာခဲ့သည်။

ထို့အတူ ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်သော ၁၀ ခု စာရင်းတွင် ရန်ကုန်ဟိုတယ်က နံပါတ် ၉ နှင့် Btraits Greenfield Ltd က နံပါတ် ၁၀ နေရာတွင် ပါဝင်လာခဲ့သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော ၁၀ ခုတွင် ကမ္ဘောဇဘဏ်က နံပါတ်တစ်ရရှိပြီး CB ဘဏ်က နံပါတ် ၅ နှင့် ဖွံ့ဖြိုးရေးဘဏ်တို့က နံပါတ် ၇ တို့ရရှိခဲ့ကြသည်။ Myanmar Brewery Ltd ကမူ ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သော ကုမ္ပဏီများတွင် နံပါတ် ၁ နေရာတွင် ပါဝင်ခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမြတ်ခွန်ကောက်ခံခြင်းအား ဖျက်သိမ်းခဲ့ပြီး ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့်အောင်ဘာလေသိန်းဆုခွန်တို့သာ ကောက်ခံတော့မည်ဟု ညွှန်ကြားရေးမှူးဦးအောင်မျိုးကြည်ကပြောသည်။

## မျိုးကျော့မြိုင်က ဟိန်းမင်းသူကို အမှုပြန်ဖွင့်

**အေးသူစံ** **ရန်ကုန်၊ ဇွန် - ၁၈**

အဆိုတော်မျိုးကျော့မြိုင်က ၎င်းအား မရမ်းကုန်းရဲစခန်းတွင် အမှုဖွင့်ထားသော မောင်ဟိန်းမင်းသူကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၁ဖြင့် ပြန်လည်အမှုဖွင့်ထားကြောင်း အဆိုတော်မျိုးကျော့မြိုင်၏ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

"မောင်ဟိန်းမင်းသူအပေါ်ကိုမျိုးကျော့မြိုင်က ပုဒ်မ-၃၈၁နဲ့ အမှုဖွင့်ထားပါတယ်။ အဲဒီလိုပဲ တစ်ဖက်ကလည်း မျိုးကျော့မြိုင်အပေါ်မှာ ပုဒ်မ-၂၉၄၊ ၃၂၅၊ ၅၀၆တို့နဲ့ အမှုဖွင့်ထားတယ်။ ရဲက စစ်ဆေးတုန်းပဲရှိသေးတယ်။ တရားရုံးမတင်ရသေးဘူး။ တရားရုံးတင်တော့မှ ဘယ်သူ့မှာ အပြစ်ရှိတယ်၊ ဘယ်သူ့မှာ အပြစ်မရှိဘူးသိရမှာ"ဟု ဦးခင်ဇော်ကပြောသည်။

အဆိုတော် မျိုးကျော့မြိုင်က ၎င်း၏ အိမ်အကူ မောင်ဟိန်းမင်းသူအား ထိခိုက်ဒဏ်ရာရစေရန် ရိုက်နှက်ခဲ့သည်ဟုဆိုကာ အရေးယူပေးပါရန် ဟိန်းမင်းသူက မရမ်းကုန်းရဲစခန်းသို့တိုင်ကြားခဲ့ပြီး နောက် အဆိုတော်မျိုးကျော့မြိုင်ကလည်း မောင်ဟိန်းမင်းသူကို ပြန်လည်အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဇွန်လ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၎င်း၏ရှေ့နေ ဦးခင်ဇော်က 'အဆိုတော်မျိုး ကျော့မြိုင်နှင့်ပတ်သက်၍ မမှန်မကန် သတင်းရေးသား၊ ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ခြင်း' ဟူသည့်ခေါင်းစဉ်ဖြင့် ကြေညာချက်တစ်ရပ်ကို ထည့်သွင်းလာခဲ့သည်။

"ဒီအမှုက တရားရုံး မဆုံးဖြတ်သေးဘူး။ အပြင်က ဂျာနယ်တွေက ရေးချင်သလိုရေးနေတဲ့အတွက် ဒီကြော်ငြာကို ထည့်ရခြင်းဖြစ်ပါတယ်"ဟု ရှေ့နေဦးခင်ဇော်ကပြောကြားသည်။

အထက်ပါအမှုများအတွက်တရားရင်ဆိုင်ရန် ရှေ့နေဦးသန်းဇော်ကို ငှားရမ်းထားပြီဖြစ်ကြောင်း အမှုအတွက် ကုန်ကျစရိတ်အဝဝကို ၎င်းနေထိုင်သော မြောက်ဥက္ကလာပ(၂)ရပ်ကွက်ရှိ ပရဟိတအဖွဲ့အစည်းမှ အကုန်ကျခံသွားမည်ဖြစ် ပြီး ယခုကဲ့သို့ ၎င်းအား မျိုးကျော့မြိုင်က အမှုဖွင့်ခြင်းအတွက် စိတ်မကောင်းဖြစ်မိသော်လည်း အမှုကို အဆုံးသတ်သည်အထိ ကြိုးစားရင်ဆိုင်သွားမည်ဖြစ်ကြောင်း မောင်ဟိန်းမင်းသူက 7 Day News သို့ပြောသည်။

## အချပ်ပို၊ ဒေါ်အောင်ဆန်းစုကြည် နှစ်ပေါင်း၂၁နှစ်ကြာမှ ငြိမ်းချမ်းရေးနိုဗယ်ဆု ကိုယ်တိုင်လက်ခံရယူနိုင် မှ

မကြာမီက ကျွန်မရဲ့ ထိုင်းနိုင်ငံအလည်အပတ်ခရီးစဉ်အတွင်း မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ၊ ခိုလှုံသူတွေကို ကျွန်မတွေ့တော့ လူတော်တော်များများက အော်ဟစ်ပြောကြတယ်။ "ကျွန်တော်၊ ကျွန်မတို့ကို မမေ့ပါနဲ့"တဲ့။ သူတို့ ဆိုလိုတာက "ကျွန်တော်၊ ကျွန်မတို့ရဲ့ ဆိုးရွားတဲ့အခြေအနေကိုမမေ့ပါနဲ့။ သင့်ကမ္ဘာလေးထဲမှာ ကျွန်တော်၊ ကျွန်မတို့လည်းပါတယ်ဆိုတာကိုလည်းမမေ့ပါနဲ့" လို့ဖြစ်ပါတယ်။ နိုဗယ်ဆုကော်မတီက ကျွန်မကို ငြိမ်းချမ်းရေးချီးမြှင့်စဉ်မှာ သူတို့ဟာ မြန်မာနိုင်ငံမှာ အထီးကျန်နေ၊ အဖိနှိပ်ခံနေရတာတွေဟာ ကမ္ဘာကြီးရဲ့အစိတ်အပိုင်းတစ်ခုလည်းဖြစ်တယ် ဆိုတာ သိနားလည်ခဲ့ပါတယ်။ သူတို့ဟာ လူသားမျိုးနွယ်ထုရဲ့ တစ်ခုတည်းသောသဘောကိုသိနားလည်ခဲ့ပါတယ်။ ဒါ့ကြောင့် နိုဗယ်ဆုလက်ခံရယူခြင်းဟာ ကျွန်မအတွက် ပုဂ္ဂိုလ်ရေးအားဖြင့် အမျိုးသားနိုင်ငံနယ်နိမိတ်တွေကိုကျော်လွန်ပြီး လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအတွက် ကျွန်မရဲ့ပူပန်မှုတွေကို တိုးချဲ့နေခြင်းလည်းမည်ပါတယ်။

■

ကမ္ဘာကြီးရဲ့ နေရာအားလုံးမှာ နိုင်ငံရေးခိုလှုံသူတွေရှိနေပါတယ်။ မကြာမီက ထိုင်းက မဲလဒုက္ခသည်စခန်းကို ကျွန်မရောက်စဉ်တုန်းက ကိုယ့်အဖော်တွေရဲ့ ဘဝတွေကို အခက်အခဲကနေ ဖြစ်နိုင်သမျှ လွတ်မြောက်အောင် ဖန်တီးပေးဖို့ ကြိုးပမ်းနေတဲ့ ရည်ရွယ်ချက်ကောင်းတဲ့လူတွေကိုတွေ့ခဲ့ရပါတယ်။ သူတို့က ကရုဏာအမောဖောက်မှု/Compassion Fatigue လို့ဘာသာပြန်လို့ရနိုင်ကောင်းတဲ့"ဒါနအမောဖောက်မှု/donor fatigue နဲ့ပတ်သက်လို့ သူတို့ရဲ့ ပူပန်ရမှုကို ပြောပြကြပါတယ်။ "ဒါနရှင်အမောဖောက်မှု" (ဒါနရှင်တို့ စိတ်ကုန်လာမှု) ဆိုတာဟာ တိတိကျကျဖော်ပြရရင် ရန်ပုံငွေလျှော့ချမှုကို ဖော်ပြတာပါပဲ။ "ကရုဏာအဖော်ဖောက်မှု" (ဝါ) ကရုဏာစိတ်နည်းလာမှု Compassion fatigue ဆိုတာကတော့ စိတ်ပူပန်မှုလျော့ကျခြင်းကိုနည်းနည်းထင်ထင်ရှားရှားဖော်ပြလာနေတာပါပဲ။ တစ်ခုဟာနောက်တစ်ခုရဲ့ အကျိုးဆက်ပါပဲ။ ကျွန်မတို့ဟာ ကရုဏာအမောဖောက်မှုကိုစွမှာ လုပ်ချင်စရာလုပ်နိုင်ကြပါသလား။ ဒုက္ခသည်တွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ကုန်ကျစရိတ်ဟာ၊ အကန်းတစ်ယောက်မဟုတ်ဘူးဆိုရင် သူတို့ရဲ့ဒုက္ခကို မျက်နှာလွှဲကြည့်လိုက်လို့ ဖြစ်လာတဲ့အကျိုးဆက် ကုန်ကျစရိတ်ထက် ပိုကြီးမားနေလို့လား။ ကမ္ဘာ့အလှူရှင်တွေ အနေနဲ့ ခိုလှုံရာရှာနေကြတဲ့ တစ်ခါတလေဆို အဲဒါဟာ မအောင်မြင်တဲ့ရှာဖွေမှု လိုလိုတောင်ဖြစ်နေမယ့် အဲဒီလူတွေရဲ့ လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးကြဖို့ကျွန်မမေတ္တာရပ်ခံအပ်ပါတယ်။

## မျက်နှာဖုံး-တရုတ်အစပ်ချောင်းမုန့်စား၍ ကလေးငယ်အချို့ ဝမ်းပျက်ဝမ်းလျှောဖြစ်ဟုဆို မှ

ထို့ကြောင့် အဆိုပါအစားအစာနှင့်ပတ်သက်၍ FDA က စားသုံးရန်သင့်၊ မသင့်စစ်ဆေးပေးလျှင် အကောင်းဆုံးဖြစ်မည်ထင်ကြောင်း ဒေါက်တာအောင်ဇော်ဝင်းက အကြံပြုပြောကြားသည်။

အဆိုပါကလေး သရေစာမုန့်အား တရုတ်နိုင်ငံတွင် မည်သူမှမစားကြောင်းနှင့် ယမန်နှစ်မှစ၍ စာသင်ကျောင်းများ၌ရောင်းချခြင်းမပြုရန် ညွှန်ကြားခဲ့သော်လည်း လိုက်နာသူနည်းပါးကြောင်း မူဆယ်ဒေသခံ လူမှုရေးလုပ်ငန်းလုပ်ကိုင်နေသူ ဦးသောင်းထွန်းကပြောသည်။

"စာသင်ကျောင်းမှာ မရောင်းနဲ့ဆိုပေမယ့် အပြင်မှာရောင်းနေတော့ ဝယ်စားလို့ရတယ်။ သက်ဆိုင်ရာက စနစ်တကျဆောင်ရွက်ပေးမှရမှာ"ဟု ဦးသောင်းထွန်းက ဆိုသည်။

အဆိုပါအစပ်ချောင်းများအား ပုံစံ ၂၅မျိုးဖြင့် တရုတ်နိုင်ငံမှမြန်မာနိုင်ငံသို့တင်ပို့နေပြီး တစ်ထုပ်လျှင် တစ်ရာကျပ်သာရှိကြောင်းသတင်းရရှိသည်။

# ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်မှု ဒဏ်ရာရသူ သုံးဦးတွင် တစ်ဦးကွယ်လွန်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်-၁၉**

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်တွင်း၌ ဖြစ်ပွားခဲ့သော ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်မှုကြောင့်ဒဏ်ရာရရှိသူသုံးဦးအနက် အမျိုးသမီးတစ်ဦး ဇွန်လ ၁၈ ရက်တွင် သေဆုံးသွားကြောင်း သေဆုံးသူ၏ ဦးလေးဖြစ်သူ ဦးသန်းထွန်းက ပြောသည်။

အဆိုပါမီးလောင်မှုကြောင့် သေဆုံးသူ မမိဇင် အသက်(၁၇ နှစ်) အား ရန်ကုန်ဆေးရုံကြီးဦးနှောက်နှင့် အာရုံကြောဌာနၶ ကုသလျက်ရှိရာ ယခုလ ၁၈ ရက် နံနက် ၆ နာရီခွဲအချိန်၌ ကွယ်လွန်သွားခဲ့ပြီး သက်ဆိုင်ရာ ဆရာဝန်များက ဦးခေါင်းပိုင်းထိခိုက်မှုနှင့် လည်ပင်း၌ ပြင်းထန်စွာ ဒဏ်ရာရရှိမှုကြောင့် သေဆုံးသွားခဲ့သည်ဟု ပြောကြားကြောင်း ဦးသန်းထွန်းက ပြောသည်။

"အခု သေဆုံးတဲ့ သူက ကျွန်တော့်တူမပါ။ ဒဏ်ရာရတဲ့အထဲမှာ ကျွန်တော့်သားလည်း ပါတယ်။ အခုဒီလိုဖြစ်တာ ရွှေနဒီ ကုမ္ပဏီဘက်က ကျွန်တော်တို့ကို ဘာတစ်ခုမှ ဆောင်ရွက်ပေးခြင်းမျိုး မရှိဘူး။ ကုမ္ပဏီကိုတော့ အကြောင်းကြားစာပို့ထားတယ်။ အကြောင်းမပြန်ရင်တော့ အခုဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး တရားရုံးကို ဦးတိုက်လျှောက်မယ်။ နောက်ပြီး နိုင်ငံတော်ကိုလည်း စာတင်မယ်။ လူ့အခွင့်အရေးအဖွဲ့အစည်းတွေဆီကိုလည်း ဆက်ပြီး စာတင်သွားဖို့ ရှိတယ်" ဟု ကောင်းမြတ်သူ သဲ၊ ကျောက်၊ ကွန်ကရစ်လုပ်ငန်းမှ ပိုင်ရှင်ဦးသန်းထွန်းက ဆိုသည်။

အဆိုပါ အမှုနဲ့ပတ်သက်၍ ဘက်ဟိုးယာဉ်မောင်းအား အမှုနှစ်ခုဖြင့် ပုဒ်မ ၂၈၅/၃၃၇/၃၀၄(က)နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ-၆၁ အရ အရေးယူထားကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျန်ဒဏ်ရာရရှိသူ အမျိုးသားနှစ်ဦးအနက် ကိုဇော်မင်းဝင်းမှာ မီးလောင်မှုကြောင့် ဘယ်ညာ လက်နှစ်ဖက်အပါဝင်နားရွက်တို့၌ ဒဏ်ရာများ ရရှိပြီး ကျန်တစ်ဦးမှာ ခြေမ၌ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်။

# ကားအရောင်းအဝယ် အေးစက်

**အောင်သူရ၊ အေးမြတ်သူ**

**ရန်ကုန်၊ ဇွန် - ၁၈**

လက်ကျန် ယာဉ်အိုယာဉ်ဟောင်းများ လာအပ်ရန် က. ည. န အခွန်လျှော့ချပေးလိုက်ပြီးနောက် ကားအရောင်းအဝယ်ဈေးကွက် ထပ်မံအေးစက်သွားပြီး ယာဉ်အိုယာဉ်ဟောင်းဈေးနှုန်းများပါ ထပ်မံကျဆင်းသွားကြောင်း သတင်းရရှိသည်။

မူဝါဒ မထုတ်ပြန်မီအချိန်ထိ အပ်နှံရမည့် 'ပ'အက္ခရာကားဈေးနှုန်းမှာ ကျပ် ၇၅ သိန်းဝန်းကျင်မှ ကျပ် ၅၅ သိန်းထိ ဈေးကျသွားခဲ့သည်ဟု ကားဝယ်ရောင်းလုပ်သူများကဆိုသည်။

"အခု ထုတ်ပြန်လိုက်တဲ့ မူဝါဒမှာဆို က. ည. န အခွန်က ၁၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းထိသက်သာသွားတယ်။ အရင်ကလာအပ်တဲ့ကားကကားကောင်းဆိုရင် ၃၀ ရာခိုင်နှုန်းကောက်တယ်။ အခုက အားလုံးကို ၄၀ ရာခိုင်နှုန်းဆိုတော့ ၁၀ ရာခိုင်နှုန်းသက်သာသွားတယ်ဆိုရင် ၁၅ ရာခိုင်နှုန်းဆိုတော့ ၂၅ ရာခိုင်နှုန်းသက်သာသွားတယ်" ဟု ဆာကူရာကားအရောင်းစင်တာမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ကားဝယ်မည့်သူများမှာ ဈေးနှုန်းထပ်ကျမည်ထင်၍ ဝယ်ယူမှုကျဆင်းခဲ့ပြီး ထုတ်ပြန်ချက်ထွက်လာသည့်နေ့မှစ၍ ကားအရောင်းအဝယ် အေးစက်သွားကြောင်း အရောင်းစင်တာမှ တာဝန်ရှိသူများကဆိုသည်။

ဆိပ်ကမ်းအရောက်တန်ဖိုး (CIF)ဒေါ်လာ ၅,၀၀၀ သတ်မှတ်ထားသောကားတစ်စီးအတွက်၁၀ ရာခိုင်နှုန်းသက်သာပါကဒေါ်လာ ၅၀၀ ခန့် သက်သာသွားသဖြင့် ကားဈေးပါ လိုက်ချရောင်းပေးနေရကြောင်း Summit Life ကားအရောင်းစင်တာမှ ဒါရိုက်တာ ဦးမောင်မောင်လွင်ကပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စီမံချက်ပထမပိုင်း 'ပ'အက္ခရာအထိ အပ်နှံရန် ကျန်ယာဉ်များအား အပ်နှံယာဉ်ပေါ် ကောင်း/ညံ့မခွဲခြားဘဲ ၄၀ ရာခိုင်နှုန်း လျှော့ချကောက်ခံမည်ဖြစ်ပြီး စီမံချက်ဒုတိယပိုင်း 'ဗ'အက္ခရာမှ အနှစ် ၂၀ ကျော် အပ်နှံယာဉ်များအပေါ် ၆၀ ရာခိုင်နှုန်း လျှော့ချကောက်ခံမည်ဖြစ်သည်။

ခေတ္တပြန်သုံးရန် ခွင့်ပြုထားသောယာဉ်များ၊ နှစ် ၂၀ ကျော် အပ်နှံရန် ကျန်ယာဉ်များအား သုံးလအတွင်း အပ်နှံပါက လက်ရှိပေးထားသည့်အခွင့်အရေးများ ရရှိမည်ဖြစ်သော်လည်း သုံးလကျော်မှ အပ်နှံပါက လက်ရှိအခွင့်အရေးအတိုင်း ရရှိချင်မှ ရရှိနိုင်မည်ဟု က. ည. န က ထုတ်ပြန်ခဲ့သည်။

ဇွန်လ ၁၄ ရက်အထိ မှတ်ပုံတင်ဖျက်သိမ်းပြီးယာဉ်၅၄,၉၀၆ စီးတွင် အစားထိုးတင်သွင်းရန် လျှောက်ထားယာဉ် ၄၈,၉၁၉ စီး ရှိပြီး ခေတ္တပြန်သုံးရန် လျှောက်ထားခွင့်ပြုယာဉ် ၅,၉၁၀ စီး ရှိသည်။

# ဒုက္ခသည်များ လုံခြုံရေး အာမခံချက်ရမှ အိမ်ပြန်ရမည်

**ဥက္ကာကိုကို**

**စစ်တွေ၊ ဇွန် - ၁၇**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် ထွက်ပြေးတိမ်းရှောင်နေကြသော ဒုက္ခသည်များသည် ကြောက်စိတ်ဖြင့် မိမိနေအိမ်ကို စွန့်ခွာလာကြသူများပြားပြီး စိတ်ဓာတ်ရေးရာကျဆင်းထိတ်လန့်မှုကြောင့် မိမိတို့ရပ်ရွာသို့ပြန်ရဲကြမည်မဟုတ်ကြောင်း ဒေသခံများကပြောကြားသည်။

ဒုက္ခသည်များသည် ၎င်းတို့နေထိုင်သော ကျေးရွာ၊ ရပ်ကွက်များတွင် ဥပဒေစိုးမိုးပြီး လုံခြုံကြောင်းအာမခံချက်ကို အစိုးရကတိကျစွာ ပေးနိုင်ပါမှ ပြန်ရဲကြမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"လုံခြုံတယ်ဆိုတာ အစိုးရက အာမခံချက်ပေးနိုင်တဲ့အချိန်ကျမှ ပြန်ကြမယ်။ မပေးရင် ဒီအတိုင်းမနေရဲဘူး"ဟု ဒေသခံ ရခိုင်တိုင်းရင်းသားတစ်ဦးက ပြောသည်။ ဇွန်လ ၁၆ ရက်က စစ်တွေမြို့သို့ဒုက္ခသည်ဦးရေတစ်ထောင်ခန့် ထပ်မံရောက်ရှိလာခဲ့သည်ဟုသတင်းရရှိသည်။

# အကြမ်းဖက်မှုများကြောင့် မိသားစုနှင့် အဆက်အသွယ်ပြတ်နေသူများ ကြက်ခြေနီအသင်းကူညီမည်

**ထွန်းနိုင်**

**ရန်ကုန်၊ ဇွန်-၆**

ရခိုင်ပြည်နယ် ပဋိပက္ခအတွင်း အဆက်အသွယ်ပြတ်တောက်နေသည့် မိသားစုဝင်များ ပြန်လည်အဆက်အသွယ်ရရှိရန် ကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူဦးရေ ထောင်ပေါင်းများစွာ နေအိမ်များမှ စွန့်ခွာထွက်ပြေးနေရသည့် အဆိုပါပဋိပက္ခအတွင်း အဆက်အသွယ် ပြတ်တောက်ခဲ့သည့် မိသားစုဝင်များနှင့် ပြန်လည်အဆက်အသွယ် ရရှိရန် ပြည်တွင်းပြည်ပမှ အကူအညီတောင်းခံသူများအား အခမဲ့ကူညီပေးသွားမည်ဟု MRCS မိသားစုပြန်လည်ဆက်သွယ်ပေးရေး ယူနစ်မှ ညှိနှိုင်းရေးမှူးဒေါ်စုစုလင်းက ပြောသည်။

"ကြက်ခြေနီတွေက သက်ဆိုင်ရာဒေသအာဏာပိုင်တွေနဲ့ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်စုစုလင်းက ပြောသည်။

အဆိုပါ အကူအညီပေးရေး အစီအစဉ်ထံသို့ ပဋိပက္ခဖြစ်ပွားလျက်ရှိသောဇွန်လ၉ရက်မှ၁၄ရက် အတွင်း လာရောက်အကူအညီတောင်းခံသူ ဘူးသီးတောင်မြို့နယ်မှ ၇၂ ဦးအား ဘေးကင်းရန် ကွာရှိနေကြောင်း ၎င်းတို့မိသားစုဝင်များထံ ဆက်သွယ်အကြောင်းကြားပေးနိုင်ခဲ့သည်။ ကလေးငယ် ၁၃ ဦးအား ၎င်းတို့မိဘများနှင့်ပြန်လည်အဆက်အသွယ်ရရှိအောင် ကူညီပေးနိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

ပြည်တွင်းတွင် နေထိုင်သူများအနေဖြင့် MRCSမိသားစုပြန်လည်ဆက်သွယ်ပေးရေး ယူနစ်ရုံးစိုက်ရာ ရန်ကုန်မြို့ ကမ်းနားလမ်း၊ အမှတ် ၄၂၊ ၄ လွှာ၊ ဖုန်း-၀၁-၃၈၃၆၈၄ သို့လည်းကောင်း၊ ပြည်ပတွင် နေထိုင်သူများအနေဖြင့် ပဋိပက္ခဒေသအတွင်းရှိ မိသားစုဝင်များနှင့် အဆက်အသွယ်ရရှိရန် ၎င်းတို့ နေထိုင်သော နိုင်ငံများရှိ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှတစ်ဆင့်လည်းကောင်း ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း ညှိနှိုင်းရေးမှူး ဒေါ်စုစုလင်းက ပြောသည်။

ရခိုင်ပြည်နယ် ပဋိပက္ခအတွင်း လတ်တလော စိစစ်ချက်များအရ မေလ ၂၈ ရက်မှ ဇွန် ၁၄ ရက်အထိ လူစုလူဝေ ၇၈ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူ ၅၀ ဦး၊ ဒဏ်ရာရသူ ၅၄ ဦးရှိခဲ့ပြီး အဆောက်အအုံ ၂၂၃၀ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း နိုင်ငံပိုင်သတင်းစာများက ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် လူအသေအပျောက် အများဆုံး သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် နာဂစ်မုန်တိုင်း တိုက်ခတ်အပြီး အဆက်အသွယ်ပြတ်တောက်ခဲ့သည့် နိုင်ငံအနှံ့မှ မိသားစုဝင်များတွင်လည်း အဆိုပါ အစီအစဉ်မှ တစ်ဆင့် ကူညီဆက်သွယ်ပေးခဲ့ဖူးသည်။

# စစ်တွေအမှတ်–၁ ရဲစခန်းရှေ့တွင် ဆူပူခဲ့သူများနှင့် သံသယရှိသူများကို ဖမ်းဆီး

**ဥက္ကာကိုကို၊ ဖိုးသီဟ**

**ရန်ကုန်၊ ဇွန်-၁၈**

စစ်တွေမြို့ အမှတ်-၁ ရဲစခန်းရှေ့တွင် ဇွန်လ ၃ ရက်က ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှု၌ ပါဝင်ပတ်သက်ခဲ့မှုနှင့်ပါဝင်ပတ်သက်မှုရှိသည်ဟု သံသယရှိသူများကို အမှတ်(၁)ရဲစခန်းမှ ဇွန် ၁၆ ရက်တွင်စတင်ခေါ်ယူစစ်ဆေးဖမ်းဆီးလျက်ရှိကြောင်း ခေါ်ယူစစ်ဆေးခံရသူများ၏ မိသားစုဝင်များက ပြော သည်။

ဇွန်လ၁၈ ရက်ထိ ရဲစခန်းမှ ခေါ်ယူစစ်ဆေးဖမ်းဆီးထားသူ ၂၃ ဦးရှိသည်။

ဇွန်လ ၃ ရက်က အခင်းဖြစ်ပွားပြီးချိန်တွင် တရားခံဟုယူဆရသူကိုးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းတို့အနက်မှ ပြစ်မှုကျူးလွန်ခြင်းမရှိသူများကို ပြန်လွှတ်ပေးခဲ့ကြောင်း အမှတ်(၁)ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။

"ဖြစ်ပြီးတဲ့အချိန်မှာ အဓိကတရားခံလို့ယူဆရသူတွေကို ကျွန်တော်တို့ ဖမ်းဆီးစစ်ဆေးခဲ့ပါတယ်။ တချို့မှာ အပြစ်မရှိတဲ့အတွက် ပြန်လွှတ်ပေးခဲ့ပါတယ်။ ကျန်တဲ့လူတွေကိုတော့ဥပဒေပုဒ်မ (၆/၁)နဲ့ တရားစွဲဆိုသွားမှာပါ" ဟု အဆိုပါ ရဲအရာရှိက 7Day News သို့ပြောသည်။

စစ်တွေမြို့မဈေးနှင့် နာဇီဈေးတို့တွင် ဈေးလေလံကိစ္စနှင့်ပတ်သက်၍ မကျေနပ်မှုဖြစ်ပွားရာမှ အမှတ်(၁) ရဲစခန်းရှေ့တွင် စတင်ခဲ့သော အဆိုပါ ဆူပူဆန္ဒပြမှုကြောင့် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ လူ ၁၂ ဦးသေနတ်ဒဏ်ရာရရှိခဲ့ပြီး လေးဦးကိုရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရသည်။

**ပြင်ဆင်ဖတ်ရှုပါရန်-** 7Day News ဂျာနယ် အတွဲ(၁၁)၊ အမှတ်(၁၃) စာမျက်နှာ(၄)ပါ **'တောင်းဆိုလှုပ်ရှားမှုများတွင် နိုင်ငံရေးပါတီများ. . . ကော်မရှင်ခေါ်တွေ့'** သတင်းတွင် ကော်မရှင်ကခေါ်တွေ့သည့်ပါတီများထဲတွင် ခေတ်သစ်ပြည်သူ့ပါတီမပါဝင်ဘဲ ၎င်းပါတီမှာ တိုင်းရင်းသားပါတီမဟုတ်ကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။ (အယ်ဒီတာ)

**မန္တလေးသတင်းထောက် အလိုရှိသည်**

သတင်းထောက်အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားပြီး 7Day News နှင့် ရေရှည်လက်တွဲလုပ်ကိုင်နိုင်မည့် သတင်းထောက်များ အလိုရှိသည်။ ကိုယ်တိုင်ရေးသားထားသော သတင်း(သို့)သတင်းဆောင်းပါး ၂ပုဒ်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။ မန္တလေးတွင် နေထိုင်သူဖြစ်ရမည်။

**ဆက်သွယ်ရန်၊** Hotel Mandalay၊ **အခန်းအမှတ်(၄)၊ မြေညီထပ်၊ ၇၈လမ်း(၃၇×၃၈ ကြား)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၄၃၀ ၁၀၇၄၇**

7DAY NEWS JOURNAL
Vol.11, No.15 • JUNE 21 , 2012

# နိုင်ငံတကာထောက်ပံ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုက တိုင်းပြည်အတွက် ပိုကောင်းနိုင်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**ဂျီနီဗာ၊ဇွန်-၁၈**

ဥရောပသို့ သမိုင်းဝင်အလည်အပတ်ခရီးလာရောက်ခဲ့သောမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အိုင်အယ်လ်အိုညီလာခံတွင် ပြောကြားခဲ့သောမိန့်ခွန်း၌ နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းပြည်အတွက် ပိုကောင်းသော အနာဂတ်ကို တည်ဆောက်ရန်ကူညီနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင်သူမက“အလုပ်အကိုင်ဖန်တီးရေးအတွက် ဖြစ်စေမယ့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်သင့်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေဟာ အကောင်းဆုံးစံနှုန်း၊ ဥပဒေတွေကို လိုက်နာကျင့်သုံးသင့်ပါတယ်။ နိုင်ငံတကာ အသိအမှတ်ပြု အလုပ်သမားရေးရာစံနှုန်းတွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်သိတတ်မှုတွေနဲ့ သက်ဆိုင်တဲ့ မှတ်တမ်းတွေကိုလည်းစစ်ဆေးသင့်ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် ကျွန်မမြင်ချင်တဲ့အရာကတော့ ဒီမိုကရေစီနဲ့ကိုက်ညီတဲ့ တိုးတက်မှုဖွံ့ဖြိုးမှုဖြစ်ပါတယ်။ လူမှုရေးနဲ့ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ခြင်းဖြင့် ဒီမိုကရေစီဖော်ဆောင်ရေးဖြစ်စဉ်ကို အားကောင်းစေမယ့်နိုင်ငံရေးပြောင်းလဲမှုအတွက် အကျိုးဖြစ်ထွန်းစေမယ့် ကူညီထောက်ပံ့မှု ပြုလုပ်ဖို့ တိုက်တွန်းပါတယ်”ဟုပြောသည်။ ထို့အပြင်ဒေါ်အောင်ဆန်းစုကြည်သည် မိန့်ခွန်း၌ လူငယ်များအကြား အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ “ကျွန်မတို့ရဲ့အနာဂတ်ကို ခြိမ်းခြောက်နေတဲ့ မျှော်လင့်ချက်မဲ့မှု လောက်ကြီးမားတဲ့အလုပ်လက်မဲ့ဖြစ်ရမှုပြဿနာလည်း မရှိပါဘူး။ အလုပ်မရှိတဲ့ လူငယ်တွေဟာ လူ့အဖွဲ့အစည်းမှာ ယုံကြည်မှုပျောက်ဆုံးတတ်ပြီး အဲဒီလူ့အဖွဲ့အစည်းကလည်း လူငယ်တွေအနေနဲ့ ကိုယ့်အလားအလာကို သိနားလည်ဖို့ အခွင့်အရေးပေးအပ်ဖို့ ပျက်ကွက်နေပါတယ်”ဟုပြောသည်။

ဒေါ်အောင်ဆန်းစုကြည်က သူမ၏ပါတီနှင့်အိုင်အယ်လ်အိုအပါအဝင် စိတ်ဝင်စားသော အခြားအဖွဲ့အစည်းများသည် အဓမ္မလုပ်အားပေးခြင်းနှင့် ကလေးစစ်သားဆိုင်ရာကိစ္စများတွင် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း အသိအမှတ်ပြုပြောကြားခဲ့သည်။ -Ref:ilo.org

## မီးစက်များ ဆက်လက်တင်သွင်းမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၁၆**

လျှပ်စစ်မီးပြတ်တောက်ချိန်တွင် သောက်သုံးရေနှင့် မီးရရှိရေးအတွက် မီးစက်ကြီးများကိုပြင်ပနိုင်ငံများမှ ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဇွန် ၁၂ရက်ကလည်း လိုအပ်သည့်နေရာများတွင် မီးစက်များကို ဆက်လက်ချထားပေးရန်အတွက် စင်ကာပူနိုင်ငံမှ မီးစက်ကြီးသုံးလုံးကိုလည်း KOTA TABAH သင်္ဘောဖြင့် အေးရှားဝေါလ်ဆိပ်ကမ်းသို့ ထပ်မံတင်သွင်းထားကြောင်းသိရသည်။

ယင်းမီးစက်များကို မန္တလေးမြို့သို့ တင်ပို့သွားမည်ဖြစ်ရာ ယင်း မီးစက်များအပါအဝင် မန္တလေးမြို့အတွက် မီးစက် ၂၃ လုံး ချထားပေးပြီးဖြစ်သည်။

လျှပ်စစ်မီး ပြတ်တောက်ပါက ဓာတ်အားများ အမြန်ရရှိရန် လက်ရှိ ဦးစားပေးချထားသော မြို့များမှာ ရန်ကုန်မြို့အတွက် မီးစက် ၁၁လုံး၊ မန္တလေးမြို့အတွက် မီးစက် ၂၃ လုံး၊ ပြည်မြို့အတွက် ငါးလုံး၊ မုံရွာမြို့အတွက် မီးစက်နှစ်လုံး ချထားပေးပြီးဖြစ်ကြောင်းသိရသည်။ ဓာတ်အားလိုအပ်ချက်များသော နေရာများကို ဦးစားပေးချထားခြင်းဖြစ်ပြီး မီးစက်များ ထပ်မံရောက်ရှိလာပါကလည်း လိုအပ်သည့်နေရာများကို ထပ်မံချထားပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

# ကယ်ဆယ်ရေးစခန်းအချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေ

**ဥက္ကာကိုကို၊ဝတ်ရည်အောင်**


**စစ်တွေ၊ ဇွန်-၁၈**

စစ်တွေမြို့ရှိကယ်ဆယ်ရေးစခန်းအချို့တွင်ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ ဘေးအန္တရာယ် ကျရောက်ပြီးနောက်တွင် အစားအစာနှင့် ရေကြောင့် ဖြစ်ပွားသည့် ရောဂါများ၊ ဖျားနာရောဂါများ၊ ကူးစက်ရောဂါများ ဖြစ်ပွားလေ့ရှိသဖြင့် ဂရုပြုနေထိုင်ကြရန် ရေဒီယိုများ၊ ရုပ်မြင်သံကြားများမှလည်း သတိပေးနှိုးဆော်ထားပြီး ယခုဖြစ်ပွားနေသည့် ဝမ်းပျက်ဝမ်းလျှောရောဂါလူအများအပြားသို့ကူးစက်ပြန့်ပွားခြင်း မရှိစေရန် ရောက်ရှိနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဆောင်ရွက်နေကြောင်း သိရသည်။

“တခြားကယ်ဆယ်ရေးစခန်းတွေမှာလည်း ဝမ်းပျက်ဝမ်းလျှောက စဖြစ်လာပြီ။ ဒီမှာဆိုရင် မနေ့ကနဲ့ ဒီနေ့လူနာ ၃၀၀ ကျော်မှာ ဝမ်းပျက်ဝမ်းလျှောလူနာ ၅၀ ကျော်တွေ့တယ်”ဟု စစ်တွေမြို့ မင်းဂံရပ်ကွက်မှ သူနာပြုဆရာမ ဒေါ်လှနုအေးကပြောသည်။

“အခုရောက်သွားတဲ့ သူတွေဆီက ရတဲ့အချက်အလက်တွေအရ လိုအပ်တဲ့ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးပစ္စည်းတွေလည်း ပို့မယ်။ ပြီးတော့ ရေသန့်ဆိုင်ရာကျွမ်းကျင်သူတွေနဲ့ ရေသန့်စက်တွေပို့ဖို့ ယင်လုံအိမ်သာတွေဆောက်ဖို့အတွက် လိုအပ်တာတွေပို့ဖို့ရှိတယ်”ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်း ဖြည့်စွက်ပြောသည်။ ကယ်ဆယ်ရေးစခန်းများတွင် သောက်သုံးရေများ မကောင်းခြင်း၊ အစားအစာများ မသန့်ရှင်းခြင်း၊ ယင်လုံအိမ်သာများ လုံလုံလောက်လောက် မရှိခြင်းတို့သည် ဝမ်းရောဂါများ ဖြစ်ပွားလာနိုင်သည့် အန္တရာယ်ဖြစ်ပြီး ထို့ပြင် မိုးရာသီဖြစ်သည့်အတွက် မိုးတွင်း၌ ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ၊ ယားနာရောဂါများ၊ အအေးမိခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပွားသည့် ဖျားနာခြင်းများ၊ အဆုတ်အအေးမိခြင်းများ စသည်တို့ကိုလည်း ဂရုပြုသင့်ကြောင်း အထွေထွေရောဂါကု ဆရာဝန်တစ်ဦးကပြောသည်။



**ကယ်ဆယ်ရေးစခန်းစခန်းတစ်ခုတွင် ထမင်းစားနေကြသူများ** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စစ်တွေမြို့တွင် ကယ်ဆယ်ရေးစခန်း ၃၈ ခု ဖွင့်လှစ်ထားပြီး သံချောင်းဒုက္ခသည်စခန်း၊ ရွှေစေတီဒုက္ခသည်စခန်းတို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားနေခြင်းဖြစ်ပြီး ကယ်ဆယ်ရေးစခန်းအချို့တွင်လည်း ဆက်လက်ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ရှိဘုရားပြုပြင်ရေးအသင်းမှ ဦးဆောင်၍ နာရေးကူညီမှုအသင်း၏ ထောက်ပံ့မှုဖြင့် ဒုက္ခသည်စခန်းများ ဖွင့်လှစ်ထားသော ဘုန်းကြီးကျောင်းများတွင် ယင်လုံအိမ်သာများ ဆောက်လုပ်ပေးရန်လည်း စီစဉ်နေကြောင်း သိရသည်။

# အောင်မြေသာစံမြို့နယ်တွင် နိုင်ငံကူးလက်မှတ်ရုံးဖွင့်မည်

**ပြည်သိမ်း၊ ညီညီဇော်**

**ရန်ကုန်၊ ဇွန် - ၁၈**

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို မန္တလေးတိုင်းဒေသကြီးတွင် ဇူလိုင်လ ပထမပတ်၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

အဆိုပါရုံးကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ ၁၂ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားရှိ သတင်းတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“မန္တလေးအနီးတစ်ဝိုက်မှာနေထိုင်သူတွေ အဆင်ပြေအောင်လို့ စီစဉ်လိုက်ရတာပါ”ဟု ရုံးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

နိုင်ငံကူးလက်မှတ် လုပ်ကိုင်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း ရန်ကုန်မှာလုပ်သကဲ့သို့ပင် စာရွက်စာတမ်းများ လိုအပ်မည်ဖြစ်သည်။ နိုင်ငံကူးလက်မှတ်ထုတ်ပေးမှုကိုလည်း ရန်ကုန်ကဲ့သို့ပင် ၂၁ ရက်သာ စောင့်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင်ရုံးတစ်ရုံးထပ်မံဖွင့်လှစ်လိုက်သော်လည်း နိုင်ငံကူးလက်မှတ် လုပ်လိုသူသည် အဆိုပါရုံးနှစ်ရုံးတွင် နယ်မြေဒေသမခွဲခြားဘဲ မိမိ အဆင်ပြေသည့်ရုံး၌ လုပ်ကိုင်နိုင်သည်။ သို့သော် မန္တလေးတွင် စလစ်ရရှိသည်အထိ လုပ်ထားသူသည် နိုင်ငံကူးလက်မှတ်စာအုပ်ကိုမန္တလေး၌သာ ထုတ်ယူရမည်ဖြစ်သည်။

“ဒီမှာတင် လုပ်လို့ရတာ ပိုကောင်းတာပေါ့။ အရင်က ရန်ကုန်မှာ သွားလုပ်ရတော့ ခရီးစရိတ်၊ တည်းခိုစရိတ်၊ စားသောက်စရိတ်နဲ့ မနည်းကုန်တယ်”ဟု မန္တလေးမြို့မှ ဆီလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

# ပဲခူးမြို့ အနီးရှိ မြေကွက်များ ဈေးတက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၁၈**

ဟံသာဝတီလေဆိပ်နှင့် စက်မှုဇုန်သတင်းကြောင့် ပဲခူးမြို့အနီးဝန်းကျင်ရှိ မြေကွက်များ ဝယ်ယူမှုများလာပြီး ဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်လာကြောင်း ပဲခူးမြို့ခံများထံမှသတင်းရရှိသည်။

“သူဌေးတွေက ငွေအိတ်ပိုက်ပြီး လိုက်ဆင်းဝယ်နေကြတယ်။ ဟိုတယ်ဆောက်လို့ရနိုင်မယ့်နေရာတွေကို တအားဝယ်ကြတယ်” ဟု ပဲခူးမြို့မှ အိမ်မြေပွဲစားတစ်ဦးကဆိုသည်။

ယင်းကဲ့သို့ ဝယ်ယူမှုများကြောင့် ပဲခူးမြို့ရှိ ပေ ၄၀ ×ပေ ၆၀ တစ်ကွက်လျှင် ကျပ်သိန်း ၁,၀၀၀မှ ကျပ်သိန်း ၂,၀၀၀ ထိ ဈေးနှုန်းများခေါ်၍ ရောင်းဝယ်နေကြသည်။ ထို့အပြင်ပဲခူးမြို့အထွက်လမ်းမတစ်လျှောက်ရှိ ဘုရားကြီးထိ ကားလမ်းဘေးမှ လယ်မြေများမှာလည်း တစ်ဧကလျှင် ကျပ်သိန်း ၃၀၊ ၄၀အထိ ဈေးနှုန်းမြင့်တက်လာကြောင်း ပဲခူးမြို့ခံတစ်ဦးကဆိုသည်။

“ဒီကာလက ရန်ကုန်မြို့မှာထက် ပဲခူးမြို့မှာ ခါတော်မီအရောင်းအဝယ်တွေ အရမ်းကောင်းကြတယ်”ဟု ရန်ကုန်မြို့ရှိမဏ္ဍိုင်အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းလွင်ကဆိုသည်။ ယခင်နှစ်က ရန်ကုန်မြို့တွင်လည်း သီလဝါရေနက်ဆိပ်ကမ်းနှင့်စက်မှုဇုန် စီမံကိန်းများကြောင့် သန်လျင်မြို့နယ်ရှိ မြေကွက်များမှာ အရောင်းအဝယ်များကောင်းပြီး တစ်ဟုန်ထိုးဈေးနှုန်းမြင့်တက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်မှ စည်းကမ်းအချို့ချမှတ်လိုက်သည့် နောက်တွင် အရောင်းအဝယ်များ ပြန်အေးပြီး ဈေးနှုန်းများ ကျဆင်းခဲ့သည်။

“ခါတော်မီ စီးပွားရေးသမားတွေ၊ နေရာဦးသူတွေကြောင့် တကယ်စီးပွားရေးလုပ်ချင်သူတွေ နစ်နာတယ်”ဟု ရန်ကုန်မြို့မှ ပို့ကုန်၊ သွင်းကုန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပဲခူးမြို့ရှိဟံသာဝတီလေဆိပ်ကို ယခင်ဂျပန်ခေတ်က ဖောက်လုပ်ထားသည့် စစ်အတွင်းသုံး လေယာဉ်ကွင်းဟောင်းနေရာတွင် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါလေယာဉ်ကွင်းသည် ပဲခူးမြို့အနောက်ဘက် နှစ်မိုင်အကွာတွင် တည်ရှိပြီး ရန်ကုန်၊ မန္တလေးလမ်းနှင့်မြို့ရှောင်လမ်းတို့နှင့်ဆက်စပ်နေသည့်အတွက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများစွာအဆင်ပြေကြောင်းသိရသည်။